
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၄၈၂၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၄၄၀၀၆၁၂

**ထုတ်ဝေခြင်း**

၂၀၀၇၊ [redacted]ရီလ မဖေဖေါ်ဝါရီလ

**အုပ်ရေ**

၁၀၀၀ အုပ်

**တန်ဖိုး**

သုံးဆယ်ကျပ်တိတိ

**မျက်နှာဖုံးဓန်းချီ**

**e-host Digital Media Group**

**Ph : 525303, 537006**

**စီစဉ်သူ**

ဒေါ်ဌေးဌေးမော်

**ထုတ်ဝေသူ**

ဒေါ်ဌေးဌေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)

အမှတ် ၇(က)၊ သုခဝတီလမ်း

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဒေါ်ခင်နွဲ့ (၀၆၅၆၇)

နွေမိုးဆောင်းပုံနှိပ်တိုက်

အမှတ် (၈၇)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး

ဈေးကြီးအရှေ့ရပ်ကွက်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**

ဦးမြသိန်း သိန်းမြင့်ဝင်း ပုံနှိပ်တိုက် (၀၁၄၂၇)

အမှတ် (၉၆) ၁၀ လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

မှန်တင်ခုံ လှလှလေးတစ်ခု။

အလယ်ဗဟိုတည့်တည့်မှာ ဘဲဥပုံ မှန်ဝိုင်းရှည်မျောမျော လေးကို ပန်းနုရောင်ဇာဖြင့် ဖုံးထားသည်။

မှန်၏ ဘေး တစ်ဖက် တစ်ချက်မှာတော့ ကနုတ်ပန်း ဖောင်းဖောင်းကြွကြွများ ထွင်းထုထားသည့် ကျွန်းပန်းပုလက်ရာ ထာ သပြေသီးမှည့်ရောင် ဖိတ်ဖိတ်တောက် လှပနေ၏။

အောက်ခြေမှာတော့ မှန်ပြားထူထူခင်းထားသော အခင်း ရှည်ရှည်လေးပေါ်မှာ အရွယ်စုံ အရောင်စုံသော ပုလင်းလှလှ ဘူးလှလှတွေက အစီအရီပါပဲ။

နှုတ်ခမ်းဆိုးဆေးဘူးများ၊ လက်သည်းဆိုးဆေးပုလင်းများ၊ ဆာရေဘူးများ၊ လိုင်နာပုလင်းများ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မှန်ပြားအောက် ဘေးနှစ်ဖက်မှာ ဗီရိုအငယ်စားလေး အံ့ဝှက်နှစ်ခုထဲတွင် သံဘူး၊ ကော်ဘူးများဖြစ်ကြသော မိတ်ကပ်၊ ဆေးရင်ခံဘူးများက အရောင်စုံ ဝိုစီစုံပါပဲ။

ထိုမျှလှပသားနားသော မှန်တင်ခုံကို ပိုင်ဆိုင်သူကလည်း လှပသားနားလွန်းသည့် မိန်းကလေးတစ်ဦး ဖြစ်ပါသည်။

သူ့နာမည်က ဇင်ဇင်မြတ်စုကျော်ပါတည်း။

ဇင်ဇင့်အလှကား ဆံပင်အစ ခြေဖျားအဆုံး အပြစ်ရယ်လို့ ဆိုစရာ မရှိလောက်အောင် ဝင်းဝင်းစက်စက် လှရက်သူ ဖြစ်၏။

ကျိုကျိုတက် ချမ်းသာကြွယ်ဝသော မိဘနှစ်ပါး၏ တစ်ဦးတည်းသောသမီးမို့ ဇင်ဇင်မှာ လိုတရ ပင်တိုင်စံ ထိပ်ထားလေး ဖြစ်နေသည်မှာ မဆန်းလှပါ။

နောက်ဆုံးပေါ် အဆင်ဆန်းမှန်သမျှ ဇင်ဇင် အရင်ဦးဆုံး ဝတ်ရမှ ကျေနပ်၏။

ထိုသို့ စိတ်တိုင်းကျ ဦးဦးဖျားဖျား သုံးစွဲရရန်အတွက် ဗိုလ်ချုပ်ဈေးထဲ အထည်ဆိုင်မှ အန်တီမေကို အမြတ်စည်းရုံး ထားပြီးသား ဖြစ်လေသည်။

ခုတလော ဘာတွေ ဆန်းနေပါလိမ့်။

ဘာတွေဟာ နောက်ဆုံးပေါ် နေပါလိမ့်။

ဟူသော အဖြေအတွက် တခြားမှာ အပြေးအလွှားသွား၍ ရှာစရာ ကြည့်စရာမလိုပါ။

ဉာဏ်ဝင်းစာပေ



ဇင်ဇင့်ကို ကြည့်လိုက်သည်နှင့် ပြီးပြည့်စုံသွားပြီတည်း။

မိဘကလည်း အလိုလိုက်သည်။

ဖူးဖူးမှုတ်ကာ ရွှေပေါ် မြတင်ထားသည်။

ကိုယ်တိုင်ကလည်း လှသည်။

ပြင်တတ် ဆင်တတ်သည်။

ဟဲ ... ဇင်ဇင်မှ မလှရင် ဘယ်သူ လှဦးတော့မလဲ။

ဇင်ဇင် ပြင်သမျှ လှတာချည်း။

ဇင်ဇင့်ကို မြင်သည့်လူမှန်သမျှ နှစ်ခါမကြည့်ဘဲ နေသည့် လူ မရှိ။

လှတာကလည်း အရမ်း။

အပြင်အဆင်ကလည်း လျှမ်းလျှမ်းတောက်နေသည် မဟုတ်ပါလား။

ဇင်ဇင့်အခန်းကို ကြည့်ပါဦး။

တိုက်ခန်းရဲ့ အတွင်းဘက်ကို ဆေးအပြာနုနုလေး သုတ်ထား၏။

ပြတင်းပေါက်မှာ တရုတ်ကပ်မှန်ပြား ထူထူတပ်ထားပြီး ပန်းနုရောင်ဇာခန်းဆီးတွေ ချထားသည်။

အခန်းထဲမှာတော့ ... မှန်တင်ခုံ ဗီရိုနှစ်လုံး၊ ခုတင် အလတ်စားက တစ်ခု၊ စာကြည့်စားပွဲ၊ အဝတ်တင်ရန် သံမဏိ စင်လေးက ခုတင်ခြေရင်းမှာ အဆင့်ဆင့် နေရာချထား၏။

ကြမ်းခင်း ဖယောင်းပုဆိုးအနီရောင်ကတော့ ရဲရဲစိုစိုနှင့် တောက်ပလွန်းလှသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မှန်တင်ခုံ အလယ်တည့်တည့်မှ မှန်ဝိုင်းပေါ် ဖုံးအုပ်ထားသော ပန်းနုရောင်ဇာလေးက လှစ်ခနဲ ပွင့်သွား၏။

မှန်ထဲမှာ နုပျိုလန်းဆန်းသော မျက်နှာနုနုလေးတစ်ခုက ပေါ်လာပါသည်။

ချစ်စရာ ဇင်ဇင့်မျက်နှာပါ။

ဆိတ်ရေဖုံး ခါးလိမ် ကြိမ်ခုံပုလေး ပေါ်မှာ ဇင်ဇင်တင်လေးနောက်ပစ်ထိုင်ရင်း သူမ၏ မျက်နှာလေးကို မှန်နှင့်နီးနိုင်သမျှ နီးအောင် ခါးလေးဆန့်ထုတ်ကာ ကြည့်လိုက်၏။

မျက်နှာတစ်ခုလုံး ဖူးမွတ်စင်ကြယ်နေပါသည်။

ဇင်ဇင် မျက်လုံးလေးပြူးလိုက်၏။

လျှာလေးလည်း ထုတ်ပြလိုက်၏။

"ခစ် ... ခစ်"

ကိုယ့်ရုပ်ကို ကိုယ် သဘောကျစွာ ရယ်မိတော့သည်။

ပြီးမှ အလှပြင်ခြင်းလုပ်ငန်းကို စတင်၏။

နေဗီယာ ဒီယာဘွန်း ကရင်မ်။

ပင်ခရိုကျွတ်၊ ပရိုမီနာမိတ်ကပ်။

မက်စဖက်တာ၊ ယာဒလေပေါင်ဒါ။

ဇင်ဇင့်လက်တွေက ကျွမ်းကျင်စွာ သွက်လက်စွာ လှုပ်ရှားနေကြပါသည်။

မျက်နှာနုနုလေးပေါ်မှာ ပွတ်တန်ပွတ်၊ ဖိတန်ဖိ၊ ဆွဲတန်ဆွဲ၊ တို့တန်တို့ အမျိုးမျိုး လုပ်နေလေသည်။





အလှပြင်ခြင်းလုပ်ငန်းဟူသည် ဘယ်မိန်းကလေးမှ တကူးတက သင်စရာမလိုဘူး မဟုတ်လား။

ဇင်ဇင့်ကျတော့ တစ်မျိုး။

သူများတွေလို ကြားဖူးနားဝမလုပ်။

နာမည်ကြီးအလှပြင်ဆိုင်တွေမှာ တကူးတကသွားရောက်အပြင်ခံပြီးမှ ဘယ်လိုလိမ်းရတာကို အပြီးမှတ်လိုက်၏။

တစ်ခါပါပဲ။

နှစ်ခါ မပြင်လိုက်ရ။

ဇင်ဇင် ကျွမ်းကျင်သွားပါပြီ။

အင်း ... အကြမ်းထည်တော့ ပြီးပါပြီ။

အချောသပ်ရန်အတွက် ရှဲဒိုး၊ ပါးနီ၊ လိုင်နာမျက်ခုံးမွေးဆွဲတံ၊ နှုတ်ခမ်းဆေးဘူးများဆီ ဇင်ဇင် မျက်စိရောက်သွား၏။

နေပါဦး။ ငါ အခုဝတ်မှာက ခဲပြာရောင်အပြောင်သားဆိုတော့ ရှဲဒိုးကို အပြာနုလေးတင်မှ။

မျက်ခွံမို့မို့လေးတစ်ဝိုက်မှာ အပြာနုနု တင်လိုက်၏။

ပြီးမှ လိုင်နာအနက်ရောင်ကို တစ်ကြောင်းဆွဲလေး ဆွဲလိုက်သည်။

ဇင်ဇင့်မျက်လုံးက လှပြီးသားလေ။

မျက်အိမ်ကလည်း လိုင်နာကူမှလှသည့် မျက်အိမ်မဟုတ်။

ဝိုင်းသလို လျှားသလိုနှင့် အလွန်လှသော မျက်အိမ်နှုတ်ခမ်းတွေမှာ တစ်ကြောင်းဆွဲလိုင်နာ သေးသေးလေးတစ်ခုတင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မျက်တောင်။

ဇင်ဇင့်မျက်တောင်က ထူထူကော့ကော့လေး မဟုတ်။ ထူထူရှည်ရှည်လေး ဖြစ်၏။

ဒါကြောင့် ကော့စက်လေးနှင့် ကော့ခိုင်းလိုက်ရသည်။

မျက်တောင် ကော့ကော့ထူထူလေးနှင့် ဇင်ဇင့်မျက်ဝန်း အလှကား အကြည့်ခံရသူ တစ်ဖက်သားအဖို့ လှိုက်ခနဲ ဖိုခနဲ ဖြစ်စေလေသည်။

ပါးပြင်မို့မို့မှာ ပါးအို့နီနီလေး ခြယ်၏။

ဖောင်းမို့သော ပါးအိအိမှာ နီပြည်ပြည်လေးနှင့် ချစ်စရာ ကောင်းလှသည်။

ပြီးမှ နှုတ်ခမ်း။

ပုံဖော်ခဲသားဖြင့် အရင်ပုံဖော်သည်။

ပြီးမှ ခဲပြာရောင် နှုတ်ခမ်းဆိုးဆေးတစ်ဘူး ရာကျော်တန် ကို သေသပ်လှပစွာ ဆိုးလိုက်၏။

နှုတ်ခမ်းဖူးဖူးလေးက လှသွားပါပြီ။

ကဲ ... ဘာကျန်သေးလဲ။

အို ... မျက်ခုံး ကျန်သေးတာကိုး။

တော်သေးရဲ့ ... တော်သေးရဲ့။

မျက်ခုံးကလည်း ဆွဲစရာမလို။

ထူထူခုံးခုံး မျက်ခုံးနှစ်ဖက်ကို မွေးနုနု တံပွတ်တံလေးနှင့် ဖွန်ခါသလို အသာလေး ခါပစ်လိုက်၏။





ပြီးသွားပါပြီ။

မျက်နှာခြယ်ခြင်းလုပ်ငန်း ပြီးဆုံးသွားတော့ ပုံကျပန်းကျ ကောက်ဖွထားသောခေါင်းကို ဘီးကျဲကြီးဖြင့် ပုံမပျက်အောင် ဖွဖွလေး ဖြီးလိုက်၏။

ပြီးလျှင် ခဲပြာရောင် အပြောင်သားအစဖြင့် ချုပ်ထားသော ခေါင်းစည်းဖဲပြားလေးနှင့် လှလှလေးဖြစ်အောင် စည်းလိုက် သည်။ မစည်းခင် စပရေးဘူးရှည်ရှည်ဖြင့် တရှီးရှီးနေအောင် ဖျန်းပေးလိုက်တော့ ခေါင်းတစ်ခုလုံး အေးသွားမွှေးသွားလေ တော့သည်။

ခေါင်းကိစ္စပြီးတော့ ဇင်ဇင် ထရပ်လိုက်၏။

အနီးရှိ ဗီရိုကို ဆွဲဖွင့်လိုက်သည်။

လျင်မြန်စွာ လှုပ်ရှားလိုက်သော ဇင်ဇင့်လက်ထဲမှာ ခဲပြာ ရောင် ဝတ်စုံလှလှလေးတစ်စုံ ပါလာသည်။

အင်္ကျီက ဘာပုံခေါ် ရမည်လည်း မသိ။

ဘလောက်စ်ခါးတင်လက်စက၊ ပခုံးမှာလည်းဖောင်းဖောင်း တံတောင်ဆစ်မှာလည်း ဖောင်းဖောင်းလေးနှင့်။ အဖျားမှာ ဖဲပန်း သေးသေးလေးတစ်ခုစီ တပ်ထား၏။

ရင်ဘတ်မှာတော့ လိပ်ပြာတောင် ရင်ခံအနား နှစ်ဖက် စလုံးမှာ ကြာ့ရွက်အတွန့်လှလှလေးတွေ တပ်ထား၏။

အင်္ကျီဝတ်ပြီးတော့ ဒူးခေါင်းကျော်ကျော် ခြေသလုံး တစ်ဝက်လောက်အထိ ဖစ်ဆိုက်ဖြစ်အောင် ချုပ်ထားသော စကတ်ထဘီကို ပုံကျပန်းကျ ဆွဲဝတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဝေလးကျဉ်သော ခါး၊ လုံးဝန်းသော တင်ပါးလှလှလေးတို့က ပေါ်လွင်လာပါသည်။

ဇင်ဇင့်ကုသိုလ်ကလည်း ကောင်းလွန်းလှသည်။

တချို့က မျက်နှာလေးလှပြီး ကိုယ်လုံးက ပုံမလာ။

သည်တော့ အပြင်က ပွံ့ပိုးပစ္စည်းလေးတွေနှင့် လှအောင်ဖန်တီးရသည်။

ခုတော့ ဘာမှ ကူစရာမလို။

မျက်နှာကြည့်မလား၊ ကိုယ်လုံးကြည့်မလား၊ အသားအရေကြည့်မလား။

တစ်ခုမှ မလှတာမရှိ။

အကုန်လှတာချည်း။

ဗီရိုအောက်ဆင့်မှ ခဲရောင် လေဒီရှူး ခွာသေးဒေါက်မြင့်ဖိနပ်ပြောင်ပြောင်လေးကို ယူထုတ်လိုက်၏။

အသားရောင် နိုင်လွန်ခြေအိတ်ကို အရင်ကောက်စွပ်ပြီးမှ လေဒီရှူးကို စီးလိုက်၏။

ကိုယ်နေဟန်ထား တစ်မျိုးလေး ဖြစ်သွားတော့သည်။

ဒေါက်မြင့်ဖိနပ်မို့ ခြေဖျားလေးထောက်၊ တင်လေးကော့ကော့၊ ရင်လေး မော့မော့ချီချီ ဖြစ်သွားပါပြီ။

ပြီးမှ ဗီရိုအပေါ်ဆုံးအဆင့်မှာ ဘူးလိုက် အကပ်လိုက် အထပ်လိုက် ထည့်ထားသော ကော်ရတနာ၊ ပလတ်စတစ်ရတနာများကို ယူဝတ်လိုက်၏။





ခဲပြာရောင် ကော်နားကပ် ဝိုင်းဝိုင်းလေး အောက်မှာ အသည်းပုံ ဆွဲသီးလေးက တလှုပ်လှုပ်။

ခဲပြာရောင် ကော် ဖန်ဘယက်ကုံးလေးကို လည်ပင်းအရစ် ရင်ညွန့်အထက်နားလေးမှာ ကပ်ဆွဲလိုက်၏။

လိပ်ပြာတောင်ရင်ခံ အလယ်တည့်တည့်မှာ ရင်ထိုးလှလှလေးတစ်ခု တပ်လိုက်သည်။

လက်ကောက်၊ လက်စွပ် အသေးလေးတွေကို အကွင်းပေါင်း များစွာ ဝတ်လိုက်၏။

အားလုံး ကော်လက်ကောက်တွေချည်း။

အားလုံးပြီးတော့မှ ဗီရိုတံခါးရွက် အပြင်မှာ မြှုပ်ကပ်တပ်ထားသော ကိုယ်လုံးပေါ် မှန်ရှေ့မှာ ရပ်လိုက်၏။

အားပါးပါး ...

အရမ်းလှတဲ့ ဇင်ဇင်ပါပဲ။

မြင်ရသူတိုင်း သမင်လည်ပြန်မဖြစ်ရင် ကြိုက်သလောက်ပြောစမ်း။

ခုတောင် ကိုယ့်ကိုယ်ကို တယ်ပြီး ကြည့်လို့မဝချင်။

မှန်ရှေ့မှာ ရှေ့တိုး ဘေးကပ် ဟန်အမျိုးမျိုးနှင့် လှုပ်ရှားရှုသည်။

ချစ်စရာကောင်းတဲ့ ကောင်မလေးမို့ ဘာပဲလုပ်လုပ်၊ ဘယ်လိုပဲနေနေ အကုန်လှနေတာလား မပြောတတ်ပါ။

"သမီးရေ ... ဇင်ဇင်၊ မပြီးသေးဘူးလား"

"ရှင် ... မာမီ၊ ပြီးပြီ ... ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



မှန်ရှေ့မှ မခွဲနိုင် မခွာနိုင် ဖြစ်နေသော ဇင်ဇင်က နောက်ဆုံးပိတ်အနေဖြင့် ... ခြောက်ရာကျော်တန် ရေမွှေး အကောင်းစားလေးကိုယူကာ အကျီလည်ကုပ်ဖျား၊ လက်မောင်းဖျားမှာ တို့ယူလိုက်သည်။

လှသော၊ မွှေးသော၊ ချစ်စရာကောင်းသော ဇင်ဇင် ဖြစ်သွားပါပြီ။

ပြီးမှ မွေးပွကော်ဇော နီညိုရင့်ရောင် ခင်းထားသော နှစ်ဆစ်ချိုး လှေကားမှ ခပ်သွက်သွက်လေး ဆင်းလာပါတော့သည်။

အောက်မှာ မာမီ ဒေါ်ခင်မြတ်လွင် စောင့်နေပါသည်။

အုန်းခွံရောင် ဇင်းမယ်လုံချည် ရွှေထိုးနှင့် နံ့သာရောင် ပုလဲရှုံ ရင်ဖုံးလက်ရှည်၊ အဝါနုရောင် ပဝါပါးပါးကို ဖားဖားလေး ခြုံထားသော မာမီ့အသွင်တာ ကျက်သရေရှိစွာ ခံ့ညားချောမောနေပါသည်။

ဆံထုံးအကက်အကက်ကြီး၏ဘေးမှာ စိန်ဆံထိုးက တဖျပ်ဖျပ်ခါနေသလို နားကပ်၊ လည်ဆွဲ၊ လက်ကောက်၊ လက်စွပ်၊ ရင်ထိုးများကလည်း အားလုံး စိန်ထည်ချည်းသာ။

ခဲသားကျသော အပါးဝိုင်းအရည်ပြည့် စိန်များဖြစ်၏။

"မာမီက ချောလိုက်တာ"

ညှေ့ခန်းမှာ ဆုံမိတော့ ဇင်ဇင်က မာမီ့ကိုကြည့်၍ ပြောလိုက်သည်။





"သမီးလေးကလဲ ချစ်စရာကောင်းလိုက်တာကွယ်၊ ကြွေရုပ်လေး ကျနေတာပဲ"

"ဟင်း ဟင်း ... ဆက်ပြော မာမီရေ နားဝင်ချိုလွန်းလို့"

ဇင်ဇင်က ခေါင်းကလေးငဲ့ကာ သဘောကျစွာပြောလိုက်သဖြင့် အလုပ်တိုက်သွားရန် ထွက်လာသော ဒယ်ဒီ ဦးသော်ဇင်တာ ပြုံးပြုံးကြီးဖြစ်သွားကာ ...

"ဟွန်း ဟွန်း ... ဒယ်ဒီ့ဇနီးနဲ့ သမီးပဲကွာ၊ ဒါလောက်တော့ ရှိမှာပေါ့၊ ဒယ်ဒီ့ကိုပဲ ကြည့်မခိုးတော့"

စတစ်ကော်လံ ကြွေရောင်တောက်တောက် ရှပ်အကျီနှင့် မီးခိုးရောင် တိုက်ပုံအကျီ၊ အိတ်တီဝမ်းတံဆိပ် ကျစ်ကြိုးတန်းတွေတွေလေးပါသော တက်ထရက်လုံချည်ခဲရင့်ရောင်ကို ဝတ်ထားသော ဒယ်ဒီ့အသွင်ကလည်း ခံ့ညားထည်ဝါလှပါဘိခြင်း။

ဒယ်ဒီ့စကားကြောင့် မာမီက မျက်စောင်းလှလှလေးခဲရင်း

"အမယ် ... ကိုယ့်ဘက်ကိုယ်ယက်တဲ့ လိပ်ကြီးနော်"

"ဟုတ်တယ် ဟုတ်တယ်၊ ဒယ်ဒီက ဇင်တို့ကို ပြောသလိုနဲ့ ကိုယ့်ကိုယ်ကို ပင့်နေတာပဲ"

"ဟ ... သမီးရဲ့၊ ဒီဒယ်ဒီနဲ့ ဒီမာမီကို အကြောင်းပြုပြီး မွေးလာတဲ့ သမီးမှမလှရင် ဘယ်သူလှဦးမလဲကွာ ... ကဲ"

မှန်ပါသည်။

ဒယ်ဒီအခန့်နှင့် မာမီ့အချောအလှတွေက ဇင်ဇင့်မှာ လာပြီး စုပုံနေသည် မဟုတ်ပါလား။ ဇင်ဇင်က ပြုံး၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း … ဒါဆို ဇင်က ဒယ်ဒီနဲ့မာမီကို ကျေးဇူးတွေ အများကြီး တင်ပါတယ်နော်"

"ဟား ဟား … ကောင်မလေး အမြင်မှန်သားပဲ"

"ကဲ ကဲ … သမီးနဲ့ ဒယ်ဒီ စကားနိုင်လုမနေနဲ့၊ သွားစို့ အချိန်နီးပြီ"

မာမီပြောမှ ဇင်ဇင်နှင့် ဒယ်ဒီ ရယ်မိကြတော့၏။

ပြီးမှ သားအမိသားအဖသုံးယောက် ဆင်ဝင်အောက်မှာ ရပ်ထားသော ကားဆီ ထွက်ခဲ့ကြတော့သည်။

◈ ◈ ◈





## အခန်း (၂)

မင်္ဂလာဧည့်ခံပွဲကား လူတွေ စည်ကားနေပါပြီ။

ကားကြီး ကားငယ်များကလည်း သူ့နေရာနှင့်သူ စနစ်တကျ တန်းစီကာ ရပ်ထားကြ၏။

တောက်ပပြောင်လက်သော အဝတ်အစားများဖြင့် လူများ ဥဒဟို လှုပ်ရှားသွားလာနေကြသည်။

ချောကလက်ရောင် နောက်ဆုံးပေါ် (…) ကားလေး ဝှီးခနဲထိုးဆိုက်လာတော့ လူတချို့ စိတ်ဝင်စားစွာ လှမ်းကြည့်ကြသည်။

ကားပေါ်မှဆင်းလာသော ဇင်ဇင်တို့ကို စိတ်မဝင်စားဘဲ နေမလား။



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ဖိတ်တောက် ကားထဲမှ ထွက်လာသူတွေကလည်း လက်လက်ခါနေကြသည် မဟုတ်လား။

ခံ့ညား ထည်ဝါခြင်းကို ပိုင်ဆိုင်ထားသော ဒယ်ဒီ၊ ကျက်သရေရှိစွာ ချောမောခြင်းကို ပိုင်ဆိုင်သော မာမီ။

နုပျိုလန်းဆန်း၍ လှပချစ်စရာကောင်းလွန်းသော အလှဖုရားမလေးဇင်ဇင်တို့အား မြင်ရသူတိုင်း အားကျသည်။ သဘောကျသည်။ နှစ်သက်သည်ချည်း။

သြော် ... ဆုတောင်းပြည့်တဲ့ မိသားစုပါလား။

မြင်ရသည်ပင် ကြည်နူးစရာ၊ ချမ်းမြေ့စရာ ကောင်းနေရ၏။

မနေအင်အား အလှကျက်သရေများက မတ်ဝန်းကျင်ကို မှင်တက်မိစေအောင် ဆွဲဆောင်စေတော့သည် မဟုတ်ပါလား။

"ဟော ... လာကြ ... လာကြ၊ သားအမိတွေ ခုမှပေါ်လာကြတော့တယ်"

သတို့သမီး မိခင်နှင့်ဖခင်က ပျူငှာလိုက်လှဲစွာ ကြိုဆိုဖိတ်ခေါ်ပါသည်။

စားပွဲတစ်ခုစီဝင်ထိုင်ရင်း ဦးသော်ဇင်က ...

"အတော့်ကို ရင်းနှီးလို့သာ ခုလို မိသားစု စုံစုံညီညီ လာနိုင်အောင် ကြိုးစားရတာပါဗျာ၊ သိတဲ့အတိုင်း ကျွန်တော့်မှာက မအားဘူး ကိုဝင်းမောင်ရေ"

"ကျေးဇူးတင်တယ်ဗျာ၊ ဒါက သမီးလေးထင်ပါရဲ့"

ဇင်ဇင့်ကိုကြည့်ရင်း ပြောလိုက်၏။





သတို့သမီးမိခင်က မာမီ့အား ပြုံးပြပြီး တစ်ကိုယ်လုံး ရွှေဆိုလို့ ယင်ချေးဥမျှပင်မရှိသော ဇင်ဇင့်ကို အထူးအဆန်းလို ကြည့်နေလေသည်။

မာမီ့ဆီမှာ ပြုံးပြုံးပြက်ပြက် အရောင်ထွက်နေသလောက် ဇင်ဇင့်မှာက ကော်ရတနာတွေချည်း မဟုတ်လား။

ဇင်ဇင်က မသိသလို ခပ်ပြုံးပြုံးလေး နေလိုက်၏။

"ဟုတ်တယ် ကိုဝင်းမောင်၊ ကျွန်တော့်သမီး ဇင်ဇင်တဲ့"

ဒယ်ဒီက ပြုံး၍ ပြောပါသည်။

"ဒီတစ်ယောက်တည်းလားရှင့်"

အန်တီကြီးက မေးတော့ မာမီက ...

"ဟုတ်ကဲ့ ... တစ်ဦးတည်းသော သမီးပါ အစ်မကြီးရယ်"

"သြော် ... ချောလိုက်တာ အရမ်း၊ ကြွေရုပ်လေးလိုပဲ"

အန်တီကြီးက ချစ်စနိုးကြည့်ကာ ပြောပါသည်။

"ဒါနဲ့ ... ကိုဝင်းမောင်၊ အခု မင်္ဂလာဆောင်တဲ့သမီးက အကြီးမလား၊ အငယ်မလား"

အမြွာညီအစ်မမို့ ဒယ်ဒီ မေးခြင်းဖြစ်၏။

"အကြီးမပါရှင်၊ အငယ်မကို နောင်နှစ်မှ"

အန်တီကြီးက ဖြေရင်း ဇင်ဇင့်အား ...

"သမီးက ကျောင်းတက်နေလားကွယ့်"

"တက္ကသိုလ်နှစ်ပါ အန်တီ"

"အို ... ဟုတ်လား၊ အန်တီက ဆယ်တန်းကျောင်းသူလေးလောက် ထင်နေတာကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ..."

ဇင်ဇင် ရှက်စနိုးလေး ပြုံးပါသည်။ ဒယ်ဒီက ...

"ငယ်တယ်ပြောလေ သဘောကျလေပဲ အစ်မကြီးရဲ့ သမီးက အိမ်မှာဆို မူကြိုပဲဗျ"

"အင် ... ဒယ်ဒီနော်"

"အဟင်း ... ဟင်း ... သမီးအရွယ်လေးက နုနုလေးလို့ ထင်ရတာကိုးကွယ့်"

"ဆယ့်ကိုးနှစ်ရှိပြီ အစ်မကြီးရဲ့"

မာမီကပြောတော့ အန်ကယ် ဦးဝင်းမောင်က ...

"ဩော် ... သမီးတို့ထက် နှစ်နှစ်လောက်ပဲ ငယ်တာပဲ"

"ကိုဝင်းမောင်"

ဇင်ဇင်တို့ စကားဝိုင်းကောင်းနေစဉ် လူကြီးတစ်ယောက် လှမ်းခေါ်သဖြင့် အန်ကယ်ကြီး ထွက်သွား၏။

"ခဏနော် ... သတို့သားအဖေ ခေါ်နေတယ်"

အန်ကယ် ထွက်သွားမှ မာမီက အန်တီကြီးအား ...

"သတို့သားက မန္တလေးကနော် အစ်မကြီး"

"ဟုတ်ပါတယ်ရှင် ... ကလေးချင်း နှစ်သက်ကြတာနဲ့ လူကြီးတွေကို နားဖောက်ပြီး စီစဉ်ပေးကြတာပေါ့"

"သဘောသားလား"

"ဟုတ်ကဲ့"

"အင်း ... သားသမီးတွေအပေါ် မိဘတွေရဲ့ နောက်ဆုံး ဝတ္တရားလေးတစ်ခု ကျေသွားပြီပေါ့ဗျာ"





"ဟုတ်ကဲ့ ... သမီးရှင့်ဆိုတော့ နေရာမကျမချင်း စိတ်ပူနေရတာပေါ့ရှင်"

ထိုစဉ် အန်ကယ် ဦးဝင်းမောင် ပြန်ရောက်လာ၏။

အန်ကယ်နှင့်အတူ လူကြီးတစ်ယောက်လည်း ပါလာ၏။

အန်ကယ်က အန်တီအား ...

"ကိုစိုးနိုင်ရဲ့ မိတ်ဆွေတဲ့ အမာ၊ ကိုအောင်ချစ်-တဲ့၊ မန္တလေးကပါ၊ ကိုသော်ဇင်တို့နဲ့လဲ မိတ်ဆက်ပေးရအောင်ဆိုပြီး ခေါ်လာတာ၊ သတို့သားအဖေရဲ့မိတ်ဆွေလေ၊ ဒီက ကိုသော်ဇင်တို့ မိသားစုပေါ့ဗျာ၊ ကျွန်တော်တို့နဲ့တော့ ညီအစ်ကိုတွေလို ခင်မင်ရင်းနှီးနေကြတာဗျ"

"ဟာ ... ကိုအောင်ချစ်"

"ဟင် ... ခင်ဗျား ... ခင်ဗျား ... ကိုသော်ဇင်"

ညီ့သည်နှင့် ဒယ်ဒီတို့ တစ်ဦးကိုတစ်ဦး ခေါ်လိုက်ပုံကြောင့် အားလုံး အံ့ဩသွားကြ၏။

အန်ကယ် ဦးဝင်းမောင်က ...

"ဩော် ... ခင်ဗျားတို့ချင်း သိနေကြတာကိုး"

"သိရုံတင် ဘယ်ကမလဲဗျာ"

ဒယ်ဒီက အားရဝမ်းသာပြောပြီး ဦးအောင်ချစ်လက်ကို ရင်းရင်းနှီးနှီး ဆုပ်ကိုင်လှုပ်ယမ်းနေပါသည်။

မာမီကလည်း ပြုံး၍ ...

"ဝမ်းသာလိုက်တာရှင်၊ ဒါနဲ့ ... အခု ဘယ်ရောက်နေလဲ၊ ခင်ဦးကော နေကောင်းလား၊ ကလေးတွေကော ဘယ်နှယောက် ရနေပြီလဲ ကိုအောင်ချစ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မာမီ့အမေးကြောင့် ဒယ်ဒီက တဟားဟားရယ်ရင်း ...

"ဖြည်းဖြည်းမေးပါ မြတ်ရယ်၊ ကိုအောင်ချစ်က ထွက်မပြေးပါဘူးကွာ"

"အို ... ရှင်ကလဲ၊ ဝမ်းသာလွန်းလို့ သိချင်စိတ်က လောနေတာကိုးရှင့်"

မာမီ့စကားကြောင့် ဦးအောင်ချစ်က ပြုံး၍ ...

"ဟုတ်ပါတယ်ဗျာ၊ ကဲ ... မမြတ်ရဲ့အမေးကို တစ်ခုချင်းဖြေရမယ်ဆိုရင်တော့ ... ကျွန်တော်တို့ အခု မန္တလေးရောက်နေတယ်"

"သြော် ... သထုံကနေပြီးလား"

"ဟင့်အင်း ... သထုံကနေ ပဲခူးတိုင်းဘက် ရောက်သေးတယ်၊ ပဲခူးတိုင်းကနေ နှစ်နေရာပြောင်းပြီးမှ အခု မန္တလေးကို ရောက်တာဗျ"

"ခင်ဦးက မန္တလေးသူဆိုတော့ ကိုအောင်ချစ်တို့ မန္တလေးမှာပဲ အခြေချတော့မှာပေါ့နော်"

"ဟုတ်ကဲ့ ... အခု ခင်ဦးဘက်က အမွေရတဲ့တိုက်နဲ့ ခြံနဲ့မှာ ငြိမ်နေရတာပေါ့ဗျာ၊ အဟင်း ..."

"ဒါနဲ့ သားသမီးတွေ ဘယ်နှစ်ယောက်လဲ ကိုအောင်ချစ်၊ ကျွန်မတို့ သထုံမှာရှိတုန်းကတော့ သားလေးတစ်ယောက်တည်း ရှိသေးတယ်"

"လေးယောက် ရှိပြီလေ ... အငယ်ဆုံးသားက ဒီနှစ်ဆယ်တန်း"





"အို ... ကြီးကုန်ပြီပဲ၊ အကြီးဆုံးသားကကော"

"တေဇာက ကျောင်းပြီးသွားပြီ ... ဝပ်ရှော့လုပ်ငန်းကို ဦးဆောင်နေတယ်၊ အလတ်မနှစ်ယောက်က နောက်ဆုံးနှစ်တစ်ယောက်၊ ဒုတိယနှစ် တစ်ယောက်"

"သြော် ... သြော် ... သားသမီးတွေတောင် အရွယ်ရောက်ကုန်ပြီနော်"

"ဒါနဲ့ ကျွန်တော့်ကိုပဲ မေးနေတာ၊ ခင်ဗျားတို့မှာကော"

"ကျွန်တော်တို့မှာတော့ ဟောဒီ တစ်ယောက်ပါပဲဗျာ၊ ရှားပါးပစ္စည်းအဖြစ်နဲ့ တစ်အိမ်လုံးမှတ်ထားတဲ့ ဂျစ်တူးမလေးလေ"

"အာ ... ဒယ်ဒီနော်"

ဇင်ဇင်က ရှက်ကိုးရှက်တန်းပြောရင်း ဒယ်ဒီ့လက်မောင်းကို ဆွဲလိမ်လိုက်၏။

ဦးအောင်ချစ်က ပြုံးပြုံးကြီး ကြည့်ပြီး ...

"အားပါးပါး ... သမီးချောပါလား၊ တစ်ယောက်ဆိုတစ်ယောက် အလှထူးထူးနဲ့ မွေးထားတာကိုး"

"အမျိုးမှန် အဖိုးတန်ဆိုတာ ဒါပေါ့ဗျ"

ဒယ်ဒီပြောတော့ မာမီက မျက်စောင်းဝင့်ကာ ပြုံးနေ၏။

"ဒါနဲ့ ... သမီးက ဘယ်နှတန်းရောက်ပြီလဲကွ"

"တတိယနှစ်ပါ အန်ကယ်"

"တော ... ရောက်လှပြီပဲ၊ အန်ကယ်က အလယ်တန်းလောက်၊ အထက်တန်းကျောင်းသူလေး ထင်နေတာကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ချစ် အပြောကြောင့် ဇင်ဇင့်မျက်နှာလေး မြူးသွားရ၏။

ဩော် ... နုတယ် ငယ်တယ် ချောတယ်ဆိုတာ မိန်းကလေး တိုင်းရဲ့ သည်းခြေကြိုက်စကား မဟုတ်ပါလား။

မိန်းမတိုင်းက ကြီးလာလေ နုချင်လေ၊ နုချင်လေ နုအောင် ပြုင်လေ မဟုတ်လား။

ဇင်ဇင့်အဖို့ ပြောဖွယ်ရာမရှိတော့။ ဆယ့်ကိုးနှစ်အရွယ် ပေမယ့် တစ်ခါတလေ မိဘအပေါ် ကိုးနှစ်သမီးလေးထက် ငယ်အောင် နွဲ့နေ ဆိုးနေသေးသည်ပဲလေ။

"ခင်ဦးက အခု ဘာလုပ်နေလဲ ကိုအောင်ချစ်ရဲ့"

မာမီက မေးသဖြင့် ဦးအောင်ချစ်က ...

"သူ့မိဘလက်ငုတ်ဖြစ်တဲ့ ရွှေဆိုင်ထိုင်နေတယ်လေ"

"ဩော် ... ဩော် ခင်ဦးဝါသနာနဲ့ ကိုက်မှာပေါ့၊ ဟိုတုန်း ကဆို ခင်ဦးက ကုန်စုံဆိုင်ကြီးနဲ့ ဆရာဝန်ကတော်ပေမယ့် ခင်ဦးကဖြင့် ဘာမှ မာန်မရှိ ဟန်မရှိထဲက"

မာမီက သူငယ်ချင်းအပေါ် ဇာမ်းတ သတိရစွာဖြင့် ပြောနေပါတော့သည်။

"ကိုသော်ဇင်"

"ဘာလဲ ကိုအောင်ချစ်"

"မန္တလေးကို လာခဲ့ကြပါဦးဗျာ၊ မတွေ့တာ အတော့်ကို ကြာသွားပြီပဲ၊ ခင်ဦးသိရင် ဝမ်းသာရှာမှာပါ"





"အင်း ... ဝန်ထမ်းတွေ ဆိုတော့လဲ စေရာသွားရမယ့် အဖြစ်မို့ ကိုယ့်ကိုယ်ကို ကိုယ်မပိုင်ဘူးလေ၊ ကျွန်တော်တော့ အလုပ်ထွက်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်နေတယ်၊ အဲဒါမှ ပိုဆိုး ပါရောဗျာ၊ လုံးဝကို မအားတော့ဘူးလေ"

"ဟား ... ဟား ... ဟား"

"ဟဲ ... ဟဲ ... ဟဲ"

ဒယ်ဒီ့ အပြောကြောင့် ... အားလုံး ဝိုင်းရယ်လိုက်ကြ တော့သည်။

"ခင်ဦးကို ပြောပါရှင်၊ ရန်ကုန် လာလည်ပါဦးလို့"

"အဟင်း ... သူကမှ ပိုဆိုးသေး၊ သူ့ဆိုင် တစ်ရက် ပိတ်ရရင် ထမင်းစားမဝင်တော့ဘူး ဖြစ်နေတာ၊ ကျွန်တော် တောင် အလုပ်တိစ္ဆနဲ့မို့ ရောက်ဖြစ်သေးတယ်"

"အင်း ... အရေးအကြောင်းရှိရင်တော့ သွားရမှာပေါ့ဗျာ၊ ဒီလူတွေဟာ ညီအစ်ကိုမောင်နှမတွေလို နေလာခဲ့ကြတဲ့ လူတွေ မဟုတ်လား"

ဒယ်ဒီပြောတော့ ဦးအောင်ချစ်က ...

"ဟုတ်တာပေါ့ဗျာ၊ ကွဲကွာသွားကြတဲ့ နှစ်ပေါင်းတွေလဲ မနည်းတော့ဘူးဆိုတော့ နောက်ဆို ဘာအကြောင်းပဲရှိရှိ လှမ်းပြီး ခေါ်ပါ၊ တိုင်ပင်ပါ၊ အကူအညီတောင်းဝါလို့ ကျွန်တော် ပြောပါ ရစေ ဦးသော်ဇင် ...

"ဒါပေါ့ ကိုအောင်ချစ်ရာ၊ ကဲ ... ကဲ စကားကောင်းနေ သိုက်ကြတာ မုန့်စားကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ရေခဲမုန့်၊ ကိတ်မုန့်၊ အသားညှပ်၊ မလိုင်ခဲနှင့် ချိုချဉ်များကို ပျော်ပါးစွာ စားသောက်ကြပါသည်။

သတို့သားဘက်မှလာသော အန်ကယ် အောင်ချစ်နှင့် သတို့သမီးဘက်မှလာသော ဒယ်ဒီ၊ မာမီတို့၏ မမျှော်လင့်သော မိတ်ဆွေတောင်းများ ပြန်လည် တွေ့ဆုံပွဲလေးမှာ ပျော်ရွှင်ကြည်နူးစရာများဖြင့် ဖုံးလွှမ်းနေကြလေတော့သည်။

ဇင်ဇင်ကတော့ ဧည့်ခံပွဲလာသူတွေကို မသိမသာ အကဲခတ်နေမိ၏။

သူများတွေ ဘယ်လို ဝတ်လာကြသလဲ။

ပြင်ဆင်လာကြသလဲ။

ငါ့ထက် လှနေပါ့မလား။

ငါ့လို ဘယ်သူတွေ ဖြစ်ဆင်လာကြမလဲ

စသော စိတ်ဝင်စားမှုဖြင့်ပါ။

သို့သော် အမှန်အတိုင်းပြောရလျှင်တော့ ဇင်ဇင့်လောက် မလှကြတာ အမှန်ပါပဲ။

လူတွေက ဂုဏ်သရေရှိ လူကြီးတွေရဲ့အလယ်မှာ ထင်ရှားစွာ လှနေသော ဇင်ဇင့်ကို စိတ်ဝင်စားကြ၏။

ချစ်စရာကောင်းသလို လှလည်း တစ်အားလှ၊ ပြင်တာလည်း အရမ်းပြင်ထားသည် မဟုတ်ပါလား။

ဇင်ဇင့် ဝတ်စားပြင်ဆင်ပုံတို့ ရွယ်တူကောင်မလေးတချို့က စိတ်ဝင်စားစွာ မသိမသာ လေ့လာကြ၏။

ညာဏ်ဝင်းစာပေ



တချို့က သူတို့ထက်လှသော ဇင်ဇင့်ကို မနာလိုမှုနှင့် နှာခေါင်းရှုံ့ကာ လုံးဝမကြည့်မိအောင် နေကြ၏။

သို့သော် တစ်ချက်တစ်ချက်တော့ ခိုးကြည့်နေကြသည် မို့ လစ်ခနဲမြင်လိုက်သောဇင်ဇင့်မှာ ရယ်ချင်စိတ်ကို အောင့်ထားနေရ၏။

ဩော် ... ခိုးချင်လိုက်တာလဲ ဗျာလို့၊ လက်နှေးလိုက်တာ ယဲ ချာလို့ ဆိုတဲ့ လူတွေပါပဲ။

ကြည့်တာပဲ ကြည့်ပေါ့၊ ပွဲပါသွားတာမှတ်လို့။

ဇင်ဇင်တို့က ကိုယ့်အလှကို အသိအမှတ်ပြုပြီး ကြည့်တဲ့ သူတွေကို ပြန်ပြီး ကျေးဇူးကိုတင်သေး။

မိန်းကလေးအချင်းချင်းပဲ မဟုတ်လား။ ကြည့်မှာပေါ့။

ယောကျ်ားလေး ဆိုရင်ကော ...

အို ... ပိုပြီးတော့တောင် ကျေနပ်သေး။

အဲဒါကလဲ ကိုယ်နဲ့ရွယ်တူဖြစ်ဖြစ်၊ လေးငါးခြောက်နှစ်သောက် ကြီးတာပဲဖြစ်ဖြစ် ရတယ်။

အဲ ပုံမလာလူပျိုသိုးကြီးတွေ၊ နှပ်တောင် ကောင်းကောင်းခင်သေးတဲ့ ငချက်လေးတွေရဲ့ ခေါ်တောတစ်ထောင်အားကြည့်ကိုတော့ မကြိုက်ရေးချ လုံးဝမကြိုက်။

အဲဒီလိုလူတွေကို ဘာလုပ်ပစ်တယ် မှတ်သလဲ။

တစ်ခါတည်း မျက်စောင်းထိုးပြီး လက်ဝါးထောင်ပြ ဆိုက်တာပေါ့။

ညာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကဲ ... မှတ်ကရော။

အဲသည်တော့ ပြောကြတယ်လေ။

ဇင်ဇင်မြတ်စုကျော်ဆိုတာ အရမ်းလှ၊ အရမ်းချမ်းသာ သလောက် မာနကလည်း မိုးတက်ကပ်နေပါရောတဲ့။

အဲဒါ သူများလှတာ ချမ်းသာတာကို မနာလိုလို့ ပြောတဲ့ စကား။ အရေးမစိုက်ပေါင်။

ဇင်ဇင်တို့က တော်ရုံလူကိုလဲ လုံးဝစဉ်းစားတာမှ မဟုတ် တာ။ ပြောပါစေ။ မောတော့မှ ရပ်သွားရော။

◈ ◈ ◈





## အခန်း (၃)

အနီရဲရဲ ဟွန်ဒါလေးတစ်စီး။

ခေတ်မီသားနားသောနှစ်ထပ်တိုက်ရှေ့မှာ စက်သတ်တာ ရပ်သွား၏။

ဟွန်ဒါပေါ်မှ ဆိုင်ကယ်စီးဦးထုပ်အဝါကို ဆောင်းထား သော လူတစ်ယောက် ခြေကားကာ လွှားခနဲဆင်းလာ၏။

"ဟော ... ကိုကို ပြန်လာပြီ"

တိုက်ထဲက ကောင်မလေး ချောချောလေးတစ်ယောက် ထွက်လာပြီး လူရွယ်လက်ထဲမှ သားရေအပျော့စားကျောပိုးအိတ် အဖြူရောင်ကို လှမ်းယူလိုက်သည်။

"မေမေရောက်ပြီလား ညီမလေး"

"မရောက်သေးဘူး ကိုကိုရဲ့၊ ခုနက ဖေဖေ့ဆီက ဖုန်းလာ တယ် ကိုကို"

"အင်း ... ဘာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ အစည်းအဝေးရှိလို့ မေမေ့ကို ကိုကိုပဲ သွားကြို လိုက်ပါတဲ့"

"ဩော် ...အေး ... အေး၊ ဒါဆို ကိုကိုသွားမယ် ညီမလေး"

"ဟုတ်ကဲ့ ... ကိုကို"

ထိုစဉ် နောက်ထပ် ကောင်မလေးတစ်ယောက် ထွက်လာ ပြန်၏။

"ကိုကို"

"ဘာလဲ မိချို"

"ဟွန်း ... ကိုကိုနော်၊ ဘာမှမပြောရသေးဘဲနဲ့"

"အေးလေ ... ပြောတော့မယ်မဟုတ်လား၊ လေသံကြား ကတည်းက သိနေပြီကွာ၊ ကိုယ့်ညီမပဲ၊ ဒါလောက်ကတော့ ကဲ ... ပြော ဘာတဲ့၊ ဘာပူဆာဦးမလို့လဲ"

"ကြည့် ...ကိုကိုကလေ ... ဟေမာ ဘာမှမပြောရသေးဘူး ပူဆာတော့မယ် ထင်နေတာ၊ ပြောတော့ပါဘူးနော်"

ဟေမာက နှုတ်ခမ်းစူကာပြောတော့ တေဇာက ဟေမာ့ နှုတ်ခမ်းစူစူကို လက်နှင့်ဆွဲလိမ်ရင်း ...

"ကဲပါကွာ ... ကိုကိုက ချစ်လို့ စ,တာပါ။ ညီမလေး ကြိုက်တဲ့ မလိုင်ငှက်သိုက်လား"

တေဇာပြောတော့ ဟေမာ ပြုံးလာတော့သည်။

ဟေမာက မလိုင် ငှက်သိုက်မုန့်တို့ ... မလိုင်လုံးတို့ကို ကြိုက်တတ်တာ တစ်အိမ်လုံးသိသည်။

မမဝေမာကတော့ ပြောသည်။





"ဟေမာ ဘုတ်ဆုံလေးတဲ့"

ပြောပါစေလေ။

ဘုတ်ဆုံမကလို့ စည်ပိုင်းပဲဖြစ်ဖြစ် ကိုယ်ကြိုက်တဲ့ဟာ စားမှာပဲ၊ စားမှာပဲ။

"ကိုကို"

"ပြော"

"ငှက်သိုက်မုန့်"

"အေးပါ၊ ဝယ်လာမယ်၊ ဒါပဲမဟုတ်လား"

"အင်း"

"ကဲ ... သွားမယ်၊ မေမေ မျှော်နေမယ်"

တေဇာ ဆိုင်ကယ်ကို ပြန်ခွ၏။

စက်နှိုးလိုက်သည်။

ဟွန်ဒါလေးက သခင့်အလိုကျ လျှောခနဲ ထွက်သွား …တော့သည်။

ဧတ္တနာမည်အပြည့်အစုံက တေဇာချစ်ကိုဦး ဖြစ်သည်။ …ပြီးပြီ။ ကိုယ်ပိုင်ဝပ်ရှော့တစ်ခုကို ဦးစီးနေ၏။

ဖေဖေ ဦးအောင်ချစ်၊ မေမေ ဒေါ်ခင်ခင်ဦးမှာ သားသမီး …ယောက်တိတိ ရှိ၏။

တေဇာချစ်ကိုဦး၊ ဝေမာချစ်စုလတ်၊

ဟေမာချစ်စုထွေး၊ ဇေယျာချစ်ကိုလေး ...

…သော သားနှစ်ယောက် သမီးနှစ်ယောက် ဖြစ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရော မေမေပါ အလွန် သဘောကောင်းပြီး သားသမီးများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆက်ဆံသည်။

မိဘနှင့် သားသမီးကြားမှာ ထိမ်ချန် ကွယ်ဝှက်စရာ ဘာအကြောင်းမှ မရှိ။

အားလုံး ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်သည်။

ဖေဖေက ဆေးရုံမှာ လူနာတွေအပေါ် ကြင်နာညှာတာသော ဆရာဝန်ကြီးအဖြစ် နာမည်ကြီးသလို အိမ်မှာလည်း သားမယားအပေါ် အလိုလိုက်တာ အချစ်လွန်တာ နာမည်ကြီး၏။

မေမေကတော့ ... မိဘအမွေအနှစ်ဖြစ်သော ဟိန်းနေသည့် ရွှေဆိုင်ကြီးကို ပိုင်ဆိုင်ထားပါသော်လည်း အိမ်မှာတော့ မေမေသည် အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်၏။

မေမေက အလှကြိုက်သလို လှအောင်လည်း နေသည်။ သားသမီးတွေကို လှလှလေးနေမှ ကြိုက်၏။

အကြောင်းမသိသူများက မေမေ့ကို အပျိုကြီးမှာ ထင်ကြတတ်ပေ၏။

တစ်ခါတစ်ရံ တေဇာတို့က မေမေ့ကို အန်တီဟုပင် ခပ်တည်တည် ခေါ်ကြသည် မဟုတ်ပါလား။

ဟေမာ့အတွက် မုန့်ဝယ်ပြီး ဈေးချို ရွှေဆိုင်တန်းမှာ မေမေ့ကို ဝင်ကြို၏။

ဆိုင်သိမ်းပြီးပြန်ရန်အသင့်ဖြစ်နေသော ဒေါ်ခင်ခင်ဦးက





"ဟော ... သားကြီး ကိုယ်တိုင်ပါလား၊ မင်းဖေဖေ အားလို့လား"

"အစည်းအဝေးတဲ့ မေမေ"

"ဪ ... အေး ... အေး"

ဒေါ်ခင်ခင်ဦးက လက်ပွေ့အိတ်ကို ရင်ခွင်မှာကပ်ကာ ဆိုင်ကယ်နောက်မှာ ဝင်ထိုင်လိုက်၏။ တေဇာက ...

"အိမ် တန်းပြန်မလား မေမေ၊ ဝင်စရာ ရှိသေးလား"

"ထိုးမုန့် နည်းနည်း ဝယ်ချင်တယ်ကွယ်"

"ဟုတ်ကဲ့"

ထိုးမုန့် ဝင်ဝယ်သည်။

အိမ်ပြန်ရောက်တော့ ခဏနားသည်။

ပြီးမှ ရေချိုးသည်။

ခဏကြာတော့ ဖေဖေ ဆေးရုံမှ ပြန်ရောက်လာသည်။

မိသားစု ညနေစာ ထမင်းပွဲကို ပျော်ရွှင် မြိန်ရှက်စွာ ကြသည်။

ထမင်းစားပြီး ဧည့်ခန်းမှာ ထိုင်မိကြသည်။

ဒေါ်ခင်ခင်ဦးက လက်ဖက်အစ်ကလေးကို ဦးအောင်ချစ် ထိုးပေးရင်း ...

"ဒါနဲ့ ... ပြောပါဦး ကိုချစ်ရဲ့"

"ဘာလဲ ... ခင်ဦး၊ အရှင်းမရှိ အဖျားမရှိ"

"ဪ ... ရှင့်၊ ဟိုတစ်နေ့က ရှင်ပဲ ပြောပါကောလား၊ မှာ မမြတ်တို့နဲ့ တွေ့ခဲ့တဲ့အကြောင်း"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... သူတို့က မှာလိုက်တယ်၊ ရန်ကုန် အလည် လာပါဦးတဲ့"

"အင်း ... မတွေ့ရတာကြာလို့ တွေ့ချင်သား"

"တွေ့ချင် သွားတွေ့ရောပေါ့ ခင်ဦးရယ်"

"အို ... ရှင်၊ ကိုချစ်ကလဲ အပြောလွယ်လိုက်တာ၊ ကျွန်မမှာ အိမ်တစ်ဖက် ဆိုင်တစ်ဖက်နဲ့"

ဒေါ်ခင်ခင်ဦးကညည်းသလိုလိုပြောသည်ကို ဦးအောင်ချစ်က ပြုံးနေလေသည်။ ဟေမာက ...

"ဖေဖေ"

"ဟေ"

"အဲဒီ အန်ကယ် ဒေါက်တာဆိုတဲ့လူကြီးမှာ သားသမီးတွေ မရှိဘူးလား"

"ညည်းက ဘာလုပ်မလို့လဲ"

ဝေဇာက မေးလိုက်၏။

ဟေမာက ဇက်လေးပု မျက်လုံးလေး ပြူးပြ၍ ...

"ဩော် ... ကိုကိုကလဲ ရှိရင် လုမ်းခေါ်ပြီး နွေရာသီမှာ ပြင်ဦးလွင်တို့၊ တောင်ကြီးတို့ သွားဆော့ရတာပေါ့"

"ဆော့ရအောင် ကလေးလား"

ဝေမာကလည်း ပြော၏။

"အာ ... လူကြီးကလဲ လူကြီးလို ဆော့တာပဲ မမရဲ့"

"သမီးတစ်ယောက်တည်း ရှိတယ်"

"ဟင် ... ဟုတ်လား၊ ပျင်းစရာကြီး"





ဟေမာက နှာခေါင်းလေးရှုံ့ကာ ပြောသည်။ ပြီးမှ ...

"ချောလားဟင် ဖေဖေ"

"ချောမယ် ထင်တာပဲ"

"ဟင် ဘာလို့လဲဖေဖေရဲ့၊ ဖေဖေမြင်ခဲ့တယ်မဟုတ်လား"

"အင်း ... မင်္ဂလာဆောင်တစ်ခုမှာ သူတို့သားအဖတွေ့လာကြတာ"

"ဟာ ... မင်္ဂလာဆောင်ဆိုတော့ လှအောင်ပြင်လာမှာပေါ့၊ မလှဘူးလား ဖေဖေရဲ့"

ဦးအောင်ချစ်က သမီးငယ်၏အမေးကို ပြုံးမိရင်း ...

"ဖေဖေ့စိတ်ထဲမှာ ဖေဖေ့သမီးငယ်လောက် မချောမလှသလိုပဲ၊ အဟဲ ..."

"အာ ... ဟာ ... ဟာ၊ ဖေဖေကလဲ ကဲ ... ကဲ"

ဟေမာ ရှက်ကိုးရှက်ကန်းနှင့် ဖခင်၏ လက်မောင်းကို ဆွဲကာ ဆိတ်လိုက်၏။

ဟေမာ့ပုံက စူစူဖောင်းဖောင်းလေးနှင့် ငါးပူတင်းပုံဖြစ်နေသည် မဟုတ်ပါလား။

အကောင်းကလည်းကြိုက်၊ အစားကလည်းပုပ်လိုက်သေးသဖြင့် ဟေမာ့ကိုယ်ခန္ဓာ ဆူဖြိုးဝဖောင်းနေတာ အဆန်းမဟုတ်တော့ချေ။

"ဘယ်အရွယ်လောက်ရှိပြီလဲ ဖေဖေ"

မမဝေမာ မေးတော့မှ ဟေမာ နားထောင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"တတိယနှစ် ရောက်ပြီတဲ့၊ သမီးကြီးထက် နည်းနည်း ငယ်မယ်၊ သမီးငယ်ထက်လဲ နည်းနည်းကြီးမယ် ထင်တယ်"

"ဒါဆို သမီးတို့နဲ့မတိမ်းမယိမ်းပဲပေါ့၊ တွဲလို့ကောင်းမယ်"

ဟေမာက အားရဝမ်းသာပြောပါသည်။

"ကိုချစ်"

"ဟင် ..."

"ကျွန်မ တစ်ခု စဉ်းစားမိတယ်"

"တစ်ခုတည်းလားကွ"

"စကားကောင်းကောင်းပြောမလို့ ကိုချစ်ကလဲ"

"ကဲ ... ပြောစေဗျာ"

"ဒီလိုရှင့်"

"အင်း ..."

"သားကြီးက အခုဆိုရင် ကျောင်းလဲပြီးသွားပြီ၊ ကိုယ်ပိုင် လုပ်ငန်းလေးကလဲ တစ်ခုရှိသွားပြီဆိုတော့ ..."

"လိုရင်းတိုရှင်းလုပ်စမ်းပါ ခင်ဦးရာ၊ မင်း မြေးချီချင်ပြီ ဆိုပါတော့၊ ဟား ... ဟား ... ဟား"

"ဟောဒီ ကိုချစ်ဟာလေ၊ ထောင်တန်တဲ့စကား ရယ်ရင် ပေါ့တဲ့"

"အင်းပါ ... အခု ငါ ရယ်ပေမယ့် မပေါ့ပါဘူးကွာ၊ မင်း ဆိုလိုချင်တာ အဲဒီအဓိပ္ပာယ် မဟုတ်လား"

ဒေါ်ခင်ခင်ဦးက မျက်စောင်းချီရင်း ပြုံးနေ၏။

ဟေမာကလည်း ...





"ဟာ မေမေရာ၊ ကျွန်တော် မိန်းမ မယူချင်သေးဘူးဗျာ"

ခေါင်းကုတ်ရင်း ပြော၏။

ဒေါ်ခင်ခင်ဦးက ခေါင်းခါ၍ ...

"မဟုတ်ဘူး သားကြီး ... မေမေ ခုနက ပြောခဲ့သလို သားကြီးမှာ လိုအပ်တာမှန်သမျှ ပြည့်စုံနေပြီဆိုပေမယ့် မိဘ အနေနဲ့ ဝတ္တရားရှိတဲ့အတိုင်း လုပ်ပေးဖို့ ကိစ္စတစ်ခုကို မေမေ ပြောနေတာပါ"

"မေမေရာ ... ကျွန်တော် လွတ်လွတ်လပ်လပ် နေချင် သေးတယ်"

"ဪ ... ကွယ်၊ သားကြီးက အိမ်ထောင်ရေးကို ထောင် တစ်ခုလို တွေးပြီး လန့်နေတာကိုး"

ဟေမာကလည်း ထိုးမုန့်တစ်တုံး ဝါးနေရာမှ ...

"ဟုတ်တယ် ကိုကို၊ မိန်းမ မယူနဲ့ဦး၊ တော်ကြာ ဟေမာ တို့ ကိုကို့ကိုကပ်ချွဲရင် ကိုကို့မိန်းမက မျက်စောင်းတရွဲရွဲကျဲနေမှ"

"ဟဲ့ ... သမီးငယ်၊ ဘာတွေပြောနေတာလဲ၊ လူဆိုတာ အချိန်အရွယ်ရောက်လာရင် ပြုရမယ့်ကိစ္စကို တာဝန်ရှိရှိလုပ်မှ တာဝန်ကျေမှာပေါ့ကွယ်"

"နေပါဦး ... ခင်ဦး၊ ငါ မေးပါရစေဦး"

"မေးလေ"

"မင်းကို မဟုတ်ပါဘူး၊ သားကြီးကိုပါ ..."

"ဗျာ"

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ဆယ့်ငါးနှစ်ပါ ဖေဖေ"

"ရည်းစား ဘယ်နှယောက် ထားဖူးလဲကွ"

"ဟာ – ဖေဖေကလဲ"

"အောင်မယ် ... ရှက်စရာ မဟုတ်တာကွာ၊ အဖြစ်ရှိမရှိ ဖေဖေသိချင်လို့ သားရ"

"ကြိုက်တာ မတွေ့သေးပါဘူး ဖေဖေရာ"

"ဘယ်တွေ့မလဲကွာ ... မင်းမှာ ကျောင်းနဲ့အိမ်၊ အိမ်နဲ့ ကျောင်း၊ ပြီးတာနဲ့ အိမ်နဲ့အလုပ်ရုံ၊ အလုပ်ရုံနဲ့အိမ်၊ ညီမတွေရဲ့ အလိုကို တစ်ခုမကျန်အနွံအတာခံပြီး လိုက်လုပ်ပေး၊ ညီမတွေကလဲ ဒီအစ်ကိုတစ်ယောက်ကို ချာလပတ်လည်နေအောင် ခိုင်း၊ ခိုင်းလွန်းတော့ မြင်ရတဲ့ ကောင်မလေးတွေ ဘယ်လာကြိုက်ရဲတော့မလဲ"

"ဒါကတော့ ... ကိုယ့်ညီမလေးတွေ ကိုယ်ချစ်တာကိုးလို့ နော် ... ကိုကို"

ဟေမာ ဝင်ပြောတော့ ဝေမာက ပြုံးနေပါသည်။

မှန်သည်။ တေဇာ့ကို ဝေမာနှင့် ဟေမာက ဂျင်ဂျင်လည်အောင် ခိုင်းသည်။

ဈေးပို့ပေးပါဦး၊ ကျောင်းကြိုပေးပါဦး၊ အင်္ကျီရွေးပေးပါဦး။

အလှပြင်ဆိုင်တွေမှာ ထိုင်စောင့်ပေးပါဦး၊ ဟိုသွားပေးပါဦး၊ ဒါလုပ်ပေးပါဦး။

အို ... အစုံပါပဲ။ ညီမတွေ အလိုလိုက်တဲ့နေရာမှာ တေဇာတို့ကတော့ စံပါပဲ။





"ကိုကို့ကို မခိုင်းရရင် ... သမီးတို့လဲ ခိုင်းဖို့ ရည်းစား တစ်ယောက်ယောက် ထားရမလား ဖေဖေရဲ့ အဟင်း"

"ဝေမာ၊ ကလေးဟာ ကလေးလိုနေစမ်း"

"ဟွန်း ... မေမေကလဲ ဝေမာ ဟုတ်တာပြောတာကို"

"အေး ... ညည်းတို့ ဒါလောက်ကပ်၊ ဒါလောက်ခိုင်းနေတော့လဲ သားကြီးမှာ တခြားကိုစိတ်မကူးနိုင်အောင် ညာရင်းငှဲရင်းနဲ့ အရွယ်လွန်သွားလိမ့်မယ်"

"လူပျိုကြီးလုပ်ပြီး ဟေမာတို့နဲ့ အတူတူနေပေါ့"

"တော်ကြာ ... ညည်းတို့အသီးသီး အဖော်တွေနဲ့ဖြစ်သွားမှ မေမေ့သားကြီး တစ်ယောက်တည်းဖြစ်နေလိမ့်မယ်၊ တော်ပြီ တော်ပြီ၊ မေမေပြောတာ နားထောင်ကြစမ်း ... သားကြီး"

"ဗျာ"

"မင်းကို ရန်ကုန်က မမြတ်တို့သမီးနဲ့ စကားကမ်းလိုက်မယ် ... ကြားလား"

"ဟာ ... မေမေကလဲ ဖြူသလား၊ မည်းသလား မသိသေးဘဲနဲ့"

"လှတာမှ စက်စက်ယိုနေတာဗျာ၊ ဖေဖေ မြင်ခဲ့ပြီးပြီလေ၊ အလေးမလေးက ချစ်စရာလေး"

"ရုပ်ကလေးလှပြီး စိတ်ပုပ်နေရင်ကော"

"ဩော် မျိုးရိုးဗီဇဆိုတာလဲရှိသေးတာကွယ့်၊ ကိုသော်ဇင် မမြတ်တို့ဆိုတာ အတွင်းသိ အစဉ်းသိတွေ သားကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးချင်းပေးစားမှ ရနိုင်တဲ့ ခပ်ဖျင်းဖျင်း ခပ်နုံနုံထဲမှာ ကျွန်တော် မပါချင်ဘူးဗျာ"

"ဒီတော့ ..."

"လေ့လာချင်သေးတယ်"

"ရန်ကုန်နဲ့ မန္တလေး ဘယ်လိုလေ့လာမလဲ"

"သူငယ်ချင်းတွေ ရှိတယ်လေ၊ သူတို့ကို အရင်စုံစမ်းခိုင်းရမှာပေါ့"

"အေးလေ ... လုပ်လိုက်လေ၊ ကြာသလားလို့၊ အဖဲ ဖေဖေကတော့ ငယ်သူငယ်ချင်းတွေမို့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်စေချင်လို့ပါကွာ"

"ကောင်းရင်တော့ ဖိတ်မယ် ဖေဖေ"

"ကောင်းမှာပါကွာ"

"သားကြီး သွားလည်ပတ်ပြီး လေ့လာချင်လဲ ရတာပဲ မေမေတို့ စာရေးပေးလိုက်မယ်"

"ဟာ ... ပြောင်ကြီး၊ မဖြစ်ပါဘူး မေမေရာ"

"အေး ... မင်း ဒီလို ကြေး(ချိုး)များနေပုံနဲ့တော့ မလွယ်ဘူး"

"အကဲမခတ်ရဘူးလား မေမေရဲ့"

"ခတ်ပါ ... ခတ်ပါ၊ တော်ကြာမှ မေမေရေ မြန်မြန် လုပ်ပါတော့ဆိုတဲ့အသံ ထွက်လာမှာ မြင်ယောင်သေး"

"ဟာ ... မေမေကလဲ"

ရယ်သံတွေ လွှမ်းသွားပါတော့၏။

◈ ◈ ◈





## အခန်း (၄)

ဇင်ဇင့်မျက်နှာ စူနေပါပြီ။

ကြည့်ပါဦးတော့။

အချိန်က နီးလှပြီ။

သည်အတိုင်းဆို ကလပ်စ်တော့ လွတ်တော့မှာပဲ။

ဒရိုင်ဘာမရှိကတည်းက သည်ပြဿနာဝင်တော့သည်။

ဒရိုင်ဘာ ဦးလေးညွန့်က လေရောဂါ အမြဲဖြစ်နေသဖြင့် အလုပ်မှထွက်ကာ ရွာပြန်သွားသည်မှာ တစ်လတောင် ရှိရော့မည်။

အိမ်မှာ ကားနှစ်စီးရှိ၏။

ဒယ်ဒီ အလုပ်အတွက်သုံးတာက တစ်စီး။

မာမီဈေးသွားအိမ်သုံးနှင့် ဇင်ဇင့်ကျောင်းကြိုပို့က တစ်စီး။

ဒရိုင်ဘာရှိတော့ ဘာမှပြဿနာမပေါ်။

ဒယ်ဒီက သူ့ကား သူမောင်း။

ဒရိုင်ဘာက အိမ်သုံး ကျောင်းသုံးကားကိုမောင်း။



www.burmeseclassic.com

www.burmeseclassic.com



တဲ ... ခုတော့ ဒရိုင်ဘာမရှိတော့။

ဒယ်ဒီက ပထမတော့ ကားနှစ်စီးလုံးကို မောင်းပေး၏။

ဈေးသွား၊ အလှူသွား၊ ညှော်ခံပွဲသွား၊ ကျောင်းသွား။

အို ... ကိစ္စဝိစ္စတွေက အများသား။

ကြာတော့ ဒယ်ဒီလည်း အလုပ်ပစ်ကာ တိုလီမုတ်စလေးတွေ လိုက်မလုပ်ပေးနိုင်တော့။

ဒယ်ဒီ့အလုပ်ကလည်း ရှိသေးသည် မဟုတ်လား။

ဈေးချိန်မမှန် ကျောင်းချိန်မမှန် ဖြစ်လာပါရော။

သည်တော့ မာမီလည်း ကသိကအောက်ဖြစ်၊ ဇင်ဇင်လည်း တသိတအောက် ဖြစ်ရောပေါ့။

ဒါနဲ့ ဇင်ဇင်ကလည်း ပြောတာပေါ့။

ဇင်ဇင် ကားမောင်းသင်မယ်၊ ကိုယ်တိုင်မောင်းမယ် လို့။

အဲဒါကို မာမီက မျက်လုံးပြူး မျက်ဆန်ပြူး ...

အလိုလေးလေ...သမီးလိုစိတ်မြန်စိတ်ဆတ်တဲ့မိန်းကလေးနဲ့ ကားမောင်းတာနဲ့ မဖြစ်ပါဘူး၊ မဖြစ်ပါဘူးတဲ့လေ။

ဟုတ်တယ်။ ဇင်ဇင်က သိပ်စိတ်မြန်တယ်၊ ဆတ်တယ်။

ရှုးခနဲဆို ဒိုင်းပဲ။

သိပ်ပြီး ရှည်ရှည်ဝေးဝေး မစဉ်းစားနေချင်ဘူး။

ဒါကို မာမီက ကိုယ့်သမီးမို့ ကိုယ်သိတာနေမှာ။

အခုတောင် ဇင်ဇင် စိတ်တိုလှပြီလေ။

သွားချင်တဲ့ခရီးကို သွားချင်တဲ့အချိန် မသွားရတာလောက် အလိုမကျစရာကောင်းတာ ဘာမှမရှိဘူး။





အဲဒီဒုက္ခကို ဇင်ဇင် ဘယ်လောက်ကြာကြာ ခံနေရဦးတော့မလဲလို့။

တွေးလေ စိတ်တိုလေပဲ။

ညှော်ခန်းဆိုဖာပေါ်မှာ စူစူပုပ်ပုပ်ထိုင်နေတဲ့ ဇင်ဇင့်ကို မာမီထွက်လာတာမြင်တော့ ...

"သမီး ... အငှားကားနဲ့သွားပါလားကွယ်၊ အချိန်နီးနေပြီအား မသိဘူး"

"အချိန်နီးတာမဟုတ်ဘူး မာမီရဲ့၊ လွန်နေပြီ ... လွန်နေပြီသိလား၊ ဇင် သိပ်စိတ်ပျက်တာပဲ"

ဇင်ဇင်က နှုတ်ခမ်းရဲရဲလေးကို ထော်နေအောင် စူထုတ်ပြီး ပုပ်သိုးသိုးလေး ပြောလိုက်လေသည်။

ဒေါ်ခင်မြတ်လွင်က သမီးဖြစ်သူကို ပြုံးကြည့်ပြီး ...

"ဩော် ... သမီးရယ်၊ ဒယ်ဒီလဲ ဒရိုင်ဘာရှာနေတာပဲကွယ်၊ ဒရိုင်ဘာမရခင် စပ်ကူးမပ်ကူးကာလမို့ အခက်အခဲဖြစ်နေတာပါတွေဝ်"

"မာမီ့ဒရိုင်ဘာက ဒီနှစ် ရဦးတော့မလား၊ ဒယ်ဒီ ရှာနေတာ ဘယ်လောက်ကြာနေပြီလဲလို့"

"သမီးရယ် လူစိမ်းတစ်ယောက် ကိုယ့်အိမ်ထဲခေါ်သွင်းဖို့အရွ ဆိုတာ လွယ်လွယ်လေးစဉ်းစားလို့မရဘူးကွယ့်၊ သူ့အကျင့်စရိုက်၊ နောက်ကြောင်း ရှင်း မရှင်း၊ စိတ်နေ သဘောထားတွေကို သေချာသိမှ ဖြစ်မယ် မဟုတ်လား၊ အမြန်လိုလို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေ့တာရာလူကို ဒရိုင်ဘာဆိုပြီး ဖြုန်းခနဲခန့်လိုက်၊ နောက်တော့မှ လူယုတ်မာဖြစ်နေရင် ကိုယ်ပဲ အကျိုးနည်းရမယ်လေ"

မာမီပြောမှ ဇင်ဇင် နှုတ်ခမ်းအထော် နည်းနည်းကျသွား၏။ သို့သော် မျက်နှာက ခပ်စူစူပါပဲ။

"ဟွန်း ... အဲဒီအကြောင်းတစ်ခုတည်းကြောင့် မဟုတ်ပါဘူးနော်၊ ဟိုတစ်နေ့က မာမီနဲ့ ဒယ်ဒီ ပြောနေသံ ဇင် ကြားပါတယ်"

"အလို ... ဘာများတုံး သမီးရယ်"

"ဒရိုင်ဘာရွေးတဲ့အခါ အရွယ်ကိုအရင်ဆုံးကြည့်ပါ၊ ကိုချစ်ရယ်တဲ့၊ အဲဒါ ... အဲဒါ"

"ဩော် ... ဟော်၊ ဟုတ်တယ်လေ သမီးရဲ့၊ ငတော်ကြာ အသက်ခပ်ငယ်ငယ် ဒရိုင်ဘာဆိုရင် ... ကားအကြောင်း သိပ်နားမလည်တဲ့ ... အတွေ့အကြုံ ခပ်နည်းနည်းလူနဲ့တွေ့ရင် ကိုယ့်ကားပဲ ဒုက္ခဖြစ်မယ် မဟုတ်လား"

"အဲဒါလဲ ဟုတ်ပါဘူး"

"အို ... ဘာများလဲ သမီးရဲ့"

"ဇင် သိပါတယ်နော်၊ ဒရိုင်ဘာငယ်ငယ်ဆိုရင် သမီးပျိုနဲ့ဆိုတော့ အဟင်း ... ဟင်း ချိတ်မိသွားမှာစိုးလို့ မဟုတ်လားတဲ ... တဲ"

ဇင်ဇင့်စကားကြောင့် မာမီ သဘောကျစွာ ရယ်ပါလေတော့၏။

ဇင်ဇင်က စူတူတူပုပ်တုတ်တုတ်လေး မျက်မှောင်ကြုတ်၍-





"ဟွန်း ... အဲဒါ မာမီတို့ ဇင့်ကို အထင်သေးတာ"

"အထင်သေးမလား သမီးရယ် ... ကိုယ့်သမီး ကိုယ်အထင်သေးရတယ်လို့"

"အဲဒီလို မဟုတ်ရင် မာမီတို့ခန့်မယ့် ဒရိုင်ဘာ ငယ်ငယ်ကြီးကြီး ဂရုမစိုက်နဲ့ပေါ့၊ ကားကျွမ်းကျင်တာကိုပဲ ကြည့်ပေါ့၊ ခုတော့ ငယ်ရတာနဲ့၊ အိုရတာနဲ့၊ အရက်သောက်ရတာနဲ့၊ ဖဲရိုက်လို့၊ မိန်းမရှုပ်လို့၊ အို ... တစ်ခုမှ အပြစ်မလွတ်တော့ဘဲကိုး၊ ဒီနှစ်ရည်းမလား ဒီဒရိုင်ဘာ"

"ရမှာပါ သမီးရယ်၊ အလုပ်တစ်ခုကို လုပ်ရင် သေသေချာချာ ဝေဖန်အကဲခတ်ပြီးမှ ဆုံးဖြတ်ရမယ် မဟုတ်လား၊ ခုအခိုက်အတန့်လေးတော့ ဒီလိုပဲ အဆင်ပြေသလို ကြည့်ပြီးစီစဉ်ရတာပေါ့ကွယ်"

"အဲဒီ အခိုက်အတန့်လေးကိုပဲ ဇင် စိတ်ညစ်လှပြီ မာမီရဲ့ ခုတောင် ကလပ်စ်တွေ လွတ်ပေါင်းများလှပြီ၊ ဇင်တော့ ဒီနှစ်ရှုံးတော့မှာပဲ ... ရှုံးတော့မှာပဲ"

"အို ... သမီးရယ်၊ မပြောကောင်းပါဘူး၊ သမီး ဒါလောက်တော်တာ မရှုံးပါဘူး၊ ဒယ်ဒီပြန်လာရင် မာမီပြောလိုက်ပါ့မယ်၊ ဒရိုင်ဘာရှာတာ အသက်ငယ်လဲ အကြောင်းမဟုတ်ပါဘူး လို့နော်"

"အဲဒါ သမီးကို ရွဲ့တာ"

"ဟောတော် ... ဖြစ်ရပြန်ပြီ"

"မာမီ စဉ်းစားကြည့်ပါလား ... ဇင့်လို ဘွဲ့ရှေးသမီးအတွာသိုလ်ကျောင်းသူတစ်ယောက်က ကိုယ့်အိမ်က ဒရိုင်ဘာ



www.burmeseclassic.com

www.burmeseclassic.com



အစုတ်ပလုတ်ကို ကြိုက်မလားလို့၊ အိပ်မက်ထဲတောင် ဒါမျိုး ထည့်မမက်သေးဘူး"

"ကောင်းပါလေ့ကွယ်၊ ကောင်းပါလေ့"

ဒေါ်ခင်မြတ်လွင်က သဘောကျစွာ ပြုံး၍ ပြောပါသည်။

"မာမီ"

"ဟင်"

"တကယ်လို့ သမီးနဲ့ အရွယ်မတိမ်းမယိမ်း ဒရိုင်ဘာသာ ခန့်မယ်ဆိုရင်လေ"

"အင်း ..."

"တစ်ခါတည်းကို အပိုးကျိုးသွားအောင် ပညာပြထား လိုက်မယ်၊ ဇင်လေ သိတယ်မဟုတ်လား၊ အဟွန်း"

ဟန်ပန်ရောင်းကောင်းနှင့် ပြောနေသော ဇင်ဇင့်ကို ဒေါ်ခင်မြတ်လွင် သဘောကျစွာကြည့်ပြီး ...

"ဪကွယ် ... ဒါက ဖြစ်လာခဲ့သည်ရှိသော် ဆိုပြီး ပြောရတာပါ၊ မာမီ့သမီးလေး ကိုယ်နဲ့အဆင့်မတူတာကို လုံးဝမမှန်းဘူး ဆိုတာ မာမီမသိဘဲ နေမလားကွယ်"

"သိ သိကြီးနဲ့ မာ့မီရာ"

"ဒါပေမဲ့ သမီးရယ်၊ လူဆိုတာက ကံတရားရဲ့လှည့်စားချက် တွေကို တစ်ချိန်ချိန်မှာ အလူးအလဲခံရတတ်စမြဲပဲကွယ့်၊ အဲဒီ အထဲမှာ မာမီ သမီးကို မပါစေချင်တဲ့ စေတနာနဲ့ပါ၊ မဖြစ်ခင် ကတည်းက ကြိုတင်ကာကွယ်တဲ့ အနေနဲ့ အသက်ငယ်ငယ် မလိုချင်ဘူးလို့ ပြောတာပါ၊ တကယ်လို့ မရတဲ့အဆုံး အသက်





ခပ်ငယ်ငယ် ဒရိုင်ဘာဆိုရင်လဲ အခြေအနေကြည့်ပြီး ဆက်ဆံ ရမှာပေါ့ သမီးရယ်၊ ကိုယ်က သိပ်ပြီး မောက်မာနေရင် အလစ် ချောင်းပြီး ဒုက္ခပေးမှ စိတ်ဆင်းရဲစရာတွေ ဖြစ်ကုန်တော့မယ်"

"ပွမ် ..."

"ဟော ..."

"ဒယ်ဒီလာပြီ"

ဇင်ဇင် လွယ်အိတ်လေးကိုလွယ်၍ ကားဆီ အပြေးလေး လျှောက်လာတော့၏။

ဒေါ်ခင်မြတ်လွင်ကတော့ ပြုံး၍ ဇင်ဇင့်ကို မေးဆတ် ပြတာ ...

"ဒယ်ဒီ့ကို စိတ်ကောက်နေတာရှင့်"

"ဆောရီးပဲ သမီးရေ၊ ဒီမလာခင်လေးမှာ အလုပ်ကိစ္စက ရုတ်တရက်ဝင်လာလို့၊ နောက်ကျနေပြီလား သမီး"

"ကျတာမှ တစ်ချိန်လွတ်သွားပြီ ဒယ်ဒီရဲ့"

ဇင်ဇင်က ခပ်စူစူပြော၍ ကားထဲ ဝင်ထိုင်ပါသည်။

"အေးကွာ ... ဒယ်ဒီလဲ ဒရိုင်ဘာရှာနေတာပဲ သမီးရယ်"

"ဒယ်ဒီ ဒရိုင်ဘာက ဒီနှစ် ရပါဦးမလား"

"ရပါတယ် သမီးရဲ့၊ ဒယ်ဒီ စိတ်တိုင်းမကျသေးလို့ပါ"

"ဒယ်ဒီဟာကလဲ ... ဒရိုင်ဘာ ရှာပါတယ်ဆိုမှ သမက် တော် ဖွင့်နေသလား ထင်ရတယ်"

ဇင်ဇင့်အပြောကြောင့် ဒယ်ဒီ တဟားဟား ရယ်လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းသော ချစ်သမီး။

အလိုလိုက်ထားသည်။

ပွင့်လင်းရင်းနှီးစွာ ဆက်ဆံသည်။

ဖအေနှင့် သမီး၊ မအေနှင့် သမီးကြားမှာ ဘာမှ မပြောရဲစရာမရှိ။

မိမိတို့ကလည်း ရှေ့ရေးကို တွေးမျှော်မိပြီး စိုးရိမ်မိတာ အမှန်ပါပဲ။

ယခုခန့်မည့် ဒရိုင်ဘာက အများဆုံး ဆက်ဆံရမည်မှာ သမီးပင် မဟုတ်ပါလား။

မိဘက အဆင်ခြင်တရားနည်းနည်းနှင့် ရှယ်တူဒရိုင်ဘာ ထားလျှင် ကိုယ့်သမီးကို သုတ်ပြေးမှ ရင်ကွဲရမည့်အဖြစ်မျိုး ဆိုက်ပေတော့မည်။

ထို့ကြောင့် ဦးသော်ဇင် စိတ်ကြိုက် ဒရိုင်ဘာ ယခုထိ မရသေးခြင်းပင် ဖြစ်သည်။

လူငယ်ဆိုသည်မှာ အဆင့်ချင်း မည်မျှပင်ကွာနေစေကာမူ အနေနီးစပ်လျှင် သံယောဇဉ်တွယ်ကာ ငြိသွားတတ်သည် မဟုတ်ပါလား။

မိမိတို့၏သမီးကို အခြေအမြစ်မရှိသောလူနှင့် ဘယ်လိုမှ အနီးစပ်မခံနိုင်ပါ။

သမီးက ဘယ်လိုပင် တော်ရုံတန်ရုံလူကို မမှန်းပါဘူးဟု ဆိုချင်ဆို၊ အသည်းနှလုံးမှာ အလွှာဆိုတာ အလိုလို မေးမှိန်သွားတတ်စမြဲ မဟုတ်ပါလား။





ကားလေးက တရိပ်ရိပ်ပြေးနေ၏။

“ဒယ်ဒီ”

“ဟင်”

“သမီး ကျောင်းနောက်ကျလို့ ကလပ်စ်ပျက်ဖျက်နေတာ များလှပြီ ဒယ်ဒီ”

“အေးကွာ၊ ဒရိုင်ဘာအဆင်မပြေတာနဲ့ သမီးနဲ့ သမီးမာမီ ဆဲ အတော်လေး ကသိကအောက် ဖြစ်ကြရမှာပါပဲ”

“အဲဒါကြောင့် ဇင် ကားမောင်းမယ်လို့ ပြောတာပေါ့”

“မဖြစ်ပါဘူး သမီးရယ်၊ သမီးမာမီက စိတ်ပူတတ်ပါဘိနဲ့”

“ဒယ်ဒီကတော့ စိတ်ချတယ် ဟုတ်လား ဟင်”

“အဟင်း ... ဒယ်ဒီလဲ စိတ်ပူတာပဲပေါ့ကွာ”

“ဟွန့် ... ဒယ်ဒီနဲ့ မာမီက အတူတူပဲ”

“မမောင်းချင်ပါနဲ့ သမီးရာ၊ ဒယ်ဒီတို့မှာ ရှားရှားပါးပါး ဒီသမီးလေး တစ်ယောက်တည်းရှိတာ ... မတော်တဆ ယာဉ်တိုက်မှုတွေ ဘာတွေ ဖြစ်လာရင် မတွေးရဲဘူး”

“ဒယ်ဒီကလဲ အမြဲတမ်း သတိထားမှာပေါ့လို့”

“ကိုယ်က ဘယ်လောက် သတိထားထား၊ ဘစ်ဖက်က ချွတ်ယွင်းလာရင် ဘာမှမတတ်နိုင်ဘူး၊ တော်ကြာ ဒယ်ဒီ မာမီ တို့တာ လှလှပပလေးမွေးထားတဲ့သမီးဟာ ကားအက်စီးဒင့်ဖြစ်မှု ထူစဉ်မမီတဲ့ဘဝမျိုးဖြစ်သွားရင် တစ်သက်လုံး ကိုယ့်ကိုယ်ကို ခွင့်လွှတ်လို့ဆုံးမှာ မဟုတ်တော့ဘူး”

“ဒါဆိုလဲ ဒယ်ဒီရာ၊ ဒရိုင်ဘာ အမြန်ဆုံးရှာပေးပါတော့”



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ"

"ဒယ်ဒီ့ အင်းပါကြီးကလဲ မနည်းကြာဦးမလား"

"သမီးရာ လူတစ်ယောက်ကို မြင်တွာနဲ့ ခန့်မကြိုက်ရင် ဖြုတ်ပစ် ဆိုတဲ့ ကလေးကစားစရာလို လုပ်လို့ မရဘူးလေ၊ တစ်ယောက်ပြီးတစ်ယောက် ပြောင်းနေရင် ကိုယ်ပဲ နာမည် မကောင်းဖြစ်မှာ၊ ဒါကြောင့် အချိန်ကြာနေတာပါကွာ"

"တွေ့နေပြီလား ဒရိုင်ဘာလောင်းက"

"မတွေ့သေးလို့ ကြာနေတာပေါ့ သမီးရဲ့"

"ဟင် ဒယ်ဒီပြောတာက အကဲခတ်နေရလို့ကြာသလိုလို"

ဇင်ဇင် စိတ်ပျက်သွားပုံကိုကြည့်၍ ဒယ်ဒီပြုံးနေပါသည်။

"ဒယ်ဒီ"

"ဟင်"

"ရှုပ်ပါတယ်ဒယ်ဒီရာ၊ သတင်းစာထဲက ကြော်ငြာထည့်ပြီး ခေါ်ပါလား"

"အေး ... မဆိုးဘူးကွ သမီးအကြံ"

"မဆိုးရင် အတောင်အထည်ဖော်တော့ ဒယ်ဒီရဲ့"

"အင်းပါ ... အင်းပါ"

ကားလေးက တက္ကသိုလ်ဝင်းထဲသို့ ချိုးကွေ့ ဝင်သွားပါ တော့သည်။

◈ ◈ ◈





## အခန်း (၅)

"ကိုကို ... စာ"

ဝေမာမေးသော စာအိတ်ကို လှမ်းယူလိုက်၏။

စာအိတ်ထောင့်မှ ရန်ကုန် ရဲနောင်ဟု ရေးထားသဖြင့် တေဇာ ပြုံးလိုက်၏။

လွန်ခဲ့သောအပတ်တုန်းက ရဲနောင်ဆီ သူ စာတစ်စောင် ရေးလိုက်၏။

အင်းလျားလမ်းမှာနေသောဦးသော်ဇင် ဒေါ်ခင်မြတ်လွင် တို့၏ သမီးအကြောင်း။

ကောင်မလေး၏ နာမည်ကိုပင် သူ မသိ။

တတိယနှစ် တက်နေသည်ဟုသာ သိရ၏။

ထို့ကြောင့် သူငယ်ချင်း ရဲနောင်ဆီ အားကိုးတကြီး အကူ အညီ လှမ်းတောင်းရခြင်းပင်။

ကောင်မလေး၏ အမည်။



www.burmeseclassic.com

www.burmeseclassic.com



လှ၊ မလှ

စိတ်သဘောထား အခြေအနေ၊

အတွဲ ရှိ၊ မရှိ

စသော သူ သိလိုသည့် အချက်အလက်များကို အသေးစိတ် ရေးထည့်ကာ မေးလိုက်၏။

အင်းလျားလမ်း အိမ်လိပ်စာကိုလည်း အသေအချာ ထည့်ပေးလိုက်သည်။

ခုတော့ စာပြန်လာပါပြီ။

ရဲနောင်တို့က အဲသည်လို လျှင်သည်။

ချက်ဆို နားခွက် မီးတောက်ပြီးသား။

မိန်းကလေးတစ်ယောက်၏အကြောင်းကို သိချင်လျှင် ရဲနောင်တို့သာ မေး။

တစ်နေ့ အိမ်သာဘယ်နှခါတက်တာကအစ အသေးစိတ် သိအောင် ပြောနိုင်သူဖြစ်၏။

အဲသည်လောက် ရဲနောင် စပ်စပ်စုစု ပိုင်သည်။

ခုတော့ ... သိရတော့မည်။

ဖေဖေနှင့် မေမေတို့က သဘောကျတယ်ဆိုလို့သာ စုံစမ်း ရသည်။

တေဇာ့စိတ်ထဲမှာ သိပ်အလေးအနက်ကြီး မဟုတ်။

မိန်းကလေးတစ်ယောက်အကြောင်းကို စုံစမ်းခြင်းသည် ဒါ ပထမဆုံးပင်တည်း။

မိဘကသဘောကျ၍ မိမိအနေနှင့် စုံစမ်းသင့်သည်ဟု ထင်မိခြင်းဖြစ်၏။





ရဲနောင်ကတော့ အံ့သြနေမည် ဖြစ်၏။

ကျောင်းတုန်းက ရဲနောင်တို့ ခပ်ဗရုတ်ဗရုတ်အုပ်စုနဲ့သာ ပေါင်းမိကြပေမယ့် တေဇာက တစ်မျိုး။

ခပ်အေးအေးသမား ဖြစ်သည်။

ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့။

ကိုယ် တကယ်မချစ်ဘဲနှင့် အပျော်တမ်း ရည်းစားလည်း မထားချင်ပါ။

ကိုယ့်မှာ နှမတွေရှိသည် မဟုတ်လား။

နှမချင်းစာ၍ ဖြစ်သည်။

ရိုးသား အေးဆေးသော၊ တည်ကြည် ချောမောသော၊ ချမ်းသာသော တေဇာ့ကို မိန်းကလေးအတော်များများကပင် စိတ်ဝင်တစား အရေးတယူနှင့် ရေလာမြောင်းပေး လုပ်ကြပါသည်။

သို့သော် တေဇာကတော့ မတုန်မလှုပ်ပါပဲ။

ကျောင်းသာ ပြီးသွားသည်။

တေဇာ့မှာ ချစ်သူတစ်ယောက်မှပင် မရှိလိုက်၊ ဆိုလျှင် ယုံချင်မှယုံပေတော့။

တကယ်ပင် မရှိခဲ့။

သူငယ်ချင်းတွေက ပြောကြသည်။

တေဇာ ... မင်းတော့ ဘုန်းကြီးလုပ်ရင် လုပ်၊ မဟုတ်ရင် လူပျိုကြီးပဲ ဖြစ်မှာပဲ။

ဘာပဲပြောပြော တေဇာက ခပ်ပြုံးပြုံးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြီးလို့ အိမ်ရောက်တော့လည်း မိဘ မောင်နှမကြားမှာပင် တေဇာ ပျော်နေလေသည်။

အသက်သုံးဆယ်တစ်နှစ်ပြီးတစ်နှစ်ကြီးလာပေမင့် အိမ်ထောင်ပြုဖို့ မဆိုထားနှင့် ရည်းစားထားဖို့ပင် တေဇာ စိတ်မကူးမိ။

ညီမလေးနှစ်ယောက်ခိုင်းတာနဲ့ပင် တေဇာ ဂျင်ဂျင်လည်နေပါပြီ။

တေဇာ ပြုံးပြုံးကြီးလုပ်၍ စာအိတ်ကို ဖောက်လိုက်၏။

**ဟေ့ကောင်ကြီး တေဇာ ...**

မင်း တကယ်နေနိုင်တဲ့ကောင်ကွာ။

တကယ်အသုံးလိုတော့မှ ငါ့ကို တ,မိတာပေါ့လေဟုတ်လား။

တက္ကသိုလ်မှာတုန်းက တစ်ကောင်တစ်မြီးမှ မချိတ်မိတဲ့ ကောင်ကြီးကလဲ ... ခုတော့ ချိတ်မယ့်ချိတ်တော့ မန္တလေးကနေ ရန်ကုန်ကို လှမ်းချိတ်လိုက်ပါလားကွ၊ ဖြစ်ရလေ တေဇာရာ။

ကိုယ်ချိတ်မယ့် ကောင်မလေးရဲ့ နာမည်ကိုတောင် မသိသေးဘူးဆိုတော့ မင်းဟာက ဟုတ်သေးပါဘူးကွာ။

ဘာလဲ ... လူကြီးချင်း ဘာညာကွိကွထားလို့လား ဟုတ်လား။

အဲဒီလိုသာဆိုရင် ... ငါ မင်းကို ပြင်းပြင်းထန်ထန် ရှုတ်ချရလိမ့်မယ်။

ဘာတဲ့ဝင်းစာပေ



မိန်းမတစ်ယောက်ကို ကိုယ့်အစွမ်းနဲ့ ကိုယ် မကြိုက်နိုင်ရအောင် မင်းမှာ ဘာတွေများ ပျော့ကွက် အားနည်းချက်တွေ ရှိနေလို့တုံးကွာ၊ ရဲနောင့်သူငယ်ချင်း ဖြစ်ပြီး အဲဒီလိုတုံးတာ ရာဇဝင်ရိုင်းတယ်ဟေ့။

မင်း စုံစမ်းခိုင်းလိုက်တဲ့ မဒီလေးရဲ့နာမည်က ဇင်ဇင်မြတ်စုကျော် တဲ့ကွ။

ချောလိုက်တာမှ ငါးရှဉ့်က အဘခေါ်ရအောင် ချောတာ။ ကကယ် ..., တကယ် အရမ်းကို လှတယ်။

အရပ် ငါးပေ သုံးလက်မ၊ အသား ဖြူဖြူဝင်းဝင်း၊ ကိုယ်အချိုးအစားက ၃၄၊ ၂၃၊ ၃၅၊ ခေတ်မီသည်၊ ခေတ်ဆန်သည်၊ မာနအလွန်ကြီးသည်။

ရည်းစားတစ်ယောက်မှ မရှိခဲ့ဖူးပါ။

တော်ရုံတန်ရုံလူကိုလဲ စဉ်းစားပုံမပေါ်ပါ။

ကိုယ်တိုင်က ထိတ်ထိတ်ကြဲမို့ တကယ့်ဂရိတ်တွေကိုမှ ခေါင်းထဲထည့်မယ့်ပုံပဲကွ။

မင်းနဲ့ဆို နေနဲ့လ ရွှေနဲ့မြပေါ့။

လုပ်လိုက်လေ ကြာသလားလို့။

အကျိုးတော်ဆောင် သူငယ်ချင်း

**ရဲနောင်**

ရန်ကုန်။

စာဆုံးသွားတော့ တေဇာ ပို၍ ပြုံးမိသွား၏။

ဇင်ဇင်မြတ်စုကျော် တဲ့။

ဘာတဲ့ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



နာမည်လေးကတော့ အပျံစား ဖလားပဲ။

လူကလည်း အပျံစားလေးဆိုပါလား။

ရဲနောင်စကားကို တေဇာ အကြွင်းမဲ့ယုံကြည်သည်။

ရဲနောင်က တော်ရုံမိန်းကလေးကို အကောင်းသိပ်မပြော တတ်ချေ။

အမျိုးမျိုးအပြစ်ရှာကာ ပြောတတ်လှ၏။

မျက်နှာလေးက လှလျက်နဲ့ကွာ၊ ဖင်ကောက်နေတယ်။

ကိုယ်လုံးလေးက မဆိုးဘူးကွာ၊ ဒါပေမဲ့ နှာခေါင်းပေါက် နည်းနည်းကျယ်နေတယ်။

မျက်လုံးမှေးတယ်။

နှာခေါင်းပြားတယ်၊ ချွန်လွန်းတယ်။

နှုတ်ခမ်းနည်းနည်းထော်ချင်တယ်။

လည်ပင်းကြီးနေတယ်၊ အသံကလဲ ပြာအက်အက်နဲ့။

ခြေနည်းနည်းခွင်ချင်နေတယ်။

အို ... စုံလို့ စုံလို့။

ရဲနောင်တို့က မဆိုစလောက်လေးကို ပုံကြီးချဲ့တား ပြောတတ်လွန်းသဖြင့် ကောင်မလေးတွေ သူ့ကို အမြင်ကတ်ကြ၏။

ဒါပေမဲ့ ... ရဲနောင်က မဖြူ၊ ပြောမြဲပြောတာပဲ။

ကဲ ... ခုတော့ ဇင်ဇင်မြတ်စုကျော်ဆိုတာ ချောလိုက်တာမှ ငါးရှဉ့်က အဘခေါ် ရမလားလို့ အဆစ်ပါလိုက်သေးတာပဲ။





ရဲနောင်ကပင် ချောကြောင်းလှကြောင်း ဝန်ခံရပြီဆိုတော့ တကယ်ချောတာပဲ ဖြစ်ရမည်။

မာနကြီးသည် တဲ့။

ချောသည်။ ချမ်းသာသည်။ ပညာတတ်သည် ဆိုတော့လည်း မာနက ကြီးတော့မပေါ့။

ကြီးပါစေလေ။

သည်မာနက တေဇာ့ရှေ့မှောက်ရောက်ရင် ပြားပြားဝပ်စေရမယ်ပေါ့။ အဟင်း ... ဟင်း။

ရဲနောင်ပြောမှ ဇင်ဇင့်ကို တေဇာ မြင်ဖူးချင်လာသည်။

ရည်းစားတစ်ယောက်မှ မရှိဖူးပါဆိုသဖြင့် အတော်လေး ကျေနပ်သွား၏။

ကိုယ့်မှာလည်း ရည်းစားဆို တစ်ယောက်မှ မရှိခဲ့ဖူးပါ မဟုတ်လား။

တော်ရုံတန်ရုံကို မစဉ်းစားဘူးဆိုတဲ့ ဇင်ဇင်။

မင်း ကိုယ့်ကိုတော့ စဉ်းစားရလိမ့်မယ်။

ကိုယ်က တော်ရုံတန်ရုံမှ မဟုတ်ဘဲ။

အဟဲ ... ပြောသာပြောရ ကိုယ်ရည်သွေးရာကျမလားပဲ။

ရုပ်ချော၊ သဘောကောင်း၊ အသောက်အစား အပျော်အပါး လုံးဝမရှိ၊ ရည်းစားပင် မထားဖူး။ ပြီးတော့ ...

ပညာတတ် ဘွဲ့ရ၊ ကိုယ်ပိုင်လုပ်ငန်းနဲ့ မိဘကလည်း ချမ်းသာ။



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ဘာလိုသေးလဲ။

ကိုယ့်ကိုမှ မရွေးရင် မင်း ဦးနှောက်ပဲ ဇင်ဇင်ရေ။

"ကိုကို"

"ဟင်"

"ကိုကို ဘာဖြစ်နေလဲဟင်၊ ဝေမာ ကြည့်နေတာ ကြာပြီ၊ ပြုံးလိုက်၊ မဲ့လိုက်တာနဲ့ စာဖတ်ပြီး အမူအရာအမျိုးမျိုး ဖြစ်နေတယ်၊ ဘယ်ကစာလဲ ကိုကို ... ဟင်"

"ရန်ကုန်က သူငယ်ချင်း စာပါကွာ"

"အမယ် ... သူငယ်ချင်းစာကလဲ ကိုကို့မျက်နှာက မှိုရတဲ့ မျက်နှာတျနေတာပဲ"

"တိုက် ..."

"တိုကို"

"ဘာတုံး"

"အဲဒီစာ ဝေမာဖတ်ချင်တယ်"

"ဟာ ... ဘယ်ဖြစ်မလဲ၊ ဒီကောင်မလေး စပ်စပ်စုစု"

"ဟွန်း ... အဲဒါ ကိုကို မရိုးသားတာပဲ သိလား"

"ဘာ မရိုးသားတာလဲဟ၊ သူငယ်ချင်းအချင်းချင်း ပေါက်တရ ရေးထည့်ထားတာ၊ နင် ဖတ်လို့ ကောင်းမလားလို့"

"ကောင်းတာပေါ့၊ ဒါမှ ကိုကို ဘာတွေကြိတ်ပုန်းခုတ်နေတယ်ဆိုတာ သိရတာပေါ့"

"ဘာမှ ခုတ်စရာ မရှိပါဘူးကွာ"

"ရှိတယ် ... ရှိတယ်၊ ရှိလို့ ကိုကို မပြရဲတာပေါ့"





"ဟူး"

တေဇာသက်ပြင်းချမှုကြောင့် ဝေမာက တခစ်ခစ်ရယ်ရင်း-

"ကိုကိုနော် ... ဝေမာသာ အေးအေးဆေးဆေး တောင်းနေတာ၊ ဟေမာဆိုရင်တော့ ရအောင်ဝင်လုပြီး တစ်အိမ်လုံး ကြားအောင် အော်ဖတ်ခံထိမှာ သိလား"

"ဟင်"

ဝေမာ ပြောမှ သူ သတိရမိ၏။

ဟုတ်ပါသည်။ ဟေမာက ကလေးဆန်ဆန်နှင့် အတင်းလု အတင်းအော်ဖတ်မှုဖြင့် သူ အရှက်ကွဲတော့မည်။

တွေးရင်းနှင့်ပင် သူ့နားတွေ နီချင်လာနေပြီ မဟုတ်ပါလား။

"ပေးလေ ... ကိုကို"

ဝေမာကလည်း အတင်းတောင်းနေသဖြင့် သူက ...

"ရော့ဟာ ... ဒါလောက် ဖတ်ချင်လှတာ ဖတ် မြန်မြန်၊ ဘယ်သူ့မှ မသိစေနဲ့"

"အင်းပါ ... ကိုကိုကလဲ"

ဝေမာ စာကို ကမန်းကတန်းယူ၍ ခပ်သွက်သွက်လေး ဖတ်လိုက်၏။ စာဆုံးတော့ တခစ်ခစ်ရယ်ရင်း ...

"ပေါ်ပြီ ... ပေါ်ပြီ၊ တို့ကိုကိုကြီးရဲ့ရင်ဘတ်ထဲမှာ ဇင်ဇင် ခြတ်စုကျော်ဆိုတဲ့ ခလောက်လေး အဆွဲခံနေရပြီဗျို့"

"ဟာ ... ဝေမာနော်၊ ငါ ထုလိုက်ရ"



www.burmeseclassic.com

www.burmeseclassic.com



အသက်ခြောက်နှစ်လောက်ကွာသဖြင့် ဝေမာကလည်း တေဇာ့အပေါ် ဆိုးဆိုးနွဲ့နွဲ့ လုပ်တတ်သည်။

"ကိုကိုနော် ... မိန်းမငှာင် မရသေးဘူး၊ ခုကတည်းက ညီမလေးကို ထုချင်နေပြီ၊ ကြည့်ပါလား"

ဝေမာက ငိုမဲ့မဲ့လေးတမင်လုပ်ကာပြောတော့ တေဇာက-

"ညီမလေးကလဲကွာ၊ ကိုကို အလကားစ,တာပါကွာနော်"

ဝေမာ့ခေါင်းကို ပွတ်ကာ ချော့ရသည်။

ညီမလေးတွေက သူ့အသက်တွေ မဟုတ်ပါလား။

"ဒါနဲ့ ... ဟေမာလေးကော"

"မီးဖိုထဲမှာ"

"ဩော် ... စားကြောဖမ်းနေတာနဲ့ တူတယ်"

"ကိုကို"

"ဟင်"

"ဖင်ဖင့်ကို ကြိုက်သလား"

"... ..."

"ပြောလေ ကိုကို"

"ဖေဖေတို့က သဘောကျတယ်ဆိုလို့ စုံစမ်းတာပါကွာ"

"မကြိုက်ဘူးပေါ့"

"အဟဲ ... ဒါကတော့ ... ဒါကတော့"

"ပြောစမ်းပါ ကိုကိုရ"

"လူကိုယ်တိုင်မမြင်ရသေးဘဲနဲ့ ဘယ်လို ဆုံးဖြတ်လို့ရမလဲ ညီမလေးရာ"





"အမယ် ... ခု ကိုကို ... ရဲနောင်ဆိုတဲ့ ကိုကို့ သူငယ်ချင်း အပြောနဲ့ကို သဘောတွေ့ မနောခွေ့ ဖြစ်နေပြီ ဟုတ်လား"

"မာနကြီးတယ်ဆိုလို့ ခပ်လန့်လန့်ပဲကွာ"

"အမယ် ဘာကိုများမာနကြီးနေမှာလဲ ကိုကိုရဲ့ ဝေမာတို့ ကိုကိုလို ရုပ်ချော ဥစ္စာပေါ ပညာတတ် လုဂ်ငန်း ကိုယ်ပိုင်ရှိ သဘောကောင်း ..."

"တော်ပါပြီကွာ ... ညီမလေး ပြောတာနဲ့ကို ကိုကိုဖြင့် တိုယ့်အရည်အချင်း ကိုယ်ပြန်ကြားရလို့ ငါ့လောက် ဘယ်သူမှ တောင်းတာ၊ တော်တာ မရှိတော့ဘူးဆိုတဲ့ အတွေးတွေဝင်လာ ပြီး ဘယ်သူနဲ့မှ မတန်တော့ဘူးလို့တောင် ထင်နေမိပြီကွာ အတား ... ဟား"

"ဟုတ်တယ်လေ ... ကိုကိုရဲ့၊ ကိုကို့လိုလူကိုများ ရွေးဖို့ ခပ်အင်အင်လုပ်နေရင် အပြတ်သာ ပြောပစ်လိုက်၊ သူတို့မာန လောက်ကတော့ ဝေမာတို့အိပ်နေသလောက်ပဲ ရှိသေးတယ်"

ဘာမှန်းမသိဘဲနှင့် ဝေမာ ရမ်းကောနေလေပြီ။

"ဟ ... ဟ ဒေါသတွေစွတ်မကြီးနေနဲ့ဦးလေ၊ ခုဟာက တိုယ့်ဘက်ကဘာမှမစ,ရသေးဘဲနဲ့ ထင်ကြေးနဲ့ လူတစ်ယောက် ဆို မပုတ်ခတ်နဲ့ဦး ညီမလေးရဲ့ မိန်းကလေးတစ်ယောက်အဖို့ မာနကြီးတယ်ဆိုတာ အမျိုးမျိုးရှိတယ်ကွ၊ ဥစ္စာ ပညာ အဆင်း ကြောင့် မဟုတ်ဘဲ အချို့က ဘယ်ယောကျ်ားလေးကိုမှ အကပ် မခံဘူး၊ ရိသဲ့သဲ့ အပြောမခံဘူး၊ အဲဒီလို အပြောမခံရအောင်



www.burmeseclassic.com

www.burmeseclassic.com



ခပ်တင်းတင်းနေတာလဲ မှာနကြီးတယ်လို့ ပြောကြတာပဲ မဟုတ်လား၊ လူတစ်ယောက်ကို အတွင်းကျကျ သူ့အကြောင်း သေသေချာချာမသိဘဲနဲ့ မဝေဖန်သင့်ဘူး ညီမလေး"

တေဇာ့အပြောကြောင့် ဇေမာက ပြုံး၍ ...

"ဟုတ်ကဲ့ ... ဇေမာ မှားသွားပါတယ် ကိုကို၊ ပထမတော့ ကိုကို့အတွက် မခံချင်စိတ်နဲ့ပါ"

"ကိုကို နားလည်ပါတယ်ကွာ၊ ဒါပေမဲ့ ... ကိုကိုကလဲ တစ်မျိုးကွ"

"ဘာလဲဟင် ... ကိုကို"

"တိုကို့ကို ဇင်ဇင်မြတ်စုကျော်က ခုန ညီမလေးပြောသလို ဘွဲ့ရ ပညာတတ်၊ ရုပ်ချော၊ ဥစ္စာပေါဆိုတဲ့ဂုဏ်တွေကို ခြုံရုံပြီးမှ လက်ခံမှာထက် ဘာအဆောင်အယောင်မှမရှိတဲ့ တေဇာကိုသာ လက်ခံစေချင်တဲ့ဆန္ဒ ရှိတာပါကွာ"

"အဲဒီခေတ်တွေ ကုန်သွားပြီ ကိုကိုရေ၊ တူနှစ်ကိုယ် တဲအိုပျက်မှာ နေရ၊ ထမင်းရည် အတူသောက်ရဆိုတဲ့ ခပ်နုံနုံအတွေးအခေါ်တွေဟာ လိမ္မာတဲ့ မိန်းကလေးတွေမှာ မရှိတော့ဘူး သိလား"

"မိန်းကလေးတိုင်း ဂုဏ်မမက်ပါဘူးကွာ"

"လက်ထပ်ပြီးကြရင် ... မေတ္တာဟာ ဒုတိယနေရာ ရောက်သွားရော၊ ကိုကိုရဲ့ ငွေဟာ အိမ်ထောင်ရေးတစ်ခုကို ပျော်စေ၊ စမ်းနည်းစေ၊ အလိုမကျစေတဲ့ အခရာပဲ ကိုကို"





"ဒါဆို ... မေတ္တာ၊ သစ္စာဆိုတာ ရှားပါးပစ္စည်း ဖြစ်နေပြီပေါ့ကွာ"

"ကိုကို စမ်းကြည့်ပါလား"

"ဘာကိုလဲ"

"ဇင်ဇင်မြတ်စုကျော်ကို ဘာအဆောင်အယောင်မှ မရှိတဲ့ တေဇာအဖြစ်နဲ့ သွားပြီး ချဉ်းကပ်ကြည့်ပါလား"

"မိန်းကလေးတစ်ယောက်ကို အစမ်းသပ်ခံပစ္စည်း သဘောမျိုးနဲ့ ကိုကို မလှည့်စားချင်ပါဘူးကွာ"

"နို့ ... ကိုကိုကပဲ ဘာအဆောင်အယောင်မှ မရှိတဲ့ တေဇာကိုသာ လက်ခံစေချင်တာဆို"

"အင်း ... အဲဒါလဲ ဟုတ်တာပဲ"

"ကိုကိုပြောသလိုပဲ ခုနေသာ ကိုကိုအနေနဲ့ ဦးအောင်ချစ်ဒေါ်ခင်ခင်ဦးတို့ရဲ့သားအဖြစ်နဲ့ ဇင်ဇင့်ဆီရောက်သွားရင် ဘာမှအိုကေစရာ မရှိဘူး၊ မေတ္တာပါတာ မပါတာ နောက်ထား၊ လတ်ရှိ ကိုကို့အခြေအနေက မိန်းကလေးတစ်ယောက်အနေနဲ့ လက်မခံနိုင်စရာ ဘာအကြောင်းမှ မရှိဘူးလေ"

"ဟုတ်ရဲ့လား ညီမလေးရဲ့"

"ဟုတ်လွန်းလို့ ဟုတ်ဟုတ် ... ဟုတ်ဟုတ်ကိုမြည်နေသေးတယ် သိလား"

"ဒါဆို ... ကိုကို့ဘက်က စိတ်ချပြီကွာ"

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ဒေါက်"

ကျစ်နေအောင်လိပ်ထားသောသတင်းစာခေါက်ကလေး တစ်ခုက ဆင်ဝင်အပေါ် ရှိ လေသာဆောင်ပေါ် ကို ကျလာ၏။

နံနက် ကော်ဖီဝိုင်းသို့ ဆင်းရန် ထွက်လာသော ဦးအောင်ချစ်က သတင်းစာလိပ်ကိုကောက်ယူပြီး အောက်သို့ ဆင်းသွားလေသည်။

လက်ဖက်ရည်စားပွဲမှာ လူစုံတက်စုံ ရှိနေပါပြီ။

ဤအိမ်၏စည်းကမ်းက နံနက် လက်ဖက်ရည်ဝိုင်းနှင့် ညနေ ထမင်းဝိုင်းကို လူစုံမှ စားသည့်အကျင့်ပင်ဖြစ်လေသည်။

မိသားစု စုံစုံညီညီ မျက်နှာချင်းဆိုင်မိကြသည့်အချိန်သည် မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်သာ ဖြစ်၏။

နေ့လယ်စာကျတော့ ဦးအောင်ချစ်က ဆေးရုံမှာပင် အိမ်မှပို့ပေးသောချိုင့်ကို မိမိရုံးခန်းမှာ စား၏။





ဒေါ်ခင်ခင်ဦးကလည်း ဈေးကဆိုင်မှာ စား၏။

တေဇာက ဝပ်ရှော့မှာ စား၏။

ဝေမာ၊ ဟေမာတို့ကလည်း ကျောင်းမှာစား၏။

ဇေယျာလည်း ကျောင်းမှာပဲ။ အားလုံး ထမင်းချိုင့် ထမင်းဘူးသမားများချည်းပင် ဖြစ်လေသည်။

ယခု မနက်စာကော်ဖီပွဲသို့ ဦးအောင်ချစ်ရောက်လာပြီး ထိုင်တော့မှ ဟေမာနှင့် ဝေမာက မှောက်ထားသော ကော်ဖီ ခွက်များကို လှန်ကာ ကော်ဖီငှဲ့ပေးလေသည်။

"ဒီနေ့ ဘာစားမလဲ ကိုချစ်"

ထုံးစံအတိုင်း ဒေါ်ခင်ခင်ဦးက မေးလိုက်၏။

ဦးအောင်ချစ်က တစ်ခါတလေ စိတ်လိုလက်ရ အာသီသ ရှိသည့် စားစရာများကို ပြောတတ်ပါသည်။

"ဒီနေ့ ဆိတ်ကလီစာဟင်း စားချင်တယ်ကွာ"

ဒါမှမဟုတ်။

"ဒီနေ့တော့ ... ရဲယိုရွက်အုပ်ထည့် ကကတစ်ဆီပြန် အစပ်လေး စားရရင် ကောင်းမယ်ကွာ"

စသဖြင့် ပြောတတ်သလို ...

"ချက်ပါကွာ၊ ဘာပဲဖြစ်ဖြစ် ရတယ်"

ဟုလည်း စလွယ်လည်းပြောတတ်ပါသည်။ ဒေါ်ခင်ခင်ဦးက ...

"သားတို့ သမီးတို့ရော ပြော၊ ဘာစားချင်သလဲ"

ဒေါ်ခင်ခင်ဦးက အားလုံးကို မေးပါသည်။

လူလေးယောက် လေးမျိုးဖြစ်တော့သည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပုစွန်တုပ်ကြော်။

ကဏန်းပေါင်း။

အမဲသားနှပ်။

ဝက်သား စအူကြော်။

စသဖြင့် ပြောသမျှ နေ့လယ်စားမည့် ထမင်းဘူးမှာ အဆင်သင့်စားရအောင် ဖန်တီးပေးတတ်၏။

တစ်ခါတလေလည်း ထမင်းချက် ဒေါ်စိန်၊ ကိုဖော် လောင်ဖက် မိစုတို့ကို သနားသဖြင့် မောင်နှမလေးယောက် အကြိုက်ချင်းညှိပြီး ပြောကြလေသည်။

ကျောင်းပိတ်ရက်ဆိုလျှင်တော့ ... စားဖို့မှုလက်ရာ ပြောင်းသည်။

ဒါက — မေမေ ဒေါ်ခင်ခင်ဦး၏ အစီအမံပါ။

ဝေမာနှင့် ဟေမာကို မီးဖိုဝင်ခိုင်းပြီး အားလုံးချက်ခိုင်းသည်။

အစ်ပတ်တစ်ခါ သရေစာတစ်ခုခု အမြဲလုပ်သည်။

ယခုဆိုလျှင် ဝေမာရော ဟေမာပါ မီးဖိုချောင်ကိုနိုင်နင်း နေပါပြီ။

ဒေါ်ခင်ခင်ဦးကတော့ ပြောပါသည်။

"မိန်းကလေးအချို့ ထမင်း၊ ဟင်း မချက်တတ်ဘူးလို့ ဂုဏ်ယူပြီးပြောရဲတာ ... သိပ်အံ့ဩစရာကောင်းတာပဲ၊ အဲဒီ မိန်းကလေးတွေ အိမ်ရှင်မဖြစ်လာကြရင် သာယာတဲ့အိမ်ထောင် ရေးဖြစ်ဖို့ ရာခိုင်နှုန်းမပြည့်တော့ဘူးပေါ့၊ လင်ယောက်ျားလုပ်ထဲ





လူဟာ ကိုယ့်မိန်းမချက်တဲ့ဟင်းဆိုရင် ချဉ်ချဉ်တူးတူး ပေါ့ပေါ့ ငန်ငန် အားလုံးကောင်းတာချည်းပဲ သိလား"

ဒေါ်ခင်ခင်ဦးစကားကြောင့် တေဇာက ...

"ဟာ ... မေမေရာ၊ အရသာမရှိတဲ့ဟာကို ဘယ်လိုလုပ်ပြီး ကောင်းနိုင်ပါဦးမလဲဗျာ"

"ဟဲ့ ... ကောင်းတာပဲသားကြီးရဲ့ မေတ္တာအရင်းခံတာကိုး ကွယ့်"

"ဟုတ်လား ဖေဖေ"

တေဇာက ဖေဖေ့ကိုလှမ်းမေးတော့ ဖေဖေက ပြုံးစိစိဖြင့်

"အင်း"

"အာ ... အဲဒါ ဖေဖေ ဘက်လိုက်တာဗျ"

အငယ်ဆုံး ဇေယျာက ဝင်ပြောတော့ တေဇာက ...

"ဘာဖြစ်လို့လဲ ညီလေးငယ်ရ"

"ကိုကိုပဲစဉ်းစားကြည့်လေ၊ ချဉ်ချဉ်တူးတူး ပေါ့ပေါ့ငန်ငန် ဆိုတာတည်းက ဘယ်မှာ အရသာ တွေ့တော့မလဲ၊ အဲဒါကို ကောင်းတယ်ဆိုတော့ ဖေဖေ လွန်တာပေါ့"

ဇေယျာ့စကားကြောင့် မေမေက ပြုံးပြုံးလေး ပြောလိုက် သည်။

"အေး အေး သားငယ်၊ မင်းအလှည့်ကျမှ သိရမယ်ကွယ့်"

မေမေ့စကားကြောင့် အားလုံး ဝိုင်းရယ်လိုက်ကြပါ သော၏။



www.burmeseclassic.com

www.burmeseclassic.com



**လက်ဖက်ရည်ဝိုင်း** ထိုင်ရင်း ... သတင်းစာကို ဟိုလှန် သည်လှန် လုပ်နေသော ဦးအောင်ချစ်မှာ တစ်နေရာအရောက်တွင် တန့်ခနဲ ဖြစ်သွားပြီး ပါးစပ်မှလည်း အံ့ဩတကြီး ထွက်သွား၏။

"ဟင်"

ဦးအောင်ချစ် အမူအရာကြောင့် ဒေါ်ခင်ခင်ဦးက စိတ်ဝင်စားစွာဖြင့် မေးလိုက်၏။

"ကိုချစ် ... ဘာလဲဟင်၊ ဘာသတင်းလဲ"

ဦးအောင်ချစ်က သတင်းကို ဆုံးအောင်ဖတ်ပြီးမှ ...

"ရန်ကုန်က ကိုသော်ဇင်တို့အိမ်က သတင်းတစ်ပုဒ်ကွ"

"ဟင် ... ဟုတ်လား၊ ဘယ်သူ ဘာဖြစ်လို့လဲ"

ဒေါ်ခင်ခင်ဦးက စိုးရိမ်တကြီးမေးလိုက်သဖြင့် ဦးအောင်ချစ်က တဟားဟားရယ်၍ ...

"ခင်ဦးရာ မင်းမလဲ အလန့်တကြားရှိလိုက်တာ၊ သတင်းက တခြားမဟုတ်ဘူးကွ၊ ဒရိုင်ဘာတစ်ယောက်လိုတယ် ဆိုတဲ့ သတင်းကွ"

"သြော် ... သိမလားလို့၊ ရှင့်ဟာက မထိတ်သာ မလန့်သာကိုး"

"ဖေဖေ ခဏလောက်"

တေဇာက သတင်းစာကို တောင်းကြည့်လိုက်၏။

ဉာဏ်ဝင်းစာပေ



**အလိုရှိသည်**

*ကားမောင်းကျွမ်းကျင်သူတစ်ဦး အမြန်အလိုရှိသည်။ အသက်လေးဆယ်ထက်မငယ်သူ ဖြစ်ရမည်။ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက်ပါရှိရမည်။*

● **သော်ဇင်**

အမှတ် (... ... ...)၊ အင်းလျားလမ်း၊ ရန်ကုန်။

တေဇာဖတ်နေစဉ် ဝေမာနှင့် ဟေမာကလည်း နောက်မှ သာရပ်ကာ ဝိုင်းဖတ်ကြသည်။

တေဇာက သတင်းစာကိုဖတ်ပြီး အကြံတစ်ခု လက်ခနဲ ရလိုက်၏။

"ဖေဖေ"

"ဟေ"

"အဲဒီအလုပ်ကို ကျွန်တော် သွားလုပ်မယ်"

"ဟေ"

"ဟင် ... ဘာဖြစ်လို့လဲ သားကြီးရဲ့"

"ကိုကို့ဝပ်ရှော့ကို ဘယ်လိုလုပ်မလဲ"

"အေးလေ ... ကိုကိုက ဘာကြီးလဲဗျ"

တစ်ယောက်တစ်ပေါက်ဝိုင်း၍ သူ့ကိုပြောကြ မေးကြသော၏။ တေဇာက ပြုံး၍ ...

"ဖေဖေတို့ မေမေတို့ကပဲ ကျွန်တော့်ကို ဦးသော်ဇင်ရဲ့ သမီးနဲ့ စကားကမ်းလှမ်းမယ်ဆို"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟော … အေးလေ၊ အဲဒါ ဘာဖြစ်သလဲ သားရဲ့ မင်းကွာ စကားတောင် မစရသေးဘူး၊ ဟိုက အခက်အခဲဖြစ်နေတာကို အလုပ်ပစ်ပြီး သွားကူညီမလို့လား သားရ"

ဦးအောင်ချစ်က ပြုံးပြုံးကြီး ပြောသလို ဒေါ်ခင်ခင်ဦး ကလည်း …

"သားရယ် ကိုသော်ဇင်တို့ဆီကို မေမေတို့သား ဒရိုင်ဘာ အဖြစ်နဲ့သွားမှာကို သဘောမတူနိုင်ပါဘူးကွယ်"

"ဟုတ်သားပဲ … ကိုကိုကြီးက သိပ်အောက်တာပဲဗျာ"

"အဟင်း … ဟင်း … ဖေဖေတို့က ဘာမှမသိဘဲနဲ့"

ဝေဓာက ဝင်ပြောတော့ မေမေက …

"တင် … ဘာတုံး သမီးရဲ့ သမီးက ဘာတွေသိနေလို့လဲ"

"မိဝေနော်"

စပ်ဖြဲဖြဲဖြစ်နေသော ဝေမှာကို တေဇာက မျက်မှောင်ကြုတ်ကာ ရှုတည်တည်ကြီးကြည့်လိုက်ပေမယ့် ဝေမာက လုံးဝမဖြုံပါ။

ပခုံးလေးတွန့်၊ လျှာလေးထုတ်၍ တေဇာ့ကို ပြောင်ပြလိုက်သေး၏။

ဩော် … အလိုလိုက်ထားသောညီမတွေမို့ တေဇာ ဘာမှ မပြောသာတော့။

ဟေမာကလည်း အားကျမခံ မျက်လုံး ပျာကလတ် ပျာကလတ် လုပ်ပြီး …





"ဟင် … မမဝေမာ ဘာလဲ၊ ဘာလဲ၊ ကိုကို ဘာဖြစ်လို့လဲ၊ ဟေမာလဲ မသိရပါလားလို့"

မောင်းကွဲလေး ဟေမာက သိချင်လှစွာ မေးနေပုံကို တေဇာက စိတ်ကုန်ဟန်ကြည့်ပြီး …

"ကဲ … ဝေမာ၊ နင်ပဲ ပြော … နင်ပဲ ပြော"

လွှတ်ပေးလိုက်တော့ ဝေမာက လူတတ်မလေးအိုက်တင်နှင့် မျှော်လင့်နေသော လူအားလုံးကို …

"ဒီလို … ဖေဖေရဲ့"

"အင်း … ပြောပါဦး သမီးရယ်"

"ကိုကိုက ဇင်ဇင်မြတ်စုကျော်အကြောင်းကိုလေ … ရန်ကုန်က ကိုကို့သူငယ်ချင်းဆီကို စုံစမ်းခိုင်းလိုက်တာ မေမေရဲ့"

"ဟင် … ဟုတ်လား၊ ဇင်ဇင်မြတ်စုကျော် ဆိုတာ"

ဒေါ်ခင်ခင်ဦးက အံ့သြဟန်ဖြင့် မေးသဖြင့် တေဇာက ပြုံးစိစိနှင့် …

"မေမေတို့သဘောကျတယ်ဆိုလို့ စုံစမ်းသင့်မယ်ထင်တာ ပါဗျာ၊ တခြားမဟုတ်ပါဘူး"

"အဟဲ ဟဲ … ဖေဖေတို့လဲ ဘာမှ မပြောပါဘူးကွာ၊ အဲ စုံစမ်းလိုက်တော့ ဘာတဲ့လဲ"

တေဇာ မပြောခင် ဝေမာက …

"အရမ်းချောပြီး မာနတစ်အားကြီးတယ်တဲ့ … အဲဒါကို ထိုက်ိုက လန့်နေတာ ဖေဖေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ချောတာကတော့ ဖေဖေ မြင်ခဲ့ရလို့ ထောက်ခံတယ်ကွယ့်၊ မာနကြီးတယ်ဆိုတာ ဟုတ်ချင်မှ ဟုတ်မှာပါ။ ကလေးမလေးက တစ်ဦးတည်းသော သမီးလေး ဆိုတော့ ကလေးဆန်ဆန်နဲ့ နွဲ့ဆိုး ဆိုးတာ ဖြစ်မှာပါကွာ"

ဦးအောင်ချစ်က တွေးတွေးဆဆ ပြောပါသည်။

ဒေါ်ခင်ခင်ဦးက ပြုံး၍ ...

"အခု ... သားကြီးက စိတ်ဝင်စားရဲ့လားကွယ့် ဟင်"

ဟေမာက တေဇာမပြောခင် ဖြတ်၍ ...

"မေမေကလဲနော် စိတ်ဝင်စားလို့သာ ဒရိုင်ဘာသွားလုပ်မှာ ပြောတာပေါ့လို့"

"အေး ... အေး ညည်းတို့ပဲပြောကြ၊ ကိုကို ဘာမှ မပြောတော့ဘူး"

တေဇာက စိတ်တိုတိုနဲ့ပြောတော့မှ ဒေါ်ခင်ခင်ဦးက ...

"ဟုတ်သားပဲ ... သမီးတို့က ငြိမ်ငြိမ် နားထောင်ကြစမ်း စကားဦးဖြတ် ဝင်ဝင်မပြောနဲ့၊ ကဲ ... သားကြီးက ဘာကြောင့် ဒရိုင်ဘာ သွားလုပ်ချင်တဲ့ အကြောင်းရင်းကို ပြောပါဦး"

ဒေါ်ခင်ခင်ဦးက အကျိုးသင့်အကြောင်းသင့် မေးတော့မှ တေဇာက ...

"ကျွန်တော့်စိတ်ထဲမှာ လူကြီးချင်း သဘောတူလို့ ယူရမှာထက် ကျွန်တော်တို့ အချင်းချင်း တစ်ယောက်သဘောကို တစ်ယောက် နားလည်မှုရှိပြီးမှ ယူချင်လို့ပါ မေမေ"





"ဒါများ သားရယ် ... အောက်ကျ နောက်ကျ ဒရိုင်ဘာ သွားလုပ်စရာမလိုပါဘူး၊ မေမေနဲ့ ရန်ကုန်ကို အလည်အပတ် သဘောမျိုးသွားပြီး အကဲခတ်ရင်လဲ ဖြစ်တာပါပဲကွယ်"

"အဲဒီလိုအဆောင်အယောင်ပါတဲ့မေတ္တာမျိုးကို ကျွန်တော် မလိုချင်ဘူး မေမေ၊ ကျွန်တော့်ကို လက်ခံတာ တေဇာ ဆိုတဲ့ ရိုးရိုးလူတစ်ယောက်အနေနဲ့ပဲ လက်ခံစေချင်တာပါ"

"ဟ ... သားရာ၊ မင်းဟာကလဲ သူဌေးသမီးကို ဒရိုင်ဘာယောင် ဆောင်ပြီး ပိုးပန်းဖို့ စဉ်းစားကတည်းက လွဲနေပြီကွာ"

"မေတ္တာတရားမှာ ပကာသနတွေက အဓိက မကျပါဘူးလို့ ကျွန်တော် ထင်ပါတယ် ဖေဖေ"

"အေး အေး ... အဲဒါကအချစ်ကိုရှေ့တန်းတင်တဲ့ ခပ်မိုက်မိုက် အတွေးအခေါ်တွေပါကွာ၊ စီးပွားရေး အဆင်မပြေရင် မေတ္တာတွေ ဘယ်လောက်ပဲခြုံခြုံ ဝမ်းမဝဘူးကွ ... ဒီတော့မှ အဆင်မပြေ ဖြစ်ကြရော"

"မာနကြီးပါတယ်ဆိုမှ သားရယ် ... ဒရိုင်ဘာအဆင့်လောက်ကို ဘယ်စိတ်ကူးတော့မလဲကွယ်"

"အဲဒါကိုပဲ ကျွန်တော် ကြိုးစားကြည့်ချင်လို့ပါ မေမေ"

"ဪ ... သားရယ်၊ ဖြစ်ရလေ"

ဒေါ်ခင်ခင်ဦးက တေဇာ့ကို ကရုဏာသက်စွာ ကြည့်ရင်း ညည်းညူလိုက်၏။ ဦးအောင်ချစ်က ...

"ကဲ ... လုပ်တယ်ပဲထား၊ မင်းကို ဟိုကလက်ခံဦးမယ်ဆိုကွာ၊ ကြော်ငြာထဲမှာ အသက် လေးဆယ်ထက် မငယ်ရဘူး လို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုထားတာမဟုတ်လား။ အသက်ခပ်ကြီးကြီး အကျင့်စာရိတ္တ ခပ်ကောင်းကောင်းတဲ့ကွ"

"မေမေတို့ကသာ ခွင့်ပြုရင်တော့ ... အဆင်အပြေဆုံး ဖြစ်အောင် စဉ်းစားရမှာပေါ့"

တေဇာ့စကားကို ဦးအောင်ချစ်က ခေါင်းတညိတ်ညိတ် လုပ်ပြီးမှ ...

"အင်း ... အရင်ဆုံး စုံစမ်းရမှာက အရှင်ဒရိုင်ဘာ ဘယ် ရောက်သွားသလဲ ဆိုတဲ့ အချက်ပဲ"

ရဲနောင်ဆီ ဖုန်းဆက်၍ အရင်ဒရိုင်ဘာအကြောင်း စုံစမ်း ရပြန်သည်။

သိရပါ၏။ (... ... ...) ရွာမှ ဦးသန်းညွန့်ပါတဲ့။

လေရောဂါကြောင့် အနားယူပြီး ရွာပြန်သွားခြင်းပါပဲ။

"ဟာ ... ကိုသန်းညွန့်ဆို မေမေနဲ့လဲခင်တယ်၊ ကိုသော်ဇင် နဲ့ ကိုသန်းညွန့်ဆိုတာ ကျေးဇူးခံ ကျေးဇူးစားတွေကွ၊ အမဲပစ် စဉ်က ကိုသော်ဇင့်အသက်ကို ကိုသန်းညွန့် ကယ်ခဲ့ဖူးတာလေ"

"ဟင် ... ဟုတ်လား မေမေ"

"အေး ... မေမေ စာရေးပေးမယ်၊ ကိုသန်းညွန့်ဆီကို သားရဲ့ လျှို့ဝှက်ချက်ကိုတော့ ကိုသန်းညွန့်ကို အသေးစိတ်ပြောပြပြီး အကူအညီ တောင်းပေတော့"

"ဟာ ... ဝမ်းသာလိုက်တာ မေမေရာ"

မေမေကတော့ စိုးရိမ်စိတ်နှင့် ပြောပါသည်။





"တော်ကြာ အလိမ်တွေပေါ်ကုန်မှ မျက်နှာပျက်နေရမယ် သားရယ်"

"စိတ်ချပါ မေမေရာ၊ ပိရိစေရမယ်"

"အလွယ်လေးကို ခက်အောင်လုပ်ချင်တာကိုး"

"လုပ်ပါစေ ခင်ဦးရာ ... သားအစီအစဉ်ကို ကိုယ်လဲ သဘောကျပါတယ်၊ ဒါမှ ... မေတ္တာ စစ် မစစ် သိရမှာပေါ့ကွ"

"အင်း ... လိုက်လဲလိုက်တဲ့ သားအဖ"

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ဪ … မောင်ရင်လေးက ဆရာ ဦးအောင်ချစ်ရဲ့ သားလေးတို့။ သထုံမှာတုန်းကတော့ ဆရာအောင်ချစ်နဲ့ ဆရာသော်ဇင်တို့ဆိုတာ ညီအစ်ကိုတွေလို နေကြတာကလား"

"ဟုတ်ကဲ့ … ခင်ဗျ၊ ဖေဖေ ပြောပါတယ်"

ဖေဖေ ရေးပေးလိုက်သောစာကို ဖတ်၍ ဦးသန်းညွန့်က လှိုက်လှိုက်လှဲလှဲ ပြောပါသည်။

အသားညိုညို အရပ်ရှည်ရှည်နှင့် ဖော်ရွေသောအသွင်ရှိသည့် ဦးသန်းညွန့်မှာ သဘောကောင်းပုံပါပဲ။

"ဒါနဲ့ ငါ့တူတို့မှာ မောင်နှမတွေ ဘယ်နှယောက်ရှိပြီလဲ"

"လေးယောက်ပါ ဦး"

"ဪ … ဪ … ဆရာသော်ဇင်မှာတော့ ဇင်လေး တစ်ယောက်တည်းပဲ"





"ဇင်လေး"

"သမီးလေးကို ပြောတာပါ။ ဇင်ဇင်မြတ်စုကျော် တဲ့"

"ဪ"

တေဇာ ပြုံးလိုက်၏။

"ဒါနဲ့ … မောင်ရင်လေး လာတဲ့ကိစ္စက …"

ခုမှ သည်ဘူတာ ဆိုက်တော့၏။

တေဇာက စကားစ,ရန် စကားလုံးတွေ ရွေးချယ်နေ၏။

ဖေဖေကတော့ အကူအညီတစ်ခုလိုနေသဖြင့် တတ်နိုင်ရင် ပေးပါရန်မျှသာ ရေးထားပါသည်။

"ဆရာအောင်ချစ်ကတော့ အကူအညီလိုတယ်လို့ရေးလာတာပဲ၊ ပြော … ငါ့တူ၊ ဦး ဘာအကူအညီပေးရမလဲ"

"အဟင်း … ဒီလိုပါ ဦး"

"အင်း"

"ဖေဖေတို့က ကျွန်တော့်ကို ဇင်ဇင်မြတ်စုကျော်နဲ့ သဘောတူနေကြတယ်"

"ဟေ … သိပ်ကောင်းတာပေါ့ကွာ၊ အဲဒါကို …"

"ကျွန်တော် တစ်ခုမေးပါရစေ ဦးရယ်"

"အေး … မေးပါကွာ၊ မေးပါ"

"ဇင်ဇင်က မာနကြီးသလား"

"ဟေ … ဘယ်သူပြောသလဲ"

"ဪ … ဟို … ဘယ်သူမှ မပြောပါဘူးဗျ။ ကျွန်တော် အဲဒီလိုများ ကြားမိသလားလို့ သေချာအောင် မေးတာပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဇင်လေးတဲ့ စိတ်ရင်း သိပ်ကောင်းတာကွယ့်၊ မာနကြီးတယ်ဆိုတာ သူတို့ ပိုးမရတဲ့ကောင်လေးတွေ ပြောတဲ့စကား ဖြစ်မယ်ကွ"

တေဇာ မပြုံးမိအောင်နေရင်းမှ ... ရဲနောင်မျက်နှာသို့ ပြေးမြင်လိုက်ရသေး၏။

"ကျွန်တော့်ဆန္ဒကတော့ ... လူကြီးချင်း ပေးစားလို့ ကြိုက်ကြတာထက် ကျွန်တော်တို့ချင်း အရင်ပြေလည်တာကိုပဲ လိုချင်လို့ပါ"

"ဩော် ... ဩော် ... ဒါဆိုလဲ ရင်းနှီးမှုရအောင် သွားပြီး လည်ပတ် အကဲခတ် ခင်မင်အောင် အရင်ကြိုးစားပေါ့ကွာ"

"ကျွန်တော်က သူဌေးသားတစ်ယောက်အနေနဲ့ မသွားချင်လို့ပါ ဦးရဲ"

"ဟေ ..."

တေဇာ့စကားကြောင့် ဦးသန်းညွန့် အံ့ဩသွားပြီးမှ ...

"နို ... တူမောင်က ဘယ်လို သွားချင်လို့လဲကွာ"

"ဇင်ဇင်တို့အိမ်မှာ ... ဒရိုင်ဘာလိုတယ် ဆိုတဲ့ သတင်း ကြော်ငြာတယ် ဦးရဲ"

"အေးပေါ့ ... ဦး ထွက်လာတာ တစ်လနီးတော့မယ်ကွယ့်၊ ဆရာတို့ ဒရိုင်ဘာအဆင်မပြေသေးဘဲကိုး၊ စိတ်မကောင်းစရာပဲ၊ ဦးမှာလဲ လေနာ ထ,ထနေလို့၊ အခု တစ်ရက်နှစ်ရက်ပဲ နည်းနည်းငြိမ်နေလို့ ခုလို စကားကောင်းကောင်း ပြောနိုင်တာ ကွယ့်"





"ဟုတ်ကဲ့ ... ခင်ဗျ၊ အဲဒီ ဒရိုင်ဘာနေရာမှာ ကျွန်တော် ဝင်လုပ်ချင်လို့"

"ဟေ ... ဘယ် ... ဘယ်လို"

ပါးစပ်ဟသွားသော ဦးသန်းညွန့်အား အကျိုးအကြောင်း နားလည်အောင် ပြောပြလိုက်ပြီး အကူအညီတောင်းရလေတော့ သည်။

"ကဲ ... ဆို၊ ဘယ်လိုအကူအညီလဲ"

"ကြော်ငြာထဲမှာက အသက်ခပ်ငယ်ငယ်မလိုချင်ဘူး ဆိုတဲ့ အတွက် ကျွန်တော့်ကို ဦးရဲ့တူတစ်ယောက် အနေအထားနဲ့ ..."

"ဩော် ... ဩော် ... ဦး နားလည်ပြီ၊ ဦးအနေနဲ့ အကူ အညီတောင်းရင် ဆရာတို့ ဘယ်နည်းနဲ့မှငြင်းရက်မှာမဟုတ်ဘူး ဆိုတာ တူမောင်ရဲ့ဖေဖေ ဆရာဦးအောင်ချစ်က သေချာပေါက် တွက်ထားတာ မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"အင်း ... ဒီကိစ္စဟာ အင်မတန်မှကို လျှို့ဝှက်နိုင်မှဖြစ်မယ် နော်"

"ဟုတ်ကဲ့"

"ဦးလဲ မင်းကို မြင်မြင်ချင်းချစ်ခင်မိပါတယ်ကွာ၊ ဇင်လေး နဲ့ဆိုရင် ထိုက်ထိုက်တန်တန် လူတစ်ယောက် ဖြစ်လိမ့်မယ်လို့ ထင်ရပါတယ်၊ ကူညီပါ့မယ်ကွာ၊ ဆရာတို့အပေါ်မှာ ခိုင်းပြီး လိမ်တဲ့အထဲမှာ ဦးလဲ တစ်ယောက်အပါအဝင်ဖြစ်သွားမှာပဲလေ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဒါဟာ ကောင်းစေချင်တဲ့စေတနာပဲလို့ စိတ်ဖြေရတော့မှာပေါ့လေ"

"စိတ်ချပါ ဦး၊ ကျွန်တော် လိုချင်တာက ပကာသနတွေမပါတဲ့ မေတ္တာသန့်သန့်မို့ ခုလို စိတ်ကူးပေါက်မိတာပါ"

"အေးလေ ... ဦးလဲ ဒါမျိုး ဝါသနာက ခပ်ပါပါပဲကွ၊ ဖြစ်နိုင်ရင် မင်းတို့ကို အနီးကပ် ဝိုင်းပြီးကို လှော်ပေးချင်သေးရဲ့အဟဲ"

ဦးသန်းညွှန့်က ပျော်တတ်သူပီပီ ခပ်သောသောလေး ပြောလိုက်၏။ တေဇာက ပြုံး၍ ...

"ခုလောက် ကူညီတာကိုပဲ ကျေးဇူးတင်လို့ မဆုံးပါဘူး ဦးရယ်"

"ရပါတယ်ကွာ ... မသမာနည်းနဲ့ ချောက်ကျအောင်လုပ်တဲ့ တိစ္ဆမှ မဟုတ်တာ ငါ့တူရာ ... ဦးလေး ဆရာသော်ဇင့်ဆီကို စာတစ်စောင် ကောင်းကောင်းရေးပေးလိုက်မယ်"

"ဟုတ်ကဲ့ ဦး"

◈ ◈ ◈





## အခန်း (၈)

ဖြူနီဝါ ပန်းရောင်စုံတောအလယ်မှာ လိပ်ပြာရောင်စုံ လှလှလေးတွေ ဆော့ကစားနေကြ၏။

ထိုလိပ်ပြာလေးတို့ အလယ်မှာ ... လူမ လှလှလေး တစ်ယောက်လည်း ဆော့ကစားနေသည်။

အမွေး ဆွတ်ဆွတ်ဖြူနေသော သဘော်ခွေးပုကလေး တစ်ကောင်နှင့် လိုက်တမ်းပြေးတမ်း ကစားနေသည်။

ကြည့်၍ပင် ကောင်းသေးတော့။

ထိုအခြင်းအရာကို တေဇာ ခြံအပြင်ဘက် သံပန်းတံခါး အဝင်ဝဂိတ်တံခါးမှနေ၍ ကြည့်ကောင်းကောင်းနှင့် ကြည့်နေသည်။

ဇင်ဇင်ဆိုတဲ့ ကောင်မလေးပဲ ဖြစ်ရမှာပေါ့။

ကလေးငယ်ငယ်လေးတစ်ယောက်လို လွတ်လပ်ပေါ့ရွှင်စွာ ကစားနေသည်မှာ ချစ်စရာ ကောင်းနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဇင်ဇင် ဝတ်ထားပုံကလည်း ကြည့်ပါဦး။

ခေါင်းကဆံပင်တွေ ဖွာလန် မကြဲအောင် အဝါရောင် ခေါင်းပတ် ကလစ်ပြားကြီးဖြင့် နဖူးဝင်းဝင်းလေး ပြောင်ရှင်း နေအောင် သိမ်းတင်ထား၏။

ဝတ်ထားသည့် အင်္ကျီကလည်း ဘလောက်ခါးတို ဖားဖားလေးကို အောက်ဖျားအနားနှင့် လိပ်ပြာတောင်လက်ဖျား အနားတွေမှာ လှုပ်တုတ်တုတ် အဝတ်ဖော့လုံးလေးတွေ တွဲလဲ ဆွဲထား၏။

ပြေးလိုက်တိုင်း ဖော့နားသံသီးလုံးတွေက လှုပ်လှုပ်ခါခါ နှင့် အမြင်ဆန်းနေရ၏။

ထဘီကတော့ ဒူးခေါင်းကျော် စကတ်ထဘီလေး၊ သားရေ အကောင်းစား ညှပ်ဖိနပ်ပျော့ပျော့လေးနှင့်ဆိုတော့ ဇင်ဇင့် အသွင်က ပန်းတွေကြား ပျံဝဲမြူးထူးနေသော လိပ်ပြာရောင်စုံ တွေထက်ပင် လှနေသေး၏။

သနားနားနေရသေး၏။

သဘော်ခွေးပုလေးနှင့် ဆော့ကစားရင်း သဘောကျစွာ တခစ်ခစ်ရယ်မောနေသောဇင်ဇင့်ကို တေဇာ မျက်တောင်မခတ် ငေးနေမိ၏။

မြင်မြင်ချင်း စွဲသွားအောင်လှတဲ့ ဇင်ဇင်ရယ်။

မင်းကို ကိုယ်ချစ်မိသွားပြီကွာ။

အသည်းထဲမှာ စွဲပြီအချစ်ရေ။

"အဟမ်း ..."

ဉာဏ်ဝင်းစာပေ



အငမ်းလွန်နေ၍ မဖြစ်။

မတော်တဆ တစ်ယောက်ယောက်မြင်သွားမှ ရေရေ လည်လည် ချောက်ကျနေရဦးမည်။

ထို့ကြောင့် တေဇာ ချောင်းသံပေးလိုက်၏။

ချောင်းဟန့်သံကြောင့် ပြေးနေသော ဇင်ဇင် ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

တံခါးအပြင်ဘက်မှာ လူတစ်ယောက်။

အသက် ခပ်ငယ်ငယ် လူရွယ်တစ်ယောက်ပါပဲ။

ဆံပင်က ခပ်ဖွာဖွာ။

အဝတ်အစားကလည်း ခပ်နွမ်းနွမ်း။

လက်ဆွဲအိတ်အဟောင်းတစ်လုံးကို ဆွဲထား၏။

ကုပ်ချောင်း ကုပ်ချောင်းပုံနှင့် ဇင်ဇင် လှည့်ကြည့်တော့ ခြင်းတံခါးထဲ လက်သွင်းပြီး လက်ယပ်ခေါ်လိုက်၏။

ဇင်ဇင် ယောင်းခနဲ ဒေါကန်သွား၏။

အမယ် ... ရာရာစစ လူကို လက်ယပ်ပြီး ခေါ်နေသေး တယ်။

ဝင်းတံခါးက အထဲဘက်မှ ရောမချက်ကြီးက ချပြီးသားမို့ ထိုးမရ၍လှ၏။

အပေါ်မှ ကျော်တက်၍လည်း မရ။

ချွန်ထက်သော စူးချွန်တွေနှင့် မိတ်ဆက်လိုက်ရဦးမည်။

ဇင်ဇင်က မျက်မှောင်လေးချိုး၍ ခပ်တည်တည် ကြည့်လိုက်တော့ ...

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဪ... ဪ ... ဒီမှာ၊ ခဏလောက် လာပါဦးကွ"

အမယ် သူခေါ်တိုင်းသွားရအောင် ဇင်ဇင်က သူ့တပည့်မှ မဟုတ်တာ။ နှုတ်ခမ်းလေးမဲ့ပြပြီး အိမ်ဘက်ပြန်ဝင်ရန် ခြေဦးလှည့်လိုက်၏။

"ဟေ့ ... ဇင်ဇင် တံခါးဖွင့်ပေးပါကွ၊ အရေးကြီးလို့"

"ဟင်"

သူ့စကားကြောင့် ဇင်ဇင် တုံ့ခနဲ တွေဝေသွားရ၏။

သူ သူ ဇင်ဇင့်နာမည်ကို သိနေပါလား။

သူ ဘယ်သူပါလိမ့်။

ဘယ်ကပါလိမ့်။

တစ်ခါမှ မမြင်ဖူးပါလား။

အရေးကြီးတယ်ဆိုပါလား။

သူ့မျက်နှာကို ဇင်ဇင် သေသေချာချာ ကြည့်ပစ်လိုက်၏။

အို ... သူ့မျက်လုံးတွေက တည်ကြည်ရိုးသားပုံပါပဲ။

အဝတ်အစားသာ နွမ်းတာ။

လူပုံကဖြင့် အဖြောင့်စားပါလား။

ဇင်ဇင့်ကိုကြည့်နေတဲ့ သူ့မျက်လုံး ရယ်ရယ်ရွှန်းရွှန်းလေးတွေဟာ ရင်းရင်းနှီးနှီးပုံပါလား။

တဒင်္ဂအတွင်း ဇင်ဇင့်အတွေးတွေ ပွစာကြသွား၏။

ဒါပေမဲ့ ... ဟန်ကိုယ့်ဖို့ မဟုတ်လား။

ရန်ကုန်မှာ အကြောင်းရှိက်ပြီး အလစ်သုတ်တာတွေ၊ ဟိုဆေးနဲ့ ဖြောင်သွားတာတွေ၊ အယုံသွင်းပြီး အနုကြမ်းစီးသွားတာတွေ။





အို ... စုံလို့ ... စုံလို့။

သည်တော့ ... လူမြင်တိုင်း ယုံ၍မဖြစ်။

တချို့လူယုတ်မာတွေများ ရုပ်နဲ့မလိုက်အောင် အကျင့်က ညစ်ပတ်တတ်ကြသည် မဟုတ်ပါလား။

သည်တော့ ဇင်ဇင်တို့က ဒါမျိုး ဘယ်တော့မှအဖြစ်မခံနိုင်ပါဘူး။ ခြံဝကလူကို ခပ်တည်တည် ကြည့်ပစ်လိုက်ပြီး ...

"ဘာလဲ ... ဘာလဲ ... ဘာလာဖုန်တာလဲ"

ခပ်ဆတ်ဆတ်လေး မေးလိုက်၏။

ဇင်ဇင်က အငေါ်တူးတူးလေး မေးပေမယ့် တေဇာက အပြုံးမပျက်။

ဒါလောက်တော့ရှိမပေါ့လေဟူသော ခွင့်လွှတ်စိတ်ဖြင့်-

"ဒီအိမ်မှာ ဒရိုင်ဘာ အလိုရှိတယ်ဆိုလို့"

"ဟိုး ... သိပြီ ရပြီ၊ အဲဒီကိစ္စဆိုရင်ဆောရီးပဲ၊ ရှင့်လာလမ်းကို ပြန်ကြွပါနော်"

"ဗျာ"

"ရှင် ... စာဖတ်တတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့ ... ကျွန်တော် ခြောက်တန်းအောင်ပါခင်ဗျ"

တေဇာက ရယ်ချင်စိတ်ကို အောင့်အည်း၍ ခပ်တည်တည် သိမ့်လိုက်၏။ ဇင်ဇင်က ဟန်ပါပါမဲ့၍ ...

"ဟွန့် ... ဒါဆို သတင်းစာထဲမှာ အသက်လေးဆယ်ထက် ငယ်ရဘူးလို့ ထည့်ထားတာ ရှင် နားလည်မှာပေါ့နော်"

"သိပါတယ် ဇင်ဇင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မတို့ ဇင်ဇင်လို့ မခေါ်ပါနဲ့"

"ဘယ်လိုခေါ်ရမလဲ ... ဟင်"

"အို ... ဘယ်လိုမှ ခေါ်စရာမလိုဘူး၊ ကြွ ကြွ"

"မကြွပါရစေနဲ့ဦးဗျာ"

"ရှင် ဘယ်လိုလူလဲ"

"သူလို ကိုယ်လို လူတစ်ယောက်ပါပဲ၊ သိပ်အထူးအဆန်းကြီး မဟုတ်ပါဘူး"

"ဟွန်း ... လူပုံကိုက"

"လူတိုင်းကတော့ ချောတယ်လို့တော့ ကျွန်တော့်ကို ပြောကြပါတယ်ဗျာ"

"ဝေါကြောင်ကြောင်နဲ့"

ဇင်ဇင်က ချာခနဲ လှည့်သွားရန် ပြင်လိုက်သည်နှင့် ...

"ဟော့ ... တံခါးဖွင့်ပေးပါဦး"

"အိုး ... ရှင် ရူးနေသလား၊ ခုနကပြောတာ နားမလည်ဘူးလား"

"မရူးပါဘူးဗျာ၊ နားလည်ပါတယ်"

"ဒါဆို ပြီးရော"

"မပြီးသေးဘူးဗျ"

"အို ... ဘယ့်နှယ်ဟာလဲ"

"ကျွန်တော့်ကိစ္စက ဦးသော်ဇင်နဲ့တွေ့ပြီးမှ ပြီးမှာမို့ပါ"

"ဒယ်ဒီ မရှိဘူးရှင့်"

"စောင့်မယ်လေ"





"ဘယ်အချိန်လာမယ်မှန်းမှ မသိတာ"

"ရတယ် ... လာတဲ့အချိန်အထိ စောင့်မယ်"

"စောင့် ... စောင့်"

"ထိုင်စရာလေးတောင် မပေးတော့ဘူးလား"

"အောင်မယ် ... လူဆိုးလား လူကောင်းလား မသိဘဲနဲ့"

"လူကောင်းပါ"

"ပြောတိုင်း ယုံမယ် မှတ်သလား"

"ယုံပါ"

"မယုံဘူး ... မယုံဘူး၊ ဒယ်ဒီ့ကို တွေ့ချင်ရင် ... အဲဒီအပြင်က အုတ်ခုံမှာပဲ ထိုင်စောင့်ပေတော့"

"ကောင်းပါပြီဗျာ"

ဇင်ဇင်က ပြောအပြီး ချာခနဲလှည့်ပြန်သွားပါတော့သည်။

သခေါ်ာခွေးပုလေး ဖြူတီက သူ့သခင်မလေးနောက်သို့ အမြီးလေးဖွားဖွားလှုပ်အောင် ပြေးလိုက်သွားပါသည်။

တေဇာက ဇင်ဇင့်ကို ပြုံးပြုံးကြီး ကြည့်ပြီးမှ ...

"အင်း ... အာဂ ကောင်မလေးပဲ၊ မလွယ်ဘူး"

"ပွမ်"

"ဟင်"

နောက်မှ ကားဟွန်းသံကြောင့် တေဇာ ဖျတ်ခနဲ ဘေးသို့ ဆုတ်ပေးလိုက်၏။

ကားပေါ်မှ ဦးသော်ဇင်က တေဇာ့ကို အကဲခတ်သလို ကြည့်ရင်း ဆင်းလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ခြံဝအုတ်ခုံထိပ်ရှိ ခလုတ်လေးကို နှိပ်လိုက်၏။

လူခေါ် ဘဲ (လ်) ဖြစ်မည်။

တေဇာက ကိုယ်ကို ယို့၍ ...

"ဦးလေးက ဦးသော်ဇင်ပါလား ခင်ဗျာ"

"ဟုတ်တယ်၊ ဘာကိစ္စလဲ မောင်ရင်"

"ကျွန်တော့်ကို ဦးသန်းညွန့်က လွှတ်လိုက်လို့ပါ"

"သန်းညွန့်"

ဦးသော်ဇင်က စဉ်းစားသလိုလုပ်ပြီး မေး၏။

"ဒီမှာ ဒရိုင်ဘာလုပ်သွားတဲ့ ဦးလေး"

"သြော် ... သြော် ကိုသန်းညွန့်ဆီကလား၊ လာ ... လာ အထဲဝင် မောင်ရင်"

ကောင်မလေးတစ်ယောက် လာဖွင့်ပေးသော တံခါးဝမှ ဝင်လာခဲ့သည်။

ဦးသော်ဇင်က ကားမောင်း၍ တေဇာက လမ်းလျှောက်လာသည်။

ကားက ဖြည်းဖြည်းဝင်လာနေသဖြင့် ဆင်ဝင်အောက် အရောက်မှာ တေဇာနှင့် အတူတူ ဖြစ်သွား၏။

ဦးသော်ဇင်က ကားပေါ်မှ ဆင်းလာပြီး ...

"လာ ... အိမ်ထဲဝင် မောင်ရင်"

"ဟော ... အစ်ကိုကြီး ပြန်လာပြီလား၊ ဟင် ... သူက"

ဒေါ်ခင်မြတ်လွင်က တေဇာ့ကို စူးစမ်းသလိုကြည့်ကာ မေးလိုက်သဖြင့် ဦးသော်ဇင်က ...





"ကိုသန်းညွန့်ဆီက လွှတ်လိုက်တဲ့ သူတူတဲ့ မမြတ်ရဲ့ တဲ ... ထိုင်ပါကွယ်"

ခမ်းနားသော ဧည့်ခန်းအဆောင်အယောင်ကို တစ်ချက် အကဲခတ်သလိုကြည့်ပြီးမှ တေဇာက အိတ်ထဲမှ စာရွက်ခေါက် လေး တစ်ခုကို ထုတ်ပေးကာ ...

"ဦးလေးက ပေးလိုက်တယ် ခင်ဗျ"

"သြော် ... အေး ... အေး"

ဦးသော်ဇင်က စာရွက်ကို ဖြန့်၍ဖတ်လိုက်၏။

အရှင်ဘုရား ...

*လေးစားစွာဖြင့် ကျွန်တော် စာရေးလိုက်ပါတယ်။*

*ယခု စာယူလာသော သူငယ်မှာ ကျွန်တော့်တူအရင်း ခေါက်ခေါက် ဖြစ်ပါတယ်။*

*ရိုးသားအေးဆေးပြီး မိခင်မုဆိုးမအိုကြီးကို လုပ်ကျွေး နေသော လူငယ်တစ်ယောက် ဖြစ်ပါတယ်။*

*ကားအကြောင်း အထူးနားလည်ကျွမ်းကျင်သူဖြစ်၍ ဆရာ၏ကြော်ငြာကို ဖတ်လိုက်ရကတည်းက ကျွန်တော့် အနေနဲ့ ... မောင်ချစ်ကိုပဲ လုပ်စေချင်သော ဆန္ဒ အလွန်အမင်း ရှိခဲ့ပါတယ်။*

*စားဝတ်နေရေး အခက်အခဲကြောင့် မောင်ချစ်ကို ဆရာကူညီနိုင်မယ်ဆိုရင် ကျွန်တော် အလွန်ဝမ်းသာရ ပါမယ်။ မောင်နှမကလည်း ကိုးယောက်တိတိရှိသဖြင့် သူ့အပူဟာ ကိုယ့်အပူလိုပဲ ဖြစ်နေရပါသည်။*



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အပေါ် ငဲ့ညှာ ထောက်ထားသောအားဖြင့် မောင်ချစ်ကို ဆရာ လက်ခံလိမ့်မည်ဟု ယုံကြည်မိပါသည်။ အကျင့်စာရိတ္တအတွက် စံထားထိုက်သူ ဖြစ်ကြောင်း ကျွန်တော် ရဲရဲကြီး အာမခံပါတယ် ဆရာ။

လေးစားစွာဖြင့်

သန်းညွှန့်

(......)ရွာ

စာဆုံးသွားတော့ ဦးသော်ဇင်က ...

"သြော် ... ကိုသန်းညွှန့်က သူတူကို အလုပ်ပေးဖို့ တောင်းပန်ထားတဲ့ စာပဲ"

"ဟင် ... ဟုတ်လား အစ်ကိုကြီး"

ဒေါ်ခင်မြတ်လွင်က အံ့ညြသလို ပြောပြီးမှ တေဇာ့ကို အကဲခတ်သလို ကြည့်ပြီး ...

"ဒါနဲ့ ... မင်းအသက် ဘယ်လောက်ရှိပြီလဲကွယ့်"

"နှစ်ဆယ့်ငါးနှစ်ပါ ခင်ဗျာ"

"သြော် ... ဒါနဲ့ ကားနဲ့ပတ်သက်ပြီး ကျွမ်းကျင်တယ်လို့ ဆိုထားတယ်၊ အစက ဘာလုပ်သလဲကွ"

"ဝပ်ရှော့ရုံမှာ လုပ်ပါတယ် ခင်ဗျာ"

"သြော် ... သြော်"

ကားအတွက် စိတ်ချရပေပြီ။

"မင်းနာမည် မောင်ချစ်နော်"

"ဟုတ်ကဲ့ ခင်ဗျ"





"အေးပေါ့ကွာ ... ငါတို့ရဲ့ ခြံြဝင်းထဲမှာ အသက် ...ကြီးကြီးပိုင်းထဲကပဲ လိုချင်လို့ ထည့်လိုက်တာပဲ၊ ဒါပေမဲ့ ...ခင်မပြောဘူးလေ၊ မင်းကျတော့ အသက်ငယ်နေတယ်"

"ဗျာ"

"ဒီလိုပါ၊ အသက်ငယ်ပေမယ့် ကိုသန်းညွှန့်တူ ဆိုတော့ ...တ်မခံနိုင်စရာအကြောင်း မရှိပါဘူးကွာ"

ခုမှ တေဇာ စိတ်အေးသွားရ၏။ ဦးသော်ဇင်က ...

"ကိုသန်းညွှန့်ရဲ့ ကျေးဇူးတွေ ဦးအပေါ်မှာ ဆပ်မကုန် ...အောင် ရှိခဲ့ဖူးတာကွ၊ ခုတော့လဲ ခြံြဝင်းကို ရုပ်သိမ်းဒေါ့ ...ပါပဲ၊ ကဲ ... မောင်ချစ်"

"ဟုတ်ကဲ့"

"မင်း ဘယ်မှာ တည်းခိုနေသလဲ"

"ဘုန်းကြီးကျောင်းမှာပါ ခင်ဗျ"

"ပစ္စည်းတွေက ဟိုမှာ ကျန်ခဲ့မှာပေါ့"

"မဟုတ်ပါဘူး၊ ဒါ ... အကုန်ပါပဲ ဦး"

ဟင်းဘက်အိတ်အဟောင်းကို ပြကာ ပြော၏။

"သြော် ... ဟုတ်လား၊ ဒါဆို အခုချက်ချင်း အလုပ်ဝင်ပြီ ...ပါ့ကွာ"

"ဟုတ်ကဲ့"

"မောင်ချစ်"

"ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုသန်းညွန့်ရဲ့စာထဲမှာတော့ မင်းဟာ ရိုးသားအေးဆေး တယ်လို့ ထောက်ခံထားလေရဲ့၊ တစ်ခုတော့ မင်း သိထား ရမှာက ဒီအိမ်မှာရှိတဲ့ ကားနှစ်စီးအနက် ငါက ငါ့ကားကို မောင်းမယ်၊ မင်းက အိမ်သုံး ကျောင်းသုံးကားကို မောင်းရ လိမ့်မယ်"

"ဟုတ်ကဲ့"

"တန်ဖိုးကြီးတဲ့ပစ္စည်းကို ရိုရိုသေသေကိုင်ဖို့ အထူးမပြော ချင်ဘူးကွာ"

"ဟုတ်ကဲ့ ... ကျွန်တော် နားလည်ပါတယ် ဦး"

"နောက်တစ်ခုက ... ဦးတို့ရဲ့ တစ်ဦးတည်းသောသမီး အစစ မငြိုငြင်အောင် ဆက်ဆံနိုင်မှ ရေရှည်ဖြစ်မှာမို့"

"ဟုတ်ကဲ့ ... စိတ်ချပါ ခင်ဗျ"

စိတ်ထဲမှာတော့ အဲသည် ဂျစ်တစ်တစ်ကောင်မလေး အတွက် အမိကပါပဲ။ ကျွန်တော် အလုပ်ဝင်လုပ်တာ ဦးရဲ့ ဟု ကျိတ်၍ ပြောနေမိသည် မဟုတ်ပါလား။

◈ ◈ ◈ ●





## အခန်း (၉)

မောင်ချစ်တဖြစ်လဲ တေဇာချစ်ကိုဦး မနက်မိုးလင်းသည်နှင့် လူရောကားပါ စေလိုရာခိုင်းဖို့ အဆင်သင့် ဖြစ်နေပါပြီ။

နဂို ဖိတ်ဖိတ်လက်နေသောကားကို ပို၍အရောင်ထွက်အောင် အသာလေး ပွတ်သုတ်နေမိ၏။

ဆယ်ပေ ပတ်လည် ကျယ်ဝန်းသော အလုပ်သမားတန်းလျားလေးမှာ နေရသည်။

နှစ်ခန်းတွဲ တန်းလျားလေးဖြစ်ပြီး တစ်ဖက်မှာ ခြံစောင့်မာလီဖြစ်သော ဦးဘ နေပါသည်။

မနေ့ညနေ အလုပ်ဝင်ပြီး နေစရာအခန်းကို ဦးသော်ဇင် လိုက်ပို့ပြီး ပြန်ထွက်သွားတော့ ဦးဘက သူ့အား ...

"အလာလာ ... မောင်ရင်က ကုသိုလ်ထူးလှချည်လားကွ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အသက်ငယ်ရတာအထဲ ရုပ်ကလဲ သားနားလွန်းနေတယ်လေ"

"အဟင်း"

ရှက်ရယ် ရယ်ရ၏။

"ဘယ်လိုဖြစ်ပြီး မောင်ရင့်ကို ခန့်လိုက်သလဲကွ"

"ဗျာ"

ပထမ နားမလည်သေး။ ဦးဘက ...

"အသက်ငယ်တာဆို မခန့်ဘူးလို့ ကြော်ငြာထားတာ မဟုတ်လားကွ"

"ဪ ... အဟင်း ... အဲဒါလား"

"အေးလေ"

"ကျွန်တော့်ဦးလေးမျက်နှာ ထောက်လို့ပါဗျာ"

"ဦးလေး ... ဘယ်သူလဲကွ ဟင်"

"ဦးသန်းညွန့်ပါ"

"အရင်ဒရိုင်ဘာ သန်းညွန့်လား"

"ဟုတ်ကဲ့"

"ဟ ... အရင်တုန်းက သန်းညွန့်မှာ တူရှိတယ်လို့လဲ မကြားဖူးပါလား၊ သန်းညွန့်နဲ့ ငါက အရမ်းခင်တာကွ"

ဦးဘစကားကြောင့် တေဇာ ထိတ်ခနဲ ဖြစ်သွားပြီးမှ —

"ဪ ... ဟိုတုန်းက ကျွန်တော်တို့နဲ့ အဆက်အသွယ် ပြတ်နေတာကိုးဗျ၊ ခုမှ ဦးလေးလဲ အလုပ်ကအနားယူပြီး ရွာကို ရောက်လာတော့မှ ပြန်ဆက်သွယ်မိတာ ... အဟင်း"

စကားအဆင်ချောအောင် ပြောလိုက်ရ၏။





"ဪ ... အေး အေး၊ မောင်ရင်က ရုပ်ကလေးသားနားနေတော့ အဝတ်အစားကောင်းကောင်းသာဝတ်ရင် ဘယ်သူမှ ဒရိုင်ဘာလို့ထင်မှာမဟုတ်ဘူးကွ၊ သူဌေးသားပဲထင်မှာ အမှန်ပဲ"

"သူဌေးသားမဖြစ်လို့ ဒရိုင်ဘာ လာလုပ်ရတာပေါ့ ဦးလေးရယ် ..."

ခပ်တည်တည်ပြောပြီး ဝမ်းထဲက ရယ်ချင်နေ၏။

"အင်း ... တစ်ခုတော့ သတိထားပေါ့ကွာ"

"ဗျာ"

"မောင်ရင် အသက်ဘယ်လောက်ရှိလဲ"

"အစိတ်ပါ"

"အင်း ... ဇင်လေးနဲ့ သိပ်အကွာကြီးတော့ မဟုတ်ပါဘူး"

ဇင်လေး ဟူသောအမည်ကို ကြားရသည်နှင့် တေဇာ့ရင်တွေ ဒိုင်းခနဲ ဆောင့်ခုန်သွားရ၏။

ဪ ... မလွယ်ပါလား ဇင်လေးရာ။

"တကယ်ဆိုရင် ... မင်းလဲ နားလည်လိမ့်မယ်လို့ ငါ ထင်တယ်ကွ"

"ဘာကိုလဲ ဦးရဲ့"

"အသက်ခပ်ငယ်ငယ်ဒရိုင်ဘာကို မလိုချင်ဘူးဆိုတာလေ"

"ဪ"

"အရွယ်ချင်းမတိမ်းမယိမ်းဆိုတော့ မလိုလားအပ်တာတွေ ဖြစ်စေချင်လို့ပေါ့ကွာ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ... မင်းအနေနဲ့ ဒီအလုပ်ကို စွဲစွဲမြဲမြဲလုပ်ချင်သပ ဆိုရင်တော့ မျက်လုံးချင်း ခလုတ်မတိုက်မိစေဖို့ အထူးသတိထား ပေတော့ ငါ့လူရေ"

"ဟာ ... ဦးလေးကလဲ"

ရှက်ကိုးရှက်ကန်းလေး ပြောလိုက်ရ၏။ ဝမ်းထဲမှာတော့ တမင်ကို ခလုတ်တိုက်ချင်လို့ သည်အလုပ် လာလုပ်တာဗျို့ဟု ပြောနေမိ၏။

"ဇင်လေးနဲ့ တွေ့ပြီးပြီလား"

"ဟင်"

"ပြော် ... ဒီအိမ်က သူဌေးသမီးလေးကို ပြောတာလေ"

"ဘယ်သူလဲတော့ မသိဘူးဗျာ၊ စောစောတုန်းက ခြံထဲမှာ ခွေးနဲ့ ဆော့နေတဲ့ တစ်ယောက်တော့ တွေ့ပြီးပြီ"

"အေး ... အဲဒါပဲ၊ အဲဒါပဲ ဇင်လေးဆိုတာ၊ ဘယ့်နှယ်လဲ ချောတယ် မဟုတ်လား"

"အင်း ... ချောသားပဲ"

"အမယ် ... ငှော့လူ၊ မူးတင်း ပဲတင်းနဲ့ မချောသလိုလို ခပ်အင်အင်အသံမျိုးနဲ့ မပြောစမ်းပါနဲ့ကွာ၊ ဘယ်လိုနေနေ ဘယ်လိုဝတ်ဝတ် ချောတာတော့ မင်း ဝန်ခံသင့်တယ်"

"ဟုတ်ကဲ့ ... ချောပါတယ်ဗျာ"

"အေး ... ဟား ဟား ... ဒီလိုမှပေါ့၊ ဒါပေမဲ့ ခုနက ငါ ပြောသလိုပေါ့ကွာ ... ဒူးနေရာဒူး တော်နေရာ တော်ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့"





သို့နှင့် ဦးဘနှင့် တေဇာ ချက်ချင်း မဟာမိတ်ဖြစ်သွား ကြသည်။

"မောင်ချစ်"

"ခင်ဗျာ"

"ကား အဆင်သင့် ဖြစ်ပြီလား"

"ဟုတ်ကဲ့ ... ဒေါ်ဒေါ်"

"အေး ... အေး၊ ဈေးသွားမယ်"

ပလတ်စတစ်ဆွဲခြင်းဆွဲ၍ထွက်လာသော ဒေါ်ခင်မြတ်လွင် ကို တေဇာ ဖျတ်လတ်စွာနှင့် ကားတံခါးကို အသာလေးဖွင့်ပေး လိုက်၏။

ဒေါ်ခင်မြတ်လွင် ကားနောက်ခန်းမှာ ဝင်ထိုင်ပြီးမှ ကားတံခါးကို ညင်ညင်သာသာ ပြန်ပိတ်လိုက်သည်။

ပြီးမှ ... မောင်းသူနေရာမှာ ဝင်ထိုင်ကာ အသာလေး မောင်းထွက်ခဲ့တော့၏။

ဈေးရောက်တော့လည်း တေဇာ ကားတံခါးတွေအလုံပိတ် ထားသော့ကိုပိတ်ကာဆွဲခြင်းလေးဆွဲ၍ ဒေါ်ခင်မြတ်လွင်နောက် ကကောက်ကောက်လိုက်လေသည်။

တေဇာ၏ အပိုးကျိုးသော လေးစားသော အေးဆေးသော အမူအရာများကို ဒေါ်ခင်မြတ်လွင် သဘောကျသွားရသည်။ သဘောမကျနိုင်သူက သမီးလေး ဇင်ဇင်ပါပဲ။

မောင်ချစ်ကို ဒရိုင်ဘာ ခန့်လိုက်ပြီဟု သိသည်နှင့် ဇင်က ဒယ်ဒီ၊ မာမီတို့နှင့် စကားပြောဆိုပြီး တန်းလျှေးဘက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသော မောင်ချစ် နောက်ကျောကို မျက်စောင်းလေး ခဲပြီး …

“ဒယ်ဒီတို့ အဲဒီလူကို ခန့်လိုက်ပြီ ဟုတ်လား”

ခပ်စူးစူး မေးလာသော သမီးဖြစ်သူအား ဦးသော်ဇင်က နားလည်စွာ ပြုံးပြ၍ …

“ဟုတ်တယ် … သမီး၊ သူငယ်က ကိုသန်းညွန့်ရဲ့တူဖြစ်နေလို့ အကြောင်းကြွောင်းတွေထောက်ပြီး ခန့်လိုက်တာပါကွယ်၊ ပြီးတော့ … သူငယ်လေး ကြည့်ရတာ ရိုးသားအေးဆေးပုံပါပါတယ် ကွယ်”

ဒယ်ဒီ့စကားကို ဇင်ဇင်က နှုတ်ခမ်းလေးမဲ့၍ …

“ဒယ်ဒီတလဲ ဘာထောက်စရာရှိလဲ”

“ရှိတာပေါ့ သမီးရယ်၊ သမီး ခပ်ငယ်ငယ်တုန်းက ဒယ်ဒီရယ်၊ ကိုအောင်ချစ်ရယ်၊ ကိုသန်းညွန့်ရယ် အမဲပစ် ထွက်ကြတယ်လေ၊ အဲဒီမှာ ဒယ်ဒီ့ကို အသေပက်တဲ့ တောဝက်ကြီးရဲ့ ရန်ကနေ ကိုသန်းညွန့် ရဲရဲရင့်ရင့် ဝင်ကယ်လို့သာ ခုလို ဒယ်ဒီ အသက်ရှင်နေရတာကွယ့် … ကိုသန်းညွန့်မှာတော့ သေရာပါ အမာရွတ်ကြီးတစ်ခု လက်မောင်းမှာ ကျန်ရစ်ခဲ့တာပဲ”

“ကျေးဇူးရှိတယ်ဆိုရင်လဲ ပိုက်ဆံလေးဘာလေး ရင်းနှီး စားဖို့ ပေးလိုက်ပါလား ဒယ်ဒီရဲ့”

“ဘယ်ကောင်းမလဲ သမီးရယ်၊ အဲဒီလိုမဲ့ ဒီသူငယ်က လက်ခံမှာ မဟုတ်ပါဘူး”

“ဖာင်း … ခက်တာပဲ”





“ဘာဖြစ်လို့လဲ သမီးရယ်”

“မာမီ စဉ်းစားကြည့်ပါလား၊ ဇင်ဇင့်ကို သူငယ်ချင်းတွေက ဝိုင်းလှောင်ကြမှာပေါ့လို့၊ အရွယ်ချင်းကလဲ …”

ဇင်ဇင်က ဆက်မပြောဘဲ နှုတ်ခမ်းလေးကိုစူထားလိုက်၏။

“ဩော်ကွယ် … သမီးကလဲ၊ ဘာဆိုင်လို့လဲ၊ ဒရိုင်ဘာဟာ ဒရိုင်ဘာပေါ့၊ ကိုယ်က အနေမှန်ရင် ပြီးတာပဲ”

ဒေါ်ခင်မြတ်လွင်က ပြေရာပြေကြောင်း ပြောပေမယ့် ဇင်ဇင်က မရ။ မျက်နှာလေး ပုပ်လျက် …

“မာမီ မသိဘူးနော်၊ ကျောင်းက ဒေဝီတို့၊ မေနီခင်တို့ဆို သိပ်လှောင်တာ၊ ဇင်တော့ အဲဒီလူနဲ့သာ အစ,ခံရရင် သေမှာပဲ သေမှာပဲ”

“သမီးကလဲ … အဲဒီလောက်အထိလဲ မဖြစ်ပါနဲ့ကွယ်၊ လူ့လူချင်းပဲ”

ဒေါ်ခင်မြတ်လွင်က ပြောသည်ကို ဇင်ဇင်က …

“ဒါဆို … အဲဒီလူနဲ့ သမီး တကယ်လို့ ငြိသွားရင်ကော”

“အို … သမီးကလဲ မပြောကောင်း ပြောကောင်း”

မာမီ့မျက်နှာ မည်းခနဲဖြစ်သွားတာကို ဇင်ဇင်ရယ်ရင်း …

“ဟော … ကြည့်၊ မာမီပဲ လူလူချင်းဆို”

“ဒါက … သဘောကိုပြောတာပါ သမီး၊ သမီးနဲ့ တန်းတူ ရည်တူထဲကမှ မဟုတ်တာ”

“အဲဒါကြောင့် ဇင် ပြောတာပေါ့ မာမီရဲ့”

“ဟ သမီးရဲ့၊ ဒယ်ဒီတို့က သမီးကို ဒရိုင်ဘာနဲ့ သဘောတူနေတာမှ မဟုတ်တာ၊ ကားမောင်းခိုင်းဖို့ ခေါ်တဲ့တာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"အင်း – ဒယ်ဒီလူက ကားမမောင်းဘဲ ယီးတီးယားတား လုပ်ရင်တော့ ဇင့်အကြောင်း သိမယ်"

"သူ့ထမင်းအိုး သူ အကွဲခံမလား သမီးရယ်"

"ယောက်ျားဆိုတာ ရရင်အမြတ်၊ မရရင် အရင်းပဲဆိုတဲ့ စိတ်ရှိတာချည်းပဲ ဒယ်ဒီရဲ့ ဇင်တော့ ကြည့်နေ၊ မျက်နှာသာကို လုံးဝမပေးဘူး၊ အပြတ်ကို နှိမ်ထားပစ်မယ် သိလား"

"ဒီမှာ ... သမီး"

"မာမီ"

"လူတစ်ဖက်သားကို သိပ်ပြီး နှိမ့်ချချိုးဖွဲ့ဆက်ဆံလို့ မရဘူး ကွယ့်၊ ကိုယ့်အပြောအဆိုအပြုအမူကြောင့် သူ့စိတ်ထဲမှာ နာကျင် ထိခိုက်သွားရင် တစ်နည်းနည်းနဲ့ ပြန်ပြီး တုံ့ပြန်တာ ခံရတတ် တယ် သမီး"

မာမီ့စကားကြောင့် ဇင်ဇင် ငြိမ်ကျသွား၏။

သို့သော် ... တျေနပ်မှုတော့ လုံးဝမပေါ်ပါ။

သူ့နှင့်ရွယ်တူ ဒရိုင်ဘာထားရပါမလားဟု ဒယ်ဒီ့ကိုရော မာမီ့ကိုပါ စိတ်ထဲ မျက်ချင်ချင် ဖြစ်မိလေသည်။ ဟွန်း ဒယ်ဒီနှင့် မာမီမို့သာ ဇင်ဇင် ငြိမ်လိုက်ရ၏။ နည်းနည်းမှကို မကြည်ဘူး။

အဟုတ်ပါပဲ။ ကျောင်းတောင် မသွားချင်တော့ဘူး။

ထိုစဉ် ဈေးသွားသည့် မာမီ့ကား ပြန်ရောက်လာ၏။

◈ ◈ ◈

ဉာဏ်ဝင်းစာပေ



## အခန်း (၁၀)

တေဇာက ဈေးခြင်းဆွဲ၍ အိမ်ထဲဝင်ပို့သည်။

ကျောင်းသွားရန် အသင့်ပြင်ဆင်ပြီးနေသော ဇင်ဇင့်ကို အပေါ်ထပ်မှ ဆင်းလာတာ ရိပ်ခနဲ မြင်လိုက်ရ၏။

ဒါပေမဲ့ ... တေဇာ မကြည့်ပါ။

မကြည့်ပေမယ့် မြင်လိုက်ပြီးပြီ။

မျက်အိမ်ထောင့်စွန်း မြင်လွှာထဲမှ ငုဝါရောင်ဝတ်စုံလေး နဲ့ ဇင်ဇင့် ချစ်စရာအသွင်ဟန်က တေဇာ့မျက်ဝန်းကင်မရာမှာ ဓာတ်ပုံရိုက်သလို စွဲထင်သွားရပြီ မဟုတ်ပါလား။

ဇင်ဇင်ကလည်း တေဇာ့ကို မြင်သည်။

ဈေးဆွဲခြင်းကိုဆွဲကာ ညှော်ခန်းကို ဖြတ်၍ မီးဖိုဆောင် ဆီသို့ လှမ်းဝင်သွားတာကို မြင်လိုက်ရသည်။

သူမအား လုံးဝငဲ့စောင်း၍ပင် မကြည့်သွားသော တေဇာ့ ကို ဇင်ဇင် အတော်ကလေး မကျေမနပ် ဖြစ်သွား၏။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ယခုပင် ဇင်ဇင် မှန်ရှေ့မှာ စိတ်တိုင်းကျ ပြင်ဆင်လာသည် မဟုတ်ပါလား။ ကိုယ့်အလှ ကိုယ်သိတာပေါ့။

မြင်သူတိုင်း နှစ်ခါမကြည့်ဘဲမနေနိုင်တဲ့အလှ ဆိုတာ။

ခုတော့ ဇင်ဇင့်အလှက တေဇာနဲ့တွေ့မှ ရေထဲမျှောပစ်လိုက်ရတော့မလိုလိုပါလား။

"ဟွန်း"

ဇင်ဇင် မျက်နှာလေး မှုန်သွားရ၏။

ဩော် ... ခက် ခက်ရချည်ရဲ့နော်။

မိန်းကလေးများ ဘယ်လောက်ခက်သလဲဆိုတာ ဇင်ဇင့်ကိုပဲ ကြည့်တော့။

တေဇာ မကြည့်လို့ စိတ်တိုနေပြီ မဟုတ်လား။

တဲ ... တေဇာ ကြည့်လိုက်မိတယ် ဆိုပါတော့။

အို ... ချက်ချင်း မိုးမီးလောင်သွားမှာပေါ့။

ငါ့ကိုကြည့်ရအောင် သူက ဘာမို့လဲ။

ရာရာစစ ကိုယ့်နေရာ ကိုယ်မသိဘူး။

ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ သူပဲ ဖြစ်လာဦးမယ်။

"ဟော ... သမီး၊ ကျောင်းသွားတော့မလား"

မာမီက မျက်နှာမှုန်နေသော ဇင်ဇင့်ကို မသိဟန်ဆောင်ကာ ပြုံး၍ မေးလိုက်၏။

သမီးက ဒရိုင်ဘာအသစ်ကိုသဘောမကျဘူးမဟုတ်လား။ ဒီနေ့ စဦးဆုံး ဒရိုင်ဘာအသစ်နဲ့ ကျောင်းတက်ရမည့် ဇင်ဇင့်ကို ဒေါ်ခင်မြတ်လွင်အနေနဲ့ စိတ်ကသိကအောက် မဖြစ်စေချင်။





"အခု သွားတော့မလား သမီး"

ဒုတိယအကြိမ် မာမီမေးတော့မှ ဇင်ဇင်က စူ၍ လက်မှ ရွှေရောင်နာရီလေးကို ကြည့်ကာ ...

"ကလပ်စ်က ရှစ်နာရီခွဲ မာမီ"

"ဩော် ... ဟုတ်လား"

ပြောပြီး မာမီ အထဲကိုလှမ်းကြည့်၏။

ကိုရွှေဒရိုင်ဘာက ထွက်တော်မူမလာသေး။

"မာမီ"

"ဟင်"

"မာမို့ဒရိုင်ဘာက ဘယ်လိုလဲ၊ အချိန်နီးနေပြီ"

"အေး ... အေး၊ မာမီ ဝင်သွားဦးမယ်"

စကားနည်း ရန်စဲ ဆိုသလို စ,စချင်းရက်မို့ သမီးလေး စိတ်မငြိုငြင်စေချင်ပါ။

ဈေးခြင်းဝင်ထားသည့်တေဇာလည်း မထွက်လာနိုင်သဖြင့် ဒေါ်ခင်မြတ်လွင် မီးဖိုဘက် ဝင်လာခဲ့၏။

မီးဖိုထဲမှာ တကုပ်ကုပ် ဖလုပ်လုပ်နေသော မလှကို တွေ့ရသဖြင့် မေးလိုက်၏။

"မလှ မောင်ချစ်ကော"

"ကိုမောင်ချစ် ဗိုက်အောင့်လို့တဲ့"

မလှစကားကြောင့် ဒေါ်ခင်မြတ်လွင်မျက်လုံးပြူးသွားသော–

"ဟဲ့ သူ့မှာလဲ လေရောဂါနဲ့လား၊ ဒုက္ခပါပဲ၊ သူဦးလေးလို လေနာ ခဏခဏထနေတော့မယ် ဆင်ပါရဲ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မြတ်လွင့်စကားကြောင့် မလှက သဘောကျစွာ ရယ်ရင်း ...

"မဟုတ်ပါဘူး မမရဲ့"

"ဟဲ့ ... ဘာဖြစ်လို့လဲ"

"ကိုမောင်ချစ် အောင့်တဲ့ဗိုက်က ဟို ဟို အိမ်သာတက်ချင်လို့ အောင့်တာတဲ့ မမရဲ့"

"အိုအေ ... နင့်စကားကလဲ မရှင်းမရှင်း"

ဒေါ်ခင်မြတ်လွင်က ခုမှ ဟင်းချနိုင်ပြီး ...

"ဟိုမှာ သမီးက ကျောင်းချိန်နီးနေပြီတဲ့"

"ကျွန်မ သွားခေါ်လိုက်မယ်လေ"

"ဟဲ့ – နင့်ဟာကလဲ ဖြစ်မလား၊ ရေအိမ်ဝင်နေတဲ့ဟာ အမြင်တ တကြော်ကြော်လုပ်နေလို့ ဘယ်ကောင်းမလဲ"

တေဇာကလည်း တေဇာ။

မနေ့ကတစ်နေ့လုံး ဇောရိုက်နေသဖြင့် အိမ်သာ မတက်လိုက်ရ။ သည်နေ့ ကျပြန်တော့လည်း မိုးလင်းကတည်းက ကားဆေး ကားသုတ် ကိစ္စတွေလုပ်။

ပြီးတော့ ... ဒေါ်ခင်မြတ်လွင်ကို ဈေးပို့။

ခြေတိုအောင် နောက်က တကောက်ကောက်လိုက်ပြီးသယ်။

အဲဒီကတည်းက တေဇာ အိမ်သာတက်ချင်နေပါပြီ။

အောင့်ထားရတာပေါ့လေ။





အိမ်ရောက်တော့မှ ဈေးခြင်းကို ကမန်းကတန်းချကာ ရေအိမ်ဆီ အပြေးလေး ဗိုက်နှိပ်ရင်း သွားရသည့်အဖြစ်ကို မလှမြင်လိုက်ခြင်းဖြစ်၏။

တေဇာ့အကျင့်က ရေအိမ်တစ်ခါဝင်လျှင် အနည်းဆုံး ဆယ့်ငါးမိနစ်မှ နာရီဝက်အထိ ကြာတတ်ပါသည်။ အဲသည်လောက် ထိုင်လိုက်ရမှလည်း နေသာထိုင်သာ ရှိသည်။

တေဇာ ကိစ္စပြီး၍ ထွက်လာတော့ မလှက ...

"မြန်မြန်သွား ... ဟိုမှာ ဇင်လေး စောင့်နေပြီ"

"ဟင်"

ဇင်လေးဟူသော အမည် တစ်ခါကြားရတိုင်း ဒိုင်းခနဲ ခုန်ခုန်သွားရသော သူ့ရင်ဘတ်ထဲက အသည်းနှလုံးလေးဖြင့် ကြာရင် ရောဂါရတော့မှာပဲ။

တိုက်ဘေးဘက်မှ ပတ်၍ ခပ်သွက်သွက်လာမိ၏။

ထင်သည့်အတိုင်းပါပဲ။

မချောလေး မျက်နှာတော်စူနေပါပြီ။

ဩော် ... ချောတဲ့မိန်းကလေးများ စူနေလည်း ချောတာပါပဲလား။ တဒင်္ဂလေး ဖျတ်ခနဲ အမြင်မှာပင် ကတ်သီးကတ်သတ် အလှင့်ကာက ဖွင့်လိုက်ရသေး၏။

တေဇာ့ကိုမြင်တော့ ဇင်ဇင်က မျက်စောင်းစူးခနဲထိုး၍-

"ဒီမှာ ရှင့်"

"ဗျာ"

"ဟော ... မောင်ချစ် ရောက်လာပြီလား၊ အေး ... အေး သွားတော့ ... သွားတော့၊ သမီး အချိန်နီးနေပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မြတ်လွင် ထွက်လာပြောတော့မှ ဇင်ဇင်လည်း ဘာမှမပြောတော့ဘဲ အောက်နှုတ်ခမ်းကို နာနာကိုက်ကာ ကားထဲသို့ မှုန်သိုးသိုးလေး ဝင်ထိုင်လိုက်ပါတော့သည်။

တေဇာလည်း ဒေါ်ခင်မြတ်လွင်ကို ခေါင်းညိတ်ပြပြီး ကားကို မောင်းထွက်ခဲ့တော့၏။

ခြံဝအပြင်သို့ ရောက်သည်နှင့် ...

"ဒီမှာ ... ဒီမှာ"

ခေါ်သံကြောင့် တေဇာ ကားကို လမ်းဘေးသို့ထိုးရပ်ရန် အသာလေး အရှိန်လျှော့ကာ ကားကို ဘေးဆွဲချလိုက်၏။

"ကျွို"

"အိုး ... ဘာလို့ ရပ်ရတာလဲ"

ဇင်ဇင် စူးခနဲ အငေါ်တူးတူး အော်မေးတော့ ...

"ဒို့ ... စကားပြောချင်လို့ မဟုတ်ဘူးလား"

"အောင်မယ် ... ဘယ်သူ့ကလဲ"

"ဇင်လေးက"

"ရှင် ကျွန်မကို ဇင်လေးလို့ခေါ်စရာမလိုဘူး၊ ခုချက်ချင်း ကားကို ပြန်ထွက်"

"ဟုတ်ကဲ့"

တေဇာက ကားပြန်မောင်းထွက်လိုက်၏။

နောက်ကြည့်မှန်ထဲမှ ဇင်ဇင်က သူ့ကိုမျက်စောင်းထိုး၍

"ဟွန်း၊ ရှင့်လိုလူကို ကျွန်မက တကူးတက ကားရပ်ခိုင်းပြီး စကားပြောမတဲ့လား ရှင့်"





"မသိဘူးလေ ... ကျွန်တော်က ပြောချင်မလား ဆိုပြီး ခေါ်တယ်မှတ်လို့"

"အောင်မာ ... ကြီးကျယ်လို့၊ ဒီမှာ ဒရိုင်ဘာရဲ့"

"ဟုတ်ကဲ့ ခင်ဗျ"

"ရှင့်အလုပ် ရှင်သိပါ၊ ဒါပဲ"

"ခင်ဗျာ"

"ဘာအူတူတူ ကြောင်နေတာလဲ၊ ရှင် သိထား မှတ်ထား နော် ကျွန်မ နေ့တိုင်း မနက် ရှစ်နာရီခွဲတိတိမှာ ကျောင်းသွားရမယ်၊ နောက် ဘယ်တော့မှ ကျွန်မ မစောင့်ရစေနဲ့၊ ဘာမှတ်သလဲ၊ ချက်ချင်း အလုပ်ပြုတ်သွားချင်သလား"

အသားလွတ်ကြီး ဒေါကန်ကာ ကြိမ်းနေသော ဇင်ဇင့်ကို နောက်ကြည့်မှန်မှ ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိပြီး ပြုံးစိစိ ဖြစ်နေလေသည်။

ဒါကို ဇင်ဇင်မြင်တော့ ပို၍ဒေါကန်ကာ တေဇာ့ နောက်မှီ ထားကူရှင်ကို စာအုပ်နဲ့ ကောက်ရိုက်ကာ ...

"ဘာကြည့်ပြီး ပြုံးနေတာလဲ"

"ကျွို ... ပြုံး"

"အမယ်လေး"

မျက်နှာချင်းဆိုင်မှ လာသောကားနှင့် တိုက်မိမလိုလိုဖြစ်ပြီး တေဇာ ဘရိတ်အုပ်မြန်လို့သာ။

ဇင်ဇင်က မျက်နှာနီလျက် ...

"ရှင် ကားမမောင်းတတ်ဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ – ဓောင်းတတ်လို့ မောင်းနေတဲ့ မြင်လျက်သားနဲ့ ဖွား ခင်လေးက နောက်မှီကို လာရိုက်တော့ လန့်ပြီး လက်ကိုင်လွှတ်သွားတာပေါ့"

"ရှင် ခေါင်းပြန်ပလား"

"နို ... ဘယ်လိုခေါ် ရမတုံး"

"ဘယ်လိုမှ ခေါ်စရာမလိုဘူး"

"ဟာ ... အဲဒါတော့ မဖြစ်ဘူးထင်တယ်၊ နာမည်ဆိုတာ ခေါ်ဖို့မှည့်ထားတာ မဟုတ်လားဗျာ"

"အို ... ကျွန်မနာမည်ကို သူများတွေခေါ်ဖို့ မှည့်ထားတာ ရှင် မပါဘူး"

"ကျွန်တော်က သူများ မဟုတ်ဘူးလား"

"ရှင်ဟာ ဒရိုင်ဘာ ... ဒရိုင်ဘာ"

"ကွန်တို့စရာမဟုတ်တွန့်တို့နေလိုက်တာဗျာ၊ အရှည်သဖြင့် ဆက်ဆံသွားဖို့ဆိုတာက တစ်ခုခုတော့ ခေါ်မှပေါ့"

"ရှင် ခေါ် ချင်သလား"

"ဟုတ်ကဲ့"

"မမလေးလို့ခေါ်"

"ကောင်းပါပြီ ခင်ဗျာ"

◈ ◈ ◈





## အခန်း (၁၁)

နောက်တစ်နေ့ ...

ရှစ်နာရီ နှစ်ဆယ့်ငါးမှာ ဇင်ဇင် အောက်ဆင်းလာ၏။

ကားဖုန်သုတ်နေသော တေဇာကိုမြင်တော့ မခို့တရို့လေး ပြုံးလိုက်သည်။

တေဇာက ဇင်ဇင် ဆင်းလာတာ မြင်သည်နှင့် ကား နောက်ခန်းတံခါးကို ဖွင့်ပေးလိုက်၏။

ဇင်ဇင်က ကားဆီမလာသေးဘဲ ဧည့်ခန်းမှာထိုင်နေသော ဒေါ်ခင်မြတ်လွင်ထံ လျှောက်သွား၏။

ဒီနေ့ ... မာမီ ဈေးမသွား။

မာမီက ဈေးတစ်ခါသွားလျှင် သုံးလေးရက်စာလောက် ဝယ်ထားတတ်သည်။

"မာမီ ... မုန့်ဖိုး"

မာမီ့ရှေ့မှာ လက်လေးဖြန့်ကာ ခြေစုံရပ်ကာ နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မာမီက ရှိုးကေ့စ်ပေါ် တင်ထားသော လက်ပွေ့အိတ်ကြီးကို လှမ်းယူပြီး တစ်ထောင်တန် တစ်အုပ် ထုတ်ပေးလိုက်၏။ ဇင်ဇင်က လှမ်းယူပြီး ...

"သွားမယ်နော် မာမီ"

"အေး ... အေး"

ဒယ်ဒီတော့ အစောကတည်းက ထွက်သွားပြီဖြစ်၏။

ဇင်ဇင် ကားထဲ ဝင်ထိုင်လိုက်၏။

တေဇာက ကားတံခါးကိုပိတ်ပေးပြီးမှ မောင်းသူဘက်သို့ ပတ်သွားကာ ကားထဲ ဝင်ထိုင်လိုက်၏။

"ဩော် ... မောင်ချစ်"

မာမီ့ခေါ်သံကြောင့် တေဇာ လှမ်းကြည့်ပြီး ...

"ခင်ဗျာ ... ဒေါ်ဒေါ်"

"အပြန် ... ပုလဲက ကိတ်မုန့်နှစ်လုံးလောက် ဝယ်လာခဲ့ပါကွယ်"

"ဟုတ်ကဲ့"

ဒေါ်ခင်မြတ်လွင်လှမ်းပေးသောငွေစက္ကူကို လက်နှစ်ဖက်နှင့် လှမ်းယူကာ အင်္ကျီအိတ်ထဲ ထည့်လိုက်၏။

ပြီးမှ ... ကားကို မောင်းထွက်ခဲ့၏။

ဒီနေ့တော့ အေးအေးဆေးဆေးပါပဲ။

ဇင်ဇင်ကလည်း ဂရုဂကျောင် ဘာမှမပြောသဖြင့် တေဇာ ကားမောင်းရင်း စဉ်းစားနေမိ၏။

မန္တလေးရှိ ဖေဖေနဲ့မေမေထံ တေဇာ စာရေးလိုက်ပြီးပြီ။ အခြေအနေကို သဘောကျသွားပြီ။





လာရောက်စေ့စပ်ပေးကြပါရန် ဟူ၍။

လာလျှင်လည်း မင်းသေပိရိစေရန် အထူးသတိထားပါရန် သေသေချာချာ စာရေးလိုက်လေသည်။

ကားလေးက တက္ကသိုလ်ဝင်းထဲ ချိုးဝင်လာပါသည်။

ခါတိုင်းရပ်နေကျနေရာမှာ ဇင်ဇင့်သူငယ်ချင်းတွေ ရှိနေပါသည်။

မနေ့က ဇင်ဇင်နောက်ကျသဖြင့် သူတို့တစ်ယောက်မျှ စောင့်ကြချေ။

ဇင်ဇင်ကလည်း တစ်ခါတလေ တစ်ချိန်နီးနီး လွတ်သွားတတ်သဖြင့် အကြောင်းသိသောသူငယ်ချင်းများက ဘဲလ်တီးသည်နှင့် အပြေးအလွှား နေရာယူလေတော့သည်။

မနေ့ကဆို ... ဇင်ဇင် ငါးမိနစ်လောက် နောက်ကျ၏။ စာသင်နေသောဆရာ့ကို ဝင်ခွင့်ပြုပါဆရာ ဟု ပြောလိုက်သော ဇင်ဇင့်အား တစ်ခန်းလုံးရှိ မျက်လုံးများစွာတို့၏ ဂရုတစိုက် ကြည့်ကြသောဒဏ်ကို အောင့်သက်သက်ဖြင့် ခံလိုက်ရသည် မဟုတ်ပါလား။

အဲဒါ ဒီဒရိုင်ဘာကြောင့် ... ဟွန်း။

ဇင်ဇင့်လှုပ်ရှားမှုဆိုလျှင် တစ်ခုမကျန် လိုက်စပ်စုတတ်သော ချစ်ကိုကိုတို့ အုပ်စုထံမှ မကြားတကြား ရိနေသံကိုပင် နားပါးသောဇင်ဇင်က ကြားဖြစ်အောင်ကြားလိုက်ရသေးသည်။

"နောက်ကျတယ်ကွာ"

"ဒီလိုမှန်းသိရင် ဝင်ခေါ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ ကုန်ပြီ ... ကုန်ပြီ"

"ဘာလဲကွ"

"သူများတွေ ကြည့်ကုန်ပြီပေါ့"

"အဲဒါ မင်းအပူလား"

"ပူတယ်ကွာ ... ပူမိတယ်"

"ပူရင် ကန်တော်ကြီးမှာ ရေသွားကူးရအောင်"

"ဟာကွာ ..."

စိတ်တိုတိုနှင့် ဇင်ဇင် မျက်စောင်းလှည့်ထိုးပစ်လိုက်၏။

"ဟာ ... မျက်စောင်းထိုးတယ်ဟေ့"

"ရှူး ... ဆရာ ကြည့်နေတယ်"

တစ်ယောက်တစ်ပေါက် အတော်ကြာမှ တိတ်သွားတော့သည်။ အဲဒါ တိုဒရိုင်ဘာကြောင့် မဟုတ်လား။

"တယ် ... ဇင်ဇင်"

ငြိမ့်ခနဲဆိုက်လာသောကားပေါ်မှ ဒရိုင်ဘာကိုမြင်တော့ မိတဲ့တစ်စု အံ့ဩသွားကြ၏။

တေဇာက သွက်သွက်လက်လက်ဆင်း၍ ဇင်ဇင်ဆင်းရန် ကားတံခါး ဖွင့်ပေးလိုက်၏။

ကျန်လူတွေ ကြည့်နေကြသည်။

အပြင်ရောက်လာသော ဇင်ဇင့်ကို တေဇာက ...

"ဘယ်အချိန်ပြန်ပြီး လာကြိုရမလဲ မမလေး"

"တစ်နာရီ"

"ဟုတ်ကဲ့"





မျက်နှာ ခပ်ပြုံးပြုံးနှင့် ခါးလေး အနည်းငယ်ကိုင်းကာ တေဇာက ပြောအပြီး ကားကို မောင်းထွက်သွား၏။

ဘယ်သူ့ကိုမှ မကြည့်။

လောကမှာ ဇင်ဇင်တစ်ယောက်တည်းရှိတယ် ဟူသော ပုံမျိုး။ ဒီတော့ ထုံးစံအတိုင်းပေါ့။

သူကမှ မကြည့်တာ။ ဒေဝီတို့အုပ်စု တေဇာ့ကို အပြတ် ကြည့်ပစ်လိုက်ကြတာပေါ့။

တီရှပ် တစ်ပတ်နွမ်း၊ ကချင်လုံချည် တစ်ပတ်နွမ်းလေး နှင့်တောင် တေဇာ့အသွေးအမွေးက ရေရေလည်လည် သားနား နေသည် မဟုတ်ပါလား။

အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ဆံပင်နက်ခွေခွေ၊ မျက်ခုံး ထူထူ၊ မျက်လုံး ရှီရှီရွှန်းရွှန်း။

မေးရိုးကားကား၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းထူထူတို့က တေဇာ၏ တောင့်သောဖြောင့်သောဥပမိရုပ်များမဟုတ်ပါလား။

"မိဇင် ... ခုနကဟာ ဘယ်သူလဲဟင်"

ဒေဝီ့အမေးကို ဇင်ဇင်က ...

"ဘယ်သူလို့ထင်လဲ နင်တို့ ..."

အရေးထဲ ဇင်ဇင်က ပဟေဠိလုပ်နေပြန်သဖြင့် မေနီခင် က မျက်စောင်းလေးချိတ်၍ ...

"နင့်ရည်းစားလို့ထင်တာပဲဟာ၊ အရမ်းလိုက်တဲ့စုံတွဲလေး"

"မေနီ"

ဇင်ဇင် စိတ်တိုတိုနှင့် အော်တော့မှ မေနီခင်က ငုံ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူဆိုတာ နင်ပြောလိုက်ပါလား၊ အရေးထဲ ပွစာ ထုတ်နေတော့ အမြင်ကတ်တယ်"

"အေးလေ … ငါပြောတာလဲ အာ့ဖြေပဲဟာ၊ နင်တို့ သူ ဘာလုပ်တယ် မြင်သလဲ"

"ကားမောင်းလာတာလေ"

"ကားမောင်းလာတဲ့သူဟာ ဒရိုင်ဘာပေါ့ဟ၊ ကဲ … ဘာဆန်းသလဲ"

"ဟယ် … အဲဒါ ဒရိုင်ဘာ … ဟုတ်လား"

"အေးလေ"

"ငါတော့ မယုံပါဘူး"

"ဘာဖြစ်လို့လဲ"

"ရုပ်က ဒါလောက်ဖြောင့်တာဟယ်"

"အံမာ … ရုပ်ဖြောင့်တိုင်း ဒရိုင်ဘာ မဟုတ်ရတော့ဘူးတဲ့လား"

"ဟင့်အင်း … သူဌေးသားရုပ်၊ သူဌေးသမက်ရုပ် ဖြစ်သင့်တယ်"

ချိုရည်က စပ်ဖြဲဖြဲပြောလိုက်တော့ ဇင်ဇင်က မဲ့၍ …

"ဒါဆို နင်ယူလိုက်ပေါ့"

ချိုရည်ကလည်း မခံ။

"အောင်မာ၊ ငါကလိုချင်ပါတယ်ဆိုတာတောင် နင့်လူထ တို့တွေကို ဖုတ်လေတဲ့ငါးပိ ရှိတယ်တောင်မထင်တဲ့ပုံမျိုး သိလား နင့်မျက်နှာ တစ်ကမ္ဘာဘင်နေတဲ့ အချိုးနဲ့"





"ဟင်"

ဇင်ဇင့်မျက်နှာ မည်းခနဲ ပုပ်သွားပါတော့၏။

ကဲ … ထင်တဲ့အတိုင်း မြင်တာနဲ့ စ,ပြီ မဟုတ်လား။

ဒါကြောင့် … ဇင်ဇင် စိတ်တိုကာ …

ဒရိုင်ဘာငယ်ငယ်ခန့်လိုက်တဲ့ ဒယ်ဒီနှင့် မာမီကို စိတ်ထဲ ဆူလု ဖြစ်ချင်သွားတော့၏။

ဒေဒီကတော့ ဇင်ဇင် မျက်နှာပုပ်သွားတာကို လုံးဝ အရေး မစိုက်ဘဲ မေနီခင်နှင့် ချိုရည်ကို မျက်စ,လေး ပစ်လိုက်ပြီး …

"ဒါနဲ့ မိဇင် နင်တို့ဟာက အပြောတခြား အလုပ်တခြား ပါလားဟ"

"ဘာလဲ"

"ကြော်ငြာထည့်တုန်းက အသက်လေးဆယ်ထက် မငယ် ဆို ခု ဒီလူကအသက်ငါးဆယ်လား၊ နုလိုက်တာနော်၊ ဘာဆေး စားသလဲ မသိဘူး"

"ရွှေပုပ္ပားလား၊ နဝရတ်ရေစင်လား တစ်ခုခုပဲ"

မေနီခင်ကလည်း ထောင်ပေး၏။

ဇင်ဇင်က စူပုပ်နေရာမှ မျက်စောင်းခဲ၍ …

"ညည်းတို့လင် ဘာစားသလဲဆိုတာ ကိုယ်တိုင်သွားမေး ပါလား"

"အမေရေ၊ အမေ့သမီးကို ပြောနေပြီ"

ဒေဒီက ငိုမဲ့မဲ့လေးလုပ်၍ ပြောပြီးမှ …

"အဟုတ်ပဲဟာ၊ အဲဒီလို ဒရိုင်ဘာချောချောမျိုးသာဆိုရင် တော့ ငါးမိနစ်လောက်ပဲ တွဲထိုင်ရ ထိုင်ရ ကျေနပ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမ ... တော်တော်ထ"

"မိဇင်ရာ ... ဒါလောက် ချောတဲ့လူနဲ့ တူတူလာရတာကို နင့်မျက်နှာ အီးမှန်ထားတဲ့ မျက်ခွက်နဲ့"

"ငါကမှ မကျေနပ်တာ"

"ဩော် ... ဩော် လူကြီးချင်းကတော့ သဘောကျတယ် ပေါ့နော်"

မေနီခင်က ခပ်တည်တည်မေးလိုက်မှ ဇင်ဇင်က မဲ့၍ –

"စကားနောက် တရားပါ မေနီနော် ... ငါ ဘယ်လိုဆိုတာ နင်တို့ သိတယ် မဟုတ်လား"

"သိပါတယ်ဟာ၊ ရည်းစားမပြောနဲ့ ယင်ဖိုတောင်မသန်း တဲ့ ခြောက်ပြစ်ကင်းလေး ဇင်ဇင်ပါတဲ့ ... တဲ့"

ဒေဝီ့စကားကြောင့် ဇင်ဇင်က ပြုံးလာ၍ ...

"အေးဟာ၊ ငါက အဲဒီလို သဲလဲစင်နေလာပြီးမှ ဒီဒရိုင်ဘာ စုတ်ကြောင့် နင်တို့ ခုလိုစ,တာတောင်မှ မခံနိုင်ဘူး သိလား"

"မစ,ပါဘူးဟယ်၊ တကယ်ပြောနေတာပါ"

"ကြည့်ပါလား"

"သိပ်လှတဲ့ ဇင်ဇင်ကို မြင်ပါတယ်"

ဒီလူတွေက ပြောမနာ ဆိုမနာတွေမို့ ဇင်ဇင် စိတ်တိုလာ အလကားပါပဲ။

ကိုယ်ပဲ အရှုံးဖြစ်မှာ။

"ဒါနဲ့ ... ပြောစမ်းပါဦး မိဇင်ရ"

"ဘာလဲ"





"ဝယ်ဝယ်ချောချော ဒရိုင်ဘာဖြစ်သွားရတဲ့အကြောင်း"

"ဒယ်ဒီ့အသက်ကို ကယ်ခဲ့ဖူးတဲ့ ... အရင် ဒရိုင်ဘာ ဦးလေးညွန့်ရဲ့ တူ ဖြစ်နေလို့တဲ့"

"ဩော် ... ဩော် ကျေးဇူးခံ ကျေးဇူးစားပေါ့"

"အင်း"

"ငါသာ နင့်ဒယ်ဒီဆိုရင် ဒရိုင်ဘာ မလုပ်ခိုင်းပါဘူး"

"အေးလေ ... ငါကလဲ ဒယ်ဒီ့ကို ရင်းနှီးစားဖို့ရအောင် ငွေလေးဘာလေးထုတ်ပေးပြီး ကျေးဇူးဆပ်ပါလားလို့ပြောသေး တယ်ဟာ၊ လက်မခံပါဘူး"

"အဲဒီလူဟလား"

"မဟုတ်ဘူး ... ဒယ်ဒီက"

"ဘာဖြစ်လို့"

"အသားလွတ်ကြီးပေးတာကိုလက်မခံတဲ့အပြင် ကိုယ့်ဂု စောင်းခုတ်တယ်လို့ ထင်သွားလိမ့်မယ်တဲ့၊ သူ့လုပ်အားနဲ့ ရင်းတည်ပြီး လုပ်အားခအဖြစ် ပေးရတာက တစ်မျိုး တဲ့"

"အင်းပေါ့ ... ငါသာ နင့်ဒယ်ဒီဆိုရင် ဒါလောက် ဖြောင့်တဲ့လူငယ်ကို ဒရိုင်ဘာ မခန့်ဘူး"

"ဟင်"

"တစ်ခါတည်း သမီးနဲ့ပေးစားပြီး သမက်တော်လိုက်မှာပဲ"

"ခွေးမ ... နင်ယူပါလား"

"ငါမှ မကြိုက်တာ ... ကြိုက်ကြည့်ပါလား၊ ချက်ချင်း က်တဲ့ပစ်လိုက်မယ်၊ မူမနေပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမနော်"

"ဒါနဲ့ ... မိဇင်"

"ဘာလဲ"

"နင့်ကို အဲဒီက ဒရိုင်ဘာ ဘယ်လိုခေါ်လိုက်တယ်"

ဇင်ဇင် ပြုံးမိသွား၏။ ပြီးမှ ...

"မမလေးတဲ့"

"ဟယ် ... နင့်ထက် အသက်ကြီးမှာပေါ့၊ နင်ကလဲ နင်တို့အိမ်က ဇင်လေးလို့ ခေါ်သလို ခေါ်ပါစေပေါ့"

"ဟွန်း ... ငါက အဲလိုကို အခေါ်မခံချင်တာ"

"နင့်ဟာကလဲ အကျော့ကြီးနဲ့"

"ဒါတော့ မတတ်နိုင်ဘူးလေ၊ ဒူးနေရာဒူး၊ တော်နေရာတော်ပေါ့"

"ခုခေတ်မှာ ဒူးတွေ တော်တွေ မရှိတော့ဘူးဟ၊ လူသာပဓာနပါကွာ"

"ဟင့်အင်း ... ငါတော့ အဆင့်ချင်း မတူရင် တန်းတူမဆက်ဆံနိုင်ပါဘူး"

"ဒါနဲ့ ... အဲဒီလူနာမည် ဘယ်လိုခေါ်သလဲ မိဇင်"

"မောင်ချစ်တဲ့ ... ငါတော့ တင်တင်စီးစီး သူ့နာမည်ကိုလုံးဝ မခေါ်ပါဘူး"

"ဘယ်လိုခေါ်သလဲ"

"ဒရိုင်ဘာလို့ပဲ ခေါ်တယ်"

"ဟယ် ... မကောင်းပါဘူး"





"အမယ် ... ဘာဖြစ်လဲ၊ ဒရိုင်ဘာ ဒရိုင်ဘာပေါ့၊ ဘာ အားနာစရာရှိလဲ"

"ဩော် ... မိဇင်ရယ်၊ ကျိုးနေ ကန်းနေတဲ့လူကို ငကျိုး ငကန်းလို့ခေါ်ရင် မကြိုက်သလို ခေါ်တဲ့လူအနေနဲ့လဲ လူတစ်ယောက်ရဲ့ အားနည်းချက်အပေါ် နှိမ်နှိမ်ချချမပြောသင့်ဘူး မဟုတ်လား၊ လူမှုရေးအရတော့ ကြည့်ရမှာပေါ့ဟာ"

ဒေဝီက တွေးတွေးဆဆပြောလိုက်သလို မေနီခင်ကလဲ-

"အေးလေ ... နင့်ဟာကလဲ တရားနည်းလမ်း မကျလိုက်တာများ၊ သူက နင့်ကိုတော့ မမလေးလို့ ကျေကျေနပ်နပ်ခေါ်ရပြီး နင်က သူ့ကို တင်တင်စီးစီး ဒရိုင်ဘာလို့ မကောင်းပါဘူးဟာ"

"ဒါဖြင့် ... ငါက သူ့ကို ဘယ်လိုခေါ်ရမလဲ"

"ကိုကိုလို့ ခေါ်ပေါ့"

"နင်ပဲ ခေါ်ပါလား"

"သူ့နာမည် မောင်ချစ်နော်"

"အင်းလေ ... "

"လွယ်ပါတယ်ဟာ ကိုကိုချစ်ပေါ့"

"အဟား ... ဟား ... ဟား"

"အဟင်း ... ဟင်း ... ဟင်း"

သူငယ်ချင်းတွေအပေါ် ဇင်ဇင့်မျက်စောင်းတွေက ဗိုင်းခနဲ ဗိုင်းခနဲ ကျလာပါတော့သည်။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"လာ့ လာ လာ လာ့လာ ဒါ့ ဒီ ဒီ ဒါ့ ဒါ"

မှန်တင်ခုံရှေ့မှာ ဇင်ဇင် အလှပြင်နေသည်။

သည်နေ့ ကျောင်းပိတ်သည်။

သူငယ်ချင်းတစ်စု ရုပ်ရှင်သွားကြည့်ရန် ချိန်းထားကြ၏။

သည်တော့ ... ဘာဝတ်စုံလေး ဝတ်ရပါ့။

ဘာအရောင်လေး ရွေးရပါ့။

ခေါင်းပူအောင် စဉ်းစားရ၏။

အရောင်အမျိုးမျိုး ပုံအမျိုးမျိုး ဝတ်စုံတွေထဲက ဘယ်ဟာ ဝတ်ရင် ကောင်းပါ့မလဲနော်။

အရောင်အမျိုးမျိုးထဲမှာမှ အရောင်တူပြီး အသားမတူတာ တွေမှ တစ်ပုံကြီး။

ဇင်ဇင်က ပေဒါရောင်နှင့် သက်ဆိုင်သော အရောင်လေး တွေကို ပို၍ကြိုက်သည်။





ပေဒါရောင်ဆိုတာ အသားဖြူဝင်းသူများအဖို့ တောက် တောက်ကြွားကြွားလေး ရှိနေသည် မဟုတ်ပါလား။

ပေဒါခရမ်းဖောက် ဘီဘဲရှုံဝမ်းဆက်ကိုဆွဲထုတ်ပြီး ခုတင် ပေါ် တင်ထား၏။

ပြီးမှ ... ကော်ရတနာဘူးတွေ ကတ်တွေ ခွက်တွေထဲမှ တလစ် နားကပ်၊ ပုတီးကုံး၊ လက်ကောက်၊ လက်စွပ်၊ ပေဒါ ရေနီးဖောက်ရောင်ကို ရွေးထုတ်ထား၏။

အို ... ကြည့်စမ်း၊ ခြေသည်း လက်သည်းလေးတွေ ညှိရဦး မှာပါလား။

လက်သည်းတွေကို တံစဉ်းလေးနှင့် ညှိတယ်။

ဇင်ဇင့်လက်သည်းချွန်ချွန်သွယ်သွယ်လေးတွေက အရှည် ထည်းမဟုတ်။ အတိုလည်း ဆို၍မရ။ အနေတော်လောက်မှာ ညှိနှုန်ထား၏။ ပြီးလျှင် ဖျက်ဆေးသုံး၍ သန့်ရှင်းလိုက်၏။

အချောသတ်ညှိပြီးမှ ပေဒါရောင် လက်သည်းဆိုးဆေး ကို ဆိုးလိုက်၏။

တစ်ချောင်းချင်း တစ်ချောင်းချင်း အေးအေးဆေးဆေး စိတ်ရှည်လက်ရှည် ဆိုးသည်။

ဆိုးလိုက်၊ ပါးစပ်လေးနှင့် ခြောက်အောင် မှုတ်လိုက်၊ ထောင်ကြည့်လိုက်၊ အို စိတ်ဝင်စားသည့်အလုပ်ဆိုတော့လည်း စိတ်ဝါလက်ပါပဲပေါ့။

ဇင်ဇင်တို့က အလှအပကြိုက်တာ လွန်ပါရော။

လှပြီးသားရုပ်ရည်ကို ပို၍လှအောင် ပြင်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်လည်း မြင်တတ်သည်ပဲလေ။

အလှသာ မြင်နေရရင်ပြီးပြီ၊ ဘာမှမစားနဲ့ဆိုရင် ...

ဟုတ်ကဲ့ ... မစားပါဘူးနော် ဆိုသည့် အစားထဲက ...

ဇင်ဇင် ငယ်ငယ်တုန်းက အပြင်တစ်ခါတစ်ခါသွားဖို့ နှုတ်ခမ်းနီဆိုးထားပြီးပြီဆိုလျှင် ဘာမှ ကျွေး၍မရတော့။

မစားတော့။ နှုတ်ခမ်းနီပျက်မှာ စိုး၍ပါ။

ဗိုက်ဘယ်လောက်ဆာဆာ အောင့်ခံသည့် ဇင်ဇင်ပါ။

ခု ... ကြီးလာတော့ရော ...

အိုး ... ပို၍ ဆိုးတော့တာပေါ့။

အလှပျက်မည့် အလုပ်မှန်သမျှ ဝေးဝေးကရှောင်သည်။

တက်သိနားလည်လာပြီ မဟုတ်လား။

'ဝ' မှာစိုး၍ အဆီဓာတ်လွန်ကဲသောအစာများကို လုံးဝ မစားပါ။

ကိုယ်ကာယ အလှတိုးအောင် ... သတိအမြဲဆောင်၍ တစ်ပတ်တစ်ခါ ပေါင်ချိန် ချိန်ရတာလည်း မမောနိုင်မပန်းနိုင်။

ပေါင်ချိန် နည်းနည်းလောက်သာ တိုးလာကြည့်ပါလား။

ဇင်ဇင် တစ်နေ့တစ်ခါလောက်ပဲ ထမင်းစားတော့၏။

စားသည့်ထမင်းကလည်း ဝတ္တရားကျေသောက်ပါပဲ။

သစ်သီးဖျော်ရည်တွေ အသီးအရွက် အပွင့်တွေလောက်သာ အာသာပြေစား၏။

မာမီက ဇင်ဇင့်ကို ကြည့်ပြီး ...





"သမီးရယ် ... အစားအသောက် သိပ်လဲ အပင်ပန်းခံပြီး ရှောင်ပါနဲ့ကွယ်၊ သမီးကိုယ်လုံးလေးက မဝသေးပါဘူး၊ သွယ်သွယ်ပြည့်ပြည့်လေးလောက်ပါပဲကွယ်"

"အာ ... မာမီကလဲ၊ ခုနေသာ သွယ်သွယ်ပြည့်ပြည့် ဖြစ်နေတာ၊ ဘော်နေကြာ ပြည့်ပြည့်လုံးလုံးလေး ဖြစ်လာမှ တုတ်တိုးပုတ်မလေးဆိုပြီး ဇင် အပြင်ကိုမထွက်တော့ဘူး သိလား"

"ဩော် ... ကွယ်"

မာမီလည်း ဘာမျှမပြောတော့။

တစ်ခါတလေ မာမီက လုပ်တတ်သည်။

ကျောင်းအားရက်မှာ ဇင်ဇင့်ကို မီးဖိုချောင်လုပ်ငန်းလေးတွေ ဝင်ပြီး ကူလုပ်စေချင်သည်။

ပြောင်ကြီးတော့ မခိုင်း။

မာမီက အလွန့်ပါးသည်။

"သမီးရေ ... မာမီ လက်မအားလို့ ကြက်သွန်နီလေး တစ်ခုလောက် ပါးပါးလှီးပေးစမ်းပါဦး"

ဇင်ဇင်ကလည်း မာမီ့ကို တစ်ခါတလေကူညီချင်ပါသည်။

ဒါပေမဲ့ ချက်တာပြုတ်တာများ ဝါသနာက လုံးဝမပါ ဘူးလေ၊ မာမီကျေနပ်အောင် ကြက်သွန်နီတစ်လုံးကို ယူ၍ အခွံခွာ ထက်ခြမ်းလှီးလိုက်၏။

အငွေ့တွေ စူးခနဲ ပျံ့ထွက်လာသည်။

မျက်ရည်တွေ အလိုလို ပြည့်တက်လာတော့သည်ပေါ့။

ကြက်သွန်နီတစ်လုံးနှင့် နပန်းလုံးနေသော ဇင်ဇင့်ကို မာမီမြင်တော့ ရယ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဖြစ်ရလေ သမီးရယ်၊ ပေး ... ပေး"

ကြက်သွန်ငွေ့ရိုက်သဖြင့် မျက်စိနှစ်ဖက်လုံး နီရဲ ကိုက်ခဲကာ မျက်နှာသစ်ပစ်မှပဲ အေးတော့၏။

နောက်တစ်ခါ ကြက်သွန် လှီးခိုင်းပြန်တော့ ... ဇင်ဇင် ကြက်သွန်ကို ငုံ့၍ မကြည့်နေတော့။

ပညာ ရသွားပြီလေ။

မျက်နှာလေး မော့မော့ထား။ မျက်လုံးလေး အောက်စိုက်ကြည့်ကာ လှီးရ၏။ ထိုအခါမှာလည်း ဓားက အရှိန်လွန်ကာ ကိုယ့်လက်ညှိုးထိပ် ကိုယ်ပြန်လှီးမိပြန်သည်ပေါ့။

"အမယ်လေး ... မာမီရေ လုပ်ပါဦး၊ သွေးတွေ ဟီး အီး"

ငယ်သံပါအောင်အော်ကာ မကြီးမငယ်နှင့် အော်အော်ငိုနေသော ဇင်ဇင့်ကိုကြည့်၍ မာမီ ခြေမကိုင်မိ လက်မကိုင်မိ။

"ဟဲ့ ... ဟဲ့ အရက်ပြန်ယူလာစမ်း၊ တင်ချာပုလင်းပါ ယူခဲ့"

မာမီ ပျာယာခတ် အလုပ်ရှုပ်သွားတော့၏။

"တော်ပြီ ... တော်ပြီ၊ ခိုင်းရတာနဲ့ မကာမိဘူး သမီးရယ်။ သမီးက နမော်နမဲ့နိုင်တာရော စိတ်မပါတာရောဆိုတော့ ထိမိ ရှမိတာပေါ့ကွယ်"

အဲဒီကတည်းက ဇင်ဇင် မီးဖိုနား လုံးဝမနီးတော့။

ဟုတ်တယ်လေ။

ဟိုလှီး ဒီခုတ်နဲ့ ... တွန်းတိုက်ဆေးတွေ လုပ်ရတာ လက်သည်းလှလှလေးတွေ မှဲ့ကုန် ကျိုးကုန်တော့မှာပေါ့။





မာမီက ပြောပါသည်။

"သမီး အိမ်ထောင်ကျရင် ဘယ့်နှယ်လုပ်မလဲ" တဲ့။

"ဟွန်း ... လွယ်ပါတယ် မာမီရဲ့၊ ဆိုင်မှာ ချိုင့်ဆွဲ မှာစားရုံပေါ့ ..."

ကောင်းရော။

အဲဒီလို ဇင်ဇင်ပါ။

သူများလို အိမ်ဖော်တွေ ဘာတွေလဲ အားမကိုးပါဘူး။

ကိုယ်မပိုင်တဲ့အလုပ် သူများကို ဆရာ မလုပ်ချင်ပါဘူးနော်။ တော်ကြာ အိမ်ဖော်လှီးသမျှ ငုတ်တုတ်လေး ခံနေရဦးမယ်၊ မခံနိုင်ပေါင်။

ချိုင့်ဆွဲမှာလိုက်တာကမှ ရှင်းသေးတယ်။

စားချင်တာ ပြောလိုက်ရုံပဲ။

ဒီဆိုင်မကောင်း ဂျောင်းပေါ့။

နောက်တစ်ဆိုင်ပြောင်း။ ကဲ ... မပိုင်လား။

မီးဖိုချောင်ကိစ္စမှာသာ ဇင်ဇင် ဝါသနာမပါတာ။

ဧည့်ခန်းအလှပြင်တာတွေတော့ ရတယ်။

အဲဒါတော့ ဝါသနာအပါသား။

စားပွဲခင်းလှလှတွေ တပ်မယ်။

ပန်းအိုးထိုးမယ်။

ရှိုးကေ့စ်ထဲက အရုပ်တွေနဲ့ စင်ပေါ်က အရုပ်တွေကို ထိုရွှေ့ ဒီပြောင်း ထရန်စဖာ လုပ်ပစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာထားရင် လှမလဲ။

ဘယ်လိုထားရင် ပိုလှမလဲ။

အမျိုးမျိုး ထားကြည့် ရွှေ့ကြည့်မယ်။

အဲဒီလိုကျတော့လဲ ဝါသနာက အပါသား။

ဇင်ဇင့်အခန်းလေးဆို အမြဲတမ်း သပ်ရပ်သန့်ရှင်းပြီး လှပနေတတ်သည် မဟုတ်ပါလား။

"သမီးရေ"

ခေါ်သံနှင့်အတူ မာမီ ဝင်လာပါသည်။

ဇင်ဇင်က ဆိုးပြီးသွားသော ခြေသည်းလှလှလေးတွေကို မြန်မြန်ခြောက်အောင် ယပ်တောင်လေးနှင့် လေယပ်နေလေသည်။

မာမီ့ကို လှမ်းကြည့်ပြီး ဇင်ဇင် ပြုံးပြလိုက်၏။

မာမီ့လက်ထဲမှာ စာတစ်စောင် ကိုင်ထားသည်။

"ဘယ်ကစာလဲ မာမီ"

မာမီက ခုတင်စွန်းမှာ ဝင်ထိုင်ရင်း ဇင်ဇင့်ကို ပြုံးပြုံးလေး ကြည့်ကာ အခန်းတစ်ခုလုံးကို မျက်လုံးဝေ့ကြည့်လိုက်၏။

အားလုံး သူ့နေရာနဲ့ သူပါ။

သမီးအခန်းက အမြဲတမ်းလှပနေကာ နေချင့်စဖွယ်လေး ဖြစ်နေရသည်။

"ဟင် ... မာမီ၊ ဘာစာလဲလို့"

ဒုတိယအကြိမ်ထပ်မေးတော့မှ မာမီက ...

"မန္တလေးက စာပါကွယ်"





"မန္တလေးက ... ဘယ်သူလဲဟင် မာမီ"

"ခင်ဦးဆီက စာပါကွယ့်"

"ခင်ဦးဆိုတာ ဘယ်သူလဲ မာမီ"

"မာမီတို့ သူငယ်ချင်းပေါ့၊ ဟိုတစ်ခါ ကိုဝင်းမောင့်သား မင်္ဂလာဆောင်သွားတုန်းက ဧည့်ခံပွဲမှာတွေ့တဲ့ ကိုအောင်ချစ်လေ ... မှတ်မိလား"

"သြော် ... မှတ်မိပြီ ... မှတ်မိပြီ မာမီ၊ အဲဒီ အန်ကယ် အောင်ချစ်က အခု စာရေးတဲ့ အန်တီနဲ့ ..."

"လင်မယားလေ ... ခင်ခင်ဦးတို့"

"နာမည်လေးက ချစ်စရာလေးနော်"

"လူကလဲ အရမ်းလှတာ သမီးရဲ့"

"ဟင် ... ဟုတ်လား"

လှတာဆိုတော့ အလှကြိုက်မလေး ဇင်ဇင် စိတ်ဝင်စားသည်ပေါ့။ ပြီးမှ ...

"အဲဒီ အန်တီ ခင်ဦးက ဘာတွေရေးလာသလဲ မာမီ"

"သိချင်ရင် ဖတ်ကြည့်လေ ... ရော့"

"မာမီ ပြောပြပါလား"

"ပြောပြတာထက် ဖတ်ကြည့်တာက ပိုပြီး အသေးစိတ် စုံစုံစေ့စေ့ သိရတာပေါ့ကွယ်"

"ကဲ ... ဒါဆိုလဲ ဖတ်မယ်"

မာမီ့ဆီကစာကို ယူ၍ ဖွင့်လိုက်၏။

မာမီ့မျက်နှာလေးက ပြုံးနေပါသည်။ အင်း ... တစ်ခုခုပဲ။



www.burmeseclassic.com

www.burmeseclassic.com



မမြတ်ရေ ...

ခင်ဦး စာရေးလိုက်ပါတယ်နော်။

နေကောင်းကြတယ်မဟုတ်လား။ ခင်ဦးတို့လဲ အားလုံး နေကောင်းကြပါတယ်။

ကိုသော်ဇင်တစ်ယောက် အလုပ်များနေလား။ ကိုချစ်တော့ ဆေးရုံနဲ့အိမ် ဂျင်ဂျင်လည်နေတယ်လေ၊ ခင်ဦးလဲ ဆိုင်နဲ့ အိမ် ချည်ငင်သလိုပဲ မမြတ်ရေ။

ခု ခင်ဦး စာရေးတာ အကြောင်းရှိတယ် သိလား။ ဟိုတုန်းက ခင်ဦးတို့ကတိရှိထားတာလေ၊ မှတ်မိသေးလား။ ခင်ဦးတို့ သားသမီးတွေ ကြီးလာရင် ခမည်းခမက်တော်ရအောင် ဆိုတာလေ။

ကဲ ... ခုတော့ အချိန်ရောက်ပြီ မမြတ်ရေ။

ကိုချစ် တွေ့ခဲ့တဲ့ မမြတ်တို့ရဲ့သမီးလေးကို ခင်ဦးတို့ သားကြီးနဲ့ လက်ထပ်ပေးရအောင်လား။ သားကြီးက ဘွဲ့ရပြီးပြီ၊ ကိုယ်ပိုင် ဝပ်ရှော့တစ်ခု ထောင်ထားတယ်၊ အသောက်အစား အပျော်အပါးမရှိ၊ သဘောကောင်း ရုပ်ချောလေး မမြတ်ရေ။

ခင်ဦးတော့ မမြတ်ရဲ့သမီးလေးကို မမြင်ဖူးပေမယ့် သဘောကျပြီးသားပါနော်၊ ခင်ဦးတို့သားကိုလဲ ငြင်းပယ်လိမ့်မယ် မဟုတ်ဘူးလို့ မျှော်လင့်မိပါတယ်။

မတွေ့ကြတာကြာလို့ မမြတ်နဲ့လဲ တွေ့ချင်ပါတယ်။ ခုလာမယ့် နွေ တက္ကသိုလ်ကျောင်းတွေပိတ်ရင် ခင်ဦးနဲ့ သမီး နှစ်ယောက် ရန်ကုန်ကိုလာလည်မယ်နော် မမြတ်၊





သားကိုတော့ ခေါ်လို့မရဘူး မမြတ်ရေ၊ ရှက်တယ်တဲ့၊ ဒါပေမဲ့ သားကလေ သူ့ဖေဖေ့အပြောနဲ့ကို တစ်ဖက်သတ် ကျိတ်ပြီး သဘောကျနေလေရဲ့။

ကဲ ... ဒါပဲနော် မမြတ်၊ အကျိုးအကြောင်းစာရေးပါဦး။

ခင်တဲ့ ခင်ဦး
မန္တလေး။

စာဆုံးသွားတော့ ဇင်ဇင် မဲ့လိုက်၏။

မာမိက ပြုံး၍ ...

"ကဲ ... ဘယ်လိုလဲ သမီး"

"ဟာ ... မာမိရာ၊ ဇင်ဇင် ငယ်ပါသေးတယ်နော်"

"အေးလေ ... ခုချက်ချင်းကြီးတော့လဲ ဘယ်ဟုတ်မလဲ သမီးရယ်၊ ကျောင်းပြီးရင်ပေါ့"

"အချိန်တွေ အများကြီးရှိပါသေးတယ် မာမိရာ"

"အဲဒီ အချိန်တွေအများကြီးရှိတာကိုပဲ ကိုယ်က စဉ်းစား ဖို့လိုတယ် မဟုတ်လား၊ ဒီမှာ ... သမီး"

"ရှင် ... မာမိ"

"မာမိ တစ်ခုမေးချင်တယ်"

"ဟုတ်ကဲ့"

"မှန်မှန် ဖြေနော်"

"ဇင်ဇင် ဘယ်တုန်းကမှ မလိမ်ခဲ့ဖူးဘူး မာမိ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သိတယ် သမီး၊ ဟိုတုန်းက ဘယ်လိုပဲ မလိမ်ခဲ့ ဖူးပေမယ့် မိန်းကလေးတွေဟာ အချစ်ကိစ္စနဲ့ ပတ်သက်လာရင် အလိုလို လိမ်တတ် ညာတတ်ကြလွန်းလို့ကွယ့်"

"မာမီ မေးချင်တာ ဇင် သိပြီ"

"ဘာတဲ့လဲ"

"ဇင့်မှာ ချစ်သူရှိသလား ဆိုတာပေါ့"

"ဟုတ်တယ် သမီး"

"မာမီ"

"ဟင်"

"ဇင့်အပေါ်မှာ မိခင်လို သူငယ်ချင်းလို ရင်းနှီးပွင့်လင်းမှု ရှိတဲ့ မာမီ့အပေါ်မှာ ညာရလောက်အောင် ဇင် မမိုက်သေး ပါဘူး နော်"

"အပြောကောင်းလေး"

"တကယ်ပါ မာမီရဲ့၊ ဘာ ညာစရာရှိသလဲ၊ အခုချိန်ထိ ဇင် စိတ်ဝင်စားတဲ့ တစ်ယောက်မှ မရှိသေးလို့ မာမီရဲ့ ရှိရင် လေ ..."

"တိတ်တိတ်လေး နေလိုက်မှာလား"

"မာမီ အရင်ဆုံးသိစေရမယ် သိလား၊ ပြီးတော့ မာမီတို့ သဘောတူမှ ယူမယ်၊ သဘောမတူရင် ဇင် နောက်ဆုတ်လိုက် မယ်၊ ဇင့်အပေါ် အလိုလိုက်လွန်း တာဝန်ကျေပွန်းတဲ့ မာမီတို့ အပေါ် ဒီတစ်ခုအတွက် ဇင် စံပြသမီး ဖြစ်စေရမယ် မာမီ"

ဉာဏ်ဝင်းစာပေ



"ဝမ်းသာတယ် သမီးရယ်။ ဒါဆို မာမီတို့ စိတ်အေးရပါ ပြီ တော်ကြာ ကျွန်ယုံ တစ်ဖက်ကန်း၊ သားသမီးယုံ စုံလုံးကန်း အထိ မရောက်ပါရစေနဲ့ကွယ်"

"မာမီရယ် ဇင်ပါ၊ တခြားလူ မဟုတ်ပါဘူး"

"ဒါဆို မာမီ ခင်ဦးဆီ စာပြန်လိုက်တော့မယ် သမီး"

"ဟင် ..."

ကိုယ့်စကားနဲ့ကိုယ် ပိတ်မိနေပါပြီ။ ပြီးမှ ...

"ဟို ... ဟို ... နေပါဦး မာမီရယ်"

"ဘာဖြစ်လို့လဲ သမီးရဲ့"

"အဲဒီ အန်တီခင်ဦးသားဆိုတာ ဖြူသလား၊ မည်းသလား သိရဘဲနဲ့"

"စာထဲမှာ ပါတယ်လေ သမီး၊ ရုပ်ချော သဘောကောင်း တဲ့ ..."

"အဟင်း ... ကိုယ့်ရွှေတော့ ကိုယ်မွမ်းကြတာပဲ မာမီရဲ့ တော်ကြာ စကားတွေလွန်ထားပြီးမှ ကိုယ်အင်္ဂါ တစ်ခုခုမှာ ချွတ်ယွင်းနေတဲ့လူ ဖြစ်နေရင် သွားပြီ"

"ဩော် ... သမီးရယ်၊ မာမီနဲ့ ခင်ဦးတို့က အဲဒီလို မဟုတ် မမှန် ညာလို့ရမယ့် လူတွေမှမဟုတ်တာကွယ်၊ အတွင်းသိ အစဉ်းသိ၊ ဒါလောက် ရင်းနှီးကြတဲ့လူတွေပဲဟာ၊ မတော်တဆ အဲဒီလိုဖြစ်ကြည့်ကြည့် ... မာမီက အရင်ဆုံးထကောမယ့် လူပါ ကွယ်"

"ဟာ ... မာမီကလဲ၊ အဲလိုဆို ဘယ်ကောင်းတော့မလဲ ရှက်စရာကြီး"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး သမီးရယ် ... ခင်ဦးမှာ ချိုကျိုး နားရွက်ပဲ့ တစ်ယောက်မှ မရှိပါဘူးကွယ်၊ အားလုံးဒေါင်ဒေါင်မြည်တွေပဲ၊ ခု သမီးစိတ်ပူသလိုမျိုး သူတို့လဲ ပူနေရင် သမီး ဘယ်လိုနေမလဲ"

"အာ ... အဲဒါတော့ မခံနိုင်ပါဘူး မာမီရယ်၊ ဇင်တ ခြောက်ပြစ်ကင်း သဲလဲစင်ပါနော်"

"အေး ... အေး ... ကိုယ့်ငါးချဉ်တော့ ကိုယ်ချဉ်ကြတာပါ ပဲကွယ်"

"အဟင်း ... မာမီကလဲ"

"သမီးကညာ အခါမလင့်စေနဲ့တဲ့"

"ကဲပါ မာမီရာ၊ စိတ်ချ မာမီ့သဘောကျ ဖြစ်စေရမှာပါ၊ နောက်မှ တစ်ခုခုဖြစ်ရင် မာမီတို့လူကို ပြန်အပ်လိုက်ရုံပေါ့"

"ဟဲ့ ... သမီး စကားကို ပေါ့ပေါ့တန်တန် မပြောရဘူးကွယ်"

"ဩော် ... မာမီ"

"ဟင် ... ဘာလဲ သမီး"

"မာမီ စာရေးရင် ... သမီး အချက်အပြုတ် မရဘူးလို့ ထည့်ရေးဖြစ်အောင် ထည့်ရေးနော်၊ တော်ကြာ အတင်းဖြော မခံချင်ဘူး"

"ဩော် ... သမီးရယ်"

◈ ◈ ◈





# အခန်း (၁၃)

"ဒီမှာ ... ဒီမှာ"

"ဗျာ ... မမလေး"

"ရှင့်အဝတ်အစား သွားပြန်လဲချည်ဦး"

"ဗျာ"

တေဇာက ဝတ်ထားသော လုံချည်နှင့် အင်္ကျီကို ငုံ့ကြည့်လိုက်၏။ ဂျီကြူစပို့ရှပ်တစ်ပတ်နွမ်း နှံ့သာရောင်။ ရခိုင်ပုဆိုး အညိုရင့်ရောင်ကလည်း တစ်ပတ်နွမ်းပါပဲ။

"တခြား ဒီ့ထက်ဟောင်းတဲ့တစ်စုံ သွားလဲချည်"

"ဘာ ... ဘာဖြစ်လို့လဲ မမလေး"

တေဇာ အူကြောင်ကြောင် ပြန်မေးလိုက်၏။

ဇင်ဇင်က စိတ်မရှည်ဟန် ခါးလေးထောက်၊ မျက်မှောင်ကြုတ်၍ ...

"ဘာဖြစ်ဖြစ် ... လဲဆိုလဲ၊ ရှည်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



တေဇာ ပြုံးလိုက်၏။

သူ့ဆန်စား ရဲမှ မဟုတ်လား။

လဲဆို လဲလိုက်ရုံပေါ့။

စံမြန်းရာ တန်းလျားဆောင်ကို ပြန်လာခဲ့ရ၏။

"မြန်မြန် ... မြန်မြန်"

ဇင်ဇင် လှမ်းအော်သံကို ကြားလိုက်ရသဖြင့် တေဇာ နောက်ပြန်လှည့် ခါးညွတ် ခေါင်းညိတ်ပြလိုက်၏။

ပြီးမှ တန်းလျားအပြင်ဘက် ခွေးကတက်ပေါ်မှာ လွှ ထားသော ရေလဲပုဆိုးအဟောင်းလေးကို လဲဝတ်လိုက်၏။

"ဟ ... ဘာဖြစ်လို့တုံး၊ ရေချိုးမလို့လားကွ"

တစ်ဖက်ခန်းမှ ဦးဘက လှမ်းမေး၏။

တေဇာက ချွတ်ထုတ်လိုက်သော ကိုယ်မှလုံချည်ကွင်း ကို ခြေဖျားလေးနှင့် ကန်ယူလိုက်ရာမှ ...

"ချိုးပါဘူး ဦးလေးရာ၊ မဖုရားလေးက အဝတ်လဲချည် ဆိုလို့ လာပြန်လဲရတာပါဗျာ"

တေဇာကလည်း ထုတ်လိုက်သောလုံချည်ကို တန်း ပြန်တင်၊ အခန်းထဲက အကျီချိတ်မှာ ချိတ်ထားသော စိုင် နီညိုစင်း ခပ်ဟောင်းဟောင်းလေးကို ယူဝတ်လိုက်၏။ ဦးဘ ဝရန်တာပေါက်ဝမှ ရပ်ကြည့်နေရင်း ပြုံး၍ ...

"အင်း ... မောင်ရင်လေးဒီကွကလဲ မသေးပါလားကွာ"

"ဗျာ"





"လူကသာ ဒရိုင်ဘာဆိုတယ်၊ ရုပ်ရည်ကလဲ အဖြောင့် း အဝတ်တွေကလဲ တစ်ပတ်နွမ်းပေမယ့် အတော်လေးကို ကောင်းသေးတဲ့ တစ်ပတ်နွမ်းလေးတွေဆိုတော့ သားသား နားဖြစ်ပြီး ဒရိုင်ဘာရုပ်မှ မပေါက်ဘဲကွာ၊ ကောင်မလေးက များ ဟိုထင်ဒီထင် ထင်မှာစိုးလို့နေမှာပေါ့ကွာ"

"အဟင်း ... မပြောတတ်ပါဘူး ဦးလေးရာ၊ အဝတ်အစား တွေကလဲ အရင် ကျွန်တော် ဝပ်ရှော့လုပ်တဲ့ ဆရာ ပေးတဲ့ တွေပါဗျာ"

တေဇာ မှင်သေသေနှင့်ပြောရင်း ထွက်လာခဲ့၏။

မှန်လည်း မှန်သည်။

တေဇာမှာ အဝတ်တွေက ဒရိုင်ဘာနှင့် သိပ်တော့မကိုက်။ ကောင်းစားတွေ ဖြစ်နေ၏။

ကားခေါင်းကိုမှီ၍ ဇင်ဇင် ရပ်နေ၏။

တေဇာ လာနေတာကိုမြင်တော့ ဇင်ဇင် ကြည့်လိုက်၏။

"အင်း ... အဝတ်ကသာ နွမ်းတာ။ ဒီလူရုပ်ရည်ကတော့ ချွတ်သားနားနေပါလား။

ဟူသောအတွေးနှင့်အတူ မျက်နှာ ဆတ်ခနဲလွှဲ၍ ကားထဲ င်ထိုင်လိုက်၏။

တေဇာက ကားထဲရောက်တော့ ကားကို မောင်းထွက်ခဲ့ သည်။ ဇင်ဇင်က စာအုပ်တစ်အုပ်ဖွင့်ရင်း ပါလာသည်။

စာအုပ်ကို ဟန်ဆောင်ပန်ဆောင် ဖွင့်နေပေမယ့် ဇင်ဇင် ဇာတ်ဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကပေါ့။

ဇင်ဇင် ကျောင်းကိုရောက်တော့ ထုံးစံအတိုင်း ဒရိုင်ဘာက တံခါးဖွင့်ပေး။ ဇင်ဇင်က ခပ်မော့်မော့်လေး ထွက်၊ ဇင်ဇင် အပြင်ရောက်တော့ ဒရိုင်ဘာက ကားတံခါးကို ယုယုယယလေး ပြန်ပိတ်၊ ပြီးတော့ ကိုယ့်နေရာ ကိုယ်ဝင်ထိုင်ပြီး လျှောခနဲ မောင်းထွက်သွား။

ဒါတွေ ဒါတွေကို ဒေဇီတို့အုပ်စုက အသေးစိတ် မှတ်တမ်း တင်နေတာကိုး။

ဇင်ဇင် သူတို့နားရောက်တဲ့အထိ ကောင်မတွေရဲ့ မျက်လုံး တွေက ကားဖင်မြီးမှာ ကပ်ပြီး ပါသွားသလို တစ်ခါတည်း ငမ်းကြောတစ်ထောင်နဲ့ ပါဝါကုန် ကြည့်နေလိုက်ကြတာလေ။

ဟွန်း ... ဒရိုင်ဘာကိုများ သင်းတို့က မိန်းမချေးကျလွန်း တယ်။

ဖြစ်နေကြပုံကို အမြင်ကတ်ကတ်နဲ့ သူတို့အားလုံးကို ဖြတ်ပြီး ဇင်ဇင် သွားလိုက်တာပေါ့။

ဒီတော့မှ မိန်းမတွေက ပျာပျာသလဲ ပြေးလိုက်လာပြီး -

"မိဇင်"

ဇင်ဇင် မထူး။

ထူးချင်စိတ်မှ မရှိတာ။

မှုန်တေတေနဲ့ ပြန်ကြည့်ပစ်လိုက်တာပေါ့။

ဒါကို မရွှေစာတွေက လုံးဝဂရုမစိုက်တဲ့အပြင် ဒေဇီက

"မိဇင် နင်ဟာလေ တွန့်တိုစရာမရှိ ကြဲဖန်တွန့်တိုနေတာ ပြော မပြောလိုက်ချင်ဘူး"





ဒေဇီ့စကားကြောင့် ဇင်ဇင့်မျက်နှာ မှုန်ကုပ်ကုပ် ဖြစ်နေ ရာကနေ ဇဝေဇဝါ ဖြစ်သွားတော့တာပေါ့။ ဒါကြောင့် ...

"ဘာလဲ ... ဘာလဲ၊ ရှင်းရှင်းပြော နားမလည်ဘူး"

"အေးပေါ့ ... အေးပေါ့ ... ကိုယ့်လူ ကိုယ်ပိုင်နေမှတော့ မိဇင်တို့က လေသံကကို အထက်ကနေပြီး ... ဟွန်း"

"ဘာတုံးဟ ... ဘာတွေတုံး၊ ငါ ဘာမှ နားမလည်ဘူး"

"ဟင်း ဟင်း နားမလည်ချင်ယောင်ဆောင်တဲ့အက်တင် တာ အကယ်ဒမီရှော့ပဲဟ့"

မေနီခင်က ပြုံးမဲ့မဲ့လေး ဝင်ပြောတော့ ချိုရည်ကလည်း ခေါင်းတဆတ်ဆတ်ညိတ်ကာ ထောက်ခံသည်။

ဒီတော့ ဇင်ဇင် စိတ်တိုလာရောပေါ့။

"နေဟာ ... ဘာမှန်းလဲ မသိဘဲနဲ့၊ ဘုမသိ ဘမသိ အကြောင်းရိုက်နေကြတာ"

ဘုပြော ပြောပြီး လှည့်ထွက်မယ်အလုပ် ... ဒေဇီက လက်မောင်းကို အသာဆွဲထားပြီး ...

"ကိုယ်ဆင်ထားတဲ့ ဇာတ်ပဲကွာ၊ နင် နားအရသာရှိအောင် ငါတို့ ပြောပေးပါ့မယ်"

"ဘာလဲ"

"အင်း ... လေသံကလဲ မာနိုင်ပါ့၊ မာနိုင်ပါ့"

"ဒရိုင်ဘာချောချော မာန်တက်တာပေါ့"

"ဘာ"

"မိဇင် နင် ဘာတွေမှာပြီး ဘာတွေပြောထားလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ ဘယ်သူ့ကိုလဲ"

"ဟို ... ဒရိုင်ဘာ ကိုကို့ကိုလေ"

"အရောကို မဝင်ဘူး ... သိလား"

"အလဲ့"

"တို့ရှေ့မှာမို့ မဟုတ်လား"

"ပေါ့ ... မျက်နှာ သေသေချာချာကြည့်ထား၊ ဇင်ဇင်တဲ့"

"ကြည့်ပါတယ်ရှင်၊ သိပ်ချော သိပ်လှပြီး မှင်တွေ ဟန်တွေလဲ ကောင်းမှကောင်း"

"မိဇင်"

"နင်တို့ စ,စရာကုန်ပြီလား"

"အာ ... ပြောတောင် မပြောရသေးတာကို"

"ကဲ ... ပြော ... ပြော"

"အဲဒီ ကိုမောင်ချစ်"

"ဘာ ... ကိုမောင်ချစ်လဲ၊ မောင်ချစ်တဲ့ မောင်ချစ်"

"နှမချစ်ကော မပါဘူးလား"

"ဟွန်း ... ဒရိုင်ဘာကိုများ လေးလေးစားစား"

"ဟဲ့ ... တို့ထက် အသက်ကြီးတာပဲဟာ"

"ကြီးကြီး ဒရိုင်ဘာဟာ ဒရိုင်ဘာပဲ"

"အင်း ... ရှေ့တင်တော့ ပြောတာပဲ၊ နောက်ကွယ်မှာ ဘာတွေ ပြောထားမှန်းမှ မသိတာ၊ ဟိုလူခများ ဇင်ဇင်ကလွဲပြီး လောကကြီးတစ်ခုလုံး သက်ရှိသတ္တဝါတွေ တစ်ကောင်မှ မရှိတော့ဘူး ဆိုတဲ့ ပုံမျိုး"





"မေနီနော်"

"အဟုတ်ပြောတာ၊ ငါတို့ အမြဲကြည့်တယ်၊ နင့်ဒရိုင်ဘာ ကိုကိုက နင်ကလွဲပြီး ဘယ်သူ့ကိုမှ မကြည့်ဘူး သိလား၊ တို့တွေကို နင့်သူငယ်ချင်းအနေနဲ့တောင် သူ့မှာ အသိအမှတ်ပြုချင်ပုံ မပေါ်ဘူးဟ"

"အဲဒါ ငါနဲ့ ဘာဆိုင်လဲ"

"နင်က မကြည့်နဲ့လို့ ပြောထားတာ နေမှာပေါ့"

"ငါက ဘာလို့ ပြောရမှာလဲ"

"မပြောဘူးလား"

"ဒီမှာဟေ့ ... စကားနောက် တရားပါ၊ ငါ့ကို နင်တို့ အဲဒီ ဒရိုင်ဘာစုတ်နဲ့ စ,လို့ကတော့ ရယ်ချင်တယ်"

"ဒရိုင်ဘာစုတ် မဟုတ်ပါဘူးဟယ်၊ အရမ်းချောတာကို"

"ဩော် ... ဩော်၊ ဒီမှာ ဒေဝီ၊ မေနီ၊ ချိုရည်"

"ဟုတ်ကဲ့ ... အမိန့်ရှိပါ"

"နင်တို့ အူပုပ်မှန်း တောက်ကျစ်မှန်း ခုမှ ငါ သိရတော့တယ်၊ တော်ပြီ နင်တို့ကို သူငယ်ချင်းအဖြစ်က ရပ်စဲပစ်မယ်"

"ဟယ် ... ဘာလို့"

"စွဲချက်က ပြင်းလှချည်လား"

"ပျော်လို့ စ,တာကို မိဇင်ကလဲ"

ဇင်ဇင့်မျက်နှာက မထီတရီပါ။

"ဩော် ... နင်တို့ ပျော်ချင်လို့ ပါးစပ် သရမ်းချင်တိုင်း ငါက ဒရိုင်ဘာနဲ့ ဘာလိုလို ညာလိုလိုဖြစ်အောင် လျှော်ပေး



www.burmeseclassic.com

www.burmeseclassic.com



ကြတာပေါ့လေ ... ဇင်ဇင်တဲ့၊ အဆင့်ချင်း မတူလို့ကတော့ အနားတောင် အသီမခံဘူး သိလား၊ ငါ့ကို ဒရိုင်ဘာနဲ့ စ,လား နောက်လား အပြောမခံချင်လို့ စကတည်းက ဒယ်ဒီတို့နဲ့ အတိုက် အခံလုပ်ပြီး ငါ ကန့်ကွက်ခဲ့တယ်၊ ဒီလူကို မခန့်ပါနဲ့လို့၊ ဒါပေမဲ့ ငါ့စကား မအောင်မြင်ခဲ့ဘူး၊ ဟော ... ခုတော့ ငါထင်တဲ့အတိုင်း နင်တို့စ,ပြီ။ တော်ပြီ ... နောက်နေ့ကစ ငါ ဒီဒရိုင်ဘာနဲ့ဆိုရင် ကျောင်းကို မတက်တော့ဘူး၊ နင်တို့နဲ့လဲ တွဲချင်ခေါ်ချင်စိတ် မရှိတော့ဘူး၊ လူကို ချိုးချိုးဖွဲ့ဖွဲ့ ဒရိုင်ဘာနဲ့ အရိခံရတာလောက် ငါ အောင့်တာ မရှိတော့ဘူး"

ဇင်ဇင် စိတ်တိုလွန်းသဖြင့် အသံရော အသားပါ တုန်နေ၏။ စိတ်ထဲမှလည်း တနုံ့နုံ့ ခံရခက်နေသည်။

ဒါ သက်သက် ငါ့ကို ချိုးတာ။

နင် ဘယ်လောက်ချမ်းသာချမ်းသာ ... တို့တော့ ဒရိုင်ဘာနဲ့ပဲ စ,ချင်တယ်ဆိုတဲ့ ပုံမျိုး။

ဇင်ဇင့်ပုံက အဲဒီလောက်ထိ ပေါ်နေပြီလား။

စ,စရာ ဒါလောက်ပဲ ရှားရသလား။

ဇင်ဇင် တကယ်စိတ်ဆိုးတော့မှ ကောင်မတွေ ပျာပျာသလဲ ဖြစ်ကာ ...

"မဟုတ်ပါဘူးဟယ် ... နင် ဒီလောက်အထိ ဖြစ်နေမှန်း မသိလို့ပါဟာ၊ စိတ်မဆိုးပါနဲ့"

"ငယ်သူငယ်ချင်းတွေမို့ စ,ရဲတာပါ မိဇင်ရယ်"





"နင် မကြိုက်ရင် နောက် မပြောတော့ပါဘူးနော် မိဇင်၊ စိတ်တော့ မဆိုးပါနဲ့ဟာ"

"တို့များစိတ်ထဲမှာ ဘာရယ်လို့ မဟုတ်ပါဘူးဟယ်၊ အဲဒီလူက ရုပ်ရည်ကလဲ သန့်ပြန့်၊ အဝတ်အစားလေးတွေကလဲ နည်းနည်းစမတ်ကျကျပုံလေးနဲ့ဆိုတော့ တို့စိတ်ထဲမှာ ဒရိုင်ဘာဆိုတဲ့ အနေအထားမျိုး ပျောက်ပျောက်သွားပြီး ပြောမိတာ"

တစ်ယောက်တစ်ပေါက် ချော့မဆုံး၊ တောင်းပန်လို့မဆုံး။

တစ်နေ့လုံး ဇင်ဇင် သူတို့ကို စကားမပြောတော့။

ဒီတော့လဲ မိန်းမတွေ မျက်နှာမကောင်းကြ။

ငြိမ်ငြိမ်ကုပ်ကုပ်လေးတွေနဲ့ မျက်နှာသေလေးတွေ ဖြစ်လို့။

ကဲ ... မှတ်ကရော။

သူတို့လွန်တာ သူတို့ သိရောပေါ့။

ဇင်ဇင်ဆိုတာ ဘာပဲဖြစ်ဖြစ် ကောင်းပေ့ ညွန့်ပေ့ဆိုတဲ့ အရာတွေကိုသာ သုံးစွဲတာ။

အပေါစား အညံ့စားတွေ ဘယ်တော့မှ မသုံးဘူး။

သက်မဲ့ပစ္စည်းတွေတောင်မှ ဇင်ဇင်တို့က ဈေး(ကြေး)များနေသေးတာ။ သက်ရှိဆိုရင် ပိုဆိုးတော့မပေါ့။

ဒါကိုပဲ ဘာမဟုတ်တဲ့ လူနဲ့ စ,ရတယ်လို့။

ရုပ်ချောတာတစ်ခုတည်း ကြည့်လို့ရမလား။

ရုပ်ရည်ဆိုတာ အရည်အချင်းမှ မဟုတ်တာ။

ဇင်ဇင်တို့က ရုပ်လဲချောမှ၊ ပညာလဲတတ်မှ။

ပိုက်ဆံလဲ ချမ်းသာမှ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အရေးအကြီးဆုံးနဲ့ အဓိကအကျဆုံးအချက်က ဇင်ဇင့်ကိုလဲ အရမ်းချစ်၊ အရမ်း အလိုလိုက်မှ။

ကဲ ... ဇင်ဇင် လောဘမကြီးပါဘူးလေ နော်။

ဇင်ဇင့်မှာလဲ အဲသလောက်တော့ ရှိတာတိုးလို့။

"ဟင်"

အတွေးလွန်နေရာမှ ဇင်ဇင် ဘာရယ်မဟုတ် နောက်ကြည့်မှန်လေးကို ဒက်ခနဲကြည့်လိုက်တော့ ... ဇင်ဇင့်မျက်နှာလေးကို ရွှန်းရွှန်းစားစား ကြည့်နေပါသော တေဇာ့ မျက်လုံးတွေနှင့် တန်းခနဲ တိုးမိတော့၏။

"အို ... ကြည့်စမ်း"

ဇင်ဇင့်မျက်နှာ တင်းခနဲ ဖြစ်သွား၏။

တေဇာကလည်း ချက်ချင်း အကြည့်လွှဲသွားတော့သည်။

"ရှင် ဘာကြည့်တာလဲ"

မကျေမနပ်မေးလိုက်သော ဇင်ဇင့်အသံကြောင့် တေဇာကလည်း လွတ်ခနဲ ဖြေလိုက်မိ၏။

"သိပ်လှလို့"

"ဘာ"

"မမလေးမျက်နှာလေးက အရမ်းလှတာပဲဗျာ"

"အဲဒါ ရှင်နဲ့ဆိုင်သလား၊ ရှင် ကြည့်စရာလားလို့"

"လှတာတွေ့တော့လဲ မျက်လုံးလေးတွေက မနေဘူးဗျ"

"အံမာ ... ပါးကျွတ်ကျွတ် ကျိုးသွားမယ်၊ ကျွန်မကိုများ ရှင် မျက်စိစားပွဲထိုင်စရာ ထင်နေသလား"





"မထင်ပါဘူးဗျာ၊ ကြည့်မိတဲ့အတွက် ပေးချင်တဲ့အပြစ်ပေးပါ၊ ခံယူဖို့ အသင့်ပါပဲ"

"ဟင် ... ရှင်က ဒီလိုလား၊ ကဲ ... ဒါလောက် အပြစ်ပေးတာခံယူချင်လှတာ၊ ကဲဟယ် ... ဗုန်း၊ ကဲဟယ် ကဲဟယ် ဗုန်း ဗုန်း"

"အား ... ကျွတ် ကျွတ်"

တေဇာ့ပခုံးတွေ ထူခနဲ ပူခနဲ ဖြစ်သွားတော့၏။

ဇင်ဇင်က စာအုပ်နှင့် ကောက်ထုခြင်းပါ။

ကတ်ထူဖုံးတွေနှင့်မို့ အတော်လေးနာပါမည်။

သို့သော် တေဇာ ကားအမောင်းမပျက်။

အပြုံးမပျက်၊ ဟန်ချက်မပျက် ငြိမ်ပြီးခံ၏။ ပြီးမှ ...

"ကျေနပ်ပြီလားဟင်"

တိုးတိုးလေး လှည့်မေးသော တေဇာ့မျက်လုံးတွေက ဆွေးရိပ်သမ်းနေသလိုလို ...

ဇင်ဇင် အံကိုကြိတ်၍ ...

"အို ... မကျေဘူး မကျေဘူး၊ ဟွန်း ဒယ်ဒီတို့ကြောင့်သာ ရှင့်ကို အလုပ်ခန့်တာ၊ ကျွန်မသာဆိုရင် ဝေးသေး၊ ကိုယ့်နေရာ ကိုယ်မသိတဲ့လူနဲ့တော့ ဒုက္ခပါပဲ၊ သိပ်စိတ်ဆင်းရဲတာပဲ"

"ဪ ... ဇင်လေးရယ်"

တေဇာ့ရင်ထဲမှာ တိုးတိုးလေး ရေရွတ်မိခြင်းပါ။

မာန ကြီးလှချည်လားကွယ်။

ကိုယ့်မျက်လုံးတွေကလဲ ဇင်လေးကို တစိမ့်စိမ့် ကြည့်ချင်နေတာက ခက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ... ကိုယ် သည်းခံပါမယ်ကွာ။

ကြည့်မိတာလေးကိုပဲ ဆတ်ဆတ်ခါနေတာ။

ကိုယ့်ရင်ထဲက စကားတွေကြားရင် ဇင်လေး တုန်တက်ပြီး သတိလစ်မလား။

ဒေါသတကြီးနဲ့ ပါးဆွဲတီးမလား။ တစ်ခုခုပဲလေ နော်။

ဇင်ဇင်က မျက်နှာမှန်မှုန်နှင့် အပြင်ကို ငေးနေ၏။

"မမလေး"

"... ... ..."

"မမလေး"

"ဘာလဲ ... ဘာလဲ"

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"မလိုပါဘူး ... ရှင့်အဆင့်ကို ရှင်နားလည်ရင် ပြီးရော"

"နားလည်ပါတယ်ဗျာ ... ဆင်းရဲချို့တဲ့တဲ့ မိသားစုကို ကျွန်တော်လုပ်ကျွေးနေရတာမို့ ဒီအလုပ်မှမရရင် ကျွန်တော်တို့ ဘဝတော့ မတွေးရဲစရာပါပဲဗျာ ... မမလေးဟာ ကျွန်တော့် ကျေးဇူးရှင်ဆိုလဲ မမှားပါဘူး။ ခုနက ကျွန်တော်ကြည့်မိသွားတာ ကလဲ မမလေးရဲ့မျက်နှာလေးဟာ အရမ်းကိုလှလွန်းလို့ ငေးမိ တာပါ"

"အို ... တော်ပြီ။ နောက်မကြည့်နဲ့၊ သတိထားပေါ့"

"ဟုတ်ကဲ့ ... ကျွန်တော် သတိထားပါမယ်"

"ဒီမှာ ... ကျွန်မ ရှင်းရှင်းပဲ မေးမယ်"

"ဟုတ်ကဲ့ ... မေးပါ မမလေး"





"ရှင် ကျွန်မကို ကြိုက်နေသလား"

"ဗျာ"

ရှင်းလွန်း ပြောင်ကျလွန်းသော အမေးကြောင့် တေဇာ ဘာပြောရမှန်းပင် မသိ။

ဇင်ဇင်ကပင် မခိုးမခန့်ပြုံး၍ ...

"ရှင့်အကြည့်တွေက မရိုးဘူးလေ၊ ဟင်း ဟင်း ... အမဲရိုး နှယ် ဟင်းအိုးမှ အားမနာ၊ ကျွန်မ တို့လိုက်ရင် ရှင် ခုချက်ချင်း ခေါင်းနဲ့ ဆင်းပြေးရမှာ သိလား၊ ဒါပေမဲ့ ... ဒယ်ဒီ့အနေနဲ့ ကျေးဇူးရှင်တစ်ယောက်အပေါ် ပစ်ပယ်ရာရောက်သွားရမယ်၊ အဲဒါတွေထောက်ပြီး ကျွန်မ ဘာမှမပြောတော့ပါဘူးလေ၊ ရှင် နားလည်ထားဖို့က ကျွန်မတို့မိသားစု စိတ်ကောင်းရှိတာကို အခွင့်အရေးယူဖို့ ဘယ်တော့မှ မစဉ်းစားပါနဲ့၊ ငါ ရုပ်ကလေး ရှိတာပဲလေ၊ ဒါကို ဗန်းပြပြီး မိန်းကလေးအနေနဲ့ ကျလောက် ည်ရဲ့လို့ ပေါ့ပေါ့မတွေးနဲ့၊ ဇင်ဇင်တဲ့ ... အခုချိန်ထိ ရည်းစား တစ်ယောက်မှမထားတာ ကိုယ်နဲ့ တန်တယ် တူတယ် မထင်သေး ဘူးမှတ်ပါ။ ရှင့်လို ဒရိုင်ဘာအဆင့်လောက်များ လခတစ်လခ သာ ဇင်ဇင့်ဖိနပ်တစ်ဖက်ဖိုးတောင် မရှိသေးဘူး၊ ဒါကြောင့် ရည်နဲ့မျှားပြီး ကျွန်မကိုနှူးမယ်ဆိုတဲ့အကြံရှိခဲ့ရင် ရုပ်တန်းက ဝါ ဒါပဲ"

နစ်နစ်နာနာကြီး ပြောပြီး ဇင်ဇင် မျက်နှာလွှဲသွား၏။

တေဇာက ရှေ့တူရူသို့ တည့်တည့်ကြည့်ကာ ကားကို မောင်းနေလေသည်။ ရင်ထဲမှာ မကောင်း။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရောက်တော့ ကားရပ်သည်နှင့် တေဇာ့အဖွင့်ကို မစောင့်တော့ဘဲ ဇင်ဇင် သူဟာသူ ဆင်းသွားတော့၏။

ဪ ... ဇင်လေးရယ်။

ကိုယ့်စွန့်စားချက်တွေက မှားနေပြီလားကွယ်။

ထိတ်ထိတ်ကြကိုမှ မှန်းတဲ့ ဇင်လေးကို ကိုယ့်လိုဒရိုင်ဘာ အနေနဲ့ ဘယ်လွယ်တော့မလဲလေ ... နော်။

◇ ◇ ◇





## အခန်း (၁၄)

"ဦးလေးဘ ... ဦးလေးဘ"

"ဟေ ... ဇင်လေးလား"

"ဟုတ်တယ် ဦးလေးဘရဲ့ ပန်းခူးမလို့ ဟင် ... ဦးလေးဘ နေမကောင်းဘူးလား"

စောင်ခြုံထားသော ဦးဘကိုတွေ့တော့ ဇင်ဇင် အံ့အား သင့်စွာ မေးလိုက်၏။

"ဟုတ်တယ် ... ဇင်လေး၊ ပူပူရှိန်းရှိန်းနဲ့ နေလို့မကောင်း ဘူးကွယ်၊ အဲဒါ ချွေးထုတ်မလို့"

"ဘာဆေးသောက်လဲ ဦးလေးဘ"

"သိပါဘူးကွယ်၊ ဟိုဘက်က မောင်ရင်လေး လာတိုက် တဲ့ ဆေးပြားလေးတော့ သောက်ပြီးပြီ၊ ရေနွေးကုန်နေလို့ ရေနွေး သွားတည်နေလေရဲ့ ဟော ... လာပြီ"

ရေနွေးကရားလေးကိုင်ကာ ဝင်လာသော တေဇာက ဇင်ဇင့်ကိုတွေ့တော့ တန့်ခနဲ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ခုတလော ဇင်ဇင့်ကို သူ မကြည့်မိအောင် အမြဲ သတိ[…]ထား၏။

ဇင်ဇင်ကလည်း သိသည်။

သူမ နစ်နစ်နာနာ ပြောထားသည်ကို ပြန်စဉ်းစားမ[…] စိတ်မကောင်းဖြစ်မိလေ မဟုတ်ပါလား။

မာမီပြောတတ်သလို လူတစ်ဖက်သားကို နစ်နာအောင် ပြောတာ လုပ်တာဟာ ကိုယ့်အတွက် အန္တရာယ်မကင်းဘူးကွယ်[…] အပြောအဆို ဆင်ခြင်ပါကွယ်။

ခုတော့ ဇင်ဇင် သိပ်ကို လွန်နေပြီလား၊ ရိုင်းနေပြီလား[…]

အဲသည်နေ့ကတည်းက တေဇာကလည်း ဇင်ဇင့်[…] တတ်နိုင်သမျှ မျက်နှာချင်းမဆိုင်မိအောင် နေသလို၊ ဇင်ဇ[င်] ကလည်း အားနာနာနှင့် တေဇာ့ကို မကြည့်ဖြစ်ကြ။

ဒီနေ့မှ ခြံထဲက ကံ့ကော်ပန်းတွေ လိုချင်သဖြင့် ဇင်ဇ[င်] ဦးလေးဘဆီ ရောက်လာခြင်းပါ။

ဇင်ဇင့်ကိုတွေ့တော့ တေဇာ မျက်နှာခပ်ငုံ့ငုံ့လေးထား[…] ဦးဘအနား ဝင်လာသည်။

ဇင်ဇင့်ကို လုံးဝမကြည့်။

ဇင်ဇင်ကလည်း ဟိုလိုလို သည်လိုလိုနှင့် ထရမလို၊ ထိုင်[…] မလို ဖြစ်နေလေသည်။

ဦးဘက အငွေ့တထောင်းထောင်း ထနေသော ရေနွေး[…] ကြမ်းကို လှမ်းယူကာ မှုတ်မှုတ်သောက်ပြီး ...

"ဪ ... မောင်ချစ်"





"ဗျာ"

"ဇင်လေးက ပန်းလိုချင်လို့တဲ့"

"ဟုတ်ကဲ့"

"ဘာပန်းလဲ ဇင်လေး"

"ကံ့ကော်ပန်းပါ ဦးလေးဘ"

"နည်းနည်းလောက် ခူးပေးလိုက်ပါကွာ"

တေဇာက ဇင်ဇင့်မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်၏။

ခူးပေးရမလားဟူသော သဘောပါ။

ဇင်ဇင်ကလည်း နားလည်၏။

ဆတ်ခနဲ ခေါင်းညိတ်ပြသည်။

ဇင်ဇင်က ကံ့ကော်ပန်းဆို အရမ်းကို ကြိုက်တာ။

အပင်မှာ အဆန့်ဝါဝါ၊ အပွင့်ကားကား ထွားထွားတွေနဲ့ ပန်းတွေက မျက်စပစ်နေကြသည် မဟုတ်လား။

"ကျွန်တော် သွားခူးပေးပါမယ်"

တေဇာက ပြောပြီး ထလိုက်တော့ ... ဇင်ဇင်လည်း ထလိုက်၏။

"ဟို ... ပန်းတွေ အများကြီးမခူးပါဘူး၊ အပွင့်လှလှတွေ ဆယ်ပွင့် ဆယ့်ငါးပွင့်လောက်ပါပဲ၊ ကြိုက်တဲ့အပွင့်မြင်ပြီး ခူးခိုင်း[…] ဆို"

"ဪ"

တေဇာ ခေါင်းညိတ်လိုက်၏။

ဇင်ဇင်က တစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



ပန်းကိုကြိုက်ပေမယ့် ကိုယ်ကြိုက်တာရဖို့အရေး ပန်းပင်တစ်ပင်လုံး ဖွတ်ဖွတ်ညက်ညက်ကြေသွားလောက်အောင် မဗျက်စီးစေချင်ပါ။

တချို့ ပိတောက်ပန်း ပွင့်ချိန်ဆို အပင်မှာ ဝါထိန်နေအောင် ပွင့်ပြီး ခူးသူတွေ ပစ်စလက်ခတ် လုပ်ပစ်မှုကြောင့် ပန်းခူးလဲပြီးရော အပင်အောက်မှာ အရွက်တွေ အပွင့်ကြေကြေတွေ အရိုးညာတံတွေ ပွပွကျဲနေပါရော။

ဇင်ဇင်က အဲဒီလိုမဟုတ်။

ကိုယ်လိုတာလည်း ရစေမည်။

အပင်လည်း မနာစေရ၊ လှပြီး ကျန်ခဲ့စေရမည်။

ကံ့ကော်ပင်အောက် ရောက်ခဲ့၏။

ရှည်ရှည်ရှူးရှူး ကံ့ကော်ပင်ပေါ်က အပွင့်တွေမှာ လိုချင်စရာပါပဲ။

တေဇာ ခါးတောင်းကျိုက်လိုက်၏။

လှမ်း၍သာ လာခဲ့ရသည်။

တေဇာ တကယ်တော့ အပင်တက်မကျွမ်း။

ခက်တာက အပင်တက် မကျွမ်းဘူးလို့လဲ မပြောချင်၊ မပြောရဲ၍ မဟုတ်။

မတက်ပေးချင်၍ ခွပြောပြောသည်ဟု ဇင်ဇင် ထင်သွားမှာ စိုး၍ပါ။

"ဟောဒီဘက်က ပိုလှတယ်"

ဇင်ဇင် ညွှန်ပြရာဘက်သို့ တက်လိုက်၏။

ဉာဏ်ဝင်းစာပေ



သိပ်မကျွမ်းသဖြင့် ခက်ခက်ခဲခဲ တက်ရသည်။

ဇင်ဇင်ကတော့ ဒါကို ဂရုမထားမိ။

ပန်းဇောကပ်နေသဖြင့် ဟိုအပွင့်ညွှန်၊ သည်အပွင့်ညွှန် လုပ်နေလေသည်။

"ဒီဘက်က ... ဒီဘက်က ဟောဟို အပွင့်ကြီးကြီးလေး တစ်ပွင့်"

ဇင်ဇင်ပြသည့် အပွင့်ကို လက်လှမ်းလိုက်၏။

ညွှတ်နေသော အကိုင်းငယ်ပေါ် ခွထိုင်ထားသဖြင့် မမီတာမ်း လှမ်းဆွဲသော တေဇာမှာ လက်လွှတ်ကာ ကျလာပါတော့၏။

"ဗုန်း"

"အ"

"အမယ်လေး"

မျက်နှာကို လက်ဝါးဖြင့် အုပ်၍ ဇင်ဇင် ကြောက်လန့်နေပါပြီ။

ဒရိုင်ဘာ တစ်ခုခုဖြစ်သွားရင်တော့ ဇင်ဇင် တရားခံပါပဲ။

သေသွားရင်တော့ ဇင်ဇင် ထောင်ကျတော့မှာပေါ့။

အို ... ဇင်ဇင် ကြောက်တယ်။

တွေးမိတွေးရာ တွေးပြီး ဇင်ဇင် ငိုချလိုက်၏။

"အင့် ... ဟင့် ... ဟီး"

မျက်နှာပိတ်ကာ ငိုနေသဖြင့် ဇင်ဇင် ဘာမှမမြင်ရ။

ဟိုလူဆီက လှုပ်ရှားသံလည်း ဘာမှ မကြားရ။

သေများသွားပြီလား။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ချင်ပေမယ့် မကြည့်ရဲသဖြင့် မျက်စိတစ်အားမှိတ်ကာ ငိုနေပါတော့၏။

ဇင်ဇင့်အဖြစ်ကို တေဇာမြင်တော့ မိမိခံစားနေရသော ဝေဒနာများကို ချက်ချင်းမေ့ပစ်ကာ ကြောက်လန့်နေသော ဇင်ဇင့်အနားသို့ ခါးလေးကိုင်းကာ ကိုင်းကာ သွားရင်း ...

"ဇင်လေး ... ဇင်လေး မငိုနဲ့လေ၊ ကိုယ် ဘာမှမဖြစ်ဘူး"

အသံကြောင့် ဇင်ဇင် မျက်လုံးဖွင့်ကြည့်၏။

"ဇင်လေး"

"ဘာ"

"ဩော် ... မမလေး စိတ်ပူနေမှာစိုးလို့ပါ၊ ကိုယ် ဘာမှ မဖြစ်ပါဘူး၊ ကိုင်းက အနိမ့်လေးရယ်ပဲ"

ဇင်ဇင် သူ့ကို ကြည့်လိုက်၏။

သူ့မျက်နှာကို သေချာစွာ စူးစိုက်ကြည့်ဖြစ်၏။

ဇင်ဇင် မယုံနိုင်ပါ။

သည်လောက် အမြင့်ကြီးကကျပြီး အသံကလည်း အရှင်ကို ကျယ်တာ သူ နာမှာပေါ့။

ဇင်ဇင် လန့်သွားမှာစိုးလို့ ဟန်ဆောင်ပြောတာနေမှာ။

ဩော် ... ဖြစ်ရလေ။

ဇင်ဇင် ကြောက်သွား၊ လန့်သွားမှာစိုးလို့ ကိုယ့်ဝေဒနာတွေ ကြိတ်မှိတ်ပြီး ပြုံးပြုံးလေး နေပြတဲ့သူပါလား။

ပထမဦးဆုံးအကြိမ်အဖြစ် သူ့အပေါ် သနားမိတဲ့ စိတ် ဇင်ဇင့်ရင်မှာ ဖျတ်ခနဲ ခိုဝင်မိရ၏။





ဒါပေမဲ့ ဇင်ဇင် စိတ်ကိုတင်းပြီး ...

"ဟွန်း ... အပင်မတက်တတ်ရင်လဲ မတတ်ဘူး ပြောပါလား၊ ခုတော့ အလကားနေရင်း သူများက အချောင်တရားခံ ဖြစ်ရဦးမယ်၊ ဘယ်လိုလူမှန်းလဲ မသိဘူး"

မျက်ရည်တွေကို ခပ်ကြမ်းကြမ်းလေး ပွတ်ပစ်ပြီး ပြန့်ကျဲနေသော ကံ့ကော်ပန်းခက်များကို စုကောက်ယူပြီး ဇင်ဇင် ဆောင့်အောင့်ကာ ထွက်သွားပါတော့သည်။

"ဩော် ... ဇင်လေးရယ်"

တေဇာက အောင့်အောင့်နာနာဖြစ်သွားသော မြီးညောင့်ရိုးကို ရှုံ့ရှုံ့မဲ့မဲ့စမ်းရင်း ညည်းညူလိုက်ပါတော့၏။

ကံကောင်းထောက်မစွာဖြင့် ဘာမှမဖြစ်တာကိုပင် တေဇာ ဝမ်းသာနေမိ၏။

မသေကောင်း မပျောက်ကောင်း ကျိုးများ သွားမှဖြင့် ဒုက္ခဖြစ်ပေမည်။

မျက်နှာလေးကို အုပ်ကာ ငိုနေသော ဇင်ဇင့်အသွင်က သူ့မျက်ဝန်းထဲမှ မထွက်။

ဇင်လေးရယ်။

ကြောက်အား လန့်အားနဲ့ ထိန်လန့်ပြီး ငိုတာလား။

စိုးရိမ်ပူပန်ပြီး ငိုတာလား။

ဘာပဲဖြစ်ဖြစ် ဇင်လေးငိုရတာ ကိုယ့်ကြောင့်မို့ ကိုယ်လေ ဝေဒနာကို မေ့ပြီး ဇင်လေးကို နှစ်သိမ့်နေမိတဲ့ အဖြစ်ပါကွာ။

ကိုယ်သာ တစ်ခုခုဖြစ်ရင် ဇင်လေး ဘယ်လိုနေမလဲ မသိပါဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဘာမှမဖြစ်ဘူးဆိုတာ သိတာနဲ့ ဇင်လေး အမူအရာ ချက်ချင်းကြီး ပြောင်းသွားတယ်နော်။

တစ်ခါတည်း မျက်စောင်းထိုး ဆောင့်အောင့်ထွက်သွားတုံက မျက်ရည်စိုလူးနေတဲ့ ဇင်လေးမျက်နှာ ဖူးဖူးလေးကို ကိုယ်တယ်လို သနားမိမှန်း မသိတော့ပါဘူးကွာ။

ဇင်လေး မကြိုက်မှန်းသိလို့ ... ကိုယ်လေ ဇင်လေးတို့ တည့်တည့် တစ်ခါမှ မကြည့်ပါဘူးကွာနော်။

ခုတော့ ... စူးစူးစိုက်စိုက်ကြီးကို ကိုယ် ကြည့်မိရပါတယ် ဇင်လေးရယ်။

ကြည့်မိတော့လဲ ရင်ထဲ အသည်းထဲက စွဲစွဲနစ်နစ်ကြီး နေအောင်ကို ချစ်မိပါလား အချစ်ရယ်။

ချစ်တယ် ... ဇင်လေးရယ်။

ကိုယ့်အဖြစ်က ကြာလေ ခက်လေ ဖြစ်နေပြီလားကွာ မေမေတို့ဆီက စာရပါတယ်။ နွေကျောင်းပိတ်ရက် မေမေနဲ့ ညီမလေးတို့ လာလည်မယ်တဲ့။

သားကြီးကို မေမေလွမ်းသလို ... ဝေမာနဲ့ ဟေမာကလဲ ကိုကိုကို လွမ်းလှပြီတဲ့။

ကိုယ့်အဖြစ်ကတော့ ဇင်လေးနဲ့ ကြာလေဝေးလေ ဖြစ်နေပြီနော်။

ဇင်ဇင် ကိုယ့်ကို ဘာလို့ ကြည့်မရသလဲဆိုတာ ကိုယ် စဉ်းစားမရဘူးကွာ။ ပြုံးရယ်ကြည်ရွှင်နေတဲ့ ဇင်ဇင့်မျက်နှာလေးဟာ ကိုယ်နဲ့တွေ့ရင် ချက်ချင်းတည်သွားတာပဲနော်။





ကိုယ်လဲ ဇင်ဇင် မကြိုက်ဘူးလို့ထင်တဲ့အရာမှန်သမျှ ဘာမှ မလုပ်မိအောင် ကြိုးစားတယ်။

ယုတ်စွအဆုံး ဇင်ဇင့်သူငယ်ချင်းတွေကိုတောင်မှ ကိုယ် တစ်ခါမှ မကြည့်ဖြစ်ခဲ့ဖူးဘူး။

တစ်ခါတလေတော့ ကြားပါတယ်။

ကိုကိုဒရိုင်ဘာ တဲ့။

မိတယ်နော် ... ဒါကြောင့် မိဇင်တို့ မိုးမမြင် လေမမြင် ဖြစ်နေတာကိုး တဲ့။

ဒီလိုဒရိုင်ဘာမျိုးနဲ့သာဆိုရင် ကမ္ဘာ့အပြင်ကိုပဲ ရောက်ရောက် ... ကားမောင်းသွားရင် လိုက်မှာပဲ လိုက်မှာပဲ။

စတဲ့ အသံတွေပေါ့လေ။

အဲဒါကြောင့် ဇင်ဇင့်မျက်နှာကြော မိုတင်းတာလား။

ကိုယ့်ရုပ်က အများ ပြောရလောက်အောင် အရမ်းကို သားနားနေလို့ တစ်ပတ်နွမ်းလေးတွေဝတ်တာတောင် ဇင်လေး အလိုမကျဘူးနော်။

ပြန်ပြီး အဝတ်လဲခိုင်းတာ ခဏ ခဏ။

တစ်ခါက မှတ်မိသေးတယ် ... ကိုယ် ဂျင်းအညိုနုရောင် ဘောင်းဘီရှည်နဲ့ ဂျင်းဂျက်ကက်အညိုရင့် ဝတ်တဲ့နေ့ပေါ့။

ကိုယ့်ကိုမြင်တော့ ဇင်လေး တစ်ချက်တော့ မှင်တက်မိသွားတယ်နော်။ ပြီးမှ ချက်ချင်းမဲ့ပြီး ...

"အမယ် ... ဒရိုင်ဘာကလဲ အပျံစားပါလား"

"ကိုယ့်အဝတ်အစားကြောင့် ... မမလေးတို့ ဂုဏ်ငယ်မှာ စိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး၊ ဒါ အလှုသွားတာမဟုတ်ဘူး၊ တော်တဲ့အဝတ်ပဲ မြန်လဲဝတ်ပါ၊ နေပါဦးရှင့် ... ရှင့်အဝတ်တွေက ကောင်းလှချည်လား၊ ဒါ ဒရိုင်ဘာတစ်ယောက်ရဲ့ အဝတ်လို့ ပြောရင် ဘယ်သူမှ မယုံပါဘူးနော်"

"အရင် ဝပ်ရှော့မှာလုပ်တုန်းက သူဌေးသားဆီက ရထားတာတွေပါဗျာ၊ ကိုယ် မဝယ်နိုင်ပါဘူး"

"ဩော် ရှင့်သူဌေးသားက ပေးပေးနိုင်လွန်းလှချည်လား"

"မေတ္တာပေါ့ဗျာ"

"ဟွန်း ... ဘာလဲ၊ ကျွန်မတို့က ရှင့်အပေါ် မေတ္တာမရှိဘူးလို့ ဆိုချင်တာလား"

"မဟုတ်ပါဘူးဗျာ"

"ဒို့ ... ရှင့်အပေါ် ဒါလောက်တောင်ကောင်းတဲ့ အဲဒီမှာ ဘာဖြစ်လို့ ဆက်မလုပ်သလဲ"

"သူဌေးသားက မိန်းမယူသွားလို့၊ သူ့မိန်းမက စိတ်ပုပ်တယ်"

"ရှင် ဒီမှာလဲ အဆင်မပြေဘူး မဟုတ်လား"

"ရပါတယ်ဗျာ"

"အင်း ... ရှင် တစ်ခု သတိထားဖို့က ကျွန်မကို ကျောင်းပို့ရင် အဝတ်အစားကောင်းကောင်းမဝတ်ပါနဲ့၊ မာမီတို့နဲ့သွားရင် ဝတ်ချင်ဝတ်၊ ကျောင်းရောက်ရင် ကားပေါ်ကဆင်းပြီး ကျွန်မအတွက် တကူးတက တံခါးဖွင့်ပေးစရာ မလိုဘူး"

"ကောင်းပါပြီ ... မမလေး"





"ဘာဖြစ်လို့ ဒီလိုပြောသလဲ သိလား"

"မသိပါဘူးဗျာ"

"မသိရင် မှတ်ထား ... ရှင့်ရုပ်က ချောနေလို့၊ ပြီးတော့ ကျွန်မနဲ့ရှင့်ကို သူများတွေက ဟိုဟိုဒီဒီ လျှောက်ထင်မှာကို မခံချင်လို့၊ ကဲ ... ရှင်းပြီလား"

"ဩော် ... ဇင်လေးရယ်"

"ဘာရှင့်"

"ဘာမှ မဟုတ်ပါဘူးဗျာ၊ မမလေး ကျေနပ်မယ်ဆိုရင် ကိုယ့်မျက်နှာကို ငရဲမီးနဲ့ စားခိုင်းလိုက်ရမလားဟင်"

"အို မဟုတ်တာရှင်၊ ကျွန်မကြောင့် အဲဒီလိုဖြစ်သွားရင် ခင်လည်းမှာ ကြောက်တယ်ရှင့်၊ ကျွန်မက သိပ်အလှကြိုက်တာ"

ကဲ ... ဘယ်လောက် တရားကျစရာကောင်းသလဲလို့။

ကိုယ်တော့ လှမှကြိုက်တယ်။

သူများလှတာကျတော့ အမြင်ကတ်တယ်ဆိုတဲ့ ဇင်လေး။

"မမလေး"

"ဘာလဲ"

"သူများလှတာ မနာလိုရင် ကိုယ်လဲ တူသောအကျိုးပေးမှာ မကြောက်ဘူးလား"

"အို ... မသိဘူး ... မသိဘူး"

ဗလုံးဗထွေးပြောပြီး ဇင်လေး ပြေးထွက်သွားတယ်နော်။

ဩော် ... ခုတော့ ကိုယ် နားလည်ပါပြီ ဇင်လေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်ချောတဲ့ကိုယ်နဲ့ သိပ်လှတဲ့ဇင်လေးကို လိုက်ဖက်တဲ့ အတွဲအဖြစ် အများက မြင်မှာကို ဇင်လေး အရမ်းအန္တရာယ် ဖြစ်နေရှာတာကိုး။

ဒါပေါ့လေ၊ ဒရိုင်ဘာနဲ့ သူဌေးသမီး မဟုတ်လား။

အစကတည်းက ကိုယ်လေ သူဌေးသားအဖြစ်နဲ့ လာရင် ချောချောမောမောပဲ ထင်ပါရဲ့နော်။ ဒါဆိုရင် ပကာသနမက်တဲ့ မေတ္တာပဲ ဖြစ်တော့မှာပေါ့ ဇင်လေးရယ်။

တေဇာ့အခန်းရောက်တော့ ဦးဘက ...

"ဟော့ ... မောင်ရင်လေး၊ ဘာဖြစ်လဲ"

"ဟင် ... ဘာလဲ ဦးလေး"

"မင်း ခါးနာသွားလို့ ဆိုလား၊ ဇင်လေး တေဇောဘမ်းဘူး လာပေးသွားတယ်"

"ဩော်"

တေဇာ တေဇောဘမ်းဘူးလေးကို လှမ်းယူရင်း ... ပြ လိုက်၏။

ဘယ်လိုလဲ ဇင်လေးရယ် ...။

◈ ◈ ◈

ဉာဏ်ဝင်းစာပေ



## အခန်း (၁၅)

"ကလင် ... လင် ... လင်"

"ဟလို"

"ဇင်ဇင်လား"

"အင်း ..."

"ငါပါဟ"

"သိပါတယ် မေနီ၊ နင့်အသံ ခွေးချီသွားတောင် မမေ့ဘူး"

"ကောင်းမ"

"ကဲ ... ဆို၊ ဘာကိစ္စ"

"ဒီည ခုနစ်နာရီ အိမ်မှာ စားကြောရှိတယ်ကွ"

"ဘာအတွက်လဲ"

"ငါ့အစ်ကို နိုင်ငံခြားက ပြန်လာလို့လေ"

"အဲဒါ ... ချိုရည်နဲ့ ဒေဝီကိုလဲ ခေါ်ပြီးပြီ"

"ငါ့ကို နောက်ဆုံးထားပြီး ခေါ်တယ်ပေါ့"

"အင်း"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မလိုက်တော့ဘူးပေါ့"

"ဟော့ ... ဟော့ နေဦး၊ ဖုန်းမချလိုက်နဲ့ဦး မိဇင်ရဲ နင့်ကားနဲ့ အဲဒီကောင်မတွေပါ တစ်ခါတည်း ဝင်ခေါ်ခဲ့ရမှာ"

"အမယ် ... အမိန့်လား"

"မေတ္တာရပ်ခံတာပါဟာ ... လာခဲ့နော်"

"နေပါဦး မေနီရဲ ခုက ဘာပွဲတဲ့လဲ"

"ခြော် ... အေး မေ့သွားလို့ပေါ့၊ ငါ့ကိုကို တော်မီလေ သိတယ်မဟုတ်လား"

"အေးလေ ... သဘော်လိုက်နေတယ်ဆို"

"ဟုတ်တယ်၊ ခု ကိုကို ပြန်ရောက်နေလို့"

"ဟယ် ... ပွတာပဲ"

မေနီ့ကိုကို တော်မီက နိုင်ငံခြားမှ သူညီမ အတွက် လက်ဆောင်တွေပို့တိုင်း ဇင်ဇင်တို့အတွက်ပါ ပါစမြဲ မဟုတ် ပါလား။

လက်ကိုင်အိတ်တွေ၊ ရင်ထိုးလှလှလေးတွေ၊ လက်ကိုင် ပဝါလေးတွေ ခေါင်းစည်းပဝါတွေ ရနေကျ မဟုတ်လား။

ကိုကို တော်မီ လာပြီဆိုတော့ ဇင်ဇင်တို့ ထောပြီပေါ့။

"ဒါပဲနော် မိဇင်၊ ခုနစ်နာရီအရောက် ဟိုကောင်တွေ ဝင်ခေါ်ခဲ့"

"အိုကေ"

မေနီက ပြောပြီး ဖုန်းချသွား၏။

ဇင်ဇင်က ဧည့်ခန်းထဲမှာထိုင်နေသောမာမီ့ဆီသွားပြီး -





"မာမီ"

"ဘာခွဲဦးမလို့လဲ"

"ခွဲပါဘူးနော်၊ ဒီည မေနီတို့အိမ် သွားမယ်နော် မာမီ"

"ကြားပါတယ် ... ခုန ဖုန်းဆက်နေတာ၊ တော်မီ လာပြီ တဲ့လား"

"ဟုတ်တယ် ... မာမီ"

မေနီတို့မိဘနှင့်လည်း ဒယ်ဒီ မာမီတို့ ရင်နှီးပါသည်။ တိုကိုတော်မီ စေ့စပ်တုန်းက ဇင်ဇင်တို့တစ်အိမ်လုံး သွားခဲ့ကြ သည်ပဲ။

"တော်မီ ဒီတစ်ခေါက်လာတာ လက်ထပ်ဖြစ်တော့မယ် ထင်တယ်"

"ဟုတ်မယ် မာမီ၊ မာမီ လိုက်ဦးမလားဟင် ဒီည"

"သွားပါကွယ်၊ လူငယ်တွေပွဲမှာ လူကြီးပါတာ မကောင်း ပါဘူး၊ ကြာကြာတော့ မနေနဲ့နော်"

"မကြာပါဘူး မာမီရဲ့၊ အလွန်ဆုံး တစ်နာရီပေါ့"

"ဘယ်သူတွေနဲ့ သွားမှာလဲ"

"ဒီကထွက်ပြီး ဒေဝီနဲ့ ချိုရည်ကို ဝင်ခေါ်ပြီးမှ မာမီ"

"အေး ... အေး ... ကောင်းပြီ"

မာမီတို့က ဒီလိုပါပဲ။

ဇင်ဇင့်အကြောင်းကိုသိတော့ စိတ်ချလက်ချပါပဲ။

သွားမည့်အိမ်ကလည်း သူစိမ်းမဟုတ်။ ရင်းနှီးသည့်အိမ်မို့ ခွင့်ပြုခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြောက်နာရီခွဲလောက်မှာ ဇင်ဇင် အိမ်ကထွက်သည်။

ချိုရည်နဲ့ ဒေဝီကို ဝင်ခေါ်၏။

မေနီ့ဆီရောက်တော့ ခုနစ်နာရီတိတိ။

"အချိန်မှန်တယ်ဟေ့"

"ဇင်ဇင်လေ ... သူများ မဟုတ်ဘူး သိလား"

မေနီက ဇင်ဇင့်အပြောကြောင့် မျက်စောင်းလေးချိတ်ပြီးမှ ကားပေါ်မှ တေဇာ့ကို ...

"ဪ ... ကိုမောင်ချစ် ... လာလေ၊ ဆင်းပါဦး"

တေဇာက ဇင်ဇင့်မျက်နှာလေးကို ကွက်ခနဲ ကြည့်ပြီးမှ -

"နေပါစေမမေနီ၊ ကျွန်တော် ဒီအပြင်မှာပဲနေခဲ့တော့မယ်"

"ဟယ် ... မဟုတ်တာ၊ မိဇင် ခေါ်ပါဦး၊ အထဲမှာ တစ်ခုခု စားရအောင်"

ဇင်ဇင်က တေဇာ့ကိုကြည့်ပြီး ...

"ကျွန်မတို့ ... စောင့်ရင်း ပန်းခြံထဲမှာ လာထိုင်ပါလား"

မေနီတို့ ... ၆ ... ပ်တိုက်ပြားပြားလေး၏ ရှေ့နှင့် ဘေးဘက်မှာ ပန်းလ ... သုလေးတွေ စိုက်ထား၏။

တချို့ဆို ချုံတန်းလေးတွေပင် ဖြစ်နေပါသည်။ တေဇာက ဇင်ဇင့်အပြောကို ခေါင်းညိတ်ပြီး ...

"ကောင်းပါပြီဗျာ"

မေနီက မခိုးလေး မသိမသာတွန့်ပြ၏။ ပြီးမှ ...

"ကဲ ... လာ သူငယ်ချင်းတို့၊ ကိုမောင်ချစ် အေးအေးဆေးဆေး ထိုင်ဦးနော်၊ မေနီ စားစရာပို့ခိုင်းလိုက်မယ်"

ဥာဏ်ဝင်းစာပေ



"ကျွန်တော် ဗိုက်ဝနေပါပြီ မမေနီ"

"ဗိုက်ဝလဲ စားရမှာပဲ၊ နားမလည်ဘူး"

ဇင်ဇင်တို့အုပ်စု ထွက်သွားကြ၏။

တေဇာ တစ်ယောက်တည်း မလှမ်းမကမ်းရှိ မြတ်လေးပန်းရုံနားမှ ခုံတန်းပေါ်မှာ ဝင်ထိုင်လိုက်၏။

မြတ်လေးပန်းနံ့လေးက ပျံ့ခနဲ သင်းလာလေသည်။

တိုက်ထဲသို့ ကေဇာ လှမ်းကြည့်လိုက်၏။

လူများများစားစားတော့ မရှိ။

တချို့တလေ ရင်းနှီးသူတွေလောက်ပဲ ထင်ပါသည်။

စကားသံတွေ တစ်ချက်တစ်ချက် သူ့ဆီ ပျံ့လွင့်လာ၏။

ခဏကြာတော့ ... သူ့ဆီ ကလေးမလေးတစ်ယောက် စားစရာ လာပို့၏။ ခေါက်ဆွဲကြော်နှင့် လိမ္မော်ရည်ပုလင်းဖြစ်သည်။

ဗိုက်ထဲက တကယ်မဆာပါ။

တို့ကနန်း ဆိတ်ကနန်းသာစားပြီး သူ တော်လိုက်သည်။ လိမ္မော်ရည်ပုလင်း တစ်ဝက်လောက်သာ ကုန်၏။

စားသောက်ပြီးတော့ ဗိုက်ထဲကလေးလာကာ မျက်တောင်တွေ စင်းကျလာတော့သည်။

ခုံတန်းပေါ် လှဲချလိုက်တော့ မကြာခင် တေဇာ အိပ်ပျော်သွားတော့၏။

တိုက်ထဲမှာတော့ ဇင်ဇင်တို့အုပ်စု ပွက်ပွက်ညံနေလေသည်။

ဥာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုတော်မီဝယ်လာသော လက်ဆောင်များကို လု
ကြခြင်း ဖြစ်၏။

ဘောလ်ပင်တွေ ... ကလစ်တွေ ... နှုတ်ခမ်းနီဘူးေ
လက်သည်းဆိုးဆေး ပုလင်းတွေပါပဲ။

အရောင်ရွေးတာနှင့် ပုံစံရွေးရတာနှင့် ကျွက်ကျွက်ညံ
တော့၏။

ထိုအခြင်းအရာကို စူးစိုက်ကြည့်နေသူတစ်ယောက်ရှိ
သူက တော်မီ သူငယ်ချင်း မြတ်ဘုန်းကျော် ဖြစ်သည
မြတ်ဘုန်းကျော်၏အကြည့်များက အားလုံးထဲမှာ ထူးထူးခြား
လှနေသော ဇင်ဇင့်တစ်ယောက်တည်းကိုပါ။

မြတ်ဘုန်းကျော်က တော်မီတို့၏ ကာစင်ဖြစ်သည
ပစ္စည်းများလု၍ပြီးသွားတော့ ဇင်ဇင်တို့အုပ်စု စားစရာမျာ
မ,လာကာ ခြံထဲဆင်း၍ စားကြ၏။

တဗော အိပ်နေသော နေရာနှင့် မလှမ်းမကမ်းမှာ
စကားတပြောပြောနှင့် စားကြတော့ ... မကြာခင် စားစရာ
ကုန်သွား၏။

အစားကြီးသော ဒေဝီက တက်တက်ပြောင်သွားေ
ခေါက်ဆွဲကြော်ပန်းကန်ကို ကြည့်ပြီး ...

"မဝသေးဘူးဟာ၊ ခေါက်ဆွဲကြော်ကနည်းနည်းလေး

"ကောင်မ ... လျှာလျက်ပါးလျက် ဖြစ်မနေနဲ့၊ လိုသေ
ထပ်သွားယူပါလား"

မေနီကပြောတော့ ချိုရည်က ...





"ညှော်သည်က ထပ်တောင်းနေလို့ ကောင်းမလားဟယ်
ရှက်စရာကြီး"

"အမယ် ... နင်တို့လား ရှက်မှာ၊ အကြောင်းသိတွေများ၊
လုပ်မနေနဲ့"

"ကဲပါ ... မေနီရယ်၊ လုပ်ပါဟာ ထပ်ယူချင်သေးတယ်"

"ယူလေ ... အန်တီလေးရှိတယ်၊ နင်တို့မကုန်ရင် လွှင့်ပစ်
နေရမှာစိုးလို့ နည်းနည်းပဲထည့်ပေးတာ၊ တစ်ပုံကြီးရှိသေးတယ်၊
မကုန်လို့ ခွေးကျွေးရမယ့်အတူတူ စားသာစား သူငယ်ချင်း"

"နင်ပဲ ခွေးမ"

"ဟဲ ... ဟဲ ... ဟဲ"

"လာ ... ဇင်ဇင်၊ ထပ်ယူဦးစို့"

"ဟင့်အင်း ... ငါ ဝပြီ၊ အီတယ်"

"ဝမှာ စိုးလို့လား"

"အဆီတွေ ပိုနေမှာစိုးလို့"

"လှတာမက်တော့ ညစာခက်နေပြီနော်"

"ဘာဆိုင်လဲ"

"ခု နင် မလှမှာစိုးလို့ ဝဝ မစားတာ မဟုတ်လား"

"ငါ အအီစာတွေ သိပ်မကြိုက်ပါဘူးဟာ"

"အေး ... မကြိုက်ရင်နေခဲ့၊ ငါတို့တော့ သွားယူဦးမယ်"

"မေနီ"

"ဘာလဲ"

"ဒါစားပြီးရင် လက်ဖက်သုပ်စားရရင် ကောင်းမယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ဟာကလဲ၊ ဗိုက်ထဲမှာ ဝိရောဓိတွေ ဖြစ်ကုန်မယ်"

"ကျွေးဖို့ စေတနာမရှိရင်လဲ နေပေါ့"

"အမယ် ... ရှိလို့ တကူးတကဖိတ်တာကို၊ အေး စားမယ် ဆိုလဲ သုပ်ကျွေးရုံပေါ့၊ ဖြစ်လာမှ ငါ့ခေါင်း မကျစေနဲ့နော်"

"စိတ်ချ၊ အိမ်ရောက်တာနဲ့ အစာကြေဆေးတွေ သောက် ပစ်လိုက်မယ်"

"ကောင်းပြီ ... သုပ်ပေးမယ်"

"ချဉ်ငန်စပ်နော်"

"အင်းပါ ... ဩော် ... မိဇင်"

"ဟင်"

"နင် နေရဲလား၊ မနေရဲရင် ငါနဲ့ လိုက်ခဲ့"

"ဘာဖြစ်လို့"

"ဒေဝီနဲ့ ချိုရည်က ခေါက်ဆွဲသွားယူမယ်၊ ငါက လက်ဖ သွားသုပ်မယ်လေ"

"သွားပါ ... ငါ နေရဲပါတယ်"

"တစ်ယောက်တည်း စိတ်ကူးယဉ်နေဖို့ပေါ့၊ ဟုတ်လား"

"သွားစမ်းပါ ... ပေါက်ကရ"

မေနီတို့သုံးယောက် တခစ်ခစ်ရယ်၍ ထွက်သွားကြ ပန်းခြံထဲမှာတော့ အလင်းရောင် သိပ်မရ။

လရောင်နှင့် တိုက်ဆီမှ အလင်းရောင်တချို့ ဖြာ နေသည်ကပင် တစ်မျိုးလေးပါပဲ။

"ဇင်ဇင်"





"ဟင် ... ကိုမြတ်ဘုန်းကျော်"

"တစ်ယောက်တည်းလား၊ ကိုယ် ထိုင်မယ်နော်"

"အို ..."

ပြောပြောဆိုဆို ဇင်ဇင့်အနား ထိုင်လာသော မြတ်ဘုန်း ကျော်ကြောင့် ဇင်ဇင် စိတ်ရှုပ်သွားရ၏။

မြတ်ဘုန်းကျော်ဆီမှ အရက်နံ့ရနေသဖြင့် ဇင်ဇင် နှာခေါင်း သိမသာရှုံ့ရင်း တစ်ဖက်စွန်းသို့ ရွှေ့လိုက်၏။

"ဇင်ဇင်"

"ဇင်ဇင် သွားတော့မယ်"

"ခဏ နေပါဦး ဇင်ဇင်၊ ကိုယ် စကားနည်းနည်းလောက် ပြောပါရစေ"

လက်ကာလိုက်သော မြတ်ဘုန်းကျော်ကြောင့် ဇင်ဇင် တည်စွာ ပြန်ထိုင်လိုက်ရ၏။

မေနီတို့နောက် မလိုက်မိတာ မှားတာပဲ။

"ဇင်ဇင်"

"... ... ..."

"ဇင်ဇင်က သိပ်လှတယ်၊ ကိုယ် စိတ်ဝင်စားတယ်ကွာ"

"အို ..."

ဇင်ဇင် ဆတ်ခနဲ ထရပ်လိုက်၏။

မြတ်ဘုန်းကျော်က ဇင်ဇင့်အပြုအမူကြောင့် ဟက်ခနဲ ယ်လိုက်ပြီး ...

"ဇင်ဇင် သိမှာပါလေ၊ ကိုယ် ဇေဇင့်ကို ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ရဲတင်းလွန်းသောစကားကြောင့် ဇင်ဇင် ဒေါသထောင်းခနဲ ဖြစ်သွား၏။

နိုင်ငံတကာရောက်ပြီး မိန်းမတကာတွေနဲ့ ပွေချင်တိုင်းပွေခဲ့သောလူက မိမိအား ရိုသဲ့သဲ့ပြောလာသည်ကို ဇင်ဇင် ခံပြင်းမဆုံးတော့။

"ဒီမယ်ရှင့် ..."

"ပြောပါ ... ဇင်ဇင်"

"ကျွန်မမှာ ချစ်သူရှိတယ်"

"ချစ်သူဆိုတာ မရေရာတဲ့ အခြေအနေမှာပါကွာ၊ ကိုယ်ဂရုမစိုက်ပါဘူး၊ ဇင်ဇင့်ကို ကိုယ် ဃက်ထပ်ယူမယ်လေ"

ပြောလေ ကဲလေ ဖြစ်လာသော မြတ်ဘုန်းကျော် စကားကြောင့် ဇင်ဇင် ဆက်လက်ပြောချင်စိတ် မရှိတော့။

ချာခနဲ လှည့်ထွက်ရန် ပြင်လိုက်၏။

"ဇင်ဇင်"

လက်တစ်ဖက် ဆွဲယူခြင်းခံလိုက်ရပြီး ဇင်ဇင် ယိုင်သွားရသည်။

ဇင်ဇင့်မျက်စိတွေ မိုက်ခနဲ ပြာသွားရပါပြီ။

ရှက်ခြင်း၊ ဒေါသထွက်ခြင်း၊ ခံပြင်းခြင်းတို့ စုပေါင်းကာ အရက်ခိုး ထနေသော မြတ်ဘုန်းကျော်ကို တစ်အားလွှဲကာ ရိုက်ချလိုက်၏။

"ဖြန်း"

"ဟာ"





"ဇင်လေး"

"ဟင် ... ကို ... ကို ... မောင်ချစ်"

ဘွားခနဲ ပေါ်လာသော တေဇာကြောင့် မြတ်ဘုန်းကျော်နှ်ရှ မရတော့။

ဇင်ဇင့်ကို စူးစူးဝါးဝါးကြည့်ပြီး ခပ်မဲ့မဲ့လေးပြုံးကာ ချာခနဲ လှည့်ထွက်သွားတော့၏။

"လာ ... ပြန်စို့ ဇင်လေး"

"ဟုတ် ... ဟုတ်ကဲ့"

ထိတ်လန့်တုန်လှုပ်စွာ ဇင်ဇင် တေဇာ့နောက် ပါလာ၏။

သူသာ မရောက်လာရင် ... ဇင်ဇင်တော့ မတွေးရဲစရာလား။

"ဒီ ... ဒီမှာ"

"ဟင်"

"မာမီ မသိစေနဲ့နော်"

"ကောင်းပါပြီ"

"ကျေးဇူးတင်ပါတယ်နော်"

"ဩော် ... ဇင်လေးရယ်"

ရင်ထဲမှ ညည်းညူမိခြင်းပါ။

အရှက်ဘေးမှ သီသီကလေး လွတ်ခဲ့ခြင်း မဟုတ်ပါလား။

ဇင်ဇင့်မျက်နှာနုနုလေးကို ငေးကြည့်ရင်း ...

"နောက်ကို သတိထားပေါ့ဗျာ၊ မိန်းကလေးတစ်ယောက်နှုနဲ့ အုပ်ထိန်းသူမပါဘဲ ညအချိန် အပြင်မထွက်သင့်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

သူစကားက ဇင်ဇင့်မျက်နှာကို ရဲခနဲ နီသွားစေ၏။

ပြောဖုံကြီးက ဇင့်ဇင်တို့ကပဲ ဆတ်ဆတ်ဆော့ဆော့ လမ်းရှာသလိုလို။

ခုနက ကျေးဇူးတင်စိတ်တွေ ပျောက်သွားရပြီး ...

"အို ... ကျွန်မတို့က စည်းကမ်းမရှိ လျှောက်သွားနေတာမှ မဟုတ်တာ၊ အဲဒီလူသရမ်းကြောင့် ..."

"အန္တရာယ်ဆိုတာ ကြိုပြီးမမြင်နိုင်ဘူး မဟုတ်လားဗျာ"

"တော်ပြီ ... တော်ပြီ၊ ကျေးဇူးလေး နည်းနည်းတင်ပါတယ် ဆိုမှ လူကို ဆုံးမနေလိုက်တာ"

"ဩော် ... ဇင်လေးရယ်"

◈ ◈ ◈





## အခန်း (၁၆)

"ဘော် ... ဘူ ... ဘော်"

ရထားကြီး အရှိန်နဲ့ ဝင်လာပါပြီ။

အထက်တန်းတွဲမှ သားနား ရည်မွန်သော သားအမိ သုံးယောက်က ဟိုဟိုသည်သည် လိုက်ကြည့်နေကြ၏။

"ဟေး ... ခင်ဦး"

"ဟော ... မမြတ်"

အမျိုးသမီးကြီးနှစ်ဦး တစ်ယောက်နှင့် တစ်ယောက် လိုက်လှဲဝမ်းသာစွာ ဖက်လဲတကင်း နှုတ်ဆက်မိကြ၏။

"သူတို့လေးတွေက ခင်ဦး သမီးတွေလား"

နောက်နားမှာ ရပ်နေသော ဝေမာနှင့် ဟေမာကို မာမီ မေးလိုက်တော့ ဇင်ဇင် လှမ်းကြည့်လိုက်၏။

အကြီးမလေးက ဖြူဖြူသွယ်သွယ်။

အငယ်မလေးက ဝဝလုံးလုံးလေး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လည်း ဇင်ဇင့်ကိုလှမ်းကြည့်ကာ ပြုံးပြကြ၏။

ဇင်ဇင်လည်း ပြုံးပြလိုက်သည်။

"ဟုတ်တယ် မမြတ်၊ ဝေမာနဲ့ ဟေမာတဲ့၊ သူလေးက မမြတ်သမီးလား"

"အင်းပေါ့ ... ခင်ဦးရဲ့ ဇင်ဇင်တဲ့၊ ကဲ ... ညီအစ်မတွေ ချစ်ချစ်ခင်ခင်နေကြပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ... အန်တီ"

"မမဇင်က ချောလိုက်တာနော် မမဝေမာ"

ဟေမာ့အပြောကြောင့် ဇင်ဇင်က သဘောကျစွာပြုံး၍...

"မဝေမာနဲ့ ဟေမာလည်း လှပါတယ်နော်"

"အာ...ဟေမာ မလှပါဘူးနော်၊ ဘုတ်ဆုံဖြစ်နေပြီလေ"

"အဟင်း ...ဟင်း"

"ကဲ ... ကဲ ... သွားစို့"

"ဘာနဲ့လာသလဲ မမြတ်"

ဒေါ်ခင်ခင်ဦးက ဟိုဟိုသည်သည် ကြည့်ပြီး မေးလိုက်၏။

"ကားနဲ့ပဲ ခင်ဦး ... အပြင်မှာ"

"ဪ"

ကားဆီရောက်တော့ ဒေါ်ခင်ခင်ဦး တေဇာ့ကို လှမ်းကြည့်သလို ဝေမာနှင့် ဟေမာကလည်း ကြည့်၏။

တေဇာက ဘယ်သူ့ကိုမှမကြည့်ဘဲ ဒေါ်ခင်ခင်ဦးလက်ထဲမှ ဆွဲအိတ်ကို ကြိုယူကာ ကားတံခါး ဖွင့်ပေးလိုက်၏။

ကားထဲဝင်တော့ ဒေါ်ခင်ခင်ဦးနှင့် ဒေါ်ခင်မြတ်လွင်က ရှေ့ခန်း။ မိန်းကလေးသုံးယောက်က နောက်ခန်းမှာ ထိုင်ကြ၏။





ဟေမာက ဇင်ဇင့်လက်ကိုတို့ကာ တေဇာ့ဘက် မသိမသာ ထိုးပြီး ...

"မမဇင် ဘာတော်သလဲ"

"ဒရိုင်ဘာ"

"ဒရိုင်ဘာကလဲ ချောတယ်နော်"

"ရှူး"

ဇင်ဇင်က မပြောရန် မျက်ရိပ်ပြလိုက်၏။

ဒေါ်ခင်ခင်ဦးက ရှေ့ခန်း အလယ်မှထိုင်ကာ တေဇာနှင့် နီးကပ်ကပ် နေရသော်လည်း စကားမပြောရသော အဖြစ်ကြောင့် နေ၍မကျ ဖြစ်ချင်နေ၏။

တေဇာကလည်း ခပ်တည်တည် ခပ်အေးအေးပါပဲ။

အိမ်ရောက်၍ ပစ္စည်းများချတော့ လက်ဆွဲသေတ္တာများကို တေဇာ လက်လှမ်းလိုက်သည်နှင့် ဝေမာက ...

"အို... ဝေမာတို့ ရဲကြီးနေပါမယ်၊ မဆွဲပါနဲ့ အစ်ကို"

ဟေမာက ဝေမာ့အပြောကို ရယ်ချင်နေ၏။

ဒါပေမဲ့ မှင်သေသေနှင့် ဟေမာကလည်း ...

"ရပါတယ် အစ်ကိုကြီးရဲ့ ကျွန်တော်တို့ဘာသာ ဆွဲပါ့မယ်၊ ဒီဟာမှာတုန်းက အလုပ်သမားရှိပေမယ့် အိမ်ရောက်တော့လဲ ကိုယ့်အားကိုယ်ကိုးစနစ်ပေါ့ ဟုတ်ဖူးလား"

"အဟင်း ..."

တေဇာ ပါးစပ်ပိတ်ကာ ရယ်၍ ...

"ကိစ္စမရှိပါဘူး ညီမတို့ရာ ... ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မဟုတ်အူးဗျ၊ ဟေမာတို့က ဒါလောက်တော့ အပျော့"

ဟေမာ့အပြောကို အားလုံး ရယ်လိုက်ကြ၏။

ဒေါ်ခင်ခင်ဦးက ...

"ကဲပါ ... သားရယ်၊ ကလေးတွေ စိတ်ချမ်းသာအောင် မသယ်ပါနဲ့၊ အနံတိုဆွဲခြင်းလေးပဲ ဆွဲ၊ ရော့"

ပလတ်စတစ်ဆွဲခြင်း ပန်းရောင်လေးကို ပေးလိုက်၏။

ဇင်ဇင်က ဒေါ်ခင်ခင်ဦးကို ငေးကြည့်နေမိ၏။

အတော့်ကို ကျက်သရေရှိရှိနဲ့လှတဲ့ အမျိုးသမီးကြီးပါပဲ။

ကြင်နာတတ်ပုံလဲ ရတယ်။

ဒရိုင်ဘာကို သားတဲ့။

အင်းလေ ... သားအရွယ်မို့ သားလို့ ခေါ်တာပေါ့လေ။

ကိုယ့်မှာ သမီးပျိုလေးနှစ်ယောက် ငုတ်တုတ်ထားပြီး ရွယ်တူယောကျ်ားလေးတစ်ယောက်ကို သားဟု ခေါ်သော ဒေါ်ခင်ခင်ဦး၏ သဘောထား ရိုးသားဖြူစင်မှုကို ဇင်ဇင် သတိထားမိလိုက်၏။

ထို့အတူ ဝေမာနှင့် ဟေမာကလည်း သည်အတိုင်းပါပဲ။

ဒရိုင်ဘာဆိုပြီး နှိမ့်နှိမ့်ချချ မဆက်ဆံတတ်ပါကလား။

လူလူချင်း တန်းတူ အဆင့်တူ သဘောထားကာ အစ်ကို အစ်ကိုကြီးဟုပင် ခေါ်ကြသေးသည် မဟုတ်ပါကလား။

အိမ်ထဲရောက်တော့ ဒေါ်ခင်ခင်ဦးက ...

"မမြတ်တို့အိမ်က ဒရိုင်ဘာလေးက ချစ်စရာလေးနော်"





"ကိုသန်းညွန့် တူလေ ခင်ဦးရဲ့"

"ဪ"

ဒေါ်ခင်ခင်ဦး ပြုံးပြုံးလေး ခေါင်းညိတ်၏။

ဒေါ်ခင်မြတ်လွင်က ...

"ကောင်လေးက မဆိုးရှာပါဘူး၊ အစတုန်းက သမီးလေး ရှိနေလို့ ခပ်ငယ်ငယ် ဒရိုင်ဘာမခန့်ဘူးလို့ စဉ်းစားထားပေမယ့် ကိုသန်းညွန့် ကျေးဇူးကလဲ ရှိနေတယ်လေ ... အဟင်း၊ ပြီးတော့ သမီးကလဲ ဒရိုင်ဘာလေးကို တစ်ချက်ကလေးမှ မျက်နှာသာ မပေးဘူး ခင်ဦးရေ၊ ရွှေရေးပန်းကန်တက်လာမှာ စိုးလို့လေ၊ ကောင်လေးကလဲ တော်ပါတယ်၊ ဒူးနေရာ ဒူး၊ တော်နေရာတော် နားလည်ရှာတယ်၊ သမီး ဘာပဲပြောပြော သည်းခံတယ် ခင်ဦးရဲ့"

"ဪ ... ဪ"

ဒေါ်ခင်ခင်ဦး မချိပြုံးလေး ပြုံးမိလေ၏။

ဪ ... သားကြီးရယ်။

ဖြစ်မှ ဖြစ်ရလေ။

မိန်းကလေးတစ်ယောက်ဆီက မေတ္တာစစ်ကို လိုချင်လွန်းလို့ ကိုယ့်ကိုယ်ကို ဒရိုင်ဘာအဖြစ်နဲ့ အောက်ကျ နောက်ကျ ခံနေရှာတယ်ကွယ်။

မေမေ စိတ်မကောင်းလိုက်တာ။

သားကြီး အတတ်ဆန်းလို့ ... အတွေးခေါင်လို့၊ ခုတော့ ကြည့်စမ်းပါဦး။

အဝတ်အစားတစ်ပတ်နွမ်း။



www.burmeseclassic.com

www.burmeseclassic.com



နေရတာက တန်းလျားကျဉ်းကျဉ်းလေး။

စားရတာကရော အိမ်ရှင်တွေစားသလို ဘယ်စားရ...
လေ။

အိမ်မှာဆို သားကြီးက ကိုယ်စီးမယ့်ကားကို စီးချ...
အချိန် စတိုင်လေးနဲ့ တက်မောင်းလိုက်ရုံပါပဲ။

ရေဆေးတာတို့ ဖုန်သုတ်တာတွေဟာ အလုပ်သမား...
တွေရဲ့ အလုပ်။

အခု ကိုယ်တိုင် ဖုန်သုတ်နေရပါရောလား။

သားကြီး ညိုပြီး နည်းနည်းပိန်သွားသလိုပဲ။

မေမေ မကြည့်ရက်ပါဘူးကွယ်။

ပြန်ရင် သားကြီးကိုပါ ခေါ်မှပါပဲလေ။

"ခင်ဦး"

"ဟင် ... မမြတ်"

အိမ်ရှေ့ခင်းဝင်မှာ ကားဖုန်သုတ်နေတဲ့ တေဇာ့တို့...
ကြည့်နေသော ဒေါ်ခင်ခင်ဦးကို ဒေါ်ခင်မြတ်လွင်က ခေါ်...
ဖျတ်ခနဲ စဉ်းစားမိတာက ...

အို ... ငါ့ဆီမှာ ဒရိုင်ဘာငယ်ငယ်လေးထားတာကိုပဲ...
စိတ်အနှောင့်အယှက် ဖြစ်နေတာလား။

မောင်ချစ်ကိုကြည့်ပြီး ခင်ဦး ငေးနေလိုက်တာ။

ခင်ဦးက သားရှင်ဆိုတော့ သူ့သားနဲ့ ရည်မှန်း...
ဇင်ဇင့်အနားမှာ သည်လိုဒရိုင်ဘာငယ်ငယ်ချောချော...
တာကိုပဲ ဘဝင်မကျဖြစ်နေလေသလား။





ဒါပေမဲ့ ... ငါ ပြောပြီးသားပဲလေ။

ဇင်ဇင် ဒရိုင်ဘာအပေါ် ဘယ်လိုဆက်ဆံတယ်ဆိုတာ။

ဒါလောက်ဆို ခင်ဦး နားလည်လောက်ရောပေါ့။

အရွယ်တူပေမယ့် အနေနီးပေမယ့် အလွှာချင်း၊ အဆင့်ချင်း မတူရင် ဆောရီးပဲဆိုတဲ့ ဇင်ဇင် မဟုတ်လား။

"ဘာတွေငေးနေတာလဲ ခင်ဦးရဲ့"

"ဪ ... ဒရိုင်ဘာလေးကိုပါ"

"ဟင် ... ဘာဖြစ်လို့လဲ ခင်ဦး"

"ကောင်လေးက ခပ်ငယ်ငယ်ပဲ ဆိုတော့ ကျောင်းပြီးသွားတဲ့ သားကြီးနဲ့ ရွယ်တူလောက်မဲ့၊ သနားပါတယ်၊ ရုပ်ရည်လေးက ဃန့်သန့်ပြန့်ပြန့်နဲ့"

"ကုသိုလ်ပေါ့ ခင်ဦးရယ်၊ ဒီမှာတော့ မောင်ချစ် အဆင်ပြေပါတယ်"

"ဪ ... မောင်ချစ်တဲ့လား"

"ဟုတ်တယ် ... အလိုက်သိတယ်၊ ဖင်ပေါ့တယ်လေ၊ ဒါပေမဲ့ ... သမီးက မောင်ချစ်ကို အလုပ်ပေးတာ လုံးဝမကျေနပ်ဘူး ခင်ဦးရဲ့"

"ဟင် ... ဘာဖြစ်လို့လဲ မမြတ်ရယ်"

"ဘာဖြစ်ရမလဲ ခင်ဦးရဲ့၊ အရွယ်ကလဲတူ၊ ရုပ်ရည်ကလဲ ရှိဆိုတော့ ခများ စဉ်းစားကြည့်လေ၊ ရှက်တာပေါ့ ခင်ဦးရယ်၊ သူငယ်ချင်းတွေ စ,တော့မှာပဲဆိုပြီး ကျောင်းမသွားချင်တော့ ဘူးလေ၊ ဘာလေး ညာလေး လုပ်နေလို့ မနည်းပြောသွားရတာ၊



www.burmeseclassic.com

www.burmeseclassic.com



သမီးက အကောင်းကြိုက်မလေး မဟုတ်လား၊ သူများတွေက သူ့ကို ဒရိုင်ဘာလေးနဲ့ ဘာလိုလိုပြောတာတောင် လုံးဝ အထင် မခံနိုင်ဘူး ဖြစ်နေလို့ မောင်ချစ်ခမျာ မရှိလို့သာ အလုပ်လာလုပ် နေရရှာတာ၊ သမီးဆက်ဆံပုံနဲ့တော့ အတော်လေးကို ခမျာ သည်းညည်းခံရှာတာပါ၊ ဝမ်းရေးမဟုတ်လား ခင်ဦးရယ်"

"အင်း"

"ခင်ဦး မသိမသာအကဲခတ်ကြည့်ပါလား၊ သမီး ဒရိုင်ဘာလေးကို ဘယ်လိုမျက်နှာနဲ့ဆက်ဆံတယ်ဆိုတာ တွေ့ရလိမ့်မယ်"

"အင်း ... အင်း ဒါနဲ့ ခင်ဦးရေးလိုက်တဲ့စာ ဇင်ဇင် ဘယ်လို တုံ့ပြန်သလဲ မမြတ်ရဲ့"

ဒေါ်ခင်ခင်ဦးက စိတ်စောစွာ မေးလိုက်၏။

ဇင်ဇင်၊ ဝေမာနဲ့ ဟေမာတို့က အပေါ်ထပ်မှာ ပစ္စည်းတွေ နေရာချရင်း အဖွဲ့ကျနေပါပြီ။

ဒေါ်ခင်မြတ်လွင်က ဒေါ်ခင်ခင်ဦး၏အမေးကို ကျေနပ်စွာ ပြုံးလိုက်၏။

ငယ်သူငယ်ချင်းဆိုပေမယ့် ကိုယ်က သမီးရှင်မဟုတ်လား

ပြီးတော့ ဒရိုင်ဘာငယ်ငယ်ကို ကျေးဇူးရှိလို့ ခန့်ထားတာ အတွက် သားရှင်ဘက်က မျက်စိဒေါက်ထောက် ကြည့်နေမှာ လည်း မလိုချင်ဘူး။

ကိုယ့်သမီး သဲလဲစင်ကို သားရှင်အနေနဲ့ ဒရိုင်ဘာလေး ကြောင့် အမြင်တစ်မျိုးနဲ့ မြင်မှာကို လုံးဝမလိုလားတာလေ အမှန်ပါပဲ။





ဒါကြောင့် သမီးရဲ့ ဒရိုင်ဘာအပေါ် ဆက်ဆံပုံတွေကို ဒေါ်ခင်မြတ်လွင်က သာသာထိုးထိုးလေး ပြောလိုက်ခြင်း ဖြစ်သည်။

ခုတော့ ဒေါ်ခင်ခင်ဦးက မေးပါလေပြီ။

သမီး ဘယ်လိုတုံ့ပြန်သလဲတဲ့။

"ခင်ဦးရယ်၊ မမြတ်သမီးက အလှကြိုက် အကောင်းကြိုက် ဆိုတော့ ခင်ဦး သားအပေါ်မှာ သူ့အတွက် ငြင်းကွက်တစ်ကွက် မှကို မရှိတာဘဲ၊ တက္ကသိုလ်ကျောင်းသူဖြစ်ပြီး ဘွဲ့တောင်ရတော့ မယ်၊ အခုချိန်ထိ ရည်းစားသနံ လုံးဝကင်းရှင်းတယ် ခင်ဦးရဲ့ မာမီ့စိတ်တိုင်းကျ ဖြစ်စေရမတဲ့လေ၊ အဲ ... ဒါ ပြောသေးတယ် ခင်ဦးရဲ့"

"အင်း ... ဘာတဲ့လဲ မမြတ်ရယ်"

"မာမီ့စကားနားထောင်ပြီး ယူထားတဲ့လူဟာ တစ်နေ့ကျ မကောင်းဖြစ်လာရင်တော့ မာမီတို့ဆီ ပြန်အပ်လိုက်ရုံပေါ့လေ တဲ့လေ၊ အဟင်း ... ဟင်း ... ဟင်း"

"အမယ်လေး ... စိတ်ချပါမမြတ်ရယ်၊ သားက လူအဖိုးတန် ကလေးပါရှင်"

ထိုစဉ် အပေါ်ထပ်မှ ဇင်ဇင်တို့ ဆင်းလာကြ၏။

"မာမီ"

"ဟင်"

"မီးဖိုမှာ အဆာပြေစားဖို့ ... တစ်ခုခု သွား[illegible]မယ် နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး မခင်ကို ပြောလိုက် သမီး၊ နက်စ်ကော်ဖီနဲ့ ကိတ်မုန့်တွေ စီစဉ်ပေးပါလို့"

"ဟုတ်ကဲ့ ... မာမီ"

ဝေမာနှင့် ဟေမာကလည်း လာထိုင်ကြ၏။

"ခင်ဦး သမီးလေးတွေက အေးအေးဆေးဆေးလေးတွေကွယ်၊ ချစ်စရာလေး"

ဒေါ်ခင်မြတ်လွင်က ချစ်စနိုးကြည့်ကာ ပြောလိုက်သဖြင့် ဝေမာရော ဟေမာပါ ရှက်ကိုးရှက်ကန်း ပြုံးလိုက်ကြ၏။

မကြာမီ အငွေ့တထောင်းထောင်း ထနေသော ကော်ဖီကို အဆာပြေ မြိန်ရှက်စွာ စားသောက်လိုက်ကြလေသည်။

◈ ◈ ◈





## အခန်း (၁၇)

"ဘယ်လိုလဲ သားရယ် ... မေမေ မြင်ရတာ သားကြီး ဝင်ပန်းနေပြီကွယ်"

"ရပါတယ် မေမေရဲ့၊ ဒါလောက်ကတော့ အကြောင်းမဟုတ်ပါဘူး"

"အင်း ... အချစ် ... အချစ်၊ တော်တော့်ကို စွမ်းအားကြီးပါလားနော် သားရယ်"

"မေမေ"

"ဘာလဲ သား"

"ဇင်ဇင့်ကို ဘယ်လိုမြင်လဲ ဟင်"

"မဆိုးပါဘူးကွယ်၊ ချစ်စရာလေးပဲ"

"မေမေတို့ သဘောတူတယ်ဆိုတဲ့ ချွေးမလောင်းပါဗျာ"

"အင်းပါ ... သားရယ်"

"မာနကြီးတယ် မေမေရာ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... ဘာလဲ ဒရိုင်ဘာ့ကိုမျက်နှာသာမပေးလို့လား"

"မေမေ သိနေပြီကိုး"

"မမြတ်က ပြောပါတယ်၊ သမီးပျိုနဲ့ ဒရိုင်ဘာချောချော လေးကို မေမေ တစ်မျိုးမြင်မှာစိုးလို့ ထင်ပါရဲ့ကွယ်"

"ဇင်ဇင်ကတော့ တွေ့တဲ့အတိုင်းပဲ မေမေ"

"သားကြီး"

"ဗျာ"

"လက်မခံနိုင်ဘူးလားဟင်"

"မေမေ"

"သားကြီး"

"ဇင်ဇင်ဟာ သိပ်ချောတယ်"

"အင်း"

"အဆင့်အတန်းလဲ ခွဲပုံရတယ်"

"သိက္ခာရှိတဲ့ မိန်းကလေးမို့ ... တွေ့ကရာအဆင့်တွေထဲ ထွေးရောယှက်တင် မနေတတ်တာပါ သားရယ်"

"ထားပါတော့ဗျာ"

"မေမေ့သားက... အတွေးခေါင်ခေါင်နဲ့ မိန်းမပိုးနည်း အရွှေးများနေတာကိုးကွယ့်၊ မေမေတို့သားအနေနဲ့ လာမယ် ဆိုရင် ဖြူနေပြီ"

"လွယ်တဲ့ဟာဆို တန်ဖိုးနည်းမယ် ထင်လို့ပါ မေမေ"

"ခုတော့ ခက်ကာကွယ်"

"ကြိုးစားနေဆဲပါ မေမေရာ"





"မာဒဂ်ထုံးလား သားရယ်"

"မေတ္တာစစ်ကိုရဖို့ ဒါလောက်တော့ အရင်းပြုသင့်တာပေါ့ မေမေ"

"မေမေတော့ သားကို သနားတယ်"

"ရပါတယ် မေမေရယ်"

"သားကြီး"

"ဗျာ"

"အနေအထိုင် အစားအသောက် ဆင်းရဲမှာပေါ့ကွယ်၊ မေမေတို့ပြန်ရင် ပြန်လိုက်ခဲ့ပါတော့ကွယ်"

"နေပါဦး မေမေရာ"

"မရေရာတဲ့အဖြစ်နဲ့ သားက ဘယ်လောက်အထိ နေနေဦးမှာလဲကွယ်"

"သည်းခံခြင်းနဲ့ အနစ်နာခံခြင်းရဲ့ အကျိုးဟာ ခရီးမဝေးတော့ပါဘူး မေမေရာ"

"သားကြီး"

"ဗျာ"

"မေမေ့သား ဇင်ဇင့်ကို စိတ်ဝင်စားနေပြီပေါ့"

"မေမေရယ် ... ကိုယ့်အပေါ် အဆင့်မတူတဲ့ ပုံစံနဲ့ ဘယ်လိုပဲနှိမ့်ချဆက်ဆံပေမယ့် ဇင်ဇင့်ကို ကျွန်တော် မြင်မြင်ချင်း ချစ်သွားမိပါပြီ မေမေ"

"ဪ ... ကွယ်"

"ဒါပေမဲ့ ... မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဇင်ဇင်က အချက်အပြုတ် ဘာမှမတတ်ဘူး"

"သားက တတ်နေသားပဲကွယ်"

ဒေါ်ခင်ခင်ဦးက တမင် သားဖြစ်သူကို သွေးတိုးစမ်းကာ ပြောလိုက်၏။

တေဇာကလည်း ပြုံး၍ ...

"အဟင်း ... သင်ပေးရမှာပေါ့ မေမေရယ်"

"သားကလား"

"မေမေတို့ကပေါ့"

"အလို"

"မပြန်ခင် ဇင်ဇင် မီးဖိုချောင် စိတ်ဝင်စားသွားအောင် နည်းနည်းလုပ်ပေးစမ်းပါ မေမေရာ ... နော်"

"ဩော် ... သား ... သား"

ဒေါ်ခင်ခင်ဦး၏ မိတ်ဆွေအိမ်ကို ကိစ္စတစ်ခုအကြောင်း ပြကာ ထွက်လာခဲ့ပြီး သားအမိနှစ်ယောက်အေးအေးဆေးဆေး စကားပြောနေကြခြင်း ဖြစ်၏။

"မေမေ"

"ဟင်"

"ဖေဖေ နေကောင်းတယ်နော်"

"အမယ်လေး သားရယ်၊ ခုမှ ဖေဖေ့အကြောင်း မေးတော့ ရတယ်နော်"

"ဟာ ... မေမေကလဲ"





"ဒါကြောင့် မင်းဖေဖေက ပြောတာပေါ့"

"ဘာတဲ့လဲဟင် ... မေမေ"

"ခင်ဦးရာ ... မင်းသားတော့ ဇင်ဇင့်အလှနဲ့တွေ့ပြီး မိဘ မောင်နှမတွေအားလုံး မေ့သွားပြီထင်တယ် တဲ့"

"ဟာဗျာ ... မေမေတလဲ"

"မဟုတ်ဘူးလားကွယ့်"

"ထားပါတော့ မေမေရာ"

"ထားပါတယ်ရှင်"

"မေမေ"

"ဟင်"

"ဝပ်ရှော့ကကော အေးအေးဆေးဆေးပဲ မဟုတ်လား" လက်ထောက်နှင့် ထားခဲ့ရသဖြင့် ... မေးလိုက်ခြင်းပါ။

ဒေါ်ခင်ခင်ဦးက ရယ်၍ ...

"အင်း ... ခုမှပဲ ဒါတွေမေးတော့တယ် သားရယ်"

"စိတ်ချရတဲ့လူမို့ပါ မေမေ"

"အားလုံး အခြေအနေကောင်းပါသတဲ့ကွယ်"

"ကျေးဇူးတင်ပါတယ် မေမေ"

"ဘာများတုံး သားရယ်"

"အခုလို မှင်သေသေနဲ့ နေပေးတဲ့ဟာကိုပေါ့"

"အင်း ... အဖြစ်မှန်ကိုသိရင် မမြတ်တို့တော့ သူတို့ကို အရှုးလုပ်တယ်ထင်ပြီး မျက်ရင်တော့ ဒုက္ခပဲ"

"မေမေတို့က နားလည်အောင် ရှင်းပြပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆို ခုတစ်ခါတည်း ရှင်းပြသွားမယ်”

“အာ ... မလုပ်ပါနဲ့ မေမေရာ၊ ရှုပ်ကုန်မယ်၊ ပြီးတော့ သူတို့အနေနဲ့ ကြိုသိသွားရင် သားရဲ့လုပ်ဇာတ် ဘယ်အောင်မြင်တော့မလဲ”

“ဇင်ဇင် မသိရင် ပြီးရောပေါ့ကွယ်”

“မလုပ်ပါနဲ့ မေမေရာ”

“ဒါဆို ... ဘယ်အချိန်မှ ပြောရမလဲ”

“ကျွန်တော် အိမ်ပြန်ရောက်မှ ဇင်ဇင့်မိဘတွေဆီ အကျိုးအကြောင်း စာရေးပေးပါ မေမေ၊ အဲ ဇင်ဇင်တော့ လုံးဝမသိစေနဲ့ဦးလို့”

“ဇင်ဇင်က ဘယ်တော့မှ သိရမှာတဲ့လဲ”

“မင်္ဂလာဆောင်တဲ့နေ့မှ”

“သားတလဲ လျှို့ဝှက်သည်းဖို လုပ်နေပြန်ပါပြီ”

“နော်ဗျာ ... မေမေ”

“အင်းပါ ... စိတ်ချ”

“ညီမလေးတို့ကိုလဲ ကျွန်တော် ဆုချရဦးမယ်”

“ဘာဖြစ်လို့လဲ သားရယ်”

“ခုလို မှင်မောင်းကောင်းကောင်းနဲ့ ဝိုင်းဖြီးပေးလို့ပေါ့”

“အင်း သမီးတွေက သားကြီးကို အရမ်းအောက်မေ့နေကြတာကွယ့်၊ ဒီရောက်တော့လဲ ထင်သလောက် မခွဲရ မကပ်ရတော့ မချင့်မရဲ ဖြစ်နေကြတာပေါ့”

“သိပါတယ် မေမေ၊ နောက်မှ သူတို့ကြိုက်တာနဲ့ ချော့ရမယ် ...”





“ဇင်ဇင်ကလဲ သမီးတို့ကို ခင်ရှာပါတယ်”

“ညီမတို့ကတော့ ဇင်ဇင့်ကို သဘောကျရဲ့လား မေမေ”

“ကျ မကျတော့မသိဘူး သားရေ၊ ရောက်ကတည်းက သုံးယောက်ပူးသွားတာ အခုထိခွာမရတော့ဘူးလေ၊ တတွဲတွဲနဲ့”

“ဟုတ်တယ် ... ခုတောင် မေမေပြန်ရောက်ရင် ဈေးသွားခယ်လို့ အော်ဒါ မှာလိုက်သေးတယ်လေ”

“သမီးယောက်မတွေ ချစ်ကြတာ ... ဝမ်းမသာဘူးလား သားရဲ့”

“ဝမ်းသာပါတယ် မေမေရာ၊ ဇင်ဇင့်ရှေ့မှာ ညီမလေးတွေက အရမ်းကို မှင်သေတော့ ကျွန်တော့်မှာ ရယ်ချင်စိတ် ကို မနည်းအောင့်အောင့်ထားရတယ်”

“အင်း ... ကိုယ့်ဇာတ်တော့ ကိုယ်နိုင်အောင် က,ပေတော့ သားရေ”

“အဟင်း ... ဟင်း”

သားအမိနှစ်ယောက် စကားတွေတဝကြီးပြောပြီးမှ အိမ်သို့ ပြန်လာကြ၏။

အိမ်ရောက်တော့ ဇင်ဇင်တို့သုံးယောက် ဈေးသွားရန် အဆင်သင့်ဖြစ်နေကြလေပြီ။

ကားထဲဝင်ဖို့ပြင်ကြတော့ ဇင်ဇင်က ...

“ဟေမာ ရှေ့မှာထိုင်နော်၊ မမတို့ နောက်မှာ ထိုင်မယ်”

“ဟုတ်ကဲ့ ... မမဇင်”

ဟေမာက တေဇာ့ကို ပြုံးပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တေဇာက ခပ်တည်တည်ပါပဲ။

ဘယ်သူ့ကိုမှ မကြည့်ဘဲ ကားမောင်းရန် အဆင်သင့်ဖြစ်နေပါသည်။ ဟေမာက နှာခေါင်းရှုံ့၍ ဝင်ထိုင်၏။

ဇင်ဇင်က အားလုံးနေရာကျသွားတော့မှ ...

"ကဲ ... ရပြီ မောင်းတော့"

ကားလေးက လျှောခနဲ ထွက်လာသည်။

ဇင်ဇင် ကျေနပ်နေသည်။

တေဇာ၏အမူအရာတွေကို ဖြစ်၏။

ဘယ်မိန်းကလေးကိုမှ တေဇာ စေ့စေ့တည့်တည့်ကြီး မကြည့်တတ်ဘူး မဟုတ်လား။

ဒေဝီ၊ မေနီ၊ ချိုရည်တို့ကိုလည်း သည်လိုပါပဲ။

ဟက်ဟက်ပက်ပက် ဘယ်သူ့ကိုမှ စကားမပြောတတ်ပါ။ မေးတစ်ခွန်း ဖြေတစ်ခွန်းပါပဲ။

ခုလည်း ကြည့်။ ဝေမာနဲ့ ဟေမာကို ဖုတ်လေဘဲငါး ရှိတယ်လို့တောင်မထင် ဆိုတဲ့ ပုံမျိုး။

ယောက်ျားလေးဆို သည်လိုမှပေါ့။

တချို့များ မိန်းကလေးမြင်ရင် ငမ်းကြောကို ထသည်။

အရောဘဝင် ဆက်ဆံ ပြောချင်ဆိုချင်ကြသည်။

ခုတော့ ကြည့်လေ။

ပြုံးပြတဲ့ ဟေမာလေးကိုတောင် ခပ်တည်တည်ပဲ။

ဇင်ဇင်တောင် အားနာသွားချင်ချင် ဖြစ်သွားရ၏။





ဟေမာကတော့ ခပ်တည်တည် အမူအရာကြောင့် ပခုံးသား တွန့် ခေါင်းကုတ်သလိုလို နားထင်နားတစ်ဝိုက် လက်ညှိုး ...သးဝိုင်းပြကာ ဘဝင်ဟူသော စတိုင်မျိုး အသံတိတ် လုပ်ပြ ဆိုက်၏။

ဘေးတိုက်ဖြစ်သော တေဇာကလည်း ဒါကိုမြင်သည်။

ရယ်ချင်ပေမယ့် အောင့်ထား၏။

ဝေမာနှင့် ဇင်ဇင်ကလည်း ပြုံးစိစိဖြစ်နေကြသည်။

ဝေမာက နောက်ကြည့်မှန်ထဲမှ တေဇာ့ကို မျက်လုံးတစ်ဖက် ဖျတ်ခနဲ မှိတ်ပြလိုက်၏။

ဘယ်သူမှ မမြင်။

တေဇာ မြင်တော့ မသိမသာ ပြုံးမိသွား၏။

ပြီးတော့မှ ဝေမာက ဇင်ဇင့်ကိုခေါ် လိုက်သည်။

"ဇင်ဇင်"

"ဟင် ... ဘာလဲ ဝေမာ"

"ဝေမာတို့ ကိုကို့ကို လက်ခံလိုက်ပြီနော်"

ထိုစကားကြောင့် တေဇာ့ရင်တွေ ဒိုင်းခနဲ ခုန်သွားရကာ ကားလက်ကိုင်ပင် ယောင်ယောင်ယမ်းယမ်း ယိုင်ခနဲ ဖြစ်သွားတော့၏။

ဒါကို ဟေမာက ရိပ်မိသည်။

ပြုံးစိစိနှင့် မျက်လုံးလေး ပြူးပြလိုက်၏။

ဇင်ဇင်က ဝေမာ့အမေးကို ရုတ်တရက် မဖြေနိုင်။

ဘာဖြစ်လို့တော့လည်း မသိ။



www.burmeseclassic.com

www.burmeseclassic.com



တေဇာ့ရှေ့မှာဆိုတော့ ရှက်သလိုလိုရွံ့သလိုလိုဖြစ်နေ
တကယ်ဆို ဘာဖြစ်စရာလိုသလဲ နော်။

သူက ဒရိုင်ဘာ။

ဂရုစိုက်စရာမှတ်လို့။

ပြီးတော့ ... ခုတလော သူ့အကြည့်တွေက တစ်မျိုး။

ဇင်ဇင့်ကိုတော့ သူ သိပ်မကြည့်မှန်း သိပါသည်။

မကြည့်ရခြင်း အကြောင်းရင်းကလည်း မိမိက
ကြည့်တာကို မကြိုက်ဘူး မဟုတ်လား။

ဒါပေမဲ့ တစ်ခါတလေ မိမိ မသိဘူးမှတ်ပြီး သူ ငေး
ဆွေးဆွေးလေး ကြည့်ကြည့်နေတတ်တာ ခဏခဏ ဖမ်းမိ
ပါသည်။

အကြည့်သူခိုးပေါ့လေ။

ဇင်ဇင် သိသွားမှန်း သူ သိလျှင် ဟိုလိုလို သည်လို
မျက်နှာလွှဲသွားတတ်သည် မဟုတ်ပါလား။

အစရှိ အနောင်နောင် ဒရိုင်ဘာအဆင့်လောက်သာလူ
မိမိအား အဲသည်လို ငေးနေတာ မကောင်းဘူးပေါ့။

ဒရိုင်ဘာမှာလည်း အသည်းနဲ့ပါ ဆိုချင်ဆို။

အဆင့်ချင်းက မိုးနဲ့မြေပမာ ကွာခြားနေရသည် မ
လား။

သည်တော့ ဇင်ဇင်က ဟက်ခနဲ ရယ်၍ ...

"အဟင်း ... ဘယ်သူပြောလဲ ဝေမာ"

"အမယ် ... မေမေနဲ့ အန်တီမြစ်တို့ ပြောနေပါတယ်
ဇင်ဇင်က မာမီ့သဘောပါဆို"





ဇင်ဇင် ပြုံးလိုက်၏။ ပြီးမှ ...

"အင်းလေ ... မာမီတို့က ကောင်းမယ်ထင်လို့ စီစဉ်တဲ့
ဟာပဲ၊ ဇင် ငြင်းနေလို့ လူကြီးတွေ စိတ်ဆင်းရဲရုံပဲ ရှိမှာပေါ့"

ဇင်ဇင်က ဖြောင့်ကွယ် ကွယ်ကာ ... လူကြီးဘက်သို့
လိုက်၏။

ဒါကို ဟေမာက နောက်လှည့်၍ ...

"ဟင် ... ဒါဆို မမဇင်က သဘောမကျဘူးလား"

"ဟေမာကလဲ သဘောကျရအောင် မြင်မှ မမြင်ဖူးတာကို၊
ပေမဲ့ ... ဟေမာတို့ကိုကိုက ရုပ်ချော၊ သဘောကောင်း၊
သောက်အစား အပျော်အပါး လုံးဝမရှိ၊ ကိုယ်ပိုင်လုပ်ငန်း
တယ် ဆိုတဲ့အချက်တွေဟာ ပြည့်စုံနေပြီ မဟုတ်လား"

"တစ်ခုကျန်သေးတယ် ဇင်ဇင်ရဲ့"

"ဘာလဲဟင် ဝေမာ"

"ကိုကိုက ဇင်ဇင့်ကို အရမ်းချစ်တာ ဆိုတာပေါ့"

"အို ... ဝေမာကလဲ"

ရှက်မျက်နှာရဲရဲလေးဖြင့် ဇင်ဇင်က ပြောပြီးမှ ရှေ့မှန်ထဲ
တေဇာ့မျက်ဝန်းနှင့် ဖျတ်ခနဲ မျက်စိချင်းခလုတ်တိုက်မိကြ၏။

ဇင်ဇင် မျက်လွှာ ကမန်းကတန်းချပစ်ပြီး ...

"အဲဒါတော့ ဝေမာ ညာတယ်"

"ဘာဖြစ်လဲ ဇင်ဇင်ရဲ့"

"ဝေမာ့ကိုကိုက ဇင့်ကို မြင်ဖူးလို့လား ... တဲ့"

ဇင်ဇင့်အမေးကြောင့် တေဇာ့ရင်တွေဒိုင်းခနဲခုန်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲ။

သည်ကောင်မလေးတွေ ပါးစပ်ချောင်ပုံနဲ့တော့။

ဒါပေမဲ့ ဟေမာက အပါး၊ အလည်၊ ဒက်ခုနဲ့ဝင်ပြော

"မမြင်ဖူးပေမယ့် ဖေဖေ့အပြောနဲ့ကို မမဇင်ရဲ့အလှ ကိုကို့ကို ဖမ်းစားသွားပြီလေ"

"ဟာ ... အဲလောက်လဲ မဟုတ်သေးပါဘူးနော်"

"မမဇင်"

"ဟင်"

"ကိုကို့ကို မြင်ဖူးချင်လားဟင်"

"အို ... ဟေမာကလဲ"

"ခစ် ... ခစ် ... မမဇင် ရှက်နေပြီဟေ့"

"ဝေမာတို့ပြန်ရင် လိုက်ခဲ့ပါလား ဇင်ဇင်"

"အာ ... မလိုက်ချင်ပါဘူး"

"ဘာဖြစ်လို့လဲ မမဇင်ရဲ့"

"ဘာဖြစ်ရမလဲ၊ ဟေမာတို့ကိုကိုက အထာကြီးနဲ့ နေ ကို မမဇင်တို့က ဈေးမပေါသေးပါဘူးနော်"

"ကိုကိုက ရှက်တတ်လို့ပါ"

"အမယ် ... မမဇင်က မရှက်တတ်ရတော့ဘူးလား"

"မမဇင်"

"ဟင်"

"ကိုကို့ကိုတော့ မမဇင် စိတ်ဝင်စားပါတယ်နော်"

"ဟယ် ... ဟေမာကလဲ"





"ဟေမာ အကြောင်းကို သိချင်တာပါ မမဇင်ရဲ့ ... ပြောစမ်းပါ"

"မသိဘူးလေ"

"ဟင် ... အဲဒီလို မလိမ့်တပတ်မပြောနဲ့လေ၊ စိတ်မဝင်စားဘူးလားလို့"

"အမှန်ပြောရရင်တော့ လူကြီးတွေက အရမ်းသဘောတူနေတဲ့ လူတစ်ယောက်ကို မမဇင်အနေနဲ့ နည်းနည်းပါးပါးတော့ စိတ်ဝင်စားမိတာပေါ့ ဟေမာရယ်"

"ဟင် ... အဲဒါတော့ ဇင်ဇင် မတရားဘူးကွာ"

"ဘာဖြစ်လို့လဲ ဝေမာ"

"ကိုကိုဆို ဇင်ဇင့်ကို မမြင်ရသေးခင်ကတည်းကကို စိတ်ဝင်စားပြီး ချစ်နေတာပါနော်"

"ညွှန်းလှချည်လား"

"တကယ်ပြောတာ"

"ဒါတော့ ဇင် မြင်တော့မှ အဖြေမှန်ပေါ်လာမှာပေါ့ကွာ"

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ဈေးထဲ တစ်ပတ်ပြီးတစ်ပတ် ဝင်မွှေကြ၏။

"ဟေး ... မိဇင်"

"ဟယ် ... မေနီ"

"ညှော့သဉာနဲ့လား"

"ဟုတ်တယ် ... မန္တလေးက၊ ဝေမာနဲ့ ဟေမာတဲ့"

ဇင်ဇင်ကပြောပြီး မေနီခင်ကို လက်ညှိုးထိုးကာ ...

"သူက ဇင့်သူငယ်ချင်း မေနီ တဲ့ ... ဝေမာနဲ့ ဟေ
မှတ်ထားကြပေါ့"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါဘယ်နော်၊ မေ
အိမ်ကိုလဲ အလည်ခေါ်ခဲ့ပါဦး မိဇင်"

"အင်း"





"တစ်နေ့လောက်ချိန်းပြီး ဒေဝီတို့ပါ ခေါ်ပြီး တစ်ခုခု လုပ်စားရအောင်လေ"

"ကောင်းသားပဲ"

"ဟိုတစ်ခါ မိဇင်လုပ်ပုံတော့ကွာ၊ တကယ် စိတ်ဆိုးတယ် သိလား"

"ဟင် ... ဘာလဲ မေနီရဲ့"

"ကိုကိုတော်မီ ရောက်လာတဲ့နေ့ကလေ"

"ဪ ..."

ဇင်ဇင် မျက်နှာလေး မသိမသာ ပျက်သွားရင်း ...

"ငါပြောပြီးပြီပဲမေနီရယ်၊ အဲဒီနေ့က လက်ဆေးကြွေကန် ပေါ်က စင်လေးမှာ စိန်လက်စွပ်ကို မေ့ပြီးထားခဲ့မိတာ ဖြန်းခနဲ သတိရသွားလို့ပါဆို"

"အင်းပါ ... ကိုကိုမြတ်ဘုန်းကျော်လဲ ပြောပါတယ်၊ အဲဒီ နေ့က မိဇင် ပြန်သွားတာမြင်တဲ့လူ တစ်ယောက်မှ မရှိဘဲ ကိုကိုမြတ်ဘုန်းကျော် တစ်ယောက်ပဲ မြင်တာ ... ကိစ္စတစ်ခု အရေးကြီးလို့ မိဇင် ကမန်းကတန်း ပြန်သွားပြီလို့ ပြောမှပဲ သတိရတော့တယ်၊ ဒေဝီနဲ့ ချိုရည်ဆို မျက်နှာကို ရှုံ့နေရော"

"သူတို့ကို ဘယ်သူပြန်ပို့ပေးရသလဲ"

"ငါနဲ့ကိုကိုတော်မီတို့ ပို့ပေးရတာပေါ့ဟာ၊ အိမ်ရောက်မှ နင့်ဆီ ဖုန်းဆက်မေးရတာ၊ လက်စွပ်ပြန်ရလား"

"ရတယ် ... မာမီ သိမ်းထားတယ်"

"တော်သေးရဲ့ ... နင်ကလဲ နမော်နမဲ့နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း"

ဇင်ဇင် ရယ်လိုက်၏။

မြတ်ဘုန်းကျော် ... မြတ်ဘုန်းကျော်။

လက်ရဲဇက်ရဲ ရှိလွန်းသည့်လူ။

ဇင်ဇင်ကလည်း ကဲကဲဆတ် ရိုက်ပစ်ခဲ့သည်။

ပြန်တွေးမှ ကြောက်စိတ်တွေ ဝင်လာရ၏။

ကိုယ်က မိန်းမသားလေ ...။

အဲသည်အချိန်မှာ ဟိုဒရိုင်ဘာသာ ရောက်မလာခဲ့ရင် ဇင်ဇင်တော့ မြတ်ဘုန်းကျော်ရဲ့ ကစားစရာအရုပ်လေး ဖြစ်သွားမှာ အသေအချာပဲပေါ့။

"မိဇင် ... လာ ငါ ရွှေရင်အေးတိုက်မယ်"

မေနီ့အသံကြားမှ ဇင်ဇင်လည်း ကပျာကယာ ကျွေး ဆည်ကာ ...

"အေး ... ကောင်းတယ်၊ ကဲ ... ဝေမာနဲ့ ဟေမာ ... လာ ဒါနလေးမြောက်သွားအောင် မေနီ့ကို ပါရမီဖြည့်လိုက်ကြစို့"

လေးယောက်သား ရွှေရင်အေးဆိုင်ဘက် ထွက်ခဲ့ကြသည်။

"နင် တစ်ယောက်တည်းလာသလား မေနီ"

"ဟင့်အင်း ... ကိုကိုမြတ်ဘုန်းကျော်နဲ့"

"ဩော်"

ဇင်ဇင် ထိတ်ခနဲ ဖြစ်သွား၏။

အဲသည်လူကို ဇင်ဇင် မမြင်ချင်ပါ။

သို့သော် ဇင်ဇင့်ဆန္ဒ မပြည့်တော့။





မြတ်ဘုန်းကျော် နှင့် သူ့အဖော်တစ်ယောက် စကားတပြောပြောနှင့် လာနေကြသည်။

"ဟော ... ဟိုမှာ ကိုကိုမြတ်ဘုန်းကျော်၊ သူငယ်ချင်းနဲ့ တွေ့ပြီး လေမိနေတာလေ"

"မေနီ ဝယ်လို့မပြီးသေးဘူးလား၊ ဩော် ဇင်ဇင်ပါလား"

မြတ်ဘုန်းကျော်က မေနီ့ကို လှမ်းပြောရင်းမှ ဇင်ဇင်တို့ကို မြင်သွားသည်နှင့် ...

"နေကောင်းတယ်နော် ဇင်ဇင်"

"ဟုတ်ကဲ့"

"ဈေးလာတာလား"

"ဟုတ်ကဲ့"

ဈေးထဲမှာတွေ့တာ ဈေးမလာလို့ ဘယ်လာရမလဲ။

အတော့်ကို မျက်နှာပြောင်တဲ့လူပဲ။

မေနီ့ကို အားနာလို့သာ။

ဇင်ဇင့်အလိုသာဆို ... အဖက်လုပ်ပြီးကို ပြန်မပြောနေချင်တော့ပါဘူး။

"ရွှေရင်အေး ဒကာက ဘယ်သူလဲ မေနီ"

မြတ်ဘုန်းကျော်က မေးတော့ မေနီက ပြုံးစိစိနဲ့ ...

"ကိုကိုပေါ့၊ ကဲ ... ရှင်းပေတော့"

မေနီ့အပြောကြောင့် ဇင်ဇင်ပင် နင်ချင်သလိုလို ဖြစ်သွားတော့၏။

မြတ်ဘုန်းကျော်ကတော့ ... ဇင်ဇင့်ကို ရွှန်းရွှန်းစားစား တစ်ချက်ကြည့်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာပါတယ်ကွာ ... ရှင်းတာပေါ့ နောက်လဲ အမြဲတမ်း ကျွေးခွင့်ကြုံချင်ပါတယ်နော် ဇင်ဇင်"

"အို"

ရိုသွဲ့သွဲ့စကားကြောင့် ဇင်ဇင်မှာ စားလက်စ ရွှေရင်အေး ပန်းကန်ကို ဆက်မသောက်တော့ဘဲ ချထားလိုက်တော့၏။

ရွှေရင်အေးတွေ တစ်ဝက်လောက်ကို ကျန်သေးသည်။

ဝေမာနှင့် ဟေမာကတော့ အစားသုတ်သုတ်သမားတွေမို့ ပြီးနေပါပြီ။

ဇင်ဇင်က ထရပ်လိုက်ရင်း ...

"ကျေးဇူးတင်ပါတယ်နော်၊ ကဲ ဇင်တို့ကိုခွင့်ပြုပါဦး၊ မေ နောက်ဆုံကြသေးတာပေါ့။ လာ ဝေမာနဲ့ ဟေမာ သွားကြမယ်"

"ဇင်ဇင်တို့မှာ ကားပါလာသလား၊ ကိုယ့်ကားနဲ့ ပြန်ပို့ပေး မယ်လေ"

"ကားပါလာပါတယ်"

"ကောင်းပါပြီဗျာ"

ဇင်ဇင်တို့ အမြန်ဆုံး ထွက်ခဲ့ကြ၏။

မလှမ်းမကမ်းရောက်တော့မှ ဟေမာက ...

"အချစ်ရှူးကြီး"

ခပ်တိုးတိုးလေး မနာပြုလိုက်၏။ ဝေမာကလည်း ...

"အေးလေ ပေါ်တင်ကြီး ... ဘယ်လိုမျက်နှာပြောင်များ မသိဘူးနော်"

"အဲဒီလူက မမေနီရဲ့ အစ်ကိုလား"





"ကာစင်ပါကွာ"

"မမဇင်ကို ပုစွန်မျက်လုံးနဲ့ရှိတ်နေတာ အရှက်လဲမရှိဘူး"

"မွေးတုန်းက အရှက်နဲ့ ချက်ကို မှားပြီး ကြိုးဖြတ်ထားမိတာနဲ့ တူတယ်နော်"

"ခစ် ... ခစ် ... ဟုတ်မယ် ဟုတ်မယ်"

"ဟွန်း ... ကိုကိုသာ မြင်ရင်တော့လား၊ ဒီလူ လက်သီးစာ မိသွားမှာပဲ"

"ဟောတော့် ... ဟေမာ့ကိုကိုရဲ့လက်က ရှည်လှချည်လား"

"ဘာပြုလို့"

"မန္တလေးကနေပြီး ရန်ကုန်ကို လှမ်းထိုးလို့ပေါ့"

"ခစ် ... ခစ်"

စားသောက်ဆိုင်ရှေ့တွေ ရောက်တော့ ... ဟေမာက ခေါက်ဆွဲကြော် ငါးထုပ် မှာသည်။

ဇင်ဇင်က ...

"များလှချည်လား ဟေမာရယ်"

"ဟေမာ တစ်ယောက်တည်းတင် တစ်ထုပ်၊ အေးအေး အေးဆေးပဲ မမဇင်၊ ကျန်နှစ်ထုပ်က လူကြီးတွေအတွက်"

"နောက်နှစ်ထုပ်ကကော ..."

"မမတို့နှစ်ယောက်အတွက်က တစ်ထုပ်"

"အင်း"

"နောက်တစ်ထုပ်က ဟို ဒရိုင်ဘာ အစ်ကို့အတွက်လေ"

တေဇာ ခေါက်ဆွဲကြော် ကြိုက်သည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာဆို ... ကိုကိုက ဟေမာ့အတွက် အလုပ်မှအပြန် ဝယ်ဝယ်လာနေကျ။

ကိုကိုနဲ့ ဟေမာကတော့ တစ်ယောက်တစ်ထုပ်ကျပဲ။

ခုတော့ ကိုကိုတစ်ယောက် စားမှ စားရရဲ့လား မသိ။

စဉ်းစားမိသော ဟေမာက တေဇာ့ကို စားစေချင်၍ပါ။

ဇင်ဇင်က မျက်မှောင်ကြုတ်၍ ...

"ဟာ ... မပေးပါနဲ့ ဟေမာ၊ အကျင့်ပါတယ်"

"ဟင် ... ဘာဖြစ်လို့လဲ ဇင်ဇင်"

"ဘာဖြစ်ရမလဲ ဝေမာရယ်၊ ဒရိုင်ဘာဟာ ဒရိုင်ဘာလိုပဲ ဆက်ဆံသင့်တယ် မဟုတ်လား၊ တော်ကြာ လက်ပေးသင်သလို ဖြစ်နေဦးမယ်လေ"

ဇင်ဇင့်အပြောကြောင့် ဝေမာနှင့်ဟေမာ မျက်နှာမကောင်း ဖြစ်သွားကြ၏။

သြော် ... ကိုကိုရယ်၊ ဖြစ်မှ ဖြစ်ရလေနော်။

ဒါပေမဲ့ ဇင်ဇင်က ကိုကို့ကို တေဇာမှန်း မသိ၍သာပဲလေ ဟူသောဖြေသိမ့်စိတ်ဖြင့် ဝေမာရော ဟေမာပါ သဘောပေါက် နားလည်စွာဖြင့် ရှိသွားကြရင်း ...

"ဟေမာကတော့ ဘာရယ်မဟုတ်ပါဘူး ... မမဇင်ရော ကိုယ်စားသလို သူများလဲ စားစေချင်တယ်၊ စားလဲ စားချင်လိမ့် မယ်လို့ ထင်မိလို့ပါ"

ဟေမာက ခပ်ပေါ့ပေါ့လေးနှင့် ဘာမှမဖြစ်သလို ပြော လိုက်၏။ ဝေမာကလည်း ...





"အိမ်မှာလဲ ဒရိုင်ဘာဦးလေးကြီးအတွက် ပေးနေကျမို့ ဟေမာက အကျင့်ဖြစ်နေပြီ ဇင်ဇင်ရဲ့"

"အမယ်လေး ဟေမာရယ်၊ ဟေမာတို့မန္တလေးက ဦးလေး ကြီးကို ကိုယ်နဲ့တန်းတူကျွေးတာက အကြောင်းမဟုတ်ဘူးရှင့်"

"ဒီမှာက အကြောင်းလား မမဇင်ရဲ့"

"အို ... အကြောင်းမှ တကယ့်အကြောင်းပေါ့ကွာ"

"ဘာလို့"

"ဘာလို့လဲဆိုရင် ဒရိုင်ဘာက ကိုယ်နဲ့ အရွယ်တူလေ၊ ကိုယ်က လူလူချင်း ကိုယ်ချင်းစာပြီးကျွေးတာက ရိုးရိုးသားသား စေတနာပါပဲ၊ အဲဒါကိုပဲ သူ့ကို နောက်ပိုးဆွဲသလိုလို ထင်ပြီး မြောက်သွားရင် ပြီးရော"

"မမဇင်တို့ ဒရိုင်ဘာက ကြည့်ရတာ တည်ကြည်ရိုးသားပုံ ပါနော်"

ဟေမာက ခပ်လေးလေး ပြောလိုက်၏။

ဝေမာက ကြားထဲက ရယ်ချင်နေ၏။ စိတ်ထဲမှလည်း ...

သြော် ... ဟေမာတစ်ယောက်တော့ ကိုကို့ကို ခေါက်ဆွဲ တစ်ထုပ် ကျွေးရဖို့အရေး ဇင်ဇင်နှင့် အကြိတ်အနယ်ဆွေးနွေး နေရှာပါလားဟု၍ တွေးမိပြီး သနားနေရသည်။

ဇင်ဇင်က ဟေမာ့စကားကြောင့် ...

"အဟင်း ... ဟင်း ဟေမာရယ်၊ အပြင်ပန်းအမြင်နဲ့ အတွင်း စိတ်ကို ခန့်မှန်းရင် လွဲတတ်ပါတယ်ကွာ၊ လူရိုးဆိုတာ သချိုင်း မှာပဲ ရှိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဇင်ဇင်က ယောကျ်ားဆို အထင်ကို မကြီးပါဘူးဟူသော ပုံစံဖြင့် ပြောလိုက်၏။ ဟေမာက ...

"မမဇင်"

"ဟင်"

"ဟေမာ တစ်ခုမေးမယ်နော်"

"အင်း ... မေးလေ"

"မမဇင် ... အဲဒီဒရိုင်ဘာအစ်ကို့ကို ကြည့်မရဘူးနော်၊ ဘာဖြစ်လို့လဲဟင်"

ဟေမာ့အမေးကြောင့် ဇင်ဇင် ရုတ်တရက် အဖြေရှာ၍ မရ။

ကြည့်မရတာလား။

ကြည့်ရသွားမှာ စိုး၍လား ... မဝေခွဲတတ်။

ဒါပေမဲ့ ... တစ်ခုရှိတာက တေဇာနှင့်တွေ့တိုင်း ဇင်ဇင့် မျက်နှာလေး တင်းတင်းမော့မော့လေးနေအောင် ချိုချိုထား တတ်သည် မဟုတ်ပါလား။

ဒါကို သတိထားမိသော ဟေမာတို့က ခုတော့ မေးပါပြီ။ ဝေမာကလည်း ...

"ဟုတ်တယ် ... ဇင်ဇင်၊ အဲဒီလူက ဇင်ဇင့်ကို ဘာတွေ ပြောဖူး လုပ်ဖူးလို့လဲဟင်"

ညီအစ်မနှစ်ယောက်စလုံးက မေးနေလေပြီ။ ဇင်ဇင်က...

"ဘာမှမဖြစ်ပါဘူး ဟေမာရယ် ... ဝေမာပြောသလို ဘာမှပြောတာ လုပ်တာလဲ မရှိခဲ့သေးပါဘူး"





"ဟင် ဒါဖြင့် ... ဘာမှလဲ ဖြစ်တာမဟုတ်ဘဲနဲ့ မမဇင် ဘက်က ကြည့်မရတဲ့ပုံဖြစ်နေတာ ဘယ်ကောင်းမလဲလို့ နော်"

"ဩော် ... ဝေမာရယ်၊ သူနဲ့ မမဇင်က အရွယ်ချင်းကလဲ ထိမ်းမယိမ်း ဖြစ်နေတယ် မဟုတ်လားကွယ်၊ ကိုယ့်ဘက်က အနေမှန်ထားတော့ ဘာမှဖြစ်လာစရာအကြောင်း မရှိတော့ ဘူးပေါ့၊ ဒီလိုမှမဟုတ်ဘဲ ကိုယ်က စိတ်ကောင်းပြနေရင် ယောကျ်ားဇီဇ ပြလာမှာစိုးရတယ်၊ ဥပမာ ... ရိုးသဲ့သဲ့ပြောတာ ဆိုတာ အလိုလိုခံနေရဦးမယ်လေ၊ သူတို့အတွက် မိန်းကလေး တစ်ယောက်ကို ပိုးပန်းဖို့ ကြိုးစားတဲ့နေရာမှာ မရရင် အရင်း၊ ရရင် အမြတ်ဆိုတဲ့ အရှုံးမရှိတဲ့တွက်ကိန်းကို လက်ကိုင်ထား တတ်ကြတဲ့ လူတွေချည်းပဲမို့ မမဇင်အနေနဲ့ ဘာအခွင့်အရေးမှ ပေးမိစေရအောင် သတိထားပြီး ရှောင်ကြဉ်တယ်"

ဇင်ဇင့်စကားကို ဝေမာရော ဟေမာပါထောက်ခံပါသည်။

ဝေမာတို့လည်း သည်အတိုင်းပါပဲလေ။

ဒါကို မာနကြီးတယ်ပြောလည်း ပြောကြပါစေ။

ခုတော့ ဇင်ဇင့်သဘောထား အတွေးအခေါ်ကို သဘော ကျေနပ်မိသည်နှင့်အမျှ ကိုကို့အတွက်လည်း စိတ်ထဲ ဘဝင် နေရပြီလေ။

မိန်းကလေးများအဖို့ ဘယ်လောက်ပဲ အပြောကြီးကြီး ချစ်မှုအပေါ် သာယာမှုဖြစ်သွားတတ်ကြသည်သာ များလှ၏။

ခုတော့ ဇင်ဇင့်သဘောထားက ဒရိုင်ဘာကိုလည်း အထင် သေးပြီး တရင်းတနှီး ဆက်ဆံ၍လည်း မရ။ ယောကျ်ားဟာ



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားပါပဲ။ သူတို့မှာ အလွှာအဆင့်၊ ဖြစ်သင့်မှုစတဲ့ အထိန်းအကွပ်တွေ သိပ်ပြီး အလေးအနက် အမိက ထားတယ် ကြတာ မဟုတ်ဘူး။

ဒါပေမဲ့ အခုဟာက ဒရိုင်ဘာအစစ်မှ မဟုတ်တာ။

ဝေမာတို့ကိုကို တေဇာပဲ မဟုတ်လား။

ဩော် … ကိုကို့ကို ခေါက်ဆွဲကြော်လေးတစ်ထုပ်ကျွေးချင် အရေး အကြိတ်အနယ် ပြောနေရတဲ့အဖြစ်။

ပြောနေရတဲ့စကားတွေကလည်း ယောကျ်ားတစ်ယောက် ရဲ့ ကိုယ့်ကျင့်တရားတွေကို သိပ်ပြီး အထင်ကြီးတတ်မှုမရှိတဲ့ စကားတွေချည်းပဲ။

ဟေမာက ခပ်သောသောလေး ဝင်ပြောလိုက်၏။

“ကဲပါလေ … အခုဟာက အဲဒီအစ်ကို့ကို မမဇင်ရော မ ဝေမာပါ ခေါက်ဆွဲကြော်ထုပ်ပေးရင် မကောင်းဘူး၊ ဟေ အနေနဲ့ ပေးမယ်လေ၊ ဟေမာက ကလေးပဲဟာ၊ ဒါဆို ဘာ ကွိကွ အတွေးတွေ ဘာမှဝင်စရာမလိုတော့ဘူးပေါ့ ဟုတ်လား”

ဟေမာ့စကားကြောင့် … ဝေမာရော ဇင်ဇင်ပါ ပြုံးလိုက် ကြ၏။ ဇင်ဇင်က …

“အင်း … ပေးချင်ရင် အခု မပေးနဲ့ဦး၊ အိမ်ရောက်ပြီး မာမီတို့ပေးခိုင်းလို့ ပေးရတဲ့သဘောမျိုးနဲ့ပဲပေးပါကွာ၊ တော်ကြာ ကိုယ်က ရိုးရိုးပေးတာကို စိတ်အရသာခံပြီး လျှောက်တွေး ရင် အလကားနေရင်း သိက္ခာကျရမယ့်အဖြစ်၊ ဟေမာက ဘာ နားမလည်ဘူး”





အကဲပါးလွန်းသော ဇင်ဇင့်စကားကို ဟေမာကလည်း စောဒက မတက်နေတော့ပါ။

ကိုကို့ကို ဘာပဲဖြစ်ဖြစ် ခေါက်ဆွဲထုပ်ပေးရဖို့သာ အဓိက မဟုတ်လား။

ဩော် … စဉ်းစားလိုက်ပြန်တော့လည်း ဇင်ဇင် သည်လို ဖြစ်တာ မိန်းကလေးတစ်ယောက်ရဲ့ ဣန္ဒြေတွေ၊ သိက္ခာတွေ၊ မာနတွေကို စောင့်စည်းတဲ့ သဘောပဲလေ။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

သည်နေ့တော့ လူစုံတက်စုံပါပဲ။

ဒေဝီ၊ မေနီ၊ ချိုရည်တို့ကို ဖုန်းဆက်ခေါ်ကာ မုန့်ဟင်းခါး ချက်စားကြ၏။

လူကြီးတွေက ဘုရားသွားကြသည်။

ဝေမာက အိုးသူကြီးချုပ် လုပ်သည်။

မုန့်ဟင်းခါးဆိုတော့ လက်ဝင်သည် မဟုတ်လား။

အသေးအကွေးလေးတွေက အများသား။

ကြက်သွန်နွှာ၊ လှီးပါဦး။

ချင်း၊ စပါးလင်၊ ပဲတွေလည်း ထောင်းပါဦး။

ငါးအရိုးနွှင်ပါဦး။

လှီးဖြတ်၊ ထုထောင်းစရာတွေကလည်း တစ်ခုပြီး တစ်ခု





ဝေမာတစ်ယောက် ကျွမ်းကျင်သဖြင့် တစ်ခုပြီးတစ်ခု ဖယ်ဆက်သလို ခိုင်းခိုင်းသွား၏။

ကြက်သွန်ကြော်၊ ဆီချက်၊ ငရုတ်သီးလှော်၊ ငံပြာရည်ကျို၊ မန်ကျည်းရည်ဖျော်။ နံနံပင်နုနုလေးတွေကို စင်စင်ဆေးပြီး ပန်းကန်ပြားထဲ အနေတော်ဖြတ်ထည့်။

ဘူးသီးကြော်၊ ကြက်သွန်ကြော်ကိုလည်း အနေတော် တုံးညှပ်၍ လှလှပပလေး ပြင်ထားကာ ဈေးမှဝယ်လာသော မုန့်ဟင်းခါးဖတ်များကို ဖွဖွလေးနေအောင်ဆိတ်ဆွကာ မုန့်ဖတ်များကို ကြွေဇလုံလှလှထဲမှာ ခပ်မောက်မောက်လေး ထည့်ထားပါသည်။

အကွက်စေ့စေ့လုပ်သွားသော ဝေမာ့ကို ငေးကြည့်ရင်း ဒေဝီက ပြောလိုက်၏။

"ဝေမာက သိပ်တော်တာပဲနော်"

"ဘာဖြစ်လို့လဲ ဒေဝီ"

"အချက်အပြုတ် ကျွမ်းကျင်လို့"

"အဟင်း ... မေမေ သင်ထားပေးတာလေ"

"ချိုရည်တို့လဲ ကျောင်းပိတ်ရင် မေမေ သင်ပေးတာပဲ ဝေမာရဲ့၊ ဒါပေမဲ့ ... အခုထိ ဟင်းတစ်အိုးကို အစပ်အဟပ်တည့်တည့် မချက်တတ်သေးဘူး၊ ခဏခဏ ဆူခံထိတာပေါ့"

"စိတ်မဝင်စားလို့လား ချိုရည်"

"ဝင်စားပါတယ်၊ ဒါပေမဲ့ ... အဖြစ်ကိုမရှိရှာတာနေမှာ"

"ဒေဝီလဲ ဒီအတိုင်းပဲ၊ ခုဆို တစ်ပတ်တစ်ခါ ကျောင်းအားရက်ဆိုရင် ချက်ချက်ပေးရတယ်၊ မေမေက သမီးလေး ဘွဲ့သာရ



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်၊ ထမင်းဟင်း မချက်တတ်သေးဘူးဆိုတာ မဖြစ်စေနဲ့တဲ့"

"ခု တတ်နေပြီလား"

"အိမ်က အဒေါ်လေး အကူပါမှ ဒေါ်လေးမပါရင် ငန်တူး ချဉ်ခါး ချိုဖန် ဆိုတဲ့ ရသာလွန် ခြောက်ပါးထဲက တစ်ပါးမှ ပြေးမလွတ်တော့ဘူး"

"အဟင်း ... ဟင်း ပြောတော့မယ်"

"အဲဟုတ်ပြောတာ ... ဒေဝီချက်တဲ့ဟင်းဆိုရင် ငန်ရင်ငန် မငန်ရင် ပေါ့ရွှတ်ရွှတ်ဖြစ်နေရော"

"ချင့်ချိန်ထည့်ပေါ့ ဒေဝီရဲ့"

"ချင့်တာပဲ ချိန်တာပဲဝေမာရဲ့ ငန်မှာစိုးလို့ ဆားနဲ့ပြောရည် လျှော့ထည့်ရင် ပေါ့သွားပြီ၊ ပေါ့မှာစိုးလို့ နည်းနည်း ပိုထည့်လိုက်ရင် ငန်သွားပြီ"

"အစဆို ဒီလိုပဲဖြစ်တတ်ပါတယ်၊ နောက်တဖြည်းဖြည်းတော့ အဆင်ပြေလာမှာပေါ့"

"ခုဆို ကြာလှပြီ ဝေမာရဲ့၊ အဆင်ကို မပြေနိုင်သေးဘူး အရသာကောင်းအောင် အချိုမှုန့်လေး ကဲထည့်ကြည့်ပါတယ် အချိုမှုန့်ဟင်းကြီးဆိုပြီး ပစ်ရရော"

"ချိုရည်လဲဒီလိုပေါ့ အိမ်မှာ ချိုရည်ချက်ရတဲ့ဟင်းတစ်ခွက် ပါတဲ့နေ့ဆိုရင် အဲဒီဟင်းခွက်နား ဘယ်သူ့ဂာက်မှ လာမဝဲတော့ဘူး၊ အဲ ... အဲဒီလောက် လက်စွမ်းထက်တာလေ"

"အဟင်း ... ဟင်း"





"ခစ် ... ခစ်"

"ကဲ ... သူများချည်းပဲ ပြောနေ၊ မေနီနဲ့ ဇင်ဇင်ကကော"

"မေနီက ဝါသနာကို မပါတာ ဝေမာရဲ့"

"အင်း ဝါသနာမပါရင်တော့ ဘယ်လိုမှ လုပ်လို့မဖြစ်ဘူး"

"မေနီတို့အိမ်မှာ ထမင်းချက်နှစ်ယောက် ရှိတယ်လေ၊ စားချင်တာ ပြောလိုက်ရုံပဲ"

"မေနီ အိမ်ထောင်ပြုရင်ကော"

"ထမင်းချက် နှစ်ယောက်ထဲက တစ်ယောက် ယူသွားမှာပေါ့"

"ကောင်းရော"

"ပိုင်တယ်နော်"

မေနီက ရယ်ကျဲကျဲလေးပြော၏။ ဒေဝီက ...

"အေး ... ပိုင်နေ၊ နင့်ယောကျ်ားကို မောင်ရေ ... ဒါလေ မေနီကိုယ်တိုင်ချက်ထားတဲ့ဟင်းပေါ့၊ စားကြည့်ပါဦး၊ ကောင်းရဲ့လား၊ ကြိုက်ရဲ့လားဆိုတဲ့ဟာတွေ နင်ဘယ်လိုလုပ်ပြီးလောကွတ်ချော်မလဲ"

"မချော်ဘူးပေါ့၊ မောင်ရေ ... ဘာစားချင်သလဲ ပြော၊ မေနီ ချက်ခိုင်းလိုက်မယ်လေ၊ ကဲ ..."

မေနီက ကြာမူပါပါလေးပြောတော့ ချိုရည်က မှဲ့၍ ...

"မေနီကလဲ သူများလက်ရာနဲ့ အချောင်လောကွတ် လုပ်နေတာကိုး၊ နင့်ယောကျ်ားက နင့်ကို ရာနှုန်းပြည့် ဘယ် သဘောကျတော့မလဲ၊ မေမေက ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မိန့်ပါဦး"

"ယောကျ်ားဆိုတာ အင်မတန်မှကို အယုအယ အရွေ
အမြှူကြိုက်တာတဲ့"

"ကလေးလားဟ"

"လူကြီးက ပိုဆိုးတယ် အမိ"

"ငါတော့ ငါ့ကို ယုယမှဟော့"

"အေး ... နင် မရခင်တော့ ဒီလိုပဲ ပြောကြတာပဲ၊ ရပြီး
ကိုယ့်အတွက် ဘေးဖယ်ထားရပြီး အားလုံး သူ့အတွက်ချည်း
ဦးစားပေးအဆင့်တွေ ဖြစ်သွားရောတဲ့"

ချိုရည့်အပြောကို ဒေဝီ ထောက်ခံသည်။

"ဟုတ်တယ် ... အိမ်က တို့မေမေပဲကြည့်၊ ဒီအတိုင်း
မေမေဆို ဖေဖေ့အတွက်ပဲ အချိန်ကုန်နေရတာ"

"ဟော့ ... ငါတော့ လင်တစ်ယောက်ကိုယူပြီး သူ့အတွက်
ချည်း အချိန်ကုန်မခံနိုင်ပါဘူးနော်၊ မှုမှုတတပေါ့"

ဇင်ဇင်က ဝင်ပြော၏။

ဝေမာက ပြုံး၍ ...

"အခုခေတ်မှာ တစ်ဖက်စီးကြီး ဆိုတာ သိပ်မရှိတော့
ဘူးလေ ... အိမ်ထောင်ရေးဆိုတာ တစ်ယောက်နဲ့တစ်ယော
နားလည်မှုရှိစွာနဲ့ အပေးအယူမျှတရင် သာယာမှာပဲလို့
ထင်တယ်လေ ..."

"ဟုတ်တာပေါ့"

ချိုရည်က ထောက်ခံသည်။ မေနီက ...





"ကဲ ... မိဇင်ကကော ဘာတွေချက်တတ်ပြီလဲ"

"အဟဲ ... ငါလား"

ပြောရင်း ဇင်ဇင်က ဝေမာ့ကိုမသိမသာကြည့်ကာ ပြုံးမိ၏။
ပြီးမှ ...

"ဘဲဥပြုတ် ... ဘဲဥကြော်"

"ဒါပဲလား"

"ဒါတောင် ဘဲဥကြော်မှာ ဆီစိမ့်နေအောင် အိုင်နေလို့
လျှော့ထည့်တာ တူးသွားရော၊ ခစ် ... ခစ်"

ကိုယ့်စကားနှင့် ကိုယ် ဇင်ဇင် ရယ်မိ၏။

တကယ်ဆို ဇင်ဇင် ဘာမှမတတ်ပါ။ မေနီက ...

"နင် စိတ်မဝင်စားဘူးပေါ့၊ ငါ့လိုပေါ့ ...ဟုတ်လား"

"ဝင်စားပါတယ်ဟာ"

"စိတ်ဝင်စားရင် သင်ပါလား"

"ငါ့လက်သည်းလေးတွေ သနားလို့"

ဇင်ဇင်က လက်သည်းလှလှလေးတွေကို ထောင်ကြည့်ရင်း
ပြောလိုက်၏။

"ဒါဆို နင် ဘယ်တော့မှ မချက်တော့ဘူးလား"

"ချက်မှာပေါ့ဟ ... ခု ငယ်သေးတာကို"

"အမယ်လေး ... ဒါလား ငယ်တာ"

"ကျောင်းနေတုန်းအရွယ်ဆို ကလေးပဲလေ"

"ဝေမာကျတော့ကော"

"ဒါတော့ ... ဒါတော့ ... အဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဇင်ဇင်၊ ကိုကိုကအချက်အပြုတ်လဲတော်တယ်"

ဝေမာက ပြုံး၍ ပြောသည်။ ဒေဝီက ...

"အင်း ... ငါတော့ မြင်ယောင်သေး၊ မိဇင်တစ်ယောက် ဝတ္ထုလေးဖွင့်ပြီး မောင်ရေ၊ ဒီနေ့တော့ ဘာနဲ့ညာနဲ့ ချက်စား ရအောင်နော်၊ ပြီးရင် တန်းပေါ်က အဝတ်တွေလဲ မျှားလှမ်းပြီး ခြင်ထောင်ပါ လျှော်လိုက်ရအောင် နော်၊ ကြမ်းပြင်တွေလဲ အရောင်မှိန်နေပြီ မောင်ရေ၊ မီးပူထိုးစရာတွေလဲ တစ်ပုံကြီး ဟူး မောလိုက်တာ မောင်ရယ်၊ အဲဒီက အလုပ်တွေ ခဏထား ခဲ့ပြီး ဇင့်အတွက် ကော်ဖီကျကျလေးတစ်ခွက်လောက် ဖျော်ဖေး စမ်းပါဦးလို့ နော်၊ အေး ... အဲဒီအချိုမျိုးလား မိဇင်၊ ဝေမာရေ့ ရှုယောက်မအစွမ်းကတော့ နမူနာပါပဲ တော်"

ဒေဝီ့စကားကြောင့် အားလုံး ဝါးခနဲ ရယ်လိုက်ကြ၏။

ချိုရည်က လေးလေးနက်နက်တွေး၍ ...

"အင်း ... တို့တော့ ဟို ပညာရှိစကားလို ဖြစ်နေပြီ"

"ဘယ်က ပညာရှိစကားလဲ ... ဆိုပါဦး"

"အလိုလိုက်သော သမီး မိန်းကလေးသည် သိမ်ဖျင်း စုတ်ပွဲ့သော အိမ်ရှင်မသာ ဖြစ်လာပေလိမ့်မည်တဲ့"

"အမယ်လေး ... နားမချမ်းသာလိုက်တာ"

ဇင်ဇင်က ရှုံ့မဲ့မဲ့ပြော၍ ညည်းလိုက်၏။ မေနီက ...

"နင့်ဟာကလဲ ချိုရည်ရယ်၊ ထမင်း ဟင်း မချက်တတ် တော့ရင် လင်ပဲ မယူရတော့ဘူးတဲ့လား"





"အဲဒီလို ဆင်ခြေဆင်လက်သမားတွေအတွက် လင်သား အမြင်မှာ သာယာမှုရှာတာ ဆိုတဲ့ ပြဿနာတွေ ဖြစ်လာတာ ပေါ့ဟာ၊ ဆိုလိုတာက အိမ်ရှင်မတိုင်း မီးဖိုချောင်မှာ ဝင်မြုပ် နေရမယ်လို့ မဟုတ်ပါဘူး၊ ခုခေတ်မှာ လင်ရောမယားပါ ဆိုးတူ ကောင်းဖက် စီးပွားရှာ အလုပ်လုပ်နေကြတာမို့ အိမ်ရှင်မက မီးဖိုချောင်ကို ကိုယ်ကိုယ်တိုင် မဝင်တာတောင်မှ အနောက် ကနေ ဦးဆောင်ကြပ်မတ် ညွှန်ကြားနိုင်တဲ့ အရည်အချင်းတွေ ရှိနေရမယ်၊ ဒါမှ အိမ်ဖော်တွေ လိမ့်လို့မရတော့ဘူး"

ဒေဝီ့အပြောကို ချိုရည်က ...

"ဟုတ်တယ် ... တစ်လစာ ကိုယ့်အိမ်မှာ ဆီ ငရုတ် ကြက်သွန်တွေ ဘယ်လောက်ကုန်သလဲဆိုတာ ကိုယ်က မသိ ထားရင် အိမ်ဖော်က ကိုယ့်ကို မားတုံးတုံးနဲ့ လည်ပင်းလှီးနေတာ သတ် ခံရခက်သွားလိမ့်မယ်"

"မှန်တယ်၊ ဝေမာတို့မေမေလဲ ဒီအတိုင်းပါပဲ၊ အိမ်မှာ အမေက ဆိုင်ထွက်၊ ဝေမာတို့က ကျောင်းတက်ပေမယ့် ကိုယ့် အိမ်မီးဖိုချောင် အသုံးအနှုန်းကို ကိုယ်သိနေတော့ အလိုအပို သိပ်မရှိဘူး၊ ညာလို့မရဘူးပေါ့၊ ကဲ ... ကဲ စကားကောင်းနေကြ တာနဲ့ ဟင်းရည်အိုးလဲရပြီ၊ စားကြစို့"

အငွေ့တထောင်းထောင်းထနေသော မုန့်ဟင်းခါးအနံ့က မွှေးပျံ့နေပါသည်။

လူကြီးများအတွက် သီးသန့်ဖယ်ခပ်ထားပြီးမှ မြိန်ရေ ယှက်ရေ စားကြ၏။ မေနီက မုန့်စားနေရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်ကွာ ... ဝေမာ သိပ်တော်တာပဲ"

"ထပ်ယူနော် ... အများကြီး ချက်ထားတယ်"

ဝေမာက ပြုံး၍ပြောသည်။ ဒေဝီက ...

"မိဇင်"

"ဟင်"

"နင်တော့ ကံကောင်းတာပဲ"

"ဘာဖြစ်လဲ"

"အချက်အပြုတ်တော်တဲ့ မီသားစုထဲရောက်ရင် နင်ဝ… တတ်လာမှာပေါ့၊ အဲဒီကျမှ တို့ကို ချက်ကျွေးနော်"

"အမယ် ... ကျွေးမယ် စောင့်နေ"

"အေးပါ၊ စောင့်နေပါတယ်၊ ဒါနဲ့ ဘယ်တော့လဲ နင်တို့…"

"ဖြည်းဖြည်းပေါ့"

"ပြောရဦးမယ်"

"ဘာလဲ မေနီရဲ့"

"ကိုကိုမြတ်ဘုန်းကျော်လေ မိဇင် အင်ဂေ့ချ်လုပ်တော့… ဆိုတာနဲ့ ကြက်ကြီးလည်လိမ်ဖြစ်လို့"

"နင့်အစ်ကိုလို ဆစ်ဖလစ်မင်းသားနဲ့တော့ မိဇင်နဲ့က မ… ပါဘူးဟာ"

ဒေဝီက ပျစ်ပျစ်နှစ်နှစ်ပြောလိုက်သဖြင့် မေနီကရယ်…

"အဲဒါကြောင့် ငါလဲ ပြောတာပေါ့၊ ကိုကိုက တစ်… တစ်ကျိုးဆောက်မကဘဲ ကျိုတွေအများကြီး ဆောက်ထား… အဲဒီလောက်ပွေရင် ဘယ်မိန်းကလေးကမှ အထင်မကြီး… ဘူးလို့"





"ဟုတ်တာပေါ့၊ အဲဒါ ဘာပြောလဲ"

"သိတဲ့အတိုင်းပေါ့၊ ကိုကိုမြတ်ဘုန်းကျော်က ဂရုမစိုက်ပါဘူးတဲ့၊ ငွေရှိရင် ကြိုက်တဲ့မိန်းမ လက်ဖျစ်တီး ခေါ်ယူမယ်တဲ့လေ"

"အေး ... သူ့လက်ဖျစ်နောက်ကို မိန်းမကောင်းတွေက လိုက်လာလိမ့်မယ် အားကြီးကြီး ... ဟွန်း"

ချိုရည်က စူပွစူပွပြောပြီးမှ ...

"ငါတော့ နင့်အစ်ကိုကို ယူမိတဲ့မိန်းမကို ခုကတည်းက သနားနေမိပါရဲ့"

"ဘာဖြစ်လို့လဲဟ"

"မွေးလာတဲ့ကလေးတွေက အကျိုးအပဲ့လေးတွေ ထွက်မလာဘူးလို့ အာမခံရဲလား၊ ခုကတည်းက အရက်နဲ့ မိန်းမ တ…လွန်လို့ ဖောအစ်အစ်ကြီးနဲ့ ပွနေတဲ့ မျက်နှာနဲ့ ဗိုက်က ကြောက်စရာကြီး"

"အေးဟယ် ... ဒါများ သူက အားပါးမနာ မိဇင်ကို ကြိုက်သတဲ့"

"ကဲ ... တော်ကြပါတော့၊ ကြိုက်တာပဲ ပွဲသွားတာမှ မဟုတ်တာ၊ ကိုယ်မကြိုက်ရင် ပြီးရောပေါ့"

မေနီက သူ့အစ်ကိုထိတော့ ခပ်မှုန်မှုန်လေး ပြောသဖြင့် အားလုံးတိတ်သွားကြ၏။

ထိုစဉ် လူကြီးတွေ ပြန်ရောက်လာကြ၏။ ဝေမာက...

"အတော်ပဲ တစ်လက်စတည်း ထပ်ပြင်လိုက်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပွဲ ထပ်ပြင်၏။ ဟေမာက ...

"မမ ဝေမာ"

"ဟင်"

"ဟိုကို ပို့ရအောင်"

"ဘယ်လဲ ညီမလေး"

ဇင်ဇင့်အမေးကို ဟေမာက တေဇာတို့နေသောတန်းလျား ဆီ မေးဆတ်ပြလိုက်၏။ ဇင်ဇင်က ...

"ဦးလေးဘနဲ့ နှစ်ယောက်စာ ထည့်ယူသွားပေါ့ ဟေမာ"

"ဟုတ်ကဲ့ ... မမဇင်"

"ဟေမာတော့ ဘယ်ဘဝက ရေစက်လဲ မသိဘူးနော် တစ်ခုခုစားရတိုင်း အဲဒီကလူတွေကို ပို့ချင်ရတာ သူ့မှာအမော"

ဇင်ဇင့်အပြောကို ဝေမာက ...

"အိမ်မှာ ဒီလိုပဲမို့ ဇင်ဇင်ရဲ့"

"ဟွန်း ... ဇင်တို့တော့ အဲလို လက်ပေး မသင်ချင်ပေါင် တော်ကြာ ခေါင်းပေါ်တက်လာမှာစိုးလို့"

◈ ◈ ◈





## အခန်း (၂၀)

ဒေါ်ခင်ခင်ဦးတို့ ပြန်သွားကြပါပြီ။

ဆယ်ရက်လောက်အကြာ နေသွားကြသဖြင့် ရုတ်တရက် ပြန်သွားတော့ ဇင်ဇင်တစ်ယောက် ပျင်း၍ ကျန်ရစ်ခဲ့၏။

ရန်ကုန်မှာရှိစဉ်အတွင်း သွားလာလည်ပတ်လိုက်ကြတာ တွေတော့ မြို့တွင်းမြို့ပြင် ပြုပြုစင်ပါဝဲ။

လူကြီးများက ရှေးဟောင်းနှောင်းဖြစ်တွေပြော၍ အဖွဲ့ ကျနေသလို ဇင်ဇင်တို့ကလည်း ဈေးသွားလိုက်၊ ရုပ်ရှင်ကြည့် လိုက်၊ အလှပြင်ဆိုင် ပြေးလိုက်နှင့် တစ်ရက်မှ မအား။

နားနားနေနေ အိမ်မှာနေသောနေ့ ဆိုလျှင်လည်း မုန့် တစ်ခုခု လုပ်စားစမြဲ။

ဝေမာ တကယ်တော်ပါသည်။

ဟေမာကတော့ဇင်ဇင်နှင့်အတူတူပင် အစားသက်သက်။



www.burmeseclassic.com

www.burmeseclassic.com



ဇင်ဇင့်ထက် တော်တာက ဟေမာက ခိုင်းလိုက်လျှင် အဆင်မပြေတာမရှိ။

ဇင်ဇင်ကျတော့ ဘာပဲခိုင်းခိုင်း မပြေပါ။

ကြက်သွန်ကြော် ကြော်ဖို့ လှီးခိုင်းလျှင် ထူထူထဲထဲကြီးတွေ ဖြစ်လိုဖြစ်၊ လက်သည်းလှီးမိ၍ ကျိုးလိုကျိုး။

ကန်စွန်းရွက်ချဉ်ရည်ချက်ဖို့ အရွက်တွေ ခြွေခိုင်းလည်း အညှာရွက်နဲ့ အရိုးမခွဲဘဲ ပေါင်းခြွေသဖြင့် တိုးလိုးတန်းလန်း ခပ်လိုက်တော့ ဇွန်းမှာမပါဘဲ အလုံးအလုံးကြီးဖြစ်ကာ ချိတ်ထုံးနေတတ်ကြသည် မဟုတ်ပါလား။

ကြာတော့လည်း ဇင်ဇင် အလိုလို ရှက်လာရ၏။

ဝေမာက ကွမ်းကျင်သေသပ် စေ့စပ်လေ၊ ဇင်ဇင့် အရည်အချင်းတွေက ညံ့ဖျင်းလေ မဟုတ်ပါလား။

ဒါပေမဲ့ အန်တီခင်ဦးနဲ့ ဝေမာတို့က ဇင်ဇင့်ကို အရမ်းချစ်ကြ၏။

မချက်မပြုတ်တတ်တာကို အပြစ်မမြင်။

"သားက ချက်တတ်တယ်ကွယ့်၊ အရေးမကြီးပါဘူး"

"ကိုကိုက အချက်အပြုတ်ကောင်း သိလား၊ ဇင်ဇင်တော့ လျှာလည်သွားမှာပဲ"

စသော စကားများဖြင့်သာ ပေါ့ပေါ့ပါးပါးလေး ပြောသွားကြ၏။

ဒါပေမဲ့ အဲသည်လိုလဲ မဖြစ်သေးပါဘူးနော်။

ဝေမာ့လို ဇင်ဇင်လည်း တော်ချင်လိုက်တာ။





မာမီဆို ဝေမာ့လက်ရာတွေ စားရတိုင်း ...

"သမီး ဝေမာရေ၊ ဇင်ဇင့်ကိုပါ လက်ထပ်သင်ပေးသွားစမ်းပါကွယ်"

ဆိုတာက တစ်မျိုး။

"ဇင်ဇင် တစ်ယောက်တည်းမွေးထားလို့ကွယ့်၊ သားလေး တစ်ယောက်ယောက်သာရှိရင်တော့ ခင်ဦးသမီးဝေမာနဲ့ ပေးစားဦးမှာပဲ၊ မိန်းကလေးဆို ဒီလိုမှ"

ဟေမာကတော့ ပြုံးစိစိနှင့် ...

"အလကား မမဇင်ရေ ... မတတ်ဘူးဆိုတာ နာမည်သာဆိုးတာ သိပ်သက်သာတာ သိလား၊ ဟေမာဆို ဘာတစ်ခုမှ ထုတ်တိပတ်တိ မတတ်ဘူး၊ အပေါ်ယံ နှမ်းဖြူးရုံလေး၊ သူများချက်ပြီးသားကို ကောင်း မကောင်း မြည်းပေးရုံလေးဆိုတော့ တန်ကိုကျလို့"

ဇင်ဇင်လည်း ဟေမာ့လိုပါပဲလေ။

ဒါပေမဲ့ ဇင်ဇင်က မကြာခင် အိမ်ရှင်မဘဝ ရောက်ရတော့မှာ မဟုတ်လား။

ယောကျ်ားဖြစ်သူက မီးဖိုချောင်မှာတကုပ်ကုပ်အလုပ်ရှုပ်နေချိန်မှာ ကိုယ်က မှန်တင်ခုံရှေ့ကမခွာဘဲ ဖြစ်နေရင်လည်း မတော်တဆ တစ်ယောက်ယောက်က မြင်သွားရင် သူ့ရှေ့ဆိုယ်ရော သိက္ခာကျရမယ့်အဖြစ်။

မာမီကတော့ ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝေမာ့ကိုကြည့်စမ်း သမီး၊ အချက်အပြုတ် အချုပ်အလုပ် အတော်လေး ကျွမ်းကျင်တယ်၊ မိန်းကလေးဆိုတာ မလုပ်ကာမှ နေရော၊ တတ်ထားသင့်တဲ့ပညာတွေပဲ"

မှန်ပါသည်။

ဝေမာ ဟေမာ ဝတ်သောအင်္ကျီများ ပုံကောင်းသဖြင့် မေးကြည့်တော့ ကိုယ်တိုင်ချုပ်ပါသတဲ့။

ဇင်ဇင်တို့များ ဘယ်ရလိမ့်မလဲ။

ဈေးကြီးကြီးပေး၍ ချုပ်ခိုင်းရသည်။

ဆင်ဖိုးထက် ချွန်းဖိုးပို ဆိုသလို တစ်ခါတလေ အဝတ်စ တန်ဖိုးထက်ပင် ချုပ်ခက ဈေးကြီးနေတတ်သည် မဟုတ်ပါလား။

ပုံဆန်းလျှင် ပို၍ ဈေးကြီး၏။

ဇင်ဇင့်မှာကလည်း ပုံဆန်းတွေချည်း မဟုတ်ပါလား။

ဝေမာ့ကို ဘယ်အချိန်သင်ထားသလဲ မေးကြည့်တော့ ဆယ်တန်းအောင်ကတည်းက ကျောင်းပိတ်ရက်မှာ သင်ထားသည်ဟု ဆိုပါသည်။

ဩော် ... ဇင်ဇင်တို့ကတော့ နိုးတူးပါပဲ။

အစားကောင်းကြိုက်တဲ့နေရာမှာ နှစ်ယောက်မရှိ။

ဒါပေမဲ့ ကိုယ်တိုင်က ထမင်းပင် ဖြောင့်ဖြောင့်မချက်တတ်တဲ့ အဖြစ်။

အသုံးအဆောင်ပစ္စည်းကောင်းကောင်း၊ အဝတ်အထည် ပုံကောင်းကောင်းမှ ကြိုက်၏။

ကိုယ်တိုင်ချုပ်ဖို့ တစ်ခါမှ မစဉ်းစား။





ဇွေလိုရင် မာမီဆီ လက်ဖြန့်တောင်းလိုက်ရုံပါပဲ။

လိုအပ်တာမှန်သမျှ ဇွေကို လမ်းခင်းပြီး ပြီးမြောက်စေခဲ့သည်ချည်း မဟုတ်ပါလား။

ခုတော့ ဝေမာတို့အလည်လာသည်ကပင် ဇင်ဇင့်အတွက် အိပ်မက်မှ တစ်ရေးနိုးလာသူလို တတ်ချင်ရသည်က များနေရပေပြီ။

အန်တီခင်ဦးတို့ ပြန်သွားမှ မာမီက အေးအေးဆေးဆေး ပြောပါသည်။

"ခင်ဦးတို့ကတော့ သမီးကို အတော်လေးချစ်ကြပါတယ်ကွယ်၊ ကျောင်းပြီးတာနဲ့ စီစဉ်ရအောင်တဲ့၊ အိမ်မှုကိစ္စထက် အလှအပကို ခုံမင်တဲ့မိန်းကလေးကို အပြစ်မမြင်ဘဲ ချစ်နိုင် လက်ခံနိုင်တာဟာ တော်ရုံမေတ္တာနဲ့ မဟုတ်ဘူးကွယ့်၊ ဒီတော့ အိမ်ထောင်ရှင်မဘဝ ရောက်လာရင် ကိုယ့်ဘက်ကလဲ တာဝန်ကျေဖို့ လိုတယ် သမီး၊ ဒါကြောင့် ကျောင်းအားရက်တွေမှာ သမီး ထမင်းဟင်းချက် သင်ရမယ် ကြားလား"

"ကောင်းပါပြီ ... မေမေ"

ရှောရှောရှူရှူပင် ဇင်ဇင် ခေါင်းညိတ်လိုက်မိ၏။

ဟုတ်တယ်လေ။

ဝေမာတို့ရှိတုန်းက ဝေမာ့ကို အားကျပေမယ့် သမီးယောက်မ တော်ရမယ့်သူ မဟုတ်လား။

သူ့အစ်ကိုကို ယူရမှာမို့ ကိုယ်က အချက်အပြုတ်သင်ရမယ်ဆိုတဲ့ အနေအထားမျိုး ဝေမာတို့ စိတ်ထဲမှာ ထင်မသွားစေချင်၍ တမင်ပင် ခပ်တင်းတင်းလေး နေခဲ့ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဇင်ဇင် နားလည်သဘောပေါက်စွာ မာမီ့စကားကို လက်ခံကာ မီးဖိုချောင် ဝင်ပါတော့သည်။

ပထမတော့ အဆင်မပြေလှပါ။

ထမင်းရည်ပူ လောင်ရတာနဲ့။

အပူငွေ့ လောင်ရတာနဲ့။

ထမင်းပျော့တာ၊ ဆတ်တာ၊ မနပ်တာ၊ တူးတာတွေလည်း ခဏခဏ။

ဟင်းတွေလည်း ထိုနည်းလည်းကောင်း။

အစပ်အဟပ်တည့်အောင် ကိုယ်တိုင် မစီစဉ်တတ်။

စီစဉ်ပြန်တော့လည်း ဝက်သားပေါင်း၊ ပုစွန်ကြော်၊ ဆယ့်နှစ်မျိုးဟင်းချိုလို အအီအဆီစာတွေက တစ်တွဲ၊ အီ၍ မစားနိုင်။

ငါးခေါင်းချဉ်ရည်၊ ချဉ်ပေါင်ကြော်၊ ရှောက်သီးသုပ်၊ သရက်ကင်း ဟို့စရာလိုတွေက တစ်တွဲ၊ ချဉ်၍ မစားနိုင်။

ကြက်ဟင်းခါးသီးကြော်၊ မဲဇလီဖူးသုပ်၊ တမာရွက်မီးအုံး တို့စရာတွေလို အခါးချည်းက တစ်တွဲ၊ ကြုံကြုံဖန်ဖန်တွဲလည်း တွဲတတ်သည့် ဇင်ဇင့်ဟင်းအစပ်ကြောင့် ငိုအားထက် ရယ်အား သန် နေရသည်ကလည်း ခဏခဏပါပဲ။

မာမီကတော့ စိတ်ရှည်လက်ရှည် သင်ပေးပါသည်။

ဘယ်လိုဟင်းမျိုးချက်လျှင် သူ့အတွဲက ဘာဆိုတာ [illegible] တတ်သဖြင့် ကြာတော့လည်း ဇင်ဇင် ကောင်းကောင်းတတ်လာ ခဲ့သည်ပေါ့။





ချက်စဉ်းက ဇင်ဇင် မီးဖိုဝင်သည့်နေ့ဆိုလျှင် ဒယ်ဒီက ရယ်ရယ်မောမောနှင့် ပြောတတ်၏။

"သမီးရေ ... ဆိုင်ကိုပြေးရမယ်ဆိုလဲ ကြိုအကြောင်းကြားပေ့နော်"

ခုတော့ ဒယ်ဒီတောင်မှ ...

"သမီးရေ ... သမီးလက်ရာချက်တဲ့နေ့ဆို ကြိုပြောပေါ့"

"ဘာလဲ ဒယ်ဒီရဲ့ ... ဆိုင်ပြေးဖို့လား"

"နိုး ... နိုး ... ဧည့်သည်ခေါ်လာပြီးကို ကျွေးချင်လို့ကွ"

"ဟာ ... ဒယ်ဒီကလဲ"

ရှက်ပြုံးလေးနှင့် ဇင်ဇင် ပီတိဖြစ်ရပါပြီ။

ဟိုတုန်းက ကြက်သွန်ငွေ့ရိုက်လို့ မျက်နှာသစ်ပစ်ရတာတွေ၊ အာလူးကို အခွံရောအသားပါ ထက်ဝက်နွှာခဲ့တာတွေ။

ကန်စွန်း၊ ချဉ်ပေါင်ကို အရွက်ညှာတံ ထိုးထိုးထောင်ထောင်ဖြစ်အောင် မခြွေတတ်ခဲ့တာတွေ။

လက်သည်းလေးတွေ ခဏခဏလှီးမိတာတွေ၊ လက်ညှိုး ခဏခဏ ဓားရှတာတွေ။

မဖြစ်တော့ပါ။ အားလုံး အိုကေနေပါပြီ။

တစ်နေ့ မာမီက ...

"သမီးရေ ပန်းအိုးထိုးဖို့ ပန်းတွေ ဆင်းဖြတ်ပါဦးကွယ်"

"ဟုတ်ကဲ့ ... မာမီ"

ပန်းဖြတ်ကတ်ကြေးတစ်လက်ယူ၍ ခြံထဲဆင်းလာခဲ့၏။

ဦးဘက မြေဖို့ ပေါင်းရှင်း လုပ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘအနားမှာတော့ တေဇာ ပန်းအိုးတွေကို ဟိုရွှေ့ သည်ရွှေ့ လုပ်နေသည်။

"ဦးလေးဘ ... ပန်းဖြတ်မယ်နော်"

"ဇင်လေးလား ဖြတ်ပါဗျာ ... ဖြတ်ပါ။ ဟိုဘက်မှာ အပွင့် ကားကားတွေ အရင်ဖြတ်လိုက် သမီး၊ ဒီဘက်က အငုံတွေ များတယ်၊ နောက်နေ့တွေအတွက် ထားပေါ့"

"ဟုတ်ကဲ့ ... ဦးလေးဘ"

အဖြူ၊ အနီ၊ အဝါ၊ ပုစွန်ဆီရောင်၊ ပန်းရောင်၊ အနုအရင့်

အို ... အရောင်အသွေးစုံသော နှင်းဆီအိုးခင်းတွေကြားမှာ ဇင်ဇင် ပျော်လှပါဘိခြင်း။

တေဇာက အရောင်တူတွေ အကန့်လိုက် ဖြစ်အောင် အိုးတွေ တန်းစီချနေလေသည်။

ဇင်ဇင်လာတာ မြင်သော်လည်း မကြည့်ပါ။

ကိုယ့်အလုပ် ကိုယ်စိတ်ဝင်စားစွာ တကုပ်ကုပ်လုပ်နေ၏။

ဦးဘပြသော အခင်းက တေဇာရွှေ့နေသော အခင်း၏ အနားမှာ ဖြစ်၏။

ဇင်ဇင်က ကားကား ထွားထွား အပွင့်လှလှများကို ကတ်ကြေးနှင့် ကျင်လည်စွာ တဖျပ်ဖျပ် ညှပ်ယူလိုက်၏။

ဘုရားပန်းအိုး၊ စားပွဲတင် အလှစိုက်ပန်းအိုးများအတွက် အရောင်အသွေး ခပ်စုံစုံလေး ဖြစ်အောင် ရွေး၍ ဖြတ်နေလေသည်။

ဇင်ဇင် သည်နေရာမှာ ကြာကြာမနေချင်ပါ။





တေဇာ ရှိနေ၍ ဖြစ်သည်။

ဒါပေမဲ့ ကိုယ့်ကို သူ မကြည့်နေ၍သာ တော်သေး၏။

ဦးဘကတော့ သူ့အပင်လေးတွေကို သူ စိတ်ဝင်စားစွာ ပြုပြင်လိုက်၊ ပိုးကျသောအရွက်များကို ခြွေလိုက်၊ ဆေးဖျန်းလိုက် လုပ်နေလေသည်။

နောက်ထပ် လေးငါးပွင့်လောက်ဆို ရပါပြီလေ ဟူသော အတွေးဖြင့် ဇင်ဇင် ခပ်သွက်သွက်လေးဆွဲယူညှပ်ဖြတ်လိုက်၏။

"အ ... အမယ်လေး"

ထောင်နေသော ဆူးချွန်ချွန်လေးတစ်ချောင်းက ဇင်ဇင့် လက်ညှိုးထဲ စူးခနဲ နစ်ဝင်သွား၏။

နာကျင်စွာဖြင့် ဇင်ဇင် လက်ကို တဆတ်ဆတ် ခါပစ်လိုက်သည်။

"ဟင် ... ဆူး စူးလား"

"အင်း"

"ပြစမ်း"

နာလွန်းသဖြင့် ဇင်ဇင် နာခံစွာ ထိုးပြလိုက်၏။

လက်ညှိုးထိပ်နားမှာ ဆူးတွင်းလေးတစ်ခု နီစိုစိုနှင့်။

တေဇာက ဘာမပြော ညာမပြော ဇင်ဇင့်လက်ကို ဆတ်ခနဲ ဆွဲကိုင်ကာ လက်ညှိုးကို ပါးစပ်နှင့်ငုံ၍ သွေးများကို စုပ်ယူလိုက်၏။

"အို"

ဆူးဆိပ်ကြောင့် နာကျင်စူးအောင့်နေသော ဝေဒနာများသည် တေဇာ၏ အာငွေ့ပူပူကြောင့်လား ...



www.burmeseclassic.com

www.burmeseclassic.com



မိမိလက်ကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားသော လက်နွေးနွေးကြောင့်လား မသိတော့ပါ။

ဇင်ဇင့်တစ်ကိုယ်လုံး ရှိန်းခနဲဖြစ်ကာ ထူထူပူပူနှင့် လက်ကို ရုတ်ခနဲ ဆွဲယူလိုက်မိ၏။

တေဇာကလည်း အလိုက်သင့် လွှတ်ပေးလိုက်ပြီး ဇင်ဇင့်မျက်နှာလေးကို စေ့စပ်စွာ တစ်ချက်ကြည့်ပြီးမှ ...

"ဆူးဆိပ်က သွေးတွေ စုပ်မထုတ်ရင် ပိုပြီးနာမယ်လေ ခုတော့ ကောင်းသွားပါပြီ၊ အရက်ပြန်လေးတို့ပြီး ပလတ်စတာ အုပ်ထားပေါ့"

တည်တည်တံ့တံ့ပြောပြီး ချာခနဲလှည့်ကာ သူ့အလုပ် သူ ဆက်လုပ်နေလိုက်တော့၏။

ဇင်ဇင့်မှာသာ ကြောင်ကြောင်လေးရပ်နေမိလျက် ရင်ခု တာလား၊ ဒူးတုန်တာလား မသိ။ မမျှော်လင့်သောအထိအတွေ့ လေးကြောင့် ရှိန်းရှိန်းတိန်းတိန်းဖြစ်ကာ တေဇာစုပ်ယူထားသော လက်ညှိုးလေးကို မရွံ့မရဲလေးငုံ့ကြည့်ပြီးမှ ချက်ချင်း သတိ သွားကာ ...

အို ... ငါ့ရင်တွေ သည်လူကြောင့် မခုန်ရဘူး၊ သူ့ ဒရိုင်ဘာပဲ၊ ဘာမှမဟုတ်တဲ့လူကြောင့် ရင်တွေခုန် ဒူးတွေ နေတဲ့ ညည်းအဖြစ်ဟာ ရှက်စရာပါလားနော်။

ထိုအတွေးဝင်လာသည်နှင့် ဇင်ဇင့်မျက်နှာလေး ဆတ် မော့်သွားကာ ချာခနဲလှည့်ပြေးသွားတော့၏။

၎င်းကို တေဇာ မြင်ပါသည်။





အလုပ်ကို စိတ်ဝင်စားဟန် ဆောင်နေရသော်လည်း တေဇာ့စိတ်တွေက ဇင်ဇင့်ဆီ ပြေးလိုက်သွားနေသည်။

ဩော် ... ဇင်လေးရယ်။

ကိုယ့်အပြုအမူတွေအတွက် ဇင်လေး ပထမကြောင်နေတယ် နော်။

ဇင်လေးရဲ့ လက်ကလေးကို ကိုင်တာ၊ သွေးတွေကို စုပ်ယူပေးတာတွေဟာ လုပ်သင့်တဲ့ ကိစ္စတစ်ခုကို သာမန်လောက် လုပ်လိုက်တဲ့ သဘောပါကွာ။

အသားယူလိုတဲ့ဆန္ဒနဲ့ လက်ရဲဇက်ရဲလုပ်တာမဟုတ်ပါဘူး ဇင်လေးရာ ...။

ဇင်လေး သတိဝင်လာပြီး ရုန်းသွားတော့မှ ကိုယ့်ရင်ခုန်ရမှန်း သတိရလိုက်တော့တယ်ကွာ။

ကိုယ့်ရင်တွေ အရမ်းခုန်သွားတယ်။

ဟန်မပျက် ဇင်လေးကို စကားတစ်ခွန်းနှစ်ခွန်း ပြောပြီး ကိုယ့်အလုပ် ပြန်လုပ်နေရပေမယ့် ခုနက ရှိန်းမြမြအတွေ့အထိတာ ကိုယ့်ရင်တွေကို ခုန်စေတယ်။

ဇင်လေးရဲ့ ပျော့ပျောင်းနူးညံ့လွန်းလှတဲ့ လက်တွေဟာ ကိုယ့်အသည်းမှာ စွဲသွားအောင် နွေးနွေးထွေးထွေး ဖြစ်စေပါတယ်ကွာ။

မေမေနဲ့ ညီမလေးတို့ရောက်လာတဲ့တလောမှာ ဇင်လေးနဲ့ ကိုယ် အရင်ကလောက် မစိမ်းတော့ပါဘူးလေ နော်။

မေမေကလည်း ကိုယ့်အပေါ် ဖော်ရွေကြင်နာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးတွေကလည်း ခင်မင်ဟန်ပြနေတော့ ဇင်‌ေ
လည်း အလိုလိုပါလာတဲ့သဘောပေါ့။

ဇင်လေးတို့ မရိပ်မိအောင် ကိုယ်တို့ ပိရိ မှုင်သေကြတ
လေ။

ကိုယ်တို့လည်း သရုပ်ဆောင်ကောင်းကြတာကိုး။

ကိုယ့်ကို လာစေ့စပ်တဲ့ သတို့သားဘက်က မိခင်နဲ့ ညီ
တွေကတောင် ကိုယ့်အိမ်က ဒရိုင်ဘာအပေါ် ခင်မင်ကြည်
နေသေးရင် ကိုယ်ကလည်း အထာကြီးနဲ့ မနေသင့်ပါဘူးဆို
စိတ်လေး ဇင်လေးမှာ ဝင်လာပုံရပါရဲ့။ ကိုယ့်အပေါ် အ
ကလောက် မမာတော့သလိုပဲ။

ဘာပဲဖြစ်ဖြစ် ကိုယ် သိပ်ကိုဝမ်းသာနေပါတယ် ဇင်‌ေ
ရယ်။ ခုတော့ ဇင်လေး လက်ကိုတောင် မမျှော်လင့်ဘဲ ကိုင်
ရခဲ့တယ် နော်။

ဇင်လေးကတော့ မျက်နှာလေးခါပြီး ထွက်ပြေး
လေရဲ့။

ချစ်တယ် ..., ဇင်လေးရယ်။

သည်ညတော့ ကိုယ်လေ အိပ်လို့မှ ပျော်ဦးမလား
တော့ပါဘူးကွာ။

◈ ◈ ◈





## အခန်း (၂၁)

တေဇာ ကာတွန်းဖတ်နေသည်။

အိမ်ရှေ့ခွေးကတက်မှာ ပက်လက်ကုလားထိုင်ခုလေး ချပြီး
အေးအေးဆေးဆေး ဖတ်နေ၏။

ဟိုဘက်ခန်းက ဦးဘကလည်း မရှိ။

မြို့ထဲ ထွက်သွားသည်။

တေဇာ့မှာ သွားစရာလည်း မရှိ။ စကားပြောဖော်လည်း
မရှိ။

သည်တော့ စိတ်ပြေလက်ပျောက် ကာတွန်း ဖတ်နေ
တာပေါ့။

ကာတွန်းကလည်း ကောင်းသည်။

သူဌေးသမီးနဲ့ ဆင်းရဲသား ဇာတ်လမ်းလေး။

ဖတ်ရင်းမှ တေဇာ ပြုံးမိ၏။

ငါနဲ့ တူတူပဲလေ။

ကောင်မလေးက လူသလောက် မာနကြီး၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ ..... တူတယ် တန်တယ် မထင်သည့် ကောင်မလေး။

"ဒီမှာ ... ဒီမှာ"

စာအုပ်ဖတ်လိုက် ပြုံးလိုက် လုပ်နေသော တေဇာ ခေါ်သံကြားပေမယ့် ရုတ်တရက် မထူးမိ။

စာအုပ်ထဲက ကောင်မလေးခေါ်သံလိုလို ထင်နေမိ၏။

"ဒီမှာရှင့်"

ကုလားထိုင်ကိုဆွဲလှုပ်၍ခေါ်တော့မှ တေဇာ အလန့်လ အဖျပ်ဖျပ် သတိဝင်လာကာ ပြူးတူးပြဲတဲ ကြည့်လိုက်တော့ သူ့နံဘေးမှာ ရပ်နေသော ဇင်ဇင်။

"ဟင် ... ဇင်လေး၊ အဲ ... မမလေး"

ဇင်ဇင့်မျက်နှာ မပြုံးတပြုံးလေး ဖြစ်နေသည်။

ဝတ်ထားတာက အင်ဒိုနီးရှားစောင်းစင်းဝမ်းဆက်အဝ အညိုနှစ်ရောင်စပ် ဝတ်စုံလေးက အင်ဒိုနီးရှားပုံ ခါးတင် ရှ လက်ဖောင်း လှလှလေး။

ဆံဝင်ကလည်း နောက်စေ့မှာ ခပ်မြင့်မြင့်စုချည်ထား အညိုတစ်ရစ် အဝါတစ်ရစ် ကော်ပင်လေးတွေနှင့် တစ်ထ ချည်ထားပြီး လွှတ်ချထား၏။

နားမှာတော့ ရွှေဥဟုခေါ်သော ရွှေနားကပ်လုံးလုံးေ

လည်ပင်းမှာတော့ ... အသည်းပုံ ရွှေဘယက်လေ လည်ကပ် ဆွဲတင်ကာ ဝတ်ထားပြီး လက်ကောက်က နှင်းဆီဖူးဆက်ပုံ ယိုးဒယားလက်ကောက်အပျော့ကို တစ်





တစ်ကွင်းစီ ဝတ်ထားကာ လက်ကောက် ချိတ်ဆက်နေရာမှ ဆွဲလောင်းလေးကျနေသော ဆီးဖြူစေ့အရွယ် နားသန်သီးလုံးလုံး လေးက လှုပ်တုတ်တုတ်နှင့် ချစ်စရာကောင်းနေရ၏။

လက်ချောင်းလေးတွေမှာ လက်မက လွဲ၍ ကျန် လက် ချောင်းစလုံးကို ရွှေမောင်းကွင်းလက်စွပ်လေးတွေ တစ်ကွင်းစီ ဝတ်ထားလေသည်။

ပုံကျပန်းကျဝတ်ထားသော ထဘီအောက်နား အဆုံးမှာ င်းဝင်းမွတ်မွတ်ခြေဖမိုးလေး။ ရွှေရောင်ကြိုးသိုင်းနှင့် ဒေါက်မြင့် သေးဖိနပ် အညိုရောင်လေးက ရွှေရောင်ခြေသည်းဆိုးဆေး နှင့် ဟပ်နေရသည်။

အို ... လှလိုက်တဲ့ ဇင်လေးရယ်။

တဒင်္ဂမျှ တေဇာ မှင်တက်နေမိ၏။

ဇင်ဇင်ကလည်း တေဇာ့အကြည့်ကို ခပ်ပြုံးပြုံးလေး သူ့ရင်း ...

"ဘုရားသွားချင်တယ် ... ဒီနေ့ ဇင်ဇင့်မွေးနေ့"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

တေဇာ ကမန်းကတန်း ထလိုက်၏။

စေသည့်ကျွန် ထွန်သည့်နွား မဟုတ်ပါလား။

ဇင်ဇင် စိတ်မြန်သည် မဟုတ်လား။

သည်တော့ ... တေဇာက ခွေးကတက်ပေါ်ရှိ ဖိနပ်ကို ကောက်စွပ်ပြီး သည်အတိုင်းဆင်းရန် ပြင်လိုက်သည်နှင့် ...

"အို ... ဒီအတိုင်းသွားလို့ဖြစ်မလား၊ အဝတ်လဲဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



ဇင်ဇင်ပြောမှ တေဇာ သူ့အဝတ်အစားကို သူ ပြန်ငုံ့ကြည့်မိသည်။

စွပ်ကျယ်လက်စက အနွမ်းလေး။

လုံချည်ကလည်း ချည်ကြမ်းလုံချည် အဟောင်းလေး။

ဒါတောင် သူ့ပစ္စည်းတွေမဟုတ်။

ဦးဘ အင်္ကျီနှင့် လုံချည်တွေ ဖြစ်သည်။

သူ့တစ်ပတ်နွမ်းတွေက သားနားနေသဖြင့် ဇင်ဇင်နှင့် အပြင်သွားရတိုင်း ပြဿနာ မကြာခဏ တက်ရသည် မဟုတ်ပါလား။

သည်တော့ သူ အကြံထုတ်ရသည်။

ဦးဘဆီက အဟောင်းတစ်စုံနှင့် သူ့ဆီက ခပ်လတ်လတ် တစ်စုံ လဲထားရ၏။

ခု သူ ဦးဘမှာ လဲလဲထားသည်ပင် သုံးစုံလောက်ရှိပါပြီ။

ဇင်ဇင်က အဝတ်လဲရန်ပြောတော့ သူ အံ့သြသွား၏။

သည်နေ့တော့ အထူးအဆန်းပါလား။

သူ့ကိုလည်း ပြုံးပြသည်။

အဝတ်နွမ်းနေသဖြင့် လဲခိုင်းသည်။

သူ ကံကောင်းတော့မှာလား။

ဇင်ဇင့်မျက်နှာလေးကို မယုံသလို ပြန်ကြည့်လိုက်၏။

"ကဲပါ ... အဝတ်လဲပါဆို"

"အင်း ... အင်း"

ဇင်ဇင်က ခပ်လောလောလေးပြောမှ ... သူ ဖျတ်ဖျတ်လတ်လတ် အထဲဝင်ကာ အဝတ်လဲလိုက်၏။





ဂျိုကြူစပို့ရှပ် အဝါနုရောင်လေး။

လုံချည်က ရခိုင်ပုဆိုး အဝါရင့်ရောင်လေး။

ဖွာနေသော ခေါင်းမှဆံပင်ကို မှန်ရှေ့သွားကာ တစ်ချက်နှစ်ချက် သပ်တင်လိုက်၏။

အို ... မှန်ထဲက သူ့မျက်နှာလေးက ပြုံးနေပါလား။

အပြင်ထွက်လာတော့ ဇင်ဇင်က သူ့ကို ပြုံး၍ကြည့်ပြီး ...

"သွားစို့ ..."

ပြောကာ ရှေ့မှဆင်းသွား၏။

ကားဆီရောက်တော့ ဇင်ဇင် ရှေ့မှာထိုင်သည်။

တေဇာ ပြုံးသွား၏။

ခါတိုင်း ဇင်ဇင် နောက်မှာထိုင်နေကျ မဟုတ်လား။

ဘုရားရောက်တော့ သူ အရဲစွန့်၍ မေးလိုက်၏။

"ကိုယ် နေခဲ့ရမလား ဟင်"

သူ့စကားကြောင့် ဇင်ဇင် နှုတ်ခမ်းလေးစူ၍ ...

"ဇင့်ကို တစ်ယောက်တည်း သွားစေချင်လား ဟင်"

"အို ... မဟုတ်ပါဘူး၊ ဒီလိုဆိုလိုတာမဟုတ်ဘူးလေ၊ ဟို ဦးသိက ဇင်လေး မျက်နှာငယ်မှာ စိုးလို့ပါ"

သူပြောတော့ ဇင်ဇင် မျက်နှာလေး ညှိုးကျသွားပြီး ...

"အဲဒီစကားတွေ မပြောပါနဲ့တော့နော် ... ဇင် စိတ်ကောင်းပါဘူး၊ သူ့ကိုခေါ်လာတာ တောင်းပန်ဖို့လဲပါတယ်"

"ဟင် ..."

ဇင်ဇင်က ဘုရားပေါ် တဖြည်းဖြည်းတက်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



တေဇာမှာ ကားသော့ပိတ်၊ မှန်တွေအားလုံးတင်ပြီးမှ အပြေးလေး လိုက်လာခဲ့ရ၏။

ဒါကိုမြင်သော ပတ်ဝန်းကျင်မှ တချို့က ...

"စိတ်ကောက်နေတယ် ... စိတ်ကောက်နေတယ်"

"မီအောင်လိုက် အစ်ကိုရေ၊ အစ်မလေး ချောချောလေးကို သူများ ကြားဖြတ်သုတ်သွားမယ်"

"ချောလိုက်တာဟယ် ... နှစ်ယောက်စလုံးပဲနော်"

"ဝတ်ထားကြတာလဲ အရောင်လေးတွေက အဆင်ပြေလို့ ..."

"ကြင်စဦးလား၊ ချစ်သည်းဖူးလား"

"ဒီလို မျက်စိပသာဒရှိလွန်းလှတဲ့အတွဲလေးတွေ တွေ့ရတော့လဲ ထမင်းမစားဘဲနဲ့ကို အလိုလို ဝသွားတာပဲဟေ့"

ကြီးငယ် ရွယ်လတ် လူစုံ၏ တီးတိုးထောမနာပြုသံတွေပါ။

တေဇာက ဇင်ဇင့်ဘေးမှ မကပ်မခွာလေး လျှောက်လာလိုက်သည်။

ဇင်ဇင်က ပန်းနုသာတိုင်၊ ဖယောင်းတိုင်များ ဝယ်သည်။ စကားတော့ တစ်ခွန်းမှမပြော။

ရင်ပြင်ပေါ် ရောက်တော့ ဘုရားကို လက်ယာရစ် ရစ်ပတ်ကာ အင်္ဂါထောင့်မှာ ဇင်ဇင် ဘုရားရှိခိုး၏။

တေဇာကလည်း ဇင်ဇင့်ဘေးမှာ မလှမ်းမကမ်းထိုင်၍ ရှိခိုးသည်။





ဇင်ဇင်က ရှိခိုးပြီး ပန်းအိုးမှာ ပန်းထိုးခြင်း၊ ဆီမီးပူဇော်ခြင်း၊ နံ့သာတိုင်ထွန်းခြင်းများ ပြုလုပ်နေလေသည်။

ပြီးမှ ဇင်ဇင့်အပြုအမူမှန်သမျှကို မမှိတ်မသုန် ကြည့်နေသော သူ့ကို မရွံ့မရဲလေး ကြည့်ကာ ...

"သူ ဇင့်ကို ခွင့်လွှတ်ပါနော်"

"ဘာကိုလဲ ဇင်လေး ... တဲ့"

"ဇင် အရင်တုန်းက ဆိုးခဲ့တာတွေကိုပေါ့"

"ကိုယ် ဘယ်တုန်းကမှ မထင်ခဲ့ပါဘူးကွာ"

"ဘာကိုလဲဟင်"

"ဇင်လေး ဆိုးတယ်ဆိုတာပေါ့"

"ဆိုးပါတယ်နော်၊ သူ့အပေါ် ဇင် အတော့်ကို ဆိုးခဲ့တာပဲဟာ"

"အဲဒါ ကိုယ့်စိတ်ထဲမှာ ဘာမှမထားပါဘူး ဇင်လေးရယ်"

"သူဟာလေ သိပ် စိတ်ကောင်းရှိတာပဲနော်"

"ဇင်လေး အထင်ပါ"

"အို ... အထင်မဟုတ်ပါဘူး၊ အမြင်ပါနော်၊ မန္တလေးက အန်တီ ခင်ဦးတို့ကတောင် သူ့ကို အရမ်း ခင်သွားကြတာ မဟုတ်လား"

"အဲဒီက သူဌေးတွေနဲ့ ကိုယ့်ကို တန်းတူမြင်လို့လားဗျာ"

"မဟုတ်ဘူးလေ၊ သူ စိတ်ကောင်းလို့ အန်တီခင်ဦးတို့က သူ့အပေါ် သံယောဇဉ်တောင် ရှိသွားကြတာကို ပြောတာပါ"

"ဇင်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"
"အဲဒီ ဒေါ်ခင်ခင်ဦးရဲ့ သားနဲ့ ဇင်လေးနဲ့ ..."
"မာမီတို့ သဘောတူတာပါ"
"ဇင်လေး သဘောကကော"
"ခုချိန်ထိ မမြင်ဖူးသေးဘူး"
"ဇင်လေး စိတ်မဝင်စားဘူးလား"
"ကြားရသမျှ သင်းလို့ပါပဲလေ"
"ဇင်လေး"
"ဟင် ..."
"နေနဲ့လ ရွှေနဲ့မြပေါ့နော်"
"ဩော် ... သူရယ်"
"ဇင်လေးရယ် ... တစ်နေရာရာကို သွားရအောင်"
"ဟင် ..."
"ဘုရားပေါ် မှာမို့ ပြောရတာ မကောင်းဘူး"
"သူသဘောလေ"
"ဒါဆို ကန်တော်ကြီးဘက် သွားမယ်နော်"
"သူသဘောပါဆို ..."
ကြည်နူးရိပ်ဖြင့် ကားမောင်း၍ ထွက်လာခဲ့၏။
ကန်တော်ကြီး သစ်ပင်ရိပ်အောက်မှာ ကားရပ်လိုက်ပြီး
"ဇင်လေး"
"ဟင်"
"ကိုယ် စကားတစ်ခွန်း ပြောပါရစေ"
"... ... ..."





"ကိုယ်လေ ဇင်လေးကို သိပ်ချစ်တယ်ဗျာ"
"အို ..."
ရှက်မျက်နှာ နီနီလေးက ပို၍ ငုံ့သွား၏။
"ဇင်လေး"
ဇင်ဇင့်လက်ကို အသာလေး သူ ကိုင်လိုက်သည်။
ဇင်ဇင်က မငြင်း။
ဇင်ဇင့်လက်ဖမိုးလေးကို ငုံ့၍ သူ နမ်းလိုက်၏။
"အို ..."
ဇင်ဇင်က ရှက်လွှန့်လွှန့်လေးပြုံး၍ မျက်စောင်းထိုး၏။
"ချစ်တယ်နော်"
ဇင်ဇင့်လက်ကို တစ်ချက် ဖျစ်ညှစ်ဆုပ်ကိုင်၍ သူ မေးလိုက်သည်။
ဇင်ဇင်က မျက်ခွံလေးစင်းချပြီး မေးလေးဆတ်သယောင်သယောင် ဖြေလိုက်၏။
"ဟာ ... ဝမ်းသာလိုက်တာ ဇင်လေးရာ"
အားရဝမ်းသာပြောပြီး ဇင်ဇင့်ကို သူ လှမ်းဖက်လိုက်၏။
ဇင်ဇင်က သူ့ရင်ဘတ်ကို အသာတွန်းထားရင်း ...
"ဟိုး ... ဆရာကြီး၊ ကားထဲမှာလေ"
"ဇင်လေးရယ် ... တကယ်ပြောတာနော်၊ တကယ်နော်"
ကားတံခါးဖွင့်ဆင်း၍ သူ အငမ်းမရ မေးလိုက်၏။
ဇင်ဇင်က မဓိတရိလေး ပြုံး၍ ...
"ဩော် ... သူရယ်၊ ဇင်က မိန်းမသား၊ သူ့ကိုညာပြီး ဒီကို ခေါ်လာပါ့မလားလို့ ... ဇင်လေ ဝေမာတို့ရှိကတည်းက ဇင်



www.burmeseclassic.com

www.burmeseclassic.com



ရှိင်းခဲ့တာတွေကို အလိုလိုသိပြီး အားနာနေ ရှက်နေတာ၊ ဝေမာတို့က သိပ်သဘောကောင်းပြီး ယဉ်ကျေးတာပဲနော်"

"မသိဘူးလေ"

"ဘာမသိဘူးလဲ၊ သူ့ကို ဝေမာတို့က ဒါလောက် ခင်တာ အစ်ကို အစ်ကိုနဲ့"

"ကိုယ်တော့အမှတ်တမဲ့ပါပဲ၊ ကိုယ့်အတွက် ဇင်လေးသာ အဓိကမို့"

"ဟွန်း ... သိပါတယ်၊ သူ့မေတ္တာတွေစူးရှလွန်းလို့နေမယ်၊ ဇင်လဲ နေရင်းထိုင်ရင်း ကိုယ့်အမှားကိုယ်သိပြီး သိပ် တောင်းပန်ချင်နေတာ ... သိလား"

"ရပါတယ်ကွာ"

"ရပါတယ် မဟုတ်ဘူး၊ ခွင့်လွှတ်ပါတယ်လို့ ပြော"

"ခွင့်လွှတ်ပါတယ်ဗျာ၊ ဒါနဲ့ ... ဇင်လေး"

"ဟင် ..."

"ကိုယ့်ကို ချစ်ပါတယ်နော်"

"အင်းပါဆို"

"တော်ကြာ သူ့ဒွေးသားနောက်ပါသွားရင် ကိုယ် ရင်ကျိုးရမှာဗျ"

"ခွေ့ ... သူရယ်၊ ဇင့်ခန္ဓာကိုယ်ကသာ မိဘစကားနားထောင်ပြီး တခြားလူကိုလက်ထပ်ရမယ်ဆိုပေမယ့် ဇင့်ရင်ထဲက အချစ်တွေ သူ့ဆီမှာပဲ ထားပစ်ခဲ့မယ်လေ ... ကဲ"

"ဟင့်အင်း ... ကိုယ်က လူရော အချစ်ရော လိုချင်တာဗျ"

"လောဘအိုး"





"အချစ်လောဘပါဗျာ"

"သူ့ကို ချစ်တယ်ဆိုရင် မကျေနပ်သေးဘူးလား"

"ဟင့်အင်း ..."

"သူကလဲနော်"

"ဇင်လေး"

"ဟင် ..."

"ကိုယ်လေ ဇင်လေးကို ဘယ်လောက်ချစ်တယ်ဆိုတာ ဇင်လေး မသိဘူးနော် ... မသိဘူး"

ပြောပြောဆိုဆို ... ဇင်ဇင့်ကိုယ်လုံးလေးကို လှမ်းဖွေ့လိုက်၏။

ဇင်ဇင့်ကိုယ်လေး သူ့ရင်ခွင်မှာ မှီမှီလေးကျလာသည်။

"အို ... သူရယ်၊ သူများတွေမြင်မယ်လေ ... လွှတ်ပါ"

"မမြင်ပါဘူး ဇင်လေးရယ် ... ကားနဲ့ ကွယ်နေတာပဲ၊ ကိုယ့်အချစ်ကို ဇင်လေး မသိဟန်ဆောင်နေတယ် မဟုတ်လား"

"သိသားပဲ"

"ဟင် ... သိတယ်"

"အင်းလေ၊ ဒါလောက်ပေါ်လွင်နေတဲ့ အမူအရာကြီးကို"

"ချစ်လွန်းတော့လဲ ကိုယ့်ကိုယ်တောင် ဘယ်လိုဖြစ်နေမှန်း မသိတော့ပါဘူးဗျာ"

"အို ... လွှတ်ပါကွယ်၊ ဇင် အနေခက်ပါတယ်"

"ဟင့်အင်း ... မလွှတ်ချင်ဘူး၊ ဒီလိုပဲ နေချင်တယ်"

"အို ... ဖြစ်မလားလို့"

"ဖြစ်တယ်၊ သိပ်ဖြစ်ပေါ့ ... ချစ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ..."

"ပါးစပ်နဲ့ပြော"

"ချစ်ပါတယ်"

"ကိုယ်လဲ ချစ်တယ် ဇင်လေးရယ်၊ သိပ်ချစ်တယ်"

ပြောအပြီး ဇင်ဇင့်ကိုယ်လုံးလေးကို ခပ်တင်းတင်းလေး ထွေးပွေ့ကာ ဇင်ဇင့်မျက်နှာအနှံ့ အနမ်းပန်းလေးများ ကြဲ လိုက်ပါတော့၏။ ပါးစပ်မှလည်း အားမလို အားမရနှင့် ...

"ချစ်တယ် ဇင်လေးရယ်၊ သိပ်ချစ်တယ်၊ ဇင်လေးကော ကိုယ့်လိုပဲနော် ... ချစ်တယ်မဟုတ်လား ... ချစ်တယ်နော်"

"အလို ... ဟော့ မောင်ချစ် ... မောင်ချစ် ... အမယ် ... မင်း နေ့ခင်းကြောင်တောင် အိပ်မက်မက်နေလိုက်တာ ... ဟော့လူ ဟော့လူ"

အတင်းလှုပ်နှိုးမှ လန့်နိုးသွားကာ မျက်လုံး ဖွင့်ကြည့် လိုက်တော့ ...

"ဟင် ... ဦးလေး"

"အေး ... ဦးလေးပါကွာ၊ ဇင်လေး မဟုတ်ပါဘူး"

"ဟာဗျာ"

"ဘာ ဟာဗျာလဲ ... ငါ့လူရဲ့ ဘာလဲ ... အိပ်မက်ထဲမှာ ဇင်လေးနဲ့ နှစ်ပါးကြည်နေကြတယ်ပေါ့ ဟုတ်စ၊ ကျလဲ ကျ လူကွာ ... အဟင်း"

တေဇာမှာ ပျောက်ဆုံးသွားသောအိပ်မက်ကိုပင် အထင် လိုက်ဖမ်းယူ၍ မရလို့သာ လွတ်လိုက်ရသည့်ပုံမျိုး။ လွန်စွာ နှမြောတသမှုနှင့် အားမလို အားမရ ပြောလိုက်၏။





"အိပ်မက်ကလဲဗျာ"

"အမယ် ... အမယ် နှမြောနေသေးလားကွ"

"နှမြောစရာကြီး ဦးလေးရယ်"

"အေး ... ညကျမှ ဆက်မက်ဖို့ ချန်ထားဦး"

"ဆက်မှာလားဗျ"

"မင်းခေါင်းကို ဆင်နင်းတဲ့ အိပ်မက်လေ"

"ဟာဗျာ ... ဦးလေးကလဲ"

"အဟား ... ဟား ... ဟား တန်ရာတန်ရာ မက်စမ်းပါ မောင်ချစ်ရာ"

"လူလူချင်းပဲ ဦးလေးရဲ့"

"လူချင်းတူပေမယ့် ... အဆင့်အတန်း၊ အခြေအနေ၊ ဂုဏ်ချင်းက မိုးနဲ့ မြေလောက် ကွာခြားနေတာ ... မင်း ခုနက ယောင်နေပုံ အိမ်ကြီးပေါ်ကတစ်ယောက်ယောက်သာ မတော် တဆ ကြားသွားရင်တော့လားကွာ၊ ခေါင်းနဲ့ကိုယ် ချက်ချင်း ဆင်းပြေးရမယ့် အဖြစ်ပဲဟော့"

"အဲဒါတော့ ဘယ်တတ်နိုင်မလဲ ဦးလေးရာ၊ အိပ်မက်က သူ့အလိုလို လာမက်တာ၊ ဘယ်လိုလုပ်မလဲဗျာ"

"အိပ်မက် မက်ရအောင် မင်းရဲ့အတွင်းစိတ်ထဲက စွဲလမ်း မျှော်လင့်နေလို့ ဖြစ်မှာပေါ့ကွ"

"စွဲလမ်းရင် အိပ်မက် မက်တတ်သလား ဟင်"

"ဒါကတော့ အမျိုးမျိုးရှိတာပေါ့ကွာ၊ အပြင်မှာ ကိုယ်က မဖြစ်နိုင်တဲ့အခြေအနေကို ကိုယ်က အရမ်းဖြစ်ချင်နေတဲ့ ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေရင် စိတ်ရဲ့ ဖြေဖျောက်မှုအနေနဲ့ အိပ်မက်အဖြစ် ဆ
ပြည့်စေတယ်ဆိုတဲ့ သဘောမျိုးလဲ ဖြစ်တတ်တာကလား"

"ကျွန်တော်ကျတော့ အပြင်မှာမဖြစ်နိုင်တဲ့ အခြေအနေ
လား ..."

"အလို ... မောင်ရင့်စကားက လာလှချည်လား"

"သူဌေးသမီးနဲ့ ဒရိုင်ဘာ ဇာတ်လမ်းက ရိုးနေပါပြီ
ဦးလေးရာ ..."

"အေး ... တခြားသူဌေးသမီးတော့ ဖြစ်ချင်ဖြစ်မယ်
ဇင်လေးလို ထက်မြက်တဲ့ မိန်းကလေးက သူ့မုန့်ဖိုးတစ်ဝ
တောင် မရှိတဲ့ မင်းလခကို ဘာမက်ပြီး မျက်စိမှိတ်မလဲ"

"အချစ်မှာ မျက်စိမရှိဘူးတဲ့"

"ဟာ ... ရှိလို့ အခုလို လူသိရှင်ကြား မန္တလေးက သူဌေး
သားနဲ့ စေ့စပ်ပြီးပြီပဲကို ..."

"စေ့စပ်တာပဲဗျာ၊ အပိုင် မဟုတ်သေးပါဘူး"

"အလိုလေး ... မောင်ရင်လေးစကားက အဆန်းပါလား
ဘာလဲ ... သူဌေးသမီးကို ကားတင်ခိုးမယ့် အကြံနဲ့လား
ထောင်ထမင်းစားကိန်း မြင်တယ်နော်"

"မဟုတ်ပါဘူးဦးလေးရာ၊ အလကားပြောတာပါ၊ အိပ်မက်
ကို သဘောကျလွန်းလို့ပါဗျာ"

"အေး ... အေး အိပ်မက်ကို အိပ်မက်မှာပဲ ရှိနေစေပေ
ငါ့လူရာ"

◈ ◈ ◈





## အခန်း (၂၂)

"ဟော ... ဒေဝီနဲ့ ချိုရည်ပါလား၊ လာ ... လာ မျောက်
ချက်သား ကောင်းနေလိုက်ကြတာကွယ်"

"ဟုတ်ကဲ့ ... အန်တီ၊ ဇင်ဇင် ရှိလားဟင်"

"ရှိတယ် ... ရှိတယ်၊ သူ့အခန်းမှာ၊ တက်သွား တက်သွား
သမီး"

ဒေါ်ခင်မြတ်လွင်က ဝမ်းသာအားရခေါ်သဖြင့် ဒေဝီတို့
လည်း ဇင်ဇင့်အခန်းရှိရာ အပေါ်ထပ်သို့ တက်ခဲ့ကြတော့၏။

ဇင်ဇင့်အခန်းရှေ့ရောက်တော့ အသာလေး လှမ်းကြည့်
လိုက်၏။

ဝတ္ထုစာအုပ်လေး ရင်ဘတ်ပေါ် တင်လျက် ဇင်ဇင်
အိပ်ပျော်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချိုရည်က ဖင်ဖင့်မျက်နှာနားသို့ နီးနီးတိုးကပ်ကြည့်ကာ ဒေဝီ့ကို ခေါင်းညိတ်ပြလိုက်၏။

ပြီး မိမိမျက်လုံးကို ထိုးပြကာ မျက်ခွံလေး လှုပ်လှုပ် လှုပ်လှုပ် ဖြစ်နေကြောင်း အသံတိတ်ပြောပြီးမှ ...

"ဒေဝီရေ ... စိတ်မကောင်းစရာပဲကွာ"

"ဘာဖြစ်လို့လဲ ချိုရည်ရယ်"

"ဖင်ဖင်တစ်ယောက် ရောဂါတက်နေပြီလေ"

"ဘာရောဂါလဲ ဟဲ့"

"အင်း ... ဒီရောဂါက ကုရာနတ္ထိ ဆေးမရှိ တဲ့"

"အို ... ကြောက်စရာပါလားနော်"

"တစ်ခုတော့ရှိတယ်"

"အင်း ... ဆိုစမ်းပါဦး"

တကယ်ဆို ဖင်ဖင် အိပ်မပျော်ပါ။

သူတို့အသံကြားကတည်းက ဖင်ဖင် အောက်ထပ်ဆင်းခဲ့ အလာ၊ ဧည့်ခန်းမှာ သူတို့မှန်းသိသည်နှင့် ချက်ချင်း အခန်းထဲ ပြန်ပြေးကာ အိပ်ပျော်ဟန်ဆောင်နေခြင်း ဖြစ်၏။

ဒေဝီတို့ပြောတာ အကုန်လုံး ကြားနေရသည်။

ပမ်းထဲမှာ ရယ်ချင်နေတာမှ အူကို ယားနေ၏။

ချိုရည့်အသံ ပေါ်လာပြန်သည်။

"အိမ်ထောင်မြန်မြန်ပြုလိုက်ရင်တော့ ကောင်းသွားရော"

"ဟယ် ... ဟုတ်လား၊ သူ့ရောဂါကလဲနော်၊ နာမည်က ဘာတဲ့လဲ ချိုရည်"





"အချစ်ရူးရောဂါလေ"

"အမယ်လေး ... နာမည်ကလဲ ကြောက်စရာကြီး"

"ကောင်မတွေ ... နင်တို့ပဲ အဲဒီရောဂါ စွဲနေတာဟဲ့"

"အိုး ... နိုးသွားပလား ထိပ်ထားရယ်"

ဖြုန်းခနဲ ထထိုင်လိုက်သော ဖင်ဖင် အော်လိုက်တော့မှ ချိုရည်တို့ စပ်ဖြဲဖြဲ ဖြစ်သွားကြတော့၏။

"ကဲ ... ဆို ဘာကိစ္စလဲ၊ နင်တို့ အကြောင်းမရှိဘဲ ငါ့ဆီ မလာဘူးဆိုတာ ငါ သိတယ်"

"အောင်မယ်လေး မိဖင်ရယ်၊ လေသံကလဲ ကျောက်ခဲလို ပါလားနော်"

"အင်းပေါ့လေ ... သူ့မှာက အားကိုးရှိနေတာကိုးလို့"

ဒေဝီက ချိုရည့်ကိုပြောရင်း ဖင်ဖင့်ခေါင်းရင်း ဖြတင်းပေါက်မှ အောက်သို့ မေးထိုးပြလိုက်၏။

ချိုရည်က ကိုယ်ကို ကိုင်းကြည့်ပြီးမှ သဘောပေါက်ဟန် ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"သြော် ... သြော်"

အတိုင်အဖောက်ညီနေသော သူတို့နှစ်ယောက်ကို ဖင်ဖင် မျက်စောင်းထိုးရင်း လှမ်းကြည့်လိုက်၏။

ပန်းအိုးတွေကြားမှာ အလုပ်ရှုပ်နေသော တေဇာပါ။

"မိဖင်တို့လူက ဒရိုင်ဘာကော၊ မာလီကောလား"

"ငါ့လူ မဟုတ်ဘူး၊ နင်တို့လင် ... ကောင်မတွေနော်၊ တော်တော်ကဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးအမေရေ၊ အမေ့သမီးကို မိဇင်တစ်ယောက် ချိုးချိုးဖွဲ့ဖွဲ့ပြောနေပြီ ... အမေရေ"

ဒေဝီက သံနေသံထားဖြင့် ငိုနေသလိုအသံလုပ်ကာ ပြောလိုက်၏။

"ကဲပါ ... အရည်မရ အဖတ်မရ အဓိပ္ပာယ်မရှိတာတွေ တော်တော့၊ လာ ... အောက်ဆင်းမယ်"

"အေးလေ လက်ဖက်သုပ် ချဉ်ငန်စပ်လေးနဲ့ဆို ... အဟဲ"

"စငတ်"

တစ်ယောက်တစ်ပေါက် ပြောရင်း သုံးယောက်ပူးကာ အောက်သို့ ဆင်းလာကြ၏။

အောက်မှာ မာမီကလက်ဖက်သုပ်ထားပေး၏။ ဇင်ဇင်က-

"မာမီက ကျွေးဖို့အသင့်ပဲ၊ တွေ့လား"

"အန်တီက တို့ကို ချစ်တာကိုး"

"အောင်မယ် ... ငတ်လာမှန်း သိလို့ သိလား"

"ဟုတ်လား ... ဒါဆို ငတ်ငတ်နဲ့ စားလိုက်ဦးမှပဲ"

"စားကြနော်၊ လိုတာ ထပ်ထည့်ယူကြကွယ့်"

"ကျေးဇူးတင်ပါတယ် အန်တီ"

"အလည်သက်သက်ပဲလားကွယ့်"

မာမီမေးမှ ဒေဝီက ...

"ဒေဝီ့မွေးနေ့အတွက် မိဇင်ကို လာခေါ်တာပါ အန်တီ"

"ဘယ်နေ့လဲကွယ်"





"မနက်ဖြန်ပါ၊ လူများများမဖိတ်ပါဘူး အန်တီ၊ မနက်ပိုင်း သံဃာတော်တွေကို ဆွမ်းကပ်၊ ညနေပိုင်း သူငယ်ချင်းအချို့ကို စားပွဲလေးလုပ်ပေးရုံလောက်ပါပဲ အန်တီ၊ မိဇင်ကိုထည့်ပါနော်"

"ဒါလောက် ရင်းနှီးတဲ့လူတွေဆိုတော့ ... ထည့်ရမှာပေါ့ကွယ်"

"ဟုတ်ကဲ့ ... အန်တီ"

"ကဲ ... ကဲ ... စား ... စား သမီး"

ဒေါ်ခင်မြတ်လွင်က အပြင်ထွက်သွားတော့ ဇင်ဇင်က ...

"ဘယ်သူက လိုက်မယ် ပြောလို့လဲ"

"နင် မလိုက်ဘူးလား"

"လိုက်မှာပေါ့"

"ကောင်မ"

"မေနီကော"

"ခေါ်ထားတယ်"

"သူ့အိမ် သွားလား"

"ဟင့်အင်း ... ဖုန်းဆက်ပြီး ခေါ်တယ်"

"လာမယ်တဲ့လား"

"အေးပေါ့ ... လာရမှာပေါ့"

"ငါတော့ သူ့အစ်ကို ဟိုမျက်နှာရှုး ပါလာမှာ စိုးတယ်"

"မြတ်ဘုန်းကျော်လား"

"သူပေါ့ ... ဘယ်သူရှိဦးမလဲ"

"ပါလဲ ဝတ္တရားကျေပေါ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ် ... အဲဒီလူက အတော့်ကို မျက်နှာပြောင်တာ"

"သဘော်သားဆိုတော့ ရဲတင်းတာပေါ့ဟာ"

"အို ... တချို့ သဘော်သားတွေများ တည်တည်တံ့တံ့ ပါနော်၊ သူ့လို မဟုတ်ပေါင်"

"အေးကွယ် ... မေနီ့မှာ အဲဒီ အစ်ကိုတစ်ယောက်ရှိတာ တော့ ဆိုးတာပဲ၊ နေရာတကာ ကန့်လန့်ကန့်လန့် ပါနေရောဝဲ"

"ငါတော့ သူ့ကို မပါလာပါစေနဲ့လို့ ဆုတောင်းနေမှာ"

ဇင်ဇင်က ဟိုတစ်ခါက အဖြစ်အပျက်ကြောင့် စိတ်ကုန် ဟန်နှင့် ပြောလိုက်၏။ ချိုရည်က ...

"အို ... သူ့မှ မဖိတ်တာ၊ သူ လိုက်မလား"

"မထင်နဲ့နော် ... အဲဒီလူက အရှက်မရှိဘူး"

ဇင်ဇင်က ပြောပြီး တစ်စုံတစ်ခုကို သတိရဟန်နှင့် မေး လိုက်၏။

"ဒါနဲ့ ဒေဝီ"

"အင်း"

"ညနေပိုင်းပွဲက ဘယ်အချိန်လဲ"

"ညနေ ငါးနာရီကနေ ခုနစ်နာရီအထိ"

"ဩော် ... စောစောပြီးတာပဲ"

"အေးလေ ... စောစောစီးစီးပဲ"

"လူ ဘယ်လောက်ဖိတ်သလဲ"

"တစ်ရာလောက်ပါပဲ"

"ငါ ပြီးတာနဲ့ ပြန်မှာနော်"

"ညအိပ်ပါလားဟာ"

"ဟင့်အင်း၊ ကိုယ့်အိပ်ရာမဟုတ်ရင် အိပ်လို့ မတတ်ဘူး"

"အင်း ... သဘော ... သဘော၊ ပြန်လိုက်ပို့ပေးပါ့မယ်"

"မပို့နဲ့ ... ရတယ်၊ လာကြိုခိုင်းယူမယ်"

"ကောင်းပြီလေ ... ကဲ စားလို့လဲ ဝပြီ၊ ပြောလို့လဲ ဝပြီ၊ သွားစို့ ချိုရည်"

"သွားမယ်"

ဒေဝီနှင့် ချိုရည် ပြန်သွားကြ၏။

◈ ◈ ◈






www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"ဒီပွဲမှာ ဇင်ဇင် အလှဆုံးပဲကွာ"

"ဟင် ..."

အသံနှင့်အတူ ရောက်လာသော မြတ်ဘုန်းကျော်။

ဇင်ဇင် စိတ်ပျက်သွား၏။

မတွေ့ချင်သူကိုမှ တွေ့တွေ့ဆိုင်ဆိုင် လာတွေ့နေရပါပကော။

ဒေဝီ့မွေးနေ့မှာ သူငယ်ချင်းတွေအားလုံး ဆုံကြ၏။

ပျော်ပျော်ပါးပါး စားကြသောက်ကြသည်။

ဇင်ဇင်တို့က ဒေဝီ့အတွက် ကူ၍ ဧည့်ခံပေးကြပါသည်။

မေနီလာတုန်းက မြတ်ဘုန်းကျော် မပါ။

ခုတော့ ဘယ်ကနေ ဘယ်လိုပေါ်လာသလဲ မသိပါ။

ဇင်ဇင်က မြတ်ဘုန်းကျော်ကို ဘာမှ မပြောတော့ဘဲ ဖျတ်ခနဲ လှည့်ထွက်ခဲ့၏။





မုန့်ပွဲပြင်နေသော မေနီ့ဆီရောက်တော့ မကျေမနပ်နှင့်-

"မေနီ"

"ဟင်"

"နင့်အစ်ကို အချစ်ရူးကြီးကို ဘယ်သူက ဖိတ်လို့လဲ"

"သိဘူးလေ ... သူဟာသူ သိပြီး လာတာဖြစ်မှာပေါ့"

"ဟွန်း ... ရှက်လဲမရှက်ဘူး၊ ပြီတီတီ မျက်နှာထားနဲ့ လူကို လာလာရိနေတယ် သိလား၊ သိပ်အမြင်ကတ်စရာကောင်းတာပဲ"

ဇင်ဇင်က မျက်စောင်းမသိမသာလေးထိုး၍ ပြောလိုက်၏။

မြတ်ဘုန်းကျော်ကတော့ ခေါ်တောကြည့်ဖြင့် ဇင်ဇင့်ကို လှမ်းကြည့်နေလေသည်။

"မေနီရာ နင့်အစ်ကိုတော့လေ ကြည့်ပါလား ဟိုမှာ"

"အေးလေ ... ဘာ မျက်နှာကြီးလဲဟ"

ချိုရည်ကလည်း ရှုံ့မဲ့၍ ပြောပါသည်။

"မိန်းကလေးတစ်ယောက်ကို ဒါလောက် ဗြောင်တိုက်ကြီး ငေးမီးတာတော့ တရားလွန်တယ်ဟာ၊ ဇင်ဇင့်ချစ်သူသာ ရှိရင်တော့ မျက်ခွက်နဲ့ လက်သီး နှစ်ပါးသွားခန်း နီးပြီပဲ"

သူပြော ငါပြော ပြောကြတော့ ... မေနီလည်း ရှက်ကာ သူ့အစ်ကိုဆီ ဘောက်ဆတ်ဘောက်ဆတ်သွားကာ တစ်စုံတစ်ခု သွားပြောပါသည်။

မြတ်ဘုန်းကျော်ကလည်း ဒေါသမျက်နှာနှင့် ပြန်ပြော နေလေသည်။

ဒေဝီကတော့ အလှူရှင်မို့ သိပ်မပြော။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ မေနီ ပြန်လာသည်။

မြတ်ဘုန်းကျော်က ကျောခိုင်းပြီး ထိုင်နေတော့၏။

“ဘာပြောလဲ မေနီ”

ချိုရည်က လှမ်းမေးတော့ မေနီက ...

“သူ့မျက်စိနဲ့ သူ ကြည့်တာ၊ ဘာမှ ပြောစရာမလိုဘူးတဲ့ လှလို့ကြည့်တာ ဂုဏ်တောင်ယူဖို့လိုတယ်တဲ့၊ ဘာမှတွန့်တိုစရာ မရှိဘူးတဲ့လေ”

“နင်ကကော ဘာပြောလဲ”

ဒေဝီက မေးတော့ ...

“ကိုကို အချစ်ရူးဖြစ်နေတာ မေနီရှက်တယ်၊ ပြန်ပါတော့လို့၊ ဘယ်သူမှ ကိုကို့ကို မဖိတ်ဘဲနဲ့လာတာ မရှက်ဘူးလားလို့ သွားပြောတာ၊ နင် မရှည်နဲ့ မိမေနီတဲ့၊ ဒေဝီဟာ နင့်သူငယ်ချင်းဖြစ်သလို ငါ့ညီမတစ်ယောက်လို ခင်တဲ့ မိန်းကလေးဖြစ်လို့ သူ့မွေးနေ့ပွဲမှာ ခုယိုလာချီးမြှင့်တာ၊ မဖိတ်တာကတော့ သူမေ့လို့ ဖြစ်ပါလိမ့်မယ်တဲ့လေ ... တဲ”

မေနီကတော့ အစ်ကိုဖြစ်သူအတွက် မျက်နှာပူပူနှင့် ဒေါသထွက်နေလေသည်။ ဒေဝီက ...

“ကဲပါဟယ် ... စိတ်မတိုနေပါနဲ့တော့၊ ဒေဝီ့မွေးနေ့မှာ ပျော်ပျော်ပါးပါးနေရအောင်”

ဒေဝီပြောမှ အားလုံးစိတ်ပြောင်းကာ ရယ်ရယ်မောမော ပြန်ဖြစ်သွားကြ၏။

မြတ်ဘုန်းကျော်ကိုလည်း ဂရုမစိုက်ကြတော့။





ညနေသည်တွေ တဖွဲဖွဲလာနေသဖြင့် နေရာချရင်း ညနေခံ ရင်း အချိန်တွေ တဖြည်းဖြည်း ကုန်သွားတော့၏။

မြတ်ဘုန်းကျော်ကိုလည်း သတိမရကြတော့။

ညနေခံပွဲမှာလည်း မြတ်ဘုန်းကျော်ကို မတွေ့ရတော့ချေ။

ဇင်ဇင်တို့လူစုက စတိတ်ရှိုးငယ်လေးတစ်ခုကို နားထောင် နေကြ၏။

ဒေဝီ့ဖေဖေက တေးသံသွင်းဆိုင် ပိုင်ရှင်မို့ အဆိုတော် တချို့က မေတ္တာဖြင့် လာရောက်ကူညီခြင်း ဖြစ်လေသည်။

“အိုက်တယ်ကွာ”

ချိုရည်ပြောမှ အိုက်စပ်စပ် ဖြစ်နေသည်ကို ဇင်ဇင် သတိပြုမိသည်။

စတိတ်ရှိုးကလည်း နာမည်ကြီးအဆိုတော်တွေ ဆိုပြီးသွား သဖြင့် စိတ်ဝင်စားမှု နည်းနည်း နည်းသွားသည် မဟုတ်ပါလား။

“အအေး တစ်ခုခု သောက်ဦးမလား”

ဒေဝီကမေးတော့ မေနီက ...

“ကောင်းသားပဲ ... သွားယူရအောင်ဟာ”

“အေး ...”

ဒေဝီနှင့် မေနီ အိမ်ဘက်ထွက်သွားကြ၏။ ဒေဝီက ...

“နင်တို့ ထိုင်နေကြဦး”

“စိတ်ချ ... တစ်လက်မမှကို မရွှေ့ဘူးဟေ့၊ ငါ့အကြိုက် အဆိုတော် ဆိုတော့မယ်”

ချိုရည်က ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဇင်ဇင်က ထိုင်ရတာ ကြာလာသဖြင့် ခါးညောင်းလာပြီမို့ ဒေဝီတို့အိမ်ဘေးဘက် သစ်ခွရုံရှိရာသို့ လမ်းလျှောက်ထွက်လာ၏။ ချိုရည်က ...

"ဟော့ ... မိဇင် ဘယ်လဲ"

"ဒီနားတင်ပါ ညောင်းလို့ ခဏလေးပဲ"

ခြံထဲမှာ မီးသီး ရောင်စုံလေးတွေ ထွန်းထားသဖြင့် အလင်းရောင်လေးတွေ ခပ်မှိန်မှိန် ဖြစ်နေလေသည်။

ဒေဝီတို့အိမ်မှ သစ်ခွအိမ်လေးက ချစ်စရာကောင်းသလို ရှားပါးသစ်ခွတွေလည်း စုံလှသည်။

ဒေဝီ့မေမေက သစ်ခွ ဝါသနာအိုးဖြစ်၏။

ဇင်ဇင်တို့ ဒေဝီ့ဆီလာတိုင်း သစ်ခွလေးတစ်ပွင့် ခူးရမှ ကျေနပ်စမြဲ။

ဒေဝီ့မေမေကလည်း သဘောကောင်းသည်။

ဇင်ဇင်တို့ကိုဆို ကြိုက်တဲ့အပွင့် ခူး ဆိုတဲ့ သဘော ခွင့်လွှတ်ထားသည်။

ဇင်ဇင်တို့ကလည်း လိမ္မာပါသည်။

တန်ဖိုးကြီး ရှားပါးသစ်ခွတွေကို မခူးပါ။

အားနာ၍ ကိုယ်ချင်းစာ၍ ဖြစ်၏။

ခုလည်း ဘယ်အပွင့်ခူးရပါ့မလဲဟု ဇင်ဇင် လိုက်ကြည့်နေသည်။ မီးရောင် ခပ်မှုန်မှုန်လေးမို့ အမြင်က မသဲကွဲလှပါ။ ထိုစဉ် ...

"ဇင်ဇင်"

"ဟင်"





ထိတ်ခနဲ လန့်သွားသော ဇင်ဇင်က နောက်မှခေါ်သံရှင်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

"အို ... ကိုမြတ်ဘုန်းကျော်"

ဇင်ဇင့်တစ်ကိုယ်လုံး တုန်ယင် စိုးရိမ်စိတ်တွေ လွှမ်းသွားတော့၏။

အရက်နံ့က ထောင်းခနဲ ထွက်လာသည်။

ဒါပေမဲ့ ဟန်ကိုယ့်ဖို့ မပျက်လား။

"ရှင် မပြန်သေးဘူးလား"

"ဘယ်ပြန်လို့ ဖြစ်မလဲကွာ၊ ဇင်ဇင်မှ မပြန်သေးတာ"

"အိုး ... ဘာဆိုင်လဲ"

"ဆိုင်ပါသော်ကော ဇင်ဇင်ရာ၊ ကိုယ်က သိပ်ချစ်နေရသူတိုး ..."

"ကျွန်မမှာ ချစ်သူရှိတယ်လို့ ဘယ်နှခါ ပြောရမလဲရှင့်"

"ချစ်သူတော စေ့စပ်သူကော ဘာသော ညာသော ကိုယ်ဂရုမစိုက်ပါဘူးကွာ"

"ရှင် ... လူမှ ဟုတ်ရဲ့လား ဟင်"

စိတ်ဆိုးစွာ ဇင်ဇင် ပြောလိုက်၏။

မြတ်ဘုန်းကျော်က ပခုံးလေး တွန့်ပြရင်း ...

"ဪကွာ ... လူအစစ်မို့ အချစ်စိတ်တွေ တားမနိုင်ဆီးမရ ဖြစ်နေတာပေါ့ကွာ"

"ဟင် ... အဲဒီစိတ်တွေကို ရှင် ဆက်ဆံနေတဲ့ မိန်းကလေးတွေကိုပဲ သွားပေးပါ ကိုမြတ်ဘုန်းကျော်၊ ကျွန်မအတွက်တော့ ဆောရီးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဇင်ဇင်က မဲ့မဲ့လေးပြုံး၍ ပြောလိုက်၏။

"ဟွန်း ... ဟွန်း ကိုယ်ကလဲ ဇင်ဇင်မှ ဇင်ဇင် ဖြစ်နေတာ ကိုးကွာ"

"ရှင် မေနီ့မျက်နှာထောက်ပြီး နှုတ်ချင်းစား ပြောပါ၊ ကိုယ့်ကို လက်မခံနိုင်တဲ့ဟာကို အတင်းရောအမွှေပါ အလိုက်ကမ်းဆိုး မသိ ဖြစ်နေဖို့ မကောင်းပါဘူး"

"ချစ်တာကို ဘယ်တတ်နိုင်မလဲ ဇင်ဇင်ရယ်"

ပြောရင်း မြတ်ဘုန်းကျော် တစ်လှမ်းချင်း တိုးလာ၏။

ဇင်ဇင် နောက်ဆုတ်ရင်း စဉ်းစား၏။

လှည့်ပြေးရကောင်းမလား။

အို ... ဒါဆို ရုတ်ရုတ်သဲသဲဖြစ်ပြီး ရှုပ်စရာဖြစ်သွားမယ်။

မိန်းကလေးတစ်ယောက်အဖို့ သိက္ခာထိခိုက်စေမည့် ကိစ္စမှန်သမျှ ရှောင်နိုင်ပါမှ။

ကိုယ်က ကောင်းသော်လည်း ပတ်ဝန်းကျင် ပယောဂကြောင့် အရှုပ်တကွဲဖြစ်သွားလျှင် ကောင်းနိုင်တော့မည်မဟုတ်။

မြတ်ဘုန်းကျော်က ပြုံးတီတီပြုံးရင်း ...

"ကိုယ့်ကို ဘာ လက်မခံနိုင်စရာအကြောင်းရှိလဲ ဇင်ဇင်၊ တိုက်အသင့်၊ ကားအသင့် ... ကဲ"

"မာင့်အင်း ... ရှင့်အကျင့်စာရိတ္တ ဒါလောက်ပုပ်သိုးနေတာ ရှင့်တိုက်တွေ ကားတွေလောက်တော့ မိဇင်တို့ လွင့်ပစ်ထားသလောက်ပဲ ရှိသေးတယ် သိလား"

"မင်း မာနကြီးလှချည်လား ဟင်"

"ရှင် ခုမှ သိလား"





"သိပါတယ် ... ကိုယ်လဲ ဒါမှ ကြိုက်တယ်လေ"

"ရှင် မရိုင်းနဲ့နော်"

"မရိုင်းပါဘူးကွာ၊ ချစ်တာပါ"

"ရှင် လူလို နားလည်ပါ၊ မိကောင်းဖခင်သားသမီး ပီသပါရှင်"

"ဇင်ဇင့်စကားတွေက ရင့်လွန်းလှတယ်ကွာ ... ဒါပေမဲ့ အဟဲ ဟဲ ကိုယ်မနာပါဘူးလေ၊ ချစ်ရရင် ကျေနပ်ပါပြီ"

"အို ..."

ဖြုန်းခနဲ လှမ်းဆွဲသော မြတ်ဘုန်းကျော်၏ လက်ထဲမှာ ဇင်ဇင့် လက်မောင်းတစ်ဖက်က ပြုတ်တူနှင့် အညှပ်ခံလိုက်ရသလို မြဲမြံခိုင်မာစွာ ရောက်ရှိသွားလေတော့၏။

"လွှတ် ... လွှတ် ရှင် လူဝါးမဝနဲ့"

"ဇင်ဇင်ကလဲကွာ"

မြတ်ဘုန်းကျော်က ဇင်ဇင့်ကိုယ်လုံးကို ပွေ့ရန် ကြိုးစားလိုက်၏။

ဇင်ဇင်က အတင်းရုန်းကန်ရင်း အော်ရန်လည်း သတိမရ။

"မိန်းကလေးအားလုံးထဲမှာ ဇင်ဇင်ဟာ အလှဆုံး၊ အခက်ဆုံး၊ ကိုယ် အချစ်ဆုံး"

"အဲဒါ ဘာဖြစ်သလဲ၊ ရှင် ရိုင်းတာ စဉ်းစားကြည့်ပေါ့"

"မစဉ်းစားချင်ပါဘူးကွာ၊ ကိုယ်က အတွံ့အလှည့်ဒေါ်လုပ်ချင်လို့ပါ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ဟွန်း ... ဇင်ဇင် ... တောဒီလို ပွေ့ဖက်ပြီး နမ်းရုံလေးပါဝဲ"

မြတ်ဘုန်းကျော်က ဇင်ဇင့်ကိုယ်လုံးလေးကို ဆွဲယူပွေ့ဖက်လိုက်ရင်း ... မျက်နှာလေးကို နမ်းရန် ကြိုးစားနေတော့၏။

ဇင်ဇင်ကလည်း ရုန်းရင်း ဖယ်ရင်း ခေါင်းခါရင်းဖြင့် မြတ်ဘုန်းကျော်၏ ရင်ခွင်မှ ယက်ကန်ယက်ကန် ဖြစ်နေလေသည်။

"လွှတ် ... လွှတ် လူယုတ်မာ ... လွှတ်"

"မလွှတ်ဘူးကွာ၊ ဇင်ဇင်ရုန်းလဲ အလကားပဲ၊ ကိုယ့်လက်က မလွတ်နိုင်ပါဘူး မောရုံပဲ"

ဇင်ဇင် မြတ်ဘုန်းကျော်၏ မျက်နှာ၊ လည်ပင်း၊ ရင်ဘတ်၊ တွေ့ကရာ ကုတ်ဖဲ့ ထုရိုက်၍ ရုန်း၏။

ဇင်ဇင့် လက်သည်းဒဏ်ကြောင့် မြတ်ဘုန်းကျော်၏ လည်ပင်း ဖျဉ်းခနဲဖြစ်ကာ သွေးတွေစို့လာ၏။

စမ်းကြည့်၍ သွေးမြင်လိုက်သော မြတ်ဘုန်းကျော်က ဇင်ဇင့်ကို လက်ပြန်ရိုက်ချလိုက်၏။

"အ"

မိုက်ခနဲဖြစ်သွားသောဇင်ဇင့်ကို မြတ်ဘုန်းကျော် ဘောင်းဘီ အိတ်ထဲမှ အသင့်ယူလာသော မေ့ဆေးဆွတ်ထားသည့် လက်ကိုင်ပဝါလေးဖြင့် နှာခေါင်းကို အုပ်လိုက်ကာ ...

"...ဒါလောက်တောင် မာနိုင်တဲ့မိန်းမ ဘယ့်နှယ်ရှိစ"





ပျော့ခွေသွားသော ဇင်ဇင့်ကိုယ်လုံးလေးကို ကလေးငယ် ချီသလို ပွေ့ချီယူလိုက်ပြီး မြတ်ဘုန်းကျော်က အောင်သေ အောင်သား စားရတော့မည့် ပီတိဖုံးမျက်နှာဖြင့် ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်လိုက်လေသည်။

ထိုအချိန်တွင် မြတ်ဘုန်းကျော်၏ နောက်ဘက် ခေါင်း အမေါ်တည့်တည့်မှ ဒုတ်ခနဲ ဟူသော အသံနှင့်အတူ ကောင်းကင်ကြီးတစ်ခုလုံး သူ့အပေါ် ပြိုကျလာလေသလားဟု ဝိုးတိုးဝါးတားထင်မိလိုက်ရင်း မြတ်ဘုန်းကျော် ဒူးတွေ ညွတ်ခွေကာ လောကကြီးနှင့် တဒင်္ဂအဆက်ပြတ်သွားရလေတော့သည်။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

မေ့ဆေးတန်ခိုးကြောင့် သတိလစ်နေပါသော ဇင်ဇင်။

တေဇာက ဇင်ဇင့်မျက်နှာကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေရင်းမှ သက်ပြင်းချလိုက်၏။

ကံသီ၍ပါလား။

မြတ်ဘုန်းကျော်လက်ထဲမှ ဇင်ဇင့်ကို နှစ်ကြိမ်မြောက် သူကယ်တင်ခဲ့ရခြင်းပါလား။

သည်တစ်ကြိမ်တော့ သူသာ အရောက်နောက်ကျလျှင် ဇင်ဇင့်အဖြစ်က မတွေးရဲစရာပင်။

ဇောကပ်နေသောမြတ်ဘုန်းကျော်က အနီးကပ်လာသော သူ့ကို မမြင်၍သာပဲ။

ဇင်ဇင့်ကို အသာလေး ပွေ့ချီကာ သူ ထွက်လာခဲ့၏။

သူတို့ကို ဘယ်သူမှလည်း မမြင်ကြသဖြင့် တော်သေး၏။





ဇင်ဇင့်ကို သည်အတိုင်း အိမ်ပြန်ခေါ်သွား၍လည်း မဖြစ်၍ ကန်တော်ကြီးဘက် ကားကို မောင်းထွက်ခဲ့၏။

ခုတော့ သူ့ရင်ခွင်ထဲမှာ သတိလစ်နေပါသော ဇင်ဇင်။

"ဇင်လေး ... ဇင်လေး"

ဇင်ဇင့်မေးလေးကို အသာကိုင်လှုပ်၍ သူ နှိုးလိုက်၏။

ဇင်ဇင်ကတော့ သတိမရသေး။

"ဇင်လေး ... ဇင်လေး"

ထပ်၍ခေါ်၏။ ဇင်ဇင်ကတော့ မလှုပ်။

တေဇာ ဇင်ဇင့်ကို ကားကူရှင်ပေါ် အသာချလိုက်ပြီး အသင့်ရှိနေသော လက်ကိုင်ပဝါတစ်ထည်ဖြင့် ရေဆဝ်းဆွတ်လိုက်၏။

ပြီးမှ ဇင်ဇင့်မျက်နှာကို ရေစက်လေးတွေနှင့် တောက်ကာနှိုးသည်။

မကြာမီ ဇင်ဇင် လူးလွန့်လာသည်။

"အင်း ... ဟင်း ... ဟင်း"

"ဇင်လေး ... ဇင်လေး"

ဝမ်းသာအားရ ခေါင်းငုံ့ကာ ... ဇင်ဇင့်မျက်နှာနှင့် ထိလုမတတ် တေဇာ ခေါ်လိုက်၏။

ဇင်ဇင့်မျက်လုံးလေးတွေ ဖျတ်ခနဲ ပွင့်လာသည်။

"ဟင် ..."

သူ့အပေါ် ငုံ့မိုးကာ အုပ်နေသော တေဇာ့မျက်နှာကို သဲမကွဲ မြင်လိုက်ရသည်နှင့် အလန့်လန့်အဖျပ်ဖျပ် ထရန် ကြိုးစားလိုက်၏။

"မထနဲ့လေ ... ဇင်လေး၊ မူးနေမယ်၊ လှဲနေနော်"



www.burmeseclassic.com

www.burmeseclassic.com



ဇင်ဇင့်လက်မောင်းကို ကိုင်၍ ပြောနေသော တေဇာ့လက်ကို ပုတ်လိုက်ပြီး သူ့မျက်နှာပေါ် မိုးနေသော တေဇာ့မျက်နှာကို တစ်အား လွှဲရိုက်ချပစ်လိုက်၏။

"အား"

"ရှင်တို့အကြံတွေ ဒါ အကုန်ပဲလား ... လူယုတ်မာ၊ လူယုတ်မာတွေ၊ ဖယ် ... လွှတ်၊ ဘယ်မှာလဲ နောက်တစ်ယောက် သတ်မယ်၊ ဘတ်ပစ်မယ်၊ ပြီးမှ ဇင့်ကိုယ်ဇင်သတ်သေလိုက်မယ်"

"အို ... ဇင်လေး မှားနေပြီ"

"ဘာ မှားနေပြီလဲ၊ မျက်စိနဲ့ တပ်အပ် မြင်တာတောင်မှ ရှင် ဘာလိမ်ဦးမလို့လဲ"

ပြောရင်း ဇင်ဇင် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာတော့၏။

သူ့ဘဝ ဆုံးခဲ့ပြီလား။

အို ... သူ မတွေးရဲလောက်အောင်ပါပဲလား။

အလူးအလဲ ထထိုင်ရင်း ... သူမကိုယ်သူမ လျင်မြန်စွာ ဆန်းစစ်လိုက်၏။

ဝိုးတဝါးပါပဲလား။

"ဇင်လေးရယ်"

"ရှင် မခေါ်နဲ့"

"ခေါ်ရမယ် ဇင်လေး၊ ဒီမှာ ကိုယ်ပြောတာ နားထောင်ဦး"

"အို ... ဘာမှမပြောနဲ့၊ မကြားချင်ဘူး၊ မကြားချင်ဘူး ဇင့်ဘဝ ဆုံးသလို ရှင်တို့အသက်ဆုံးမှ ကျေမယ်၊ ကျေမယ်





အံကြိတ်ကာ ပြောရင်း မျက်ရည်ဖြိုင်ဖြိုင်ကျနေတော့၏။

"ဟာ ... ဘာတွေ လျှောက်ပြောနေတာလဲ ဇင်လေးရာ၊ ဇင်လေး ဘာမှမဖြစ်ဘူး၊ ဟိုကောင့်လက်ထဲကနေ သတိလစ်နေတဲ့ ဇင်လေးကို ကိုယ်ခေါ်လာခဲ့တာပါ"

"ဟင် ..."

ရုတ်တရက် ဝမ်းသာသွား၏။

ဘာမှ မဖြစ်ဘူးတဲ့။

ဒါဆိုရင် အခုက အခုက ဘယ်ကိုခေါ်ခဲ့တာလဲ။

ပတ်ဝန်းကျင်ကို ဇင်ဇင် အကဲခတ်လိုက်၏။

"အို ... ကန်တော်ကြီးပါလား"

"ဟုတ်တယ် ဇင်လေး ... ကန်တော်ကြီးပါ"

"ဟင် ... ရှင်ကကော ဒီကို ဘာအကြံနဲ့ ခေါ်ခဲ့တာလဲ၊ အိမ်ကို မပို့ဘဲနဲ့၊ ရှင့်ကိုလဲ မယုံဘူး"

မည်းမည်းမြင်တိုင်း ဇင်ဇင် ရမ်းပါလေပြီ။

"ဇင်လေး"

မျက်နှာနီ၍ တေဇာ အော်လိုက်၏။

သိက္ခာကို ထိပါးသောစကားတွေ မဟုတ်လား။

"ရှင် လူကို ဘာမှတ်လို့ အော်နေတာလဲ၊ ဒရိုင်ဘာဟာ ဒရိုင်ဘာနေရာမှာ မနေဘဲ စုတ်ပွဲတဲ့အကြံ၊ ယုတ်မာတဲ့ စိတ်ရှိလို့သာ ကျွန်မကို ဒီနေရာခေါ်လာတာ မဟုတ်လား ... ဟဲ"

"ဟာကွာ ... ဝုန်း"

ကားနောက်မှီ ကူရှင်ကို စိတ်ဆိုးစွာ ထိုးမိ၏။

"ဇင်လေး မင်း ... မင်း လူကို အထင်သေးလှချည်လား ဟင် ..."

"ဟွန်း ... အထင်ကြီးစရာကော ရှိလို့လား"

"မင်းကို ဒီခေါ် လာတာ သတိမရသေးတဲ့မင်းကို မင်းမိဘတွေက မေးရင် ကိုယ် ဘယ်လိုဖြေရမလဲ ... တဲ့"

ဇင်ဇင် ငြိမ်သွား၏။

မှန်သားပဲ။

"ဒီမှာ ဇင်လေး ဒရိုင်ဘာမှာလဲ သဏ္ဍာတရားနဲ့ပါ၊ မင်းကို ကိုယ် လက်ဖျားနဲ့တောင်မှ မပြစ်မှားမိသေးဘူး"

"ဒါတော့ ပြောမှာပေါ့၊ ကျွန်မ သတိလစ်နေတုန်း သိမှ မသိတာ"

"ဟာကွာ ... ကိုယ်သာ အဲဒီစိတ်ရှိရင် မင်းကို သတိရအောင် လုပ်မလား"

ဒါလည်း ဟုတ်တာပဲ။ ဇင်ဇင် ငြိမ်ကျသွား၏။ သူသာ မရောက်လာလျှင် ဇင်လေးဘဝတော့ သွားပါပြီ။

ဇင်ဇင် ငြိမ်သွားတာကို အကဲခတ်၍ တေဇာက အရဲစွန့်ကာ ပြောလိုက်၏။

"တကယ်ဆို ဇင်လေးရယ် ... ကိုယ် ဇင်လေးကို အစကတည်းက စိတ်ဝင်စားနေတာပါ"

"ဘာ ..."

စိတ်ဆိုးတုန်လှုပ်စွာ အော်လိုက်သော ဇင်ဇင့်ကို တေဇာက စေ့စေ့ကြည့်၍ ...



"ဟုတ်တယ် ... ဇင်လေး၊ ကိုယ် ဇင်လေးကို ချစ်တယ်၊ အဲဒီအတွက် ပေးချင်တဲ့အပြစ်ပေးပါ ဇင်လေး"

"အဲဒါ အပြစ်ပေးတာပဲ၊ ရာရာစစ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ၊ ရှင်နဲ့ကျွန်မ တူလို့လား၊ တန်လို့လား"

လက်သံပြောင်သော ဇင်ဇင့်ကြောင့် တစ်ချီတည်းနှင့် တေဇာ နှစ်ခါ အရိုက်ခံလိုက်ရပါပြီ။

"မတူမတန်မှန်းသိပေမယ့် ချစ်တဲ့စိတ်ဆိုတာ တားထားလို့ ရတဲ့အရာမှ မဟုတ်တာဗျာ၊ ဇင်လေးအနေနဲ့ ကိုယ့်ကို မစဉ်းစားမှန်းလဲ သိပါတယ်"

"သိလျက်သားနဲ့ ရှင် ဘာ ပါးစပ်အရသာခံပြီး အာချောင်နေသလဲ"

"ကိုယ့်ဆန္ဒကို ဇင်လေး သိစေချင်လို့ပါ၊ ဇင်လေးဘက်က တုံ့ပြန်လာမယ့်အခြေအနေကို ရင်ဆိုင်ဖို့ အဆင်သင့်ပါပဲ"

"ဒီမှာရှင့်"

"ပြောပါ ဇင်လေး"

"ဟိုလူယုတ်မာလက်ထဲကနေ ကျွန်မကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်နော်၊ အဲဒီအတွက် ရှင့်ကို ချစ်ရဖို့အထိ ကျေးဇူးအဆပ်ခံချင်နေသလား"

"အဲဒါနဲ့ မဆိုင်ပါဘူးဗျာ"

"ဆိုင်လို့သာ ရှင် အခွင့်အရေးတစ်ခုအနေနဲ့ပြောတာပေါ့"

"မဟုတ်ပါဘူး ... ကိုယ် ပြောခဲ့ပြီးပြီပဲ၊ အစကတည်းက ကိုယ် ဇင်လေးကို ချစ်နေတာပါလို့"

www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ ... မွေးလေးအရောဝင် ပါးလျက်နားလျက် ဆိုသလို ရှင်လဲ အတူတူပဲ၊ ကျွန်မမှာ ဂုဏ်ရည်တူထဲကနဲ့ စေ့စပ်ပြီးသားဆိုတာ ရှင် မေ့နေသလား"

"သိပါတယ်ဗျာ"

"သိလျက်နဲ့ ရှင် ဖွင့်ပြောရဲတာ အံ့စရာပဲ၊ ကဲ ... ဒီတော့ တစ်ခုပဲရှိတယ်၊ ရှင့်မှာ ဒီစိတ်ရှိနေတဲ့အတွက် ကျွန်မဘဝဟာ လုံခြုံမှု နည်းသွားပြီ။ မစားရတဲ့အမဲ သဲနဲ့ပက်သလို ရှင် အကောက်မကြံဘူးလို့ မဆိုနိုင်ပါဘူး"

"ကိုယ် ကျေးဇူးတရားကို နားလည်ပါတယ် ဇင်လေး"

"ကျေးဇူးရှိမှ ကျေးစွပ်သတဲ့ ... ဟွန်း"

"ဇင်လေး အဆုံးအဖြတ်ကို နာခံဖို့အသင့်ပါပဲ ဇင်လေး"

"အို ... ရှည်ရှည်ဝေးဝေး မပြောချင်တော့ပါဘူး၊ ဒီမှာ ရှင် ကျွန်မတို့ဆီမှာ အလုပ်ဆက်လုပ်စရာ မလိုတော့ဘူး၊ ရှင့်ရွာ ရှင် ပြန်ပါတော့ ... ဒါပါပဲ၊ မောင်းတော့ ... ပြန်မယ်"

"ကိုယ် ပြောပါရစေ ဇင်လေးရယ်"

"မလိုချင်ဘူး ... သိုက်တူးမယ့်အကြံနဲ့ ရှင့်စကားတွေကို လုံးဝ မကြားချင်ဘူး"

"ကိုယ့်ကို အယူခံဝင်ခွင့်တောင် မပေးတော့ဘူးလား ဟင်"

"ဒီမှာ ရှင် ဘာမှထပ်ပြောစရာမလိုတော့ဘူးလို့ ပြောနေတယ်၊ ပြောလို့မရရင် ကျွန်မ ကြုံတဲ့ကားနဲ့ ပြန်မယ် ... ကဲ"

"ကောင်းပါပြီ ဇင်လေး၊ မပြောတော့ပါဘူးဗျာ"

"ကဲ ... မောင်း မောင်း"



ကားလေး လျှောခနဲ ထွက်ခဲ့တော့၏။

အိမ်ရောက်တော့ ဒယ်ဒီနဲ့ မာမီတို့ အေးအေးဆေးဆေး ပါပဲ။

နောက်တစ်နေ့ မိုးလင်းသည်နှင့် တေဇာက လွယ်အိတ်လေးတစ်လုံးလွယ်ကာ ဒယ်ဒီနှင့် မာမီကို လာကန်တော့သည်။

ဒယ်ဒီရော မာမီပါ ကြောင်နေ၏။

"ဘာဖြစ်လို့လဲ မောင်ချစ်၊ ဘယ်သွားမလို့လဲ"

ဇင်ဇင်က သိပြီးသားမို့ ခပ်တည်တည်နေလိုက်၏။

တေဇာက ဇင်ဇင့်ကို လုံးဝမကြည့်ဘဲ ...

"ရွာမှာ ကျွန်တော့်အမေ အသည်းအသန်ဖြစ်နေတယ်လို့ သတင်းလာလို့ပါ၊ အဲဒါ ခဏပြန်ပါရစေလို့ ခွင့်လာတောင်းတာပါ ခင်ဗျာ"

ဇင်ဇင် ဆတ်ခနဲ သူ့ကို ကြည့်လိုက်၏။

ဘာလို့ လိမ်တာလဲ။ အမှန်အတိုင်း အလုပ်ထွက်တော့မယ်လို့ ဘာလို့မပြောသလဲ ဟူသော အကြည့်ပါ။

သို့သော် ညောင်မြစ်တူးလျှင် ပုတ်သင်ဥက ပေါ်တော့မည် မဟုတ်ပါလား။

ဇင်ဇင် ဘာမှမပြောဘဲ ငြိမ်နေလိုက်တော့၏။

သူ့ဟာသူ အဆင်ပြေသလိုပဲ ပြောယူပါစေတော့။

ထွက်သွားဖို့သာ အဓိက မဟုတ်လား။

မတန်မရာကြံသည့် လူအတွက် ဘာမှ ငဲ့ညှာနေစရာ မလိုပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီက စဉ်းစားသလိုလုပ်ရင်း ...

"သတင်းက ဘယ်တုံးကသိတဲ့ သတင်းလဲ၊ မနေ့ညနေက အထိ အေးအေးဆေးဆေးပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဦး ... ညက နှည့်ခံပွဲသွားတော့မှ ရွာက အသိ ဒရိုင်ဘာတစ်ယောက်ဆီက သိရတာပါ"

"ဩော် ... ဩော်"

"အေးပေါ့ကွယ်၊ နာရေးဖျားရေးဆိုတော့လဲ ပြန်ရမှာပေါ့၊ ဘယ်နှရက်လောက် ကြာမလဲ မောင်ချစ်"

မာမီ့အမေးကို ရုတ်တရက် သူ ဘာပြန်ဖြေရမှန်း မသိ ဖြစ်နေပုံရ၏။ ပြီးမှ ...

"ဒါက အမေ့အခြေအနေပေါ် ကြည့်ပြီးမှပဲ"

"ဟုတ်တာပေါ့ကွယ်၊ သွား ... သွား မောင်ချစ်၊ ကားမမီဘဲ နေဦးမယ်၊ မမြတ်"

"ရှင်"

"မောင်ချစ်ကို ဆေးဖိုးဝါးခလေး ကူညီလိုက်ပါကွာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

မာမီက ငွေတချို့ထုတ်ပေး၍ ...

"ရော့ ... မောင်ချစ်၊ ဒါ လခနဲ့ မဆိုင်ဘူးနော်၊ အပို သက်သက်ကူညီတာ"

"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်"

ရိုသေစွာ လှမ်းယူ၏။

ဇင်ဇင် မဲ့လိုက်၏။



သူများ ပေးကမ်းစာကို မှီခိုနေရတဲ့လူကများ ကိုယ့်ဘဝကိုမှ ကိုယ်အားမနာ၊ ငါ့ကို ကြိုက်ရသတဲ့လား။

သူ တန့်ဖိုးထားပြီး လေးလေးစားစား ကိုင်ထားတဲ့ငွေတွေဟာ ဇင်ဇင် ဗိုလ်ချုပ်ဈေး တစ်ခါသွားစာလောက်တောင် မရှိပါဘူး။

ဒါနဲ့များ လူကို စော်စော်ကားကား။

ဟွန်း ... သွား ... သွား၊ မြန်မြန်ကြွ။

ဇင်ဇင်က မျက်စောင်းမသိမသာခဲ၍ ကြည့်လိုက်တော့ ဇင်ဇင့်ကို နှုတ်ဆက်သလို ကြည့်နေသော သူ့မျက်ဝန်းတွေနှင့် ဆုံမိသဖြင့် မဲ့လိုက်၏။

ချက်ချင်း သူ မျက်နှာလွှဲကာ ...

"အားလုံး သွားပါဦးမယ် ခင်ဗျာ"

ဆိုပြီး တစ်လှမ်းချင်း ထွက်သွားလေတော့၏။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"မောင်ချစ်တစ်ယောက် ... ဘယ်လိုလဲ မသိဘူးကွယ်၊ တစ်ပတ် ရှိသွားပြီ"

မာမီက သတိတရပြောတော့ ဇင်ဇင် ရယ်ချင်သွား၏။ ဒါပေမဲ့ ဟန်မပျက် အလိုက်သင့် ပြန်ပြောလိုက်သည်။

"သူ့အမေ မမာသေးလို့ ဖြစ်မှာပေါ့ မာမီရာ"

"အေးကွယ် ... ကောင်လေး သနားပါတယ်၊ မိဘကို လုပ်ကျွေးတဲ့ ကလေး၊ လိမ္မာရှာတယ်ကွယ်"

ဒယ်ဒီကလည်း ...

"ဒီကောင်လေး ဖင်တော့အပေါ်သားကွ၊ ကိုယ့်ကားကိုဆို ရေဆေး၊ ဖုန်သုတ် တစ်ခါမှမခိုင်းရဘူး၊ သူ့အသိနဲ့သူ လုပ်သွားတာပဲ၊ ကားအကြောင်းလဲ အတော့်ကို နားလည်တယ်၊ တော်ရုံတန်ရုံလောက်ကတော့ ဝပ်ရှော့ပို့ဖို့တောင် မလိုဘူး"

ဇင်ဇင်က ဒယ်ဒီနှင့်မာမီ့စကားကြောင့်ပြုံးမိရင်း စိတ်ထဲမှ-



"အင်း လူတစ်ယောက်ကို သေချာဂနမသိဘဲ စွတ်ပြီး သနားနေ အထင်ကြီးနေလိုက်ကြတာ၊ အဲဒီလူက ဒယ်ဒီ့သမီးကို သုတ်ဖို့ ကြံနေတယ်ဆိုတာ သိရင် ဘယ်လိုနေမလဲ"

အတွေးဖြင့် ဇင်ဇင် ရယ်ချင်နေ၏။

"သမီး"

"ဟင် ... မာမီ"

"ဘာပြုံးစိစိဖြစ်နေတာလဲ"

"ဖြစ်ပါဘူး မာမီရဲ့"

"အမယ် ... မာမီ မွေးထုတ်ထားတဲ့ သမီးပဲကွယ်၊ သိတာပေါ့၊ တစ်ခုခုတော့ တစ်ခုခုပဲ"

"ဘာဖြစ်လို့လဲ မာမီ"

"သမီး ပြုံးစိစိကို ဖြစ်နေလို့"

"အာ ... မာမီကလဲ၊ ဇင့်ဟာ ဇင် သူငယ်ချင်းတွေနဲ့ ပြောဆိုတာတွေ တွေးမိပြီး ပြုံးတာပါ"

အတင်း ဘူးကွယ်ရ၏။

မာမီကလည်း အလွန် အကင်းပါးသူမို့ ...

"အေးလေ ... မာမီ့သမီးက မလိမ်တတ်ဘူးဆိုတာ မာမီ သိသားပဲ၊ တကယ်လိမ်နေရင်တော့ မာမီ့ကုသိုလ်ပေါ့ကွယ်"

မာမီ့စကားတစ်ခွန်းတည်းနှင့် ဇင်ဇင် ငိုင်ကျသွားရ၏။ မာမီက ဇင်ဇင့်ကို အကဲခတ်ရင်း ပြုံးလိုက်သည်။

ဇင်ဇင် မနေတတ်တော့။

"မာမီ"

"ပြောလေ ... သမီး"



www.burmeseclassic.com

www.burmeseclassic.com



အစမှ အဆုံး ပြောဖြစ်ရတော့သည်ပေါ့။

မြတ်ဘုန်းကျော်နှင့်ဖြစ်ရသည့်ကိစ္စကို မပြောပါ။

မာမီတို့ စိုးရိမ်မှာစိုး၍ ဖြစ်၏။

ကိုယ့်ဟာကိုယ် အသွားအလာ ဆင်ခြင်လိုက်ရင် ဖြစ်တဲ့ကိစ္စမို့ ပြောမနေတော့။

ဇောဇရိသဲ့သဲ့ပြောသည့်အကြောင်းကိုသာ ပြောလိုက်၏။

"အဲဒါကြောင့် သမီး သူ့ကို အလုပ်ရပ်ခိုင်းလိုက်တယ်"

မာမီက သေသေချာချာ နားထောင်ပြီးမှ ...

"သမီး မှားတာပေါ့"

"ဟင် ... သမီးမှားတယ်"

"အင်းပေါ့ ... ဒါ စိတ်ဆိုးစရာမှ မဟုတ်တာ၊ သူ့ဆန္ဒကို သူ ထုတ်ပြောတာ ကိုယ့်ဆီက မရမကတောင်းနေတာမှ မဟုတ်တာ၊ သမီးကို ချစ်တဲ့လူတိုင်းကို သမီး စိတ်ဆိုးကောလား"

"တခြား လူတွေကိုတော့ ဂရုမစိုက်ပါဘူး၊ အခု သူက ဒရိုင်ဘာဖြစ်ပြီး လူဝါးဝလို့"

"ဒရိုင်ဘာလဲ လူပဲ ... အသည်းနှလုံးနဲ့ပဲ၊ ဒီကိစ္စတွေမှာ သူဌေးသား ဖြစ်ဖြစ်၊ ဒရိုင်ဘာပဲဖြစ်ဖြစ် အချစ်ဟာ အချစ်ပဲ"

"မာမီက ဒါကို ထောက်ခံတယ်လား"

"ဟင့်အင်း ... မထောက်ခံပါဘူး"

"ဒါဆို ... ကိုယ့်ကို ကြိုက်နေပါတယ် ဆိုတဲ့ ဒရိုင်ဘာကို ဒီအတိုင်း ဆက်ထား ထားရမှာလား၊ တစ်နေ့နေ့ သူ အကောက်ကြံရင် ဘယ့်နှယ်လုပ်မလဲ မာမီရဲ့"





"မောင်ချစ် ကြည့်ရတာ ကောက်ကျစ်မယ့်ပုံ မဟုတ်ပါဘူးကွယ်"

"မာမီပဲ ပြောတာပဲ၊ သစ်ကောက် ဝါးကောက် ရွေးလို့သိတယ်၊ လူကောက်ကို ရွေးလို့ မရဘူးဆို"

"ဪ ကွယ် ... အခုက ဒါလေးပြောရုံနဲ့ ခမျာ အလုပ်ပြုတ်သွားတဲ့ သဘောမို့ ကသီလင်တ ဖြစ်နေတော့မှာပဲ ဆိုပြီး တွေးမိလို့ပါ"

"ဒါဆို ... မာမီတို့ ပြန်ခေါ်လိုက်ပေါ့"

"ခေါ်ပြီးမှ သမီးက စူစူအောင့်အောင့်လုပ်နေရင် တမင်ခေါ်နှိပ်စက်သလို ဖြစ်နေတော့မှာပေါ့ကွယ်"

"မသိတော့ဘူး မာမီရာ"

"အေး ... လူဆိုတာ ဒေါသနဲ့ချည်းပဲ၊ ဒေါသအလျောက် ပြောမိဆိုမိပြီးမှ နောင်တ ရနေမှာထက် မပြောခင် သေချာစဉ်းစားပြီးမှပြောရတယ်၊ တစ်ခါအမှားလုပ်မိတာနဲ့ တစ်လျှောက်လုံး ကောင်းခဲ့တာတွေ အဆိုးမြင်ဖို့ မကောင်းဘူးပေါ့ကွယ်"

ဇင်ဇင် တွေတွေလေး ဖြစ်သွားရပါပြီ။ မာမီက ...

"လူတစ်ယောက်ရဲ့တန်ဖိုးကို သူ မရှိတော့တဲ့အချိန်မှာမှ ပိုပြီး နားလည်လာတတ်ကြတယ်ကွယ့်၊ ခုဆို မောင်ချစ်မရှိတော့တော့ သန့်ရှင်းပေးမယ့်လူလဲ မရှိ၊ မာမီတို့ သွားချင်တဲ့ခရီး သွားချင်တဲ့အချိန် မရောက်နိုင်၊ ကသိကအောက် ဖြစ်ရသလို ဦးဘကလဲ ပြောနေတယ်"

"ဟင် ... ဘာလဲ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ချစ်မရှိတော့ ပန်းပင်တွေလဲ ပြုစုမယ့်သူ လိုနေတယ်တဲ့၊ မောင်ချစ်က သူ့ထက်တောင် ပန်းတွေပြုပြင်တာ တော်သေးတယ် ဆိုနေတာကွယ့်"

"ဇင်ကတော့ အဲဒါလေး အပြောခံရတာကိုပဲ အစော်ကား ခံရလေခြင်း ဆိုပြီး ပက်ပက်စက်စက်ကို ပြန်ပြောလိုက်တာ မာမီရဲ့"

"ဘယ်ကောင်းမလဲကွယ်၊ သမီး သေသေချာချာစဉ်းစား မောင်ချစ်ဟာ သမီးနဲ့ အများဆုံး အနေနီးခဲ့သူမို့ သမီးက ပိုပြီး အကဲခတ်မိမှာပေါ့ကွယ်၊ ဟော့ဟော့ ရမ်းရမ်းလား၊ ရိုးရိုး သားသားလား ဆိုတာ ... ဒီဟာလေးပြောမိရုံနဲ့တော့ အပြစ်ကြီး တစ်ခုလို မဆုံးဖြတ်သင့်ပါဘူးကွယ်"

မာမီက ပြောပြီး ထွက်သွား၏။ ထွက်သွားရင်းမှ ...

"အေးလေ ... သမီးက နစ်နစ်နာနာ ပြောထားပြီးပြီ ဆိုတော့လဲ ပြန်ခေါ်လို့ ဘယ်ဖြစ်တော့မလဲ၊ လူစား ရှာရုံ ရှိတော့တာပေါ့"

လူစားကလည်း ထုံးစံအတိုင်း တော်ရုံနှင့် အဆင်မပြေ

ဇင်ဇင့်မှာသာ စေ့စေ့တွေးမှ ရေးရေးပေါ်ဆိုသလို တေဇ ၏ အပြုအမူများကို သတိရနေ၏။

"ဒီမှာ ... ဒီမှာ၊ ရှင့်အဝတ်အစားတွေ ပြန်လဲချည် ဒီထက်ဟောင်းတဲ့တစ်စုံ သွားလဲချည်"

"ဟင် ... ရှင်က ဒီလိုလား၊ ကဲ ... ဒါလောက် အပြစ်ပေး ခံယူချင်လှတာ၊ ကဲဟယ် ... ဗုန်း၊ ကဲဟယ် ကဲဟယ် ဗုန်း ဗုန်း





"ဇင်ဇင်တဲ့ အခုချိန်ထိ ရည်းစားတစ်ယောက်မှမထားတာ ကိုယ်နဲ့ တန်တယ် တူတယ် မထင်သေးလို့ မှတ်ပါ"

"ရှင် ကျွန်မကို ဇင်လေးလို့ မခေါ်ပါနဲ့"

"ရှင့်အကြံ ဒါ အကုန်ပဲလား"

"ဒါ အပြစ်ပေးတာပဲ၊ ရာရာစစ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ"

ဇင်ဇင်၏ ခါးခါးသီးသီး အပြောများနှင့် အပြုအမူများက တရေးရေး ပေါ်လာသလို။

တေဇ၏ ညှိုးနွမ်း အားနည်းသော အပြောလေးများ ...

"မတူမတန်မှန်း သိပါတယ်ဗျာ"

"ချစ်တဲ့စိတ်ဆိုတာ တားထားလို့ရတဲ့အရာ မဟုတ်လို့ ဇင်လေး မစဉ်းစားမှန်းလဲ သိပါတယ်"

"ဇင်လေး ကျေနပ်ပြီလား ဟင်"

"ဇင်လေး၊ မင်း ... မင်း လူကို အထင်သေးလှချည်လား"

"အို ... ဇင်လေး မှားနေပြီ"

"အဲဒီစိတ်သာ ကိုယ့်မှာရှိနေရင် ဇင်လေးကို သတိရလာအောင် လုပ်မလား"

"ကိုယ် ကျေးဇူးတရားကို နားလည်ပါတယ် ဇင်လေး"

ဩော် ... သူရယ်။

ဇင်လေး မှားပြီ။ သိပ်ကို မှားသွားပြီနော်။

သူဟာ ဇင့် ကျေးဇူးရှင်ပါလား။

ဇင့် အရှက်ကို နှစ်ကြိမ်တိတိ ကာကွယ်ပေးခဲ့သူရယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် ဇင် စော်ကားမော်ကား အကြိမ်ကြိမ် လုပ်ခဲ့ပေမယ့် သူ အရမ်းကိုသည်းခံပြီး ခွင့်လွှတ်တယ်နော်။ တစ်ပြားမှမတန်အောင် ပက်ပက်စက်စက်ပြောလည်း မျက်နှာညှိုးညှိုးနဲ့ ငုံ့ခံနေတဲ့ သူ့အမူအရာတွေ တရေးရေးပေါ်လာလေ ဇင် စိတ်မကောင်းလေပါလား။

ဒေဝီ့မွေးနေ့ညမှာသူသာရောက်မလာရင် အို လူယုတ်မာမြတ်ဘုန်းကျော်ရဲ့လက်ထဲမှာ ဇင့်ဘဝ ရေတိမ်နစ်ရတော့မယ့်ဆဲဆဲပါလား။

ကယ်ဆယ်လိုက်တဲ့ သူ့ကို အထင်လွဲပြီး ဇင် မိုက်မိုက်ရိုင်းရိုင်း ရိုက်ချခဲ့မိတယ်။

နောက်ပတ်စ်ခါ ဇင့်ကို စိတ်ဝင်စားရမလား ဆိုတဲ့ မာနဒေါသနဲ့ ဆတ်ဆတ်ခါဖြစ်ပြီး ရိုက်ချခဲ့ပြန်တယ်။

အို ... အဲဒီအချိန်တုန်းက သူသာ ရှက်ရမ်းရမ်းပြီး ဇွတ်မိုက်ကန်းခဲ့ရင် ကန်တော်ကြီးမှာ ဇင့်ဘဝက သူ့လက်ခုပ်ထဲကရေလို ဖြစ်သွားရတော့မှာ အမှန်ပဲ။

သူလေ ဇင့်ကို လက်ဖျားနဲ့တောင်မှ မတို့ရှာဘူးနော်။

သူ့ကိုယ်ကျင့်တရားတွေ၊ သိက္ခာတွေဟာလေ စေ့စေ့တွေးမှ ရေးရေးပေါ်ဆိုသလို အထင်ကြီးစရာတွေ ဇင် နားလည်လာရပါပြီကွယ်။

မြတ်ဘုန်းကျော်တို့လို ပိုက်ဆံဝါလားတွေက မိန်းကလေးတစ်ယောက်ကို လက်လေးပဲကိုင်ရ ကိုင်ရ၊ ပခုံးလေးပဲ ကိုင်ရကိုင်ရ၊ အချိန်တိုင်းမှာ အခွင့်အရေးချောင်းနေတဲ့ သိက္ခာမဲ့





အကျင့်ပျက်၊ ဂုဏ်သရေရှိလူတန်းစား။ သူ့ကျတော့ ကြည့်စမ်း၊ ကိုယ် အရမ်းကိုချစ်နေမိတဲ့ မိန်းမသားတစ်ယောက်ကို ညအချိန်လူပြတ်တဲ့ ကန်တော်ကြီးလိုနေရာမှာ သတိလစ်နေတဲ့ အနေအထားမျိုးနဲ့ တွေ့ရတာတောင် ဘာအခွင့်အရေးမှ မယူတဲ့ လူစားမျိုးဆိုတော့ ...

ကိုယ်ကျင့်သိက္ခာဆိုတာ သူနဲ့ မြတ်ဘုန်းကျော်ကိုပဲ ယှဉ်ကြည့်ပါဦး။

ပညာတတ်သူဌေးသား၊ သဘောအရာရှိလေးနဲ့ အညတရဒရိုင်ဘာ မျက်နှာမွဲ။

ကဲ ဘယ်သူဟာ အထင်ကြီးစရာ၊ လေးစားစရာ ကောင်းနေသလဲလို့ ...။

ဇင်ဇင် သိပါပြီ။ သဘောပေါက်ပါပြီနော်။

သူ့မေတ္တာတရားဟာ ... ဇင့်အပေါ်မှာ မြတ်နိုးလွန်း၊ ညှာတာလွန်း၊ တန်ဖိုးထားလွန်းလှပါလားလို့လေ ...။

ဘယ်အချိန်ကတည်းက ခိုတွဲနေမှန်းမသိသော မျက်ရည်စက်ကလေးနှစ်ပေါက် လိမ့်ခနဲ ခုန်ဆင်းလာမှ ဇင်ဇင် လန့်ဖျပ်သွားမိ၏။

"အို ... ငါ ဘာလို့ မျက်ရည်ကျနေမိသလဲ၊ ငါ ... ငါ သူ့ကိုသူ့ကို ချစ်နေမိသလား၊ ဘုရား"

အလန့်တကြားလေး မျက်ရည်ကို သုတ်ပစ်မိ၏။

ဒါပေမဲ့ မျက်ရည်တွေက ဒလဟော သွန်ကျလာပါတော့။ အိုကွယ် အချစ်မှာ အဆင့်အတန်းဆိုတာမရှိရင် ဘယ်လောက်ကောင်းမလဲနော်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ... ခုတော့လေ။

ဇင်ဇင့်မှာ စေ့စပ်ပြီးသား ရှိနေပြီ။

တစ်ခါမှ မမြင်ဖူးတဲ့ လူတစ်ယောက်ကို ဇင်ဇင် လက်ထပ်ရတော့မယ်။ မာမီတို့အတွက် ဇင်ဇင်ဟာ သမီး အလိမ္မာ ဖြစ်ရတော့မယ် သူရေ။

ဇင့်ရင်တွေ ခုမှ တနုံ့နုံ့နာကျင် ကွဲကြေနေကြပြီကော သူရေ။ မောက်မာ ထောင်လွှား မိုက်ရိုင်းလှတဲ့ ဇင်ဇင်ဆိုတဲ့ မိန်းကလေးကို စိတ်နာသွားမှာပေါ့။ မုန်းသွားမှာပေါ့နော်။ ရှိပါစေတော့လေ၊ ရှိပါစေတော့။

ဇင် သူ့ကို ချစ်မိပြီ။ ချစ်တယ် သူရေ။

အဲဒီအချစ်တွေကို ရင်ထဲက အသည်းတစ်နေရာမှာ ဇင် လုံလုံခြုံခြုံ သိမ်းထားပါတော့မယ်ကွယ်။

မဖြစ်နိုင်တဲ့ အခြေအနေကြောင့် ဝေဒနာတွေကို မျိုသိပ်ကြိတ်မှိတ်ရုံမှတစ်ပါး ဘယ်တတ်နိုင်မလဲကွယ်။

ဇင် သူ့ကို ချစ်နေတယ် ဆိုတာလဲ သူ မသိပါနဲ့တော့နော်။ သိရင်လဲ ဘာမှ ထူးလာမယ့်အခြေအနေ မဟုတ်တဲ့အတွက် စိတ်ဆင်းရဲရုံပဲ ရှိမှာပါပဲ။

မေ့လက်စနဲ့ မေ့ပါစေ။ မုန်းလက်စနဲ့ မုန်းပါစေတော့လေ။

သြော် အချစ်ဆိုတဲ့အရာလေးဟာ မထင်မှတ်တဲ့အချိန်မှာ မမျှော်လင့်ဘဲနဲ့ ဘွားခနဲပေါ်လာတတ်တယ်ဆိုတာ ဇင် သိပါပြီ။

◇ ◇ ◇





## အခန်း (၂၆)

"သမီး ... နေမကောင်းဘူးလား"

အိပ်ရာပေါ် ခွေနေသော ဇင်ဇင့်ကို မာမီက ကြင်နာစွာ မေးရှာပါသည်။ ဇင်ဇင်ကလည်း လူးလဲထထိုင်ရင်း ...

"ကောင်းပါတယ် မာမီ၊ ညောင်းလို့"

"ညောင်းရင်လဲ ခြံထဲဆင်းပြီး လမ်းလျှောက်ပါလားကွယ်၊ ခုတလော သမီးကြည့်ရတာ ငေးငေးငိုင်ငိုင်နဲ့ မာမီ့ကိုပြောစမ်း၊ သမီး ဘာဖြစ်နေသလဲ"

သြော် ... မာမီရယ်။

ချစ်သမီးလေးမြတ်ရွှေဥကို မှန်လိုရှုနေတဲ့မာမီရယ်။ သမီး ရင်ထဲက ဝေဒနာတွေကို ဘယ်လို ပြောလို့ရပါ့မလဲလေ။

"သမီး"

"ရှင် ... မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ခုတလော ထမင်းလဲအစားနည်းတယ်၊ စားလို့ မကောင်းဘူးလားကွယ်၊ ပြီးတော့ သမီး နည်းနည်းပိန်ကျနေသလိုပဲ"

"ဟုတ်ကဲ့ ... မာမီ၊ ဇင် ကိုယ်လက် မအီမသာဖြစ်ပြီး ထိုင်းထိုင်းမှိုင်းမှိုင်းလို ဖြစ်ချင်နေတယ်"

"ဟင် ... ဒါဆို ဆရာဝန်နဲ့ ပြမှပေါ့ကွယ်"

"နည်းနည်းပါးပါးမို့ ကောင်းသွားမှာပါ မာမီ"

"အို ... ဘာဖြစ်မှန်း မသိဘဲနဲ့ကွယ်၊ ကျန်းမာရေးဆိုတာ အရေးကြီးတယ် သမီးရဲ့ ပေါ့ပေါ့ မတွေးနဲ့"

မာမီကတော့ ပူပူပင်ပင် ပြောပါသည်။

မာမီ့အလိုကျ ဆေးခန်းသွားရ၏။ လေဒီ ဒေါက်တာက ဘမ်းသပ်ပြီး အားနည်းချင်လို့ပါတဲ့။ စားဆေးပေးပြီး ဆေးထိုးပေးသည်။

ဩော် ... အားနည်းသွားပါလားနော်။

ခုတလော ဇင်ဇင် အိပ်၍လည်းမပျော်ချင်ဂါ။ စား၍လည်း မဝင်ချင်ပါ ဖြစ်နေသည် မဟုတ်လား။

မာမီက ဇင်ဇင့်ကို ပို၍ဂရုစိုက်လာသည်။

ဒေဝီတို့လာခေါ်လည်း ဇင်ဇင် မလိုက်တော့။ ဘယ်မှ သွားချင်လာချင်စိတ်လည်း မရှိ။ ဒေဝီကပင် ...

"မိဇင် နင့်ကြည့်ရတာ အားမရလိုက်တာ၊ ဘာအပူမိနေ သလဲ"

"လိုက်သွားပါလား သမီး၊ အညောင်းဖြေ အညာဖြေပေါ့"

မာမီကလည်း တိုက်တွန်း၏။





သူငယ်ချင်းတွေအိမ်လိုက်လည်း မတော်တဆ မမြင်ချင် လောက်အောင် ရွံမိသော မြတ်ဘုန်းကျော်ကို တွေ့နေရမှာ စိုးနေ၏။

"ဇင် ခေါင်းထဲက မူးသလိုလို ဖြစ်နေလို့ပါ"

ညာလိုက်ပြီး နေရ၏။ လုံးဝအပြင်ထွက်ချင်စိတ်မှ မရှိတာ။

သူ နေခဲ့တဲ့ တန်းလျားလေးကို ငေးကြည့်နေတတ်တာ၊ သူ မောင်းနေကျ ကားလေးကို ငိုင်တွေတွေလေး ကြည့်နေတတ်တာ၊ သူ အလုပ်လုပ်နေကျ ပန်းခင်းတွေကို ဆွေးဆွေးမြည့်မြည့် လှမ်းကြည့်နေတတ်တာတွေ မာမီ မြင်သွားပုံရ၏။ ဇင်ဇင့်ကို ဘာမှတော့ မပြော။

မာမီ တယ်လီဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေလေတော့၏။

နောက်တစ်နေ့မှာ မာမီက ထမင်းစားအပြီး ဧည့်ခန်းမှာ ထိုင်နေကြစဉ် ဒယ်ဒီ့အား ...

"ဒီနေ့ ... ခင်ဦးဆီက ဖုန်းလာတယ်ရှင့်"

"အင်း ... ဘာတဲ့လဲ"

"ကိုအောင်ချစ်တို့ ရန်ကုန်ဆင်းလာကြမယ်တဲ့"

"ကိုအောင်ချစ်တို့ဆိုတော့ အခြားဘယ်သူတွေ ပါလာဦး မလဲ"

"သူတို့ သားအဖ နှစ်ယောက်တည်းပါရှင်"

ဇင်ဇင့်ရင်တွေ တဒိုင်းဒိုင်း ခုန်သွားရပါပြီ။

အို ... လာကြတော့မှာပါလား။

ဇင်ဇင့်မျက်နှာလေး ကွက်ခနဲပင် ပျက်သွား၍လား မသိပါ။ မာမီကတော့ ဇင်ဇင့်ကို မသိမသာ အကဲခတ်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်ချစ်ကတော့ အလုပ်ကိစ္စနဲ့ပါ၊ တေဇာကတော့ သမီးနဲ့ လူငယ်ချင်း တွေ့ဖူးအောင်ပေါ့လေ"

"ကောင်းတာပေါ့ကွာ ... အောင်ချစ်နဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောရတာပေါ့"

ဒယ်ဒီကတော့ အေးအေးဆေးဆေး ပြောနေပါသည်။

ဇင်ဇင်ကတော့ ဣန္ဒြေလေးဆည်ရင်း မဂ္ဂဇင်းတစ်အုပ်ကို ဖတ်နေမိ၏။

ရင်ထဲမှာတော့ တုန်နေပါပြီ။

တေဇာဆိုတဲ့လူကို ဘယ်လိုရင်ဆိုင်ရပါမလဲနော်။

မြေလျှိုးမိုးပျံတဲ့ အတတ်များတတ်ရင် သိပ်ကောင်းမှာပဲ။

ခဏအကြာ ဒယ်ဒီ စာကြည့်ခန်းထဲဝင်သွားတော့ မာမီက ...

"သမီး"

"ဟင် ... ရှင် မာမီ"

"ခုနက မာမီပြောတာ ကြားတယ်နော်"

"ဟုတ်ကဲ့"

"ဧည့်သည်ကို ကောင်းကောင်းမွန်မွန် ဧည့်ခံပါ သမီးရယ်၊ တခြားလူတွေလဲ မဟုတ်ဘူး မဟုတ်လား၊ မျက်နှာ မပျက်ပါစေနဲ့ကွယ်"

မာမီ့ဆိုလိုချက်ကို ဇင်ဇင် သဘောပေါက်ပါသည်။

ဩော် ကံကြမ္မာရယ်၊ ဘယ်တတ်နိုင်မလဲနော်။

ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ ဦးစားပေးရမယ် မဟုတ်ပါလား။





ဇင်ဇင် ပြုံးလိုက်၏။ မချိပြုံးလေးပါ။ ပြီးမှ ...

"မာမီ"

"သမီး"

"အားလုံး စီစဉ်ထားပြီးသားဖြစ်တဲ့ကိစ္စကို ဘာကြောင့် မျက်နှာပျက်စရာရှိမလဲ မာမီ၊ ဇင့်ကို အထင်မသေးပါနဲ့ မာမီရယ်၊ ဇင် သမီးမိုက် မဟုတ်ပါဘူး"

"အေးပါကွယ် ... မာမီက သမီးတို့ချင်း စိမ်းနေကြမှာ စိုးလို့ပါ၊ တခြားကြောင့် မဟုတ်ပါဘူး"

"ရပါတယ်မာမီ၊ ဇင်ဇင်နားလည်ပါတယ်၊ အိမ်ရှင်ကြောင့် ဧည့်သည် အနေမခက်အောင် ဇင် ကြိုးစားပါ့မယ် မာမီ"

"သာဓုပါ သမီးရယ်"

"ဘယ်နေ့ လာကြမှာတဲ့လဲ မာမီ"

"မနက်ဖြန်ပဲ"

"ဩော်"

လာကြတော့မှာကိုး။ တေဇာဆိုတဲ့ လူရယ် ... ရှင်ဟာ ဇင်ဇင့်ကို ရပေမယ့် ဇင်ဇင့်အသည်းနှလုံးကိုတော့ မရတော့ပါဘူးရှင်။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

ညက တစ်ညလုံး အိပ်မပျော်။

ဘယ်လူးညာလှိမ့်ဖြင့် မိုးစင်စင် လင်းခဲ့ရပါသည်။

"ဇင်ဇင်ရေ ... သမီး"

"လာပြီ ... မာမီ"

ကိုယ်လက်သန့်စင်ပြီး အောက်ထပ်ဆင်းခဲ့၏။ မာမီက...

"စောစောကတည်းက ခင်ဦးဆီက ဖုန်းလာတယ်။ သားအဖ နှစ်ယောက် မနက် ငါးနာရီလောက်ကတည်းက ထွက်လာကြပြီတဲ့"

"ကားနဲ့လား မာမီ"

"အေးကွယ် ... ဧည့်သည်တွေအတွက် စားသောက်ဖို့ စီစဉ်ထားရအောင် သမီး"

"ဟုတ်ကဲ့"

မာမီ့အလိုကျ ဇင်ဇင် ကူညီလုပ်ကိုင်ပေးပါသည်။





ဈေးသွားခြင်း၊ ချက်ပြုတ်ခြင်း၊ ဧည့်ခန်းအလှပြင်ခြင်းနှင့် ဇင်ဇင် ကိုယ်တိုင် ရေချိုး၊ အလှပြင်ထားခြင်းတွေပေါ့လေ။ စိတ်မပါပေမယ့် ဝတ္တရားအရ မဟုတ်ပါလား။

"ဟော ... ဟော ... လာကြပြီ"

မာမီ့အသံကြောင့် ... ဇင်ဇင် ဧည့်ခန်း အထဲဘက်မှ လိုက်ကာလေး ကွယ်ကာ ရပ်နေလိုက်တော့၏။

ဒယ်ဒီက ဝမ်းသာအားရ ကားအနီးသွားရင်း ...

"ဟာ ... ကိုအောင်ချစ်၊ ပြောတုန်းက ခင်ဗျားတို့သားအဖ ဆို ... ခုတော့ ဘစ်ယောက်တည်းပါလား"

ဦးထုပ်ကို ခွပ်ငိုက်ငိုက် ဆောင်းထားသော ဒရိုင်ဘာကို လှမ်းကြည့်ရင်း ဒယ်ဒီက ပြောလိုက်၏။

ဇင်ဇင်လည်း ထိုအခါကျမှ သက်ပြင်းချရင်း စိတ်ထဲမှ ...

"ဟင်း တော်ပါသေးရဲ့ ဟိုလူမပါလာသေးဘဲကိုး" ဟူသော အတွေးဖြင့် အပြင်သို့ ထွက်လာခဲ့၏။ အန်ကယ်အောင်ချစ်ကို ကြိုဆိုသင့်တယ်မဟုတ်လား။ အန်ကယ်အောင်ချစ်က ပြုံး၍ ...

"ခုလဲ နှစ်ယောက်ပါပဲဗျာ၊ ဒရိုင်ဘာနဲ့လေ၊ အဟဲ ... ဟဲ"

"သားတော်မောင်က ဘာဖြစ်လို့တဲ့လဲ"

မာမီက သိချင်စိတ်စောစွာ မေးလိုက်သဖြင့် ...

"သားတော်မောင်ကိုယ်တိုင် ကားမောင်းလာတာပါဗျာ"

"ဟင် ... မောင်ချစ်"

"ဟာ ..."

"အို ... သူ ... သူပါလား၊ ကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီနှင့်မာမီ ပါးစပ်အဟောင်းသားဖြစ်နေဆဲမှာ ဇင်ဇင်နားလည်လိုက်ပါပြီ။

သူက ဦးထုပ်ကိုချွတ်ရင်း လူကြီးများကို တောင်းပန်ဟန် ခါးလေးညွှတ်ကာ ကားထဲမှ ထွက်လာခဲ့၏။

ဇင်ဇင်က မျက်စောင်းလေးချိတ်ရင်း အိမ်နောက်ဘက်မှ ဆင်းသွားကာ ပန်းခြံထဲမှာ တစ်ယောက်တည်း ထိုင်နေလိုက်တော့၏။

သူ ... သူ လူလည်ပဲ။ အစတော့ကို ပိရိတဲ့လူပါပဲလား။

ခုဆို အန်ကယ်အောင်ချစ်နဲ့ ဒယ်ဒီ၊ မာမီတို့ တဟားဟားဖြစ်နေလောက်ရောပေါ့။

ဟွန်း ... ဒီမှာဖြင့် စိတ်ဆင်းရဲလိုက်ရတာ။

သူ့ အတော်လေး မှင်မောင်းကောင်းတဲ့လူပဲ။

ဒါကြောင့် အထင်သား။ ဒရိုင်ဘာတလဲ အသွေးအမွေးကောင်းလှချည်လားလို့။

လက်စသတ်တော့ ဒရိုင်ဘာလာပြီး ဟန်ဆောင်တာကိုး။ သူ့ကို အရူးလုပ်တယ်။ ဟွန်း ... မုန်းပါတယ်။

"ဇင်လေး"

ခေါ်သံနှင့်အတူ ပြုံးပြုံးလေးရပ်နေပါတဲ့သူ။ ဇင်လေးရဲ့သူ။

ဇင်ဇင်က မျက်နှာတည်တည်ထားပြီး စိတ်ဆိုးဟန်နှင့် —

"ဘာလာညာဦးမလို့လဲ ... လူလိမ် ... လူညာ၊ လူကို အရူးလုပ်တယ် သွား ... သွား"





"သွားဖို့ လာတာ မဟုတ်ပါဘူး ... ဇင်လေးရဲ့ ခေါ်ဖို့ လာတာပါ"

"အမယ် ... ပိုင်လှချည်လား ရှင့်"

"မောင်ချစ်တို့က မပိုင်ရင် ခြင်တောင်မရိုက်ဘူးနော်"

"ဘာ မောင်ချစ်လဲ၊ မသိဘူး ... မသိဘူး"

"ခုတော့ မေ့နေပြီလား ဇင်လေးရယ်"

"အိုး ... ဘယ်တုန်းကမှ သတိမရပါဘူး"

"တကယ်လား"

"ရှင့်လို လူလိမ် လူညာ ထင်လို့လား"

"မသိဘူးလေ ... မောင်ချစ်မရှိတော့ ... ကောင်မလေးတစ်ယောက် ငေးငေးမှိုင်မှိုင်ဖြစ်နေမယ်ထင်လို့"

"အို ..."

ဇင်ဇင့်ပါးတွေ ရဲတက်သွား၏။ သူက ...

"တစ်ဦးမေတ္တာ တစ်ဦးမှာတဲ့၊ အသွားအပြန် ရှိမှာပေါ့ ဇင်လေးရယ်၊ ကိုယ်ဆို မန္တလေးရောက်ကတည်းက တစ်နေ့မှ နေလို့ မပျော်ဘူး၊ ဇင်လေးကို အမြဲတမ်း သတိရနေတာလေ၊ ဇင်လေးလဲ ဒီအတိုင်းပဲ မဟုတ်လား၊ ဒရိုင်ဘာဘေးကို ငါ နှင်မိလေးခြင်း ဆိုပြီး ..."

"အမယ် ... တစ်ဖက်သတ်အထင်နဲ့ သေချာနေလိုက်တာ"

"ကိုယ် ကြားပါတယ်နော်"

"ဘာလဲ ... ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးကလူဟာ ဇင်လေးကို ပိုင်ဆိုင်ရတယ်ပဲထားဦး၊ ဇင်လေးရဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ ဖုံးနေတဲ့ အသည်းနှလုံးကိုတော့ မရနိုင်တော့ပါဘူး၊ ဇင်လေး အသည်းနှလုံးက သူ့အတွက် ဖြစ်သွားပါပြီ တဲ့"

"ဟင်"

အံ့အားသင့်လွန်းစွာဖြင့် ဇင်လေး သူ့ကို ကြောင်ကြည့်နေမိ၏။

သူ ... သူ သိလှချည်လား။

"ဇင်လေး အံ့ဩနေတယ် မဟုတ်လား၊ ဝေးနေ စိတ်ချင်းဆက်သွယ်မှုဆိုတဲ့ စကားကို အခု ယုံပြီမဟုတ်လား"

"ဘယ်တုန်းကမှမပြောတဲ့ စကားကို ကြားတယ်ဆိုတာ ရယ်စရာပဲနော်၊ အရူးပဲ"

ဟန်ကိုယ့်ဖို့လေ။ သူ ပြောတိုင်း ယုံရမတဲ့လား။

"ပြောပါတယ်ဗျာ"

"ဘယ်မှာ ပြောလို့လဲ"

"အိပ်မက်ထဲမှာ ခဏခဏပဲ"

"အို ..."

ဇင်ဇင် ဘာမှမပြောတော့။ အိပ်မက်များရယ် ကဲလှချည်လား။ သူက ဇင်ဇင့်ပခုံးကို လက်နှစ်ဖက်နှင့် ကိုင်ရင်း ...

"ဇင်လေး"

မရှုန်းမိ။ မျက်လုံးလေးပင့်ကာ ကြည့်လိုက်၏။ သူက ဒူ ပါးလေး နီးလာပေးရင်း ...

"ရော့"





"အို ... ဘာလုပ်တာလဲ၊ လက်ဝါးလိုပြန်ပြီလား"

"လက်ဝါးမဟုတ်ဘူးဗျ၊ နှာခေါင်း ... နှာခေါင်း"

"သွား"

"လာ ... သွားကြစို့၊ ဗိုက်ဆာလာပြီ ဇင်လေးရာ"

"ဘယ်သူက ကျွေးမှာမို့လဲ၊ သွားပါ"

ပခုံးပေါ်က သူ့လက်တွေကို ဖယ်ချလိုက်တဲ့ ဇင်ဇင့်လက်ကို ဆုပ်ကိုင်ထားရင်း ...

"ဒေါ်ဒေါ် ဖုန်းဆက်တုန်းက အစားအသောက်တွေ စီစဉ်ထားတယ်ဆို"

"အဲဒါ ... အန်ကယ် အောင်ချစ်အတွက်"

"ကိုယ့်အတွက်ကော"

"ဟင့်အင်း ..."

"ရပါတယ် ရပါတယ်၊ ဇင်လေးကိုမြင်တာနဲ့ကို အာဟာရ သိဒ္ဓိ မြောက်သွားပါပြီကွာ"

"ပိုတယ်"

"ဇင်လေး ကိုယ့်ကို ချစ်ပါတယ်နော်"

"ဘယ်လိုထင်လို့လဲ"

"ရွေးရခက်နေသလားလို့၊ တေဇာနဲ့ မောင်ချစ်လေ"

"မောင်ချစ်ကိုပဲ ချစ်တယ်"

"တကယ်"

"တကယ်ပေါ့"

"အခု ကိုယ်လာတာ တေဇာ့အနေနဲ့ လာတာနော်"



www.burmeseclassic.com

www.burmeseclassic.com



"တေဇာ့အတွက်တော့ ဝတ္တုရားအရပါပဲ"

"ဟာကွာ"

မချင့်မရဲဖြစ်စွာ သူ ဇင်ဇင့်လက်ကို ဆုပ်ညှစ်လိုက်၏။

"အား ... နာတယ်"

"အို ... ဆောရီး ... ဆောရီး၊ နာသွားသလား၊ ဉှုံ ... ဉှုံ"

ဇင်ဇင့်ကို ကလေးလို ဉှုံမန်းနေသော သူ့အား ကြည့်ကာ ရယ်ချင်သွား၏။

ပြုံးစိစိဖြစ်သွားသော ဇင်ဇင့်ကို သူက ...

"ဘာပြုံးတာလဲ ... ကောင်မလေးနော်"

တေဇာက ပြောပြောဆိုဆို ဇင်ဇင့်လက်ဖမိုးလေးကို ငုံ့နမ်းလိုက်၏။

"အို ..."

ရှက်သွားပေမယ့် မျက်နှာလေးနီနီနှင့် ဇင်ဇင် ပြုံးနေပါသည်။ တေဇာကတော့ ဇင်ဇင့်မျက်နှာလေးကို တစိမ့်စိမ့် ကြည့်လျက် ...

ရွှင်လန်းချမ်းမြေ့ကြပါစေ။

စာရှုသူများရဲ့ မေတ္တာဖြင့်

ခင်သူဇာ

ဘုရင့်ဝင်းစာပေ

www.burmeseclassic.com